
နဝရတ်ဓား
မိုးကြိုးသွား
စာစဉ် ၇
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

# နေလင်းအောင်

## နဝရတ်တား မိုးကြိုးသွား

...ဦးအတွင်း
...နထိန်လင်းလျက် ရှိ
...အမှောင်ဖုံးလျက် ရှိနေသည်။
ထိရှိ သစ်ပင်ကြီးတစ်ပင်ပေါ်တွင်
(မှ)င် အမှောင်ရိပ်သမ်းလျက် ရှိနေသဖြင့်
...က် ဝင်ရောက်လာသည်ကိုလည်းကောင်း၊ သစ်
...ုန်းကွယ်နေသည်ကိုလည်းကောင်း မည်သူတစ်ဦး
မရိပ်မိ မသိရှိကြချေ။

...ထောက် ပုန်းကွယ်နေသော သစ်ပင်ကြီးမှာ မီးလင်းနေ
...ဆောင်ကြီးနှင့် အနီးဆုံး ဖြစ်လေသည်။ မီးရောင်သည် ပြ
...က်မှ လျှံထွက်နေပြီး အတွင်းဘက်မှ စကားပြောသံသည်
...ပ်အုပ် ထွက်ပေါ်လျက်ရှိလေသည်။

"ဆရာကူးခင်ဗျာ .... ခေါင်းဆောင်ကြီးက ငွေနှင်းဖြူကို

## အခန်း (၁)

## ပျောက်ဆုံးနေသူနှစ်ဦး

အမှောင်ထုသည် စိုးမိုးလျက် ရှိနေသည်။

ရွှေနဂါးတမန်တော်အဖွဲ့၏ ဌာနခွဲအိမ်ဂေဟာကြီးအတွင်း ခန်းဆောင်တစ်ဆောင်ထဲတွင် မီးရောင်တွေ ထိန်ထိန်လင်းလျက် ရှိသော်လည်း အခြားအဆောင်များမှာမူ အမှောင်ဖုံးလျက် ရှိနေသည်။

တိန့်ထောက်သည် ခြံဝင်းထဲရှိ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ရောက်နေသည်။ ခြံဝင်းထဲတွင် အမှောင်ရိပ်သမ်းလျက် ရှိနေသဖြင့် ခြံဝင်းထဲသို့ တိန့်ထောက် ဝင်ရောက်လာသည်ကိုလည်းကောင်း၊ သစ်ပင်ကြီးပေါ်တွင် ပုန်းကွယ်နေသည်ကိုလည်းကောင်း မည်သူတစ်ဦးတစ်ယောက်မျှ မရိပ်မိ မသိရှိကြချေ။

တိန့်ထောက် ပုန်းကွယ်နေသော သစ်ပင်ကြီးမှာ မီးလင်းနေသော ခန်းဆောင်ကြီးနှင့် အနီးဆုံး ဖြစ်လေသည်။ မီးရောင်သည် ပြတင်းပေါက်မှ လျှံထွက်နေပြီး အတွင်းဘက်မှ စကားပြောသံသည်လည်း ခပ်အုပ်အုပ် ထွက်ပေါ်လျက်ရှိလေသည်။

"ဆရာကူးခင်ဗျာ .... ခေါင်းဆောင်ကြီးက ငွေနှင်းဖြူကို

မတွေ့တွေ့အောင်ရှာဖို့ အမိန့်ပေးထားပါတယ် .... အမြန်ဆုံးရှာလို့ တွေ့အောင် ဘယ်လိုများ စီစဉ်ထားပါသလဲ .... "

"အဖွဲ့သား ဆယ့်ရှစ်ယောက်ကိုတော့ ပြန့်ပြီး စေလွှတ်ထားပါတယ် .... ရဲ့ယန်းလမ်းမကြီးတစ်လျှောက်မှာတော့ ရောင်ခြည်သိုင်းသမားနဲ့ ငွေနှင်းဖြူတို့ ဖြတ်သန်းသွားလာတာ မတွေ့ရဘူးလို့ သတင်းပြန်လာပါတယ် .... ချိုယွင်ဂေဟာဘက်ကိုတော့ မသွားသေးတာ သေချာပါတယ် .... "

"ဒါနဲ့ ဆရာကူး .... ဒီကိုများ ရောင်ခြည်သိုင်းသမား ပြန်လာဦးမလား .... "

"ပြန်မလာရဲဘူးလို့ အတပ်မပြောနိုင်ဘူး .... ကျုပ်တို့တွေ အထူးဝီရိယထားပြီး နေကြရမယ် .... ငွေနှင်းဖြူရဲ့အကြောင်းမှန်ကို သူ သိသွားလို့ အခုလို ခေါ်သွားတာများလား .... "

"သိလိမ့်မယ်မဟုတ်ပါဘူး .... ငွေနှင်းဖြူဟာ သူ့ရဲ့ မူလစိတ်မှ မရှိတာဘဲ .... ဘယ်လိုလုပ် သူ့အကြောင်းကို ပြန်ပြောနိုင်မှာလဲ ကျွန်တော် စိုးရိမ်တာက ရောင်ခြည်သိုင်းသမားနဲ့ မဟူရာသိုင်းသမားကြီးတို့ ပူးပေါင်းပြီး ရောက်လာမှာကိုပဲ စိုးရိမ်တယ် .... "

ထို့နောက် စကားသံများ တိတ်ဆိတ်သွားပြန်သည်။ တိန့်ထောက်သည် စိတ်ဝင်တစား နားထောင်နေရာမှ ယခု စကားပြောနေသူနှစ်ဦးစလုံး မဟူရာသိုင်းသမားကြီးကို ကြောက်ရွံ့ထိတ်လန့်ကြောင်း သိလိုက်ရသည်။

အဆောင်တွင်းမှ စကားသံ ပေါ်လာပြန်သည်။

"မဟူရာသိုင်းသမားကြီးနဲ့ ရောင်ခြည်သိုင်းသမားတို့က ဘ



ဖြစ်လို့ ပူးပေါင်းပြီး ရောက်လာနိုင်မှာလဲ .... သူတို့နှစ်ယောက်က ဘယ်လိုဆက်စပ်မှုရှိလို့လဲ .... "

"သူတို့နှစ်ဦး အဆက်အသွယ်ရှိတာတော့ အမှန်ပဲ .... ဘယ်ပုံဘယ်နည်း အဆက်အသွယ် ရှိတာတော့ မသိဘူး .... သူတို့နှစ်ဦးသာ ပူးပေါင်းပြီး ဒီကို ရောက်လာမယ်ဆိုရင်တော့ စိုးရိမ်စရာပဲ .... "

ထိုစဉ် တိန့်ထောက်သည် သူ့ကိုယ်ပေါ်တွင် ဝတ်စုံနက်ကို ဝတ်လိုက်ပြီး မျက်နှာတွင်လည်း သားရေမျက်နှာဖုံးကိုစွပ်၍ မဟူရာသိုင်းသမားကြီးအသွင်သို့ ပြောင်းလဲလိုက်လေသည်။

တိန့်ထောက် သစ်ပင်ပေါ်မှ ဆင်းမည်အပြုတွင် အဆောင်တံခါးပေါက်ဆီသို့ လူရိပ်တစ်ရိပ် ရောက်လာကာ တံခါးခေါက်လိုက်သည်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်သတ်၍ ငြိမ်နေလိုက်သည်။

"ဒေါက် .... ဒေါက် .... ဒေါက် .... "

တံခါးခေါက်သံနှင့်အတူ အတွင်းဘက်မှ မေးမြန်းသံလည်း ပေါ်ထွက်လာသည်။ တံခါးဝသို့ ရောက်လာသော လူရိပ်က သူ့အမျိုးအနွယ်၏ နာမည်တစ်လုံးကိုသာ ပြန်ပြောသည်။

"ယန်း .... "

"အို .... ဆရာကြီး ယန်းပါလား .... "

အတွင်းဘက်မှ ပျာပျာသလဲ ပြန်ပြောသံနှင့်အတူ တံခါးလည်း ပွင့်သွားလေသည်။ တံခါးပွင့်သွားပြီး အတွင်းဘက်မှမီးရောင်လည်း အပြင်ကို လျှံထွက်လာသည်။ အတွင်းမှ လူကိုမူ တိန့်ထောက် မမြင်ရဘဲ စကားသံကိုသာ ကြားရသည်။

"ဘာထူးလို့လဲ ဆရာကြီးယန်း .... "

ရောက်လာသော ဆရာကြီးယန်းဆိုသူက ပြန်ပြောသည်။

"ခေါင်းဆောင်ကြီးရဲ့ အမိန့်ပါတယ် .... ဟိုအရေးကြီးတဲ့လူနှစ်ယောက်ကို ခေါ်သွားရလိမ့်မယ် .... အခုတစ်ခါတည်း ခေါ်သွားရမှာ .... "

"ဆရာကြီးယန်းတစ်ယောက်တည်း ဒီလူနှစ်ယောက်ကို ခေါ်သွားလို့ ဖြစ်ပါ့မလား .... သူတို့နှစ်ယောက်စလုံး အဆင့်မြင့်သိုင်းသမားကြီးတွေချည်းပဲ .... ဆရာကြီးတစ်ယောက်တည်း နိုင်မယ်မထင်ဘူး"

ဆရာကြီးယန်းက ရယ်မောလိုက်ပြီး ....

"ကျုပ်ပြောတာ လောကြီးသွားလို့ပါ .... ဒီလူနှစ်ယောက်ကို အသက်ရှင်လျက် ခေါ်သွားလို့တော့ ကျုပ်တစ်ယောက်တည်း ဘယ်နိုင်ပါ့မလဲ .... ကျုပ်လုပ်ရမှာက သူတို့ကိုသတ်ပြီး သူတို့ရဲ့ ဗိညာဉ်တွေကိုသာ ခေါ်သွားရမှာပါ .... "

"ဟား ဟား ဟား ဟား .... ဒီလိုမှပဲ ဖြစ်တော့မှာပေါ့ .... အခုချက်ချင်း လုပ်မလား .... "

"ဟုတ်တယ် .... အခုပဲ လုပ်ရမယ် .... "

ထိုစဉ် ခပ်လှမ်းလှမ်း တစ်နေရာဆီမှ လူရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်ကို တိန့်ထောက် လှမ်းမြင်လိုက်ရသည်။ ထိုလူရိပ်၏ ပုံသဏ္ဌာန်ကို ခန့်မှန်းကြည့်ရုံဖြင့် ထိုသူသည် ရွှေနဂါးတာမန်တော်အဖွဲ့ဝင်တစ်ယောက် မဟုတ်ကြောင်း သိနိုင်လေသည်။ သို့သော် မည်သူမည်ဝါမှန်းတော့ မခန့်မှန်းနိုင်ချေ။

အဆောင်တွင်းမှ တံခါးဖွင့်ပေးသူ ထွက်လာသည်ကို တိန့်ထောက် မြင်ရပြန်သည်။ ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး အဝါရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည်။ ထိုလူနှင့် ဆရာကြီးယန်းဆိုသူတို့သည် မီးလင်းနေသော အဆောင်ကိုပတ်၍ ထွက်ခွာသွားသည်။

တိန့်ထောက်လည်း ကိုယ်ဖော့ပညာကိုသုံးကာ သူတို့၏နောက်မှ တိတ်တဆိတ် နောက်ယောင်ခံကာ လိုက်သွားလေသည်။ ရှေ့မှ သွားနေသူနှစ်ယောက်သည် အလင်းရောင် ခပ်မှိန်မှိန်သာ လင်းနေသော အနောက်ဘက် အဆောင်ဆီသို့ ဦးတည်၍ သွားနေကြသည်။

ဆရာကြီးယန်းနှင့် ဝတ်စုံဝါ ဝတ်ထားသူနှစ်ဦး အနောက်ဘက်ဆောင်၏ တံခါးဝတွင် ရပ်လိုက်ကြသည်။

တိန့်ထောက်သည် တစ်ဘက်မှလှည့်ကာ ပိတ်ထားသော ပြတင်းပေါက်ဆီသို့ ချဉ်းကပ်သွားသည်။ သူသည် ပြတင်းပေါက်မှ စက္ကူချပ်ကို လက်ညှိုးဖြင့် အသာထိုးဖောက်၍ ထိုအပေါက်မှ အဆောင်တွင်းသို့ ချောင်းကြည့်လိုက်သည်။

အဆောင်ထဲတွင် မီးရောင်မှိန်မှိန်သာ လင်းနေသည်။

အခန်းနံရံကိုမှီလျက် လူနှစ်ယောက် ထိုင်နေကြသည်ကို မြင်ရသော်လည်း ထိုသူနှစ်ယောက်စလုံး ခေါင်းငိုက်စိုက်ချထားကြသဖြင့် သူတို့၏မျက်နှာများကို တိန့်ထောက် မမြင်ရချေ။

ဆရာကြီးယန်းဆိုသူနှင့် ဝတ်စုံဝါ ဝတ်ထားသူတို့သည် အဆောင်တွင်းသို့ ဝင်လာကြပြီး ခေါင်းငိုက်စိုက်ချ၍ ထိုင်နေကြသော လူနှစ်ယောက်ရှေ့တွင် ရပ်လိုက်ကြသည်။

"ကဲ .... ခင်ဗျားတို့နှစ်ယောက်စလုံး ထရပ်လိုက်ကြစမ်း"

ဝတ်စုံဝါဝတ်ထားသူက အမိန့်ပေးလိုက်ရာ ခေါင်းငိုက်စိုက်

ချထားသူ နှစ်ယောက်လည်း သူတို့၏မျက်နှာများကို မော်လိုက်ကြသည်။ သူတို့၏ မျက်နှာများကို မြင်တွေ့လိုက်ရသောအခါ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသား ဖြစ်သွားလေသည်။ အံ့သြတကြီးဖြစ်သွားမိ၏။

ထိုသူနှစ်ယောက်မှာ အခြားသူများမဟုတ်ဘဲ ပျောက်ဆုံးနေသော အားလုံးသိ သိုင်းသမားကြီးနှင့် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာတို့ ဖြစ်နေကြလေသည်။

ယခုမှ သူတို့နှစ်ဦး၏ ခြေထောက်များကို ကြိုးတုပ်ထားပြီး လက်နှစ်ဖက်ကိုလည်း လက်ပြန်ကြိုး တုပ်ထားကြောင်း တိန့်ထောက် တွေ့ရလေသည်။

အားလုံးသိ သိုင်းသမားကြီးနှင့် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာတို့သည် ရွှေနဂါးတမန်တော်အဖွဲ့၏ ဖမ်းဆီးခြင်းကို ခံနေကြလေသည်။

“ခင်ဗျားတို့နှစ်ယောက်စလုံး ရပ်လိုက်ကြလေ .... ”

ဝတ်စုံဝါ ဝတ်ထားသူက ထပ်မံ အမိန့်ပေးလိုက်ပြန်သည်။

သို့သော် အားလုံးသိ သိုင်းသမားကြီးနှင့် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာတို့သည် ထိုင်ရာမှလည်း မထကြ။ စကားကိုလည်း ပြန်မပြောကြပေ။

တိန့်ထောက်သည် တံခါးပေါက်ဝသို့ ခုန်လွှားလိုက်ပြီး အေးစက်စက်အသံဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်သည်။

“အထဲကနှစ်ယောက် ထွက်ခဲ့ကြပါ .... ”

အတွင်းဘက်မှမေးသံ ပြန်ပေါ်လာသည်။



“ဘယ်သူလဲ .... ”

တိန့်ထောက်ကလည်း မဟူရာသိုင်းသမားကြီးလေသံဖြင့် ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

“ကျုပ် မဟူရာသိုင်းသမားကြီးပဲ .... ”

“အို .... ”

“ဟာ .... ”

အတွင်းဘက်မှ ထိတ်လန့်တကြီး ရေရွတ်သံများ ပေါ်ထွက်လာပြီးနောက် တံခါးပေါက်ဆီသို့ ဆရာကြီးယန်း ဆိုသူနှင့် ဝတ်စုံဝါဝတ်ထားသူတို့နှစ်ယောက်စလုံး မျက်စိပျက်မျက်နှာပျက်နှင့် ရောက်လာကြသည်။

ဆရာကြီးယန်း ဆိုသူသည် ဣန္ဒြေဆည်လိုက်ပြီးနောက် မဟူရာသိုင်းသမားကြီးအသွင်ဆောင်ထားသော တိန့်ထောက်ကို စူးစူးစိုက်စိုက်ကြည့်ကာ လေသံအေးအေးဖြင့် မေးလိုက်လေသည်။

“ကျွန်တော်တို့ဆီ ရောက်လာတာ ဘယ်လိုကိစ္စမျိုး ရှိလို့ပါလဲ .... ”

“လူသတ်မလို့ .... ”

“ဗျာ .... အို .... ”

ဆရာကြီးယန်းဆိုသူနှင့် ဝတ်စုံဝါတို့ နှစ်ဦးစလုံး ထိတ်လန့်စွာဖြင့် နောက်ကို ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြသည်။ ဝတ်စုံဝါ ဝတ်ထားသူက မျက်စိပျက် မျက်နှာပျက်နှင့် မေးသည်။

“ဆရာကြီးက ဘယ်သူ့ကိုသတ်မလို့လဲ .... ”

“မင်းတို့နှစ်ယောက်ကို သတ်မလို့ .... ”

ဆရာကြီးယန်းတို့နှစ်ဦးစလုံး တုန်လှုပ်သွားကြပြန်သည်။ ဆရာကြီးယန်းက သူ၏လေသံကို မတုန်လှုပ်အောင် ထိန်းပြီး ....

"ကျွန်တော်တို့အဖွဲ့နဲ့ ဆရာကြီးနဲ့ ဘာရန်ငြိုးရန်စမှ မရှိခဲ့ပါဘူး .... ဘာဖြစ်လို့ ကျွန်တော်တို့ကို လာပြီး ရန်မူနေရတာလဲ .... "

တိန့်ထောက်သည်အားလုံးသိ သိုင်းသမားကြီးတို့နှစ်ယောက်ကို အမြန်ဆုံး ကယ်တင်လိုသဖြင့် အပိုစကားတွေ ပြောမနေတော့ဘဲ သူ့ဓားကို ဖျတ်ခနဲ ဆွဲထုတ်လိုက်လေသည်။

ဆရာကြီးယန်းနှင့် ဝတ်စုံဝါတို့ကလည်း သိုင်းကွက်ခင်းလိုက်ကြကာ သူတို့၏ဓားများကို ဆွဲထုတ်ကိုင်လိုက်ကြသည်။

ထိုစဉ် တိန့်ထောက်သည် ဓားကိုဝှေ့ယမ်းကာ ခုန်ဝင်၍ တိုက်ခိုက်သည်။

ဆရာကြီးယန်းက သူ့ဓားနှင့် တိန့်ထောက်၏ဓားကို ရိုက်ဖယ်ထုတ်လိုက်သေးသော်လည်း နောက်ကျသွားပြီး တိန့်ထောက်၏ ဓားချက်ဖြင့် သူ့ဘယ်ဘက်ရင်အုံတွင် ဒဏ်ရာတစ်ချက် ရသွားသည်။

တိန့်ထောက်သည် ဝတ်စုံဝါနှင့်လူကို တိုက်မည်အပြုတွင် ဝတ်စုံဝါသည် အဆောင်ထဲမှ ခုန်ထွက်ပြီး အမှောင်တွင်းကို ပြေးဝင်ပျောက်ကွယ်သွားလေသည်။

အဆောင်ထဲတွင် ဒဏ်ရာရထားသော ဆရာကြီးယန်း ဆိုသူကျန်နေသဖြင့် တိန့်ထောက်သည် ဝတ်စုံဝါနောက်သို့ မလိုက်တော့ပေ။

ဆရာကြီးယန်းသည် ဒဏ်ရာရထားသောသူ၏ရင်အုံကို လက်နှစ်ဖက်နှင့်ဖိကာ ယိမ်းယိမ်းယိုင်ယိုင်ဖြင့် လဲကျလုလု ဖြစ်နေသည်။

တိန့်ထောက်က အဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။ သူ



သည် ဆရာကြီးယန်းဆိုသူထံမှ ငွေနှင်းဖြူ၏ကိစ္စကို မေးမြန်းရန် ကြံစည်ထားသည်။ ဆရာကြီးယန်းမှာ ရွှေနဂါးတမန်တော်အဖွဲ့တွင် အရေးပါ အရာရောက်မည့်သူတစ်ဦး ဖြစ်လေရာ ငွေနှင်းဖြူ၏ ဝေဒနာအား ကုစားနိုင်မည်နည်းကို သိထားနိုင်ကောင်း သိထားပေလိမ့်မည်။

"အင့် .... "

ဆရာကြီးယန်းထံမှ နာကျင်စွာ ညည်းတွားသံနှင့်အတူ ခန္ဓာကိုယ်လည်း ဆတ်ခနဲတုန်သွားကာ ဝုန်းခနဲ လဲကျသွားသည်။

တစ်စုံတစ်ဦးက လက်နက်ပုန်းနှင့် ပစ်ခတ်လိုက်သဖြင့် ဆရာကြီးယန်း လဲကျသွားကြောင်း တိန့်ထောက် သိလိုက်သည်။ သူသည် အပြင်ဘက်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ဦးစွာ လူရိပ်တစ်ရိပ် ရပ်နေသည်ကို တွေ့ရသော်လည်း မည်သူမည်ဝါမှန်း မသဲကွဲချေ။ လူရိပ်က တံခါးပေါက်ဆီ အေးဆေးစွာ လျှောက်လှမ်းလာသည်။

မီးရောင်အောက်ကိုရောက်မှ မည်သူမည်ဝါဖြစ်ကြောင်း သိရပြီး တိန့်ထောက် အံ့သြတကြီး ဖြစ်သွားမိသည်။

"ဟင် .... မမချူးစုစုပါလား .... "

တိန့်ထောက် စိတ်ထဲမှလည်း ရေရွတ်လိုက်မိသည်။

ဝိဉာဉ်တမန်တော် ချူးစုစုကမူ မဟူရာသိုင်းသမားကြီး အသွင် ရုပ်ဖျက်ထားသူမှာ တိန့်ထောက်ဖြစ်ကြောင်း လုံးဝမရိပ်မိ မသိရှိချေ။ သူမသည် တကယ့်မဟူရာသိုင်းသမားကြီးအစစ်ဟုသာ ထင်မှတ်နေသဖြင့် လက်ဖမိုးနှစ်ဖက်ကို ယှက်၍ ဦးညွှတ်နှုတ်ဆက်လိုက်သည်။

"ကျွန်မနာမည် ချူးစုစုပါရှင် .... ဝိဉာဉ်တမန်တော် ချူးစုစု

ပါ .... အခုလို ဆရာကြီးနဲ့တွေ့ရတာ ကျွန်မအတွက် သိပ်ပြီးအဆင်ပြေသွားပါတယ်ရှင် .... "

တိန့်ထောက်က မဟူရာသိုင်းသမားကြီးလေသံဖြင့် မသိချင်ယောင်ဆောင်ပြီး ပြန်မေးလိုက်သည်။

"မင်းကို ကျုပ်မသိပါလား .... မင်းက ဘယ်ကလာတာလဲ"

"ဝေလင်းနန်းတော်က လာတာပါရှင် .... ကျွန်မ ဝေလင်းနန်းဆောင်သခင်မကြီးရဲ့ တပည့်မပါ .... "

တိန့်ထောက်သည် ဝေလင်းသခင်မကြီးနှင့် ဆရာဖြစ်သူမဟူရာသိုင်းသမားကြီးတို့ အတိတ်က မည်ကဲ့သို့ ပတ်သက်ခဲ့သည်ကို မသိသဖြင့် ရုတ်ခြည်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

သူသည် ခဏမျှ တွေပြီး ငြိမ်သွားလေသည်။

အခန်း (၂)

## အထင်တလွဲ အချစ်ကွဲ

တိန့်ထောက်သည် စကားကို မယုတ်မလွန်ပြောပြီး အတတ်နိုင်ဆုံး ချူးစုစုထံမှသာ စကားကို နှိုက်ယူရန် ဆုံးဖြတ်လိုက်သည်။

သူသည် မဟူရာသိုင်းသမားကြီး၏လေသံဖြင့် တွေဝေစွာပြန်ပြောသည်။

"ဝေလင်းနန်းဆောင် .... ဝေလင်းနန်းဆောင် သခင်မ ဟုတ်လား .... ကျုပ် မသိဘူး .... နေပါဦး၊ ကျုပ် မေးပါရစေဦး .... မင်းက ဘာဖြစ်လို့ သူ့ကို လက်နက်ပုန်းနဲ့ပစ်ပြီး လုပ်ကြံလိုက်ရတာလဲ .... "

ချူးစုစုက လဲကျသေဆုံးနေပြီဖြစ်သော ဆရာကြီးယန်းကို တစ်ချက်ငုံ့ကြည့်လိုက်ပြီးမှ ပြန်ပြောသည်။

"သူ ထွက်ပြေးသွားမှာစိုးလို့ .... ကျွန်မ စိုးရိမ်တကြီးနဲ့ ပစ်လိုက်မိတာပါ .... "

"စောစောက .... ကျုပ်နဲ့တွေ့တာ အဆင်ပြေတယ်လို့ မင်းဘာဖြစ်လို့ ပြောရတာလဲ .... "

"ကျွန်မဟာ .... ဆရာကြီးကို ကျွန်မရဲ့သခင်မကြီးရဲ့အမိန့်နဲ့ လိုက်ရှာနေတာပါ .... "

"ကျုပ်ကို ဘာဖြစ်လို့ လိုက်ရှာနေတာလဲ .... "

"သခင်မကြီးက .... ဆရာကြီးကို မှာလိုက်တဲ့စကားတွေ ပြောချင်လို့ပါ .... "

"မင်းတို့ သခင်မကြီးကို ကျုပ်မသိဘူး .... သူက ဘာမှာ လိုက်လို့လဲ .... "

"သခင်မကြီး မှာလိုက်တဲ့ စကားကတော့ ဆောင်းဦးရာသီ ကိုးလပိုင်းမှာ ယန်းကျိုးမြို့ကို ဆင်းလာခဲ့ပါတဲ့ .... "

တိန့်ထောက် ဘာပြန်ပြောရမှန်းမသိသဖြင့် စဉ်းစားဟန်နှင့် တွေတွေကြီးသာ ငြိမ်နေလိုက်သည်။

ချူးစုစုက ခဏနေပြီး ဆက်ပြောသည်။

"ဆရာကြီး .... ကျွန်မတို့ သခင်မကြီးကို ဆရာကြီးက အခုထိ မုန်းနေတုန်းပဲလားရှင် .... "

ပြန်မပြောလျှင် မဖြစ်တော့သဖြင့် တိန့်ထောက်လည်း မယုတ်မလွန် ပြန်ပြောလိုက်သည်။

"ပြီးခဲ့တာတွေ ပြီးပါစေတော့လေ .... အတိတ်ကို အတိတ်မှာပဲ ထားခဲ့တာ ကောင်းပါတယ် .... "

"တကယ်တော့ .... သခင်မကြီး ပြောပြထားလို့ ဆရာကြီးနဲ့ သခင်မကြီးတို့ရဲ့ဇာတ်လမ်းကို ကျွန်မ ကောင်းကောင်းကြီး သိထားပြီးသားပါ .... တကယ်တော့ သခင်မကြီးက ဆရာကြီးကို စွန့်ခွာသွား



ရတာဟာ တစ်ချိန်က ပေါ်ထွက်ခဲ့တဲ့ သတင်းစကားတွေကို ကြားပြီး အထင်မှားခဲ့လို့ပါ .... ဆရာကြီးဟာ လူတွေကိုသတ်ပြီး သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းက နဂါးကိုးကောင် ရွှေတံဆိပ်တုံးကို ခိုးသွားတယ်လို့ အဲဒီတုန်းက သတင်းစကားတွေ ထွက်နေခဲ့တယ် မဟုတ်လား .... အခုတော့ ဒီလုပ်ရပ်တွေကို ဆရာကြီးလုပ်တာ မဟုတ်ဘူးဆိုတာ သခင်မကြီးက အမှန်အတိုင်း သိသွားလို့ ဆရာကြီးကို သိပ်တွေ့ချင်နေ ါတယ် .... ဆရာကြီးအပေါ် အထင်လွဲခဲ့မိတာကိုလည်း ယူကျုံးမရ ဖြစ်နေရှာပါတယ် .... "

ချူးစုစု၏ စကားအရ တိန့်ထောက်သည် ဆရာဖြစ်သူ မဟူရာ ိုင်းသမားကြီးနှင့် ဝေလင်းသခင်မကြီးတို့၏ အဖြစ်အပျက်ကို အတော် လေး သိလာခဲ့ရလေပြီ။ သူသည် မဟူရာသိုင်းသမားကြီး လေသံ ှင့် ခပ်အေးအေးသာ ပြန်မေးလိုက်သည်။

"နဂါးကိုးကောင် ရွှေတံဆိပ်တုံး ပျောက်ဆုံးမှုမှာ .... ကျုပ် ရားခံမဟုတ်ဘူးလို့ မင်းတို့သခင်မကြီးက ဘယ်လိုသိသွားတာလဲ"

"သခင်မကြီးဟာ .... အမြဲတမ်းလိုလို သိုင်းလောကသား ချို့ကို နန်းဆောင်ထဲ ဖိတ်ခေါ်ပြီး ဆရာကြီးနဲ့ ပတ်သက်တဲ့ သတင်း ကို စုံစမ်းမေးမြန်းခဲ့ပါတယ် .... နဂါးကိုးကောင် ရွှေတံဆိပ်တုံး ျောက်ဆုံးမှုမှာ ဆရာကြီးပယောဂ လုံးဝမပါဘူးဆိုတာ ရောင်ခြည် ိုင်းသမားတိန့်ထောက် ရှင်းပြလို့ သခင်မကြီး သိသွားပါပြီ .... "

"ရောင်ခြည်သိုင်းသမား ဟုတ်လား .... ဒီကောင်လေးက ယ်ပြီး စကားများတာပဲ .... လက်စသတ်တော့ သူပြောလို့ မင်းတို့

သခင့်မကြီးက အဖြစ်မှန်ကို သိသွားတာကိုး .... ဒါနဲ့ နေပါဦး
မင်းတို့သခင်မကြီးက ဘယ်မှာနေတာလဲ .... ဝေလင်းနန်းဆော
ဘယ်မှာလဲ .... ”

“ထုံပိုက်စန်းတောင်မှာ ရှိပါတယ် ဆရာကြီး .... သခင်မ
ဆရာကြီးကို ခွဲခွာပြီးတဲ့နောက် ထုံပိုက်စန်းတောင်ကို ရောက်လ
တယ် .... အဲဒီမှာ လျှို့ဝှက်နန်းဆောင်ကြီးတစ်ဆောင်ကို သွား
ပါတယ် .... အဲဒီနန်းဆောင်ဟာ ရှေးမင်းတစ်ပါးပါးရဲ့ လျှို့ဝှက်
ဆောင်ကြီး ဖြစ်လိမ့်မယ်လို့ သခင်မကြီးက ယူဆပါတယ် .... ထုံ
စန်းတောင်ရဲ့ ချိုင့်ဝှမ်းကြီးထဲမှာ ရှိနေလို့ နန်းဆောင်ရှိနေတ
ဘယ်သူမှ မသိကြပါဘူး .... သခင်မကြီးဟာ အဲဒီနန်းဆောင်ထဲ
တပည့်လက်သားတွေနဲ့ ခံမြန်းပြီးနေပါတယ် .... ”

တိန့်ထောက် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး မ
သိုင်းသမားကြီး၏ လေသံဖြင့် မေးလိုက်ပြန်သည်။

“အခုဆိုရင် .... မင်းတို့ရဲ့ သခင်မကြီးရဲ့ သိုင်းပညာ
အတော့်ကို အဆင့်မြင့်မားနေမှာပေါ့နော် .... ”

ချူးစုစုက ခေါင်းညိတ်၍ ....

“ဟုတ်ကဲ့ရှင့် .... အဲဒီနန်းဆောင်ထဲမှာ ထူးခြားတဲ့ လျှို
သိုင်းကျမ်းတွေကိုလည်း သခင်ကြီးဟာ ရရှိခဲ့ပါတယ် .... သခင်
ဟာ အခုဆိုရင် အဲဒီလျှို့ဝှက်သိုင်းကျမ်းတွေထဲက ပညာရပ်
အကုန်အစင် လေ့ကျင့်တတ်မြောက်နေပါပြီ .... သခင်မကြီ
ဝေလင်းနန်းဆောင်မှာ ဆရာကြီးနဲ့အတူ စံမြန်းပြီး အေးအေးချ



နေဖို့ ကြီးမားလှတဲ့ဆန္ဒ ရှိနေပါတယ် .... ”

တိန့်ထောက်က ဘာပြန်ပြောရမှန်း မသိသဖြင့် စဉ်းစားနေဟန်ဖြင့် ငြိမ်နေလိုက်သည်။ ခဏနေမှ မယုတ်မလွန် ပြန်ပြောလိုက်သည်။

“မင်းရဲ့သခင်မကြီးကို ပြောလိုက်ပါ .... ကျုပ်က နဂါးကိုးကောင် ရွှေတံဆိပ်တုံးကိုခိုးပြီး ကျုပ်ကို နာမည်ဖျက်သွားတဲ့ တရားခံကို လိုက်ရှာနေပါတယ်လို့ .... ဒီကိစ္စကို ဖြေရှင်းပြီးမှပဲ သူ့ရဲ့ကမ်းလှမ်းချက်ကို စဉ်းစားပါ့မယ်လို့ .... ”

ချူးစုစုက လက်ဖမိုးနှစ်ဖက်ကို ယှက်၍ ဦးညွတ်ကာ ....

“ကောင်းပါပြီ ဆရာကြီး .... ဆရာကြီးရဲ့ အမှာစကားအတိုင်း ကျွန်မတို့ရဲ့ သခင်မကြီးကို ပြောလိုက်ပါ့မယ် .... နောက်ထပ် ဘာများ မှာကြားလိုပါသေးသလဲ .... ”

“မှာစရာမလိုတော့ပါဘူး .... ”

“ဒီလိုဆိုရင် ကျွန်မကို ပြန်ခွင့်ပြုပါရှင် .... ”

“ကောင်းပါပြီ .... ”

တိန့်ထောက် ခေါင်းညိတ်လိုက်ရာ ချူးစုစုက ထပ်မံဦးညွတ်၍ ဖျတ်ခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

ထိုအခါမှ တိန့်ထောက်သည် အဆောင်ထဲသို့ ဝင်လာသည်။

ခြေရောလက်ပါ ကြိုးတုပ်ခြင်း ခံထားရသော အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်နှင့် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးတို့သည် ယိမ်းယိမ်းယိုင်ယိုင်နှင့် ထ,ရပ်နေကြသည်။

သူတို့သည် တိန့်ထောက်ကို မဟူရာသိုင်းသမားကြီးဟုပင် ထင်မှတ်၍ အားကိုးတကြီးဖြင့် ကြည့်နေကြသည်။ တိန့်ထောက်က လည်း သူတို့နှစ်ဦးကို ယခုမှ အနီးကပ်ကြည့်ရသည်။

သူတို့နှစ်ဦးစလုံး၏ မျက်နှာများတွင် ဒဏ်ရာအနည်းငယ်စီ ရှိနေကြပြီး နားထင်များ မျက်ကွင်းများလည်း ချိုင့်ဝင်နေကြသည်။ အစာငတ်ရေငတ်ထားကာ နှိပ်စက်ခံထားရပုံမျိုးဖြစ်၏။ နှစ်ယောက် စလုံး အင်အားဆုတ်လျော့နေပုံရသည်။

တိန့်ထောက်က ဘာမှမပြောဘဲ သူတို့နှစ်ဦးအား တုပ်နှောင် ထားသောကြိုးများကို ဖြတ်ပေးလိုက်သည်။

အနှောင်အဖွဲ့မှ လွတ်မြောက်သွားကြသော အားလုံးသိသိုင်း သမားကြီး ချွမ်းကြည်နှင့် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးတို့က လက်နှစ်ဖက်ကိုယှက်၍ ဦးညွတ်လိုက်ကြသည်။

"ကျေးဇူးကြီးလှပါတယ် ခင်ဗျာ .... "

"ဒီကျေးဇူးကို ကျုပ်တို့ တစ်သက်မမေ့တော့ပါဘူး .... "

သူတို့နှစ်ယောက်စလုံး၏ အသံများက အားနည်းဟန်ဖြ ဖျော့တော့နေကြသည်။

တိန့်ထောက်က နှုတ်ဖြင့် ပြန်မပြောဘဲ ခေါင်းသာညိတ်ပြ တံခါးပေါက်ဆီ သူတို့နှစ်ယောက်ကို ခေါ်ခဲ့သည်။

တံခါးပေါက်သို့ အရောက်တွင် လူရိပ်တစ်ရိပ် လာနေသ ကို တွေ့ရသဖြင့် တိန့်ထောက်သည် အားလုံးသိ သိုင်းသမားကြီးန တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးတို့ကို နောက်ဆုတ်စေပြီး လူရိပ်



ခပ်ဝေါက်ဝေါက် အော်မေးလိုက်သည်။

"ဘယ်သူလဲ .... "

လူရိပ်က တံခါးပေါက်အနီး မီးရောက်အောက်ကို ရောက် လာသည်။ ထိုအခါမှ ထိုသူ၏ ပုံပန်းသဏ္ဌာန်ကို တိန့်ထောက် မြင်ရ သည်။

ထိုသူသည် အဝါရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ထားပြီး ခေါင်း တွင်လည်း အဝါရောင်ခေါင်းစွပ်ကြီးကို စွပ်ထားလေသည်။ မျက်လုံး နေရာတွင် အပေါက်နှစ်ပေါက် ဖောက်ထားလေသည်။

ထိုသူ့ကို တိန့်ထောက်သည် တာ့ခုံစန်းတောင်ပေါ်တွင် တွေ့ ခဲ့ဖူးကြောင်း အမှတ်ရလိုက်သည်။ ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်း ဆောင်ကြီး ဖြစ်လိမ့်မည်ဟုလည်း တွေးမိပြီး စိတ်ထဲတွင် လှုပ်ရှားသွား မိသည်။

သူသည် ဟန်မပျက်အောင် ကြံဖြေဆည်လိုက်ပြီး မဟူရာ သိုင်းသမားကြီး၏လေသံဖြင့် အေးစက်စက် ပြောလိုက်သည်။

"ဩော် .... ဘယ်သူများလဲမှတ်တယ် .... လက်စသတ် တော့ ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်ကြီးကိုယ်တိုင် ရောက် လာတာကိုး .... "

ရွှေနဂါးတမန်တော် ခေါင်းဆောင်ကြီးမှာ အံ့သြသွားဟန်ဖြင့် သူ့ခန္ဓာကိုယ်ကို ဆတ်ခနဲ တုန်သွားသည်။

တိန့်ထောက်သည် ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင် ကြီးကို ထိန်းချုပ်ရန် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်။ သို့မှသာ ပျင် ငွေနှင်းဖြူ၏ဝေဒနာကို ကုစားနိုင်ရန် ကြိုးစားရပေမည်။

ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီး၏ မျက်လုံးအစုံမှာ ခေါင်းစွပ်အပေါက် နှစ်ပေါက်မှ စူးရှတောက်ပြောင်စွာ ပေါ်ထွက်နေသည်။

သူသည် ခက်ထန်တင်းမာစွာဖြင့် စကားဆိုသည်။

"မဟူရာသိုင်းသမား .... ကျုပ်နဲ့ ကျုပ်အဖွဲ့သားတွေဟာ ခင်ဗျားနဲ့ ရန်ငြိုးရန်စ မရှိခဲ့ကြပါဘူး .... ခင်ဗျားအတွက် ထိခိုက်နစ်နာတဲ့ အလုပ်မျိုးကို ကျုပ်တို့တစ်တွေ မလုပ်ခဲ့ကြပါဘူး .... ဒါနဲ့တောင် ခင်ဗျားက ကျုပ်တို့ပိုင်နက်ထဲကို ကျူးကျော်လာပြီး ကျုပ်လူတွေကို ဘာဖြစ်လို့ တိုက်ခိုက်နေရတာလဲ .... "

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ပြန်ပြောလေသည်။

"ကျုပ်နဲ့ခင်ဗျားတို့ ရွှေနဂါးတမန်တော်အဖွဲ့နဲ့ ဘာရန်ငြိုးရန်စမှ မရှိခဲ့ဘူးဆိုတာတော့ မှန်တယ် .... ဒါပေမဲ့ ခင်ဗျားတို့ ရွှေနဂါးတမန်တော်အဖွဲ့ဟာ သိုင်းလောကမှာ ထိပ်ဆုံးက နေရာယူပြီး မင်းမူနိုင်ဖို့အတွက် မတရားတဲ့နည်းလမ်းတွေနဲ့ ကြိုးစားလှုပ်ရှားနေတဲ့ ဒုစရိုက်အဖွဲ့ကြီးတစ်ဖွဲ့ဆိုတာ ကျုပ် သိထားရတယ် .... ကျုပ်ကလည်း သိုင်းလောကမှာ ဆိုးသွမ်းမင်းမူချင်တဲ့ အဖွဲ့မှန်သမျှ တိုက်ခိုက်ချေမှုန်းသွားမယ်လို့ ဆုံးဖြတ်ချက် ချမိခဲ့တယ် .... နောက်တစ်ကြောင်းက ခင်ဗျားတို့အဖွဲ့ဟာ ရောင်ခြည်သိုင်းသမားကို မတရားသဖြင့် ချုပ်ကိုင်အနိုင်ကျင့်ဖို့ ကြံစည်ခဲ့ကြတယ် .... ရောင်ခြည်သိုင်းသမားအသက်ကို ဆက်လုပ်ကြံဖို့ ကြံစည်ခဲ့ကြတယ် .... ဒါကြောင့် ခင်ဗျားတို့အဖွဲ့ကို ကျုပ်တိုက်ရတာပဲ .... "



ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီးသည် ချက်ချင်းစကားပြန်မပြောနိုင်ဘဲ ငြိမ်နေသည်။ ခဏနေမှ ပြန်ပြောလေသည်။

"ဒါကတော့ ဒီလိုပါ .... ရောင်ခြည်သိုင်းသမားကို ကျုပ်တို့အဖွဲ့နဲ့ ပူးပေါင်းစေချင်တဲ့ဆန္ဒကြောင့် ခုလို လုပ်ရတာပါ .... ရောင်ခြည်သိုင်းသမားနဲ့ ကျုပ်တို့ ပူးပေါင်းစေချင်တာကလည်း သိုင်းလောကမှာ ဆိုးသွမ်းမင်းမူနေတဲ့ ဝမ်ရဲရဲတိုက်ကို တိုက်ခိုက်ချေမှုန်းဖို့ပါ .... အခုဆိုရင် ဝမ်ရဲရဲတိုက်က သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းနဲ့ အခြားဂိုဏ်းအဖွဲ့အစည်းတွေကို စည်းရုံးသိမ်းသွင်းနေပါတယ် .... ဒီလို စည်းရုံးသိမ်းသွင်းနေတာက .... တောင်ပိုင်း၏ ချီယွင်ဂေဟာကို ဖြိုခွင်းပြီး သိုင်းလောကကို သူတို့ပဲ ချုပ်ကိုင်လွှမ်းမိုးချင်လို့ပါ .... ဒါကြောင့် ဝမ်ရဲရဲတိုက်ကို ခုကတည်းက ချေမှုန်းထားမှ ဖြစ်လိမ့်မယ်လို့ ကျုပ်တို့တွေးမိပြီး ရောင်ခြည်သိုင်းသမားကိုလည်း စည်းရုံးသိမ်းသွင်းမိတာပါ။ သူက အချိန်ဆွဲနေလို့ သူ့ကို ချုပ်ကိုင်နိုင်တဲ့နည်းလမ်းတွေကို သုံးမိတာပါ .... "

တိန့်ထောက်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ....

"အင်း .... ခင်ဗျားကတော့ သိပ်အပြောကောင်းတဲ့လူပဲ .... ဒါးထောင်လို့လည်း ကောင်းပါပေရဲ့ .... ဒါဖြင့် ငွေနှင်းဖြူဆိုတဲ့ မိန်းကလေးကို အတိတ်မေ့အောင်လုပ် .... သူရဲ့ မူလစိတ်ကို ပျောက်အောင်လုပ်ပြီး ခင်ဗျားရဲ့ စိတ်တိုင်းကျ စေခိုင်းတာကကော ဘာ…တာလဲ .... "

"ဒါကတော့ အကြောင်းတစ်ခုရှိလို့ပါ .... ဒီအကြောင်းကိုလည်း ခင်ဗျားသိဖို့ မလိုပါဘူး ... "

"ကျုပ်ကလည်း မသိချင်ပါဘူး .... ကျုပ်သိချင်တာက
နှင်းဖြူကလေး မူလစိတ် ပြန်ဖြစ်လာအောင် ဘယ်လိုလုပ်ရမယ်ဆို
နည်းလမ်းကိုပဲ ကျုပ်သိချင်တယ် .... ငွေနှင်းဖြူလေးဟာ ကျုပ်
တူသားလိုချစ်တဲ့ ရောင်ခြည်သိုင်းသမားနဲ့ အင်မတန် ရင်းနှီးကြတ
ဆိုတာ ခင်ဗျားလည်း သိမှာပါ .... ဒီတော့ ငွေနှင်းဖြူကို ပင်ကို
စိတ် ပြန်ဖြစ်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာသာ ပြောပြပါ
ဒါဆိုရင် ခင်ဗျားကို ကျုပ် ရန်မမူဘူး .... "

တိန့်ထောက်၏စကားအဆုံးတွင် ရွှေနဂါးတမန်တော် ခေါ်
ဆောင်ကြီးက သူ့လက်ကို ဆတ်ခနဲ မြှောက်လိုက်သည်။ သူ့လက်
အလင်းတန်းတစ်တန်းက တိန့်ထောက်ထံ ပြေးဝင်လာသည်။

လက်နက်ပုန်းနှင့် ပစ်လိုက်ခြင်းသာ ဖြစ်၏။

တိန့်ထောက်က လှံ့ပ်တစ်ပြက် ဓားကိုဆွဲထုတ်ပြီး သူ့ထံ
လာသော အလင်းတန်းကို ရိုက်ဖယ်ထုတ်သည်။

"ထန်း .... "

လက်နက်ပုန်းက ဘေးသို့ လွင့်စဉ်သွားသည်။

ထိုစဉ်မှာပင် ရွှေနဂါးတမန်တော် ခေါင်းဆောင်ကြီးသ
ချာခနဲလှည့်၍ ထွက်ပြေးသွားလေတော့သည်။ ခဏနှင့် အမှောင်
ဝင်ရောက်၍ ပျောက်ကွယ်သွားသည်။

တိန့်ထောက်က ခြေသုံးလေးလှမ်း ပြေးလိုက်ပြီးမှ ဆ
မလိုက်တော့ဘဲ တန့်ခနဲ ရပ်လိုက်သည်။

ဤနေရာများမှာ ရန်သူပိုင်နက်ဖြစ်၍ ထောင်ချောက်ထဲ
ရောက်သွားနိုင်သည်။ ပြီးတော့ အားလုံးသိသိုင်းသမားကြီးနှင့် တစ်ဝ



တစ်ပျက်ဗေဒင်ဆရာကြီးတို့မှာ ရန်သူကို မတိုက်ခိုက်နိုင်လောက်
အောင်ပင် အင်အားဆုတ်ယုတ်လျော့နေလေရာ သူတို့ကို ပစ်သွား၍
မဖြစ်ချေ။

ထိုအတွေးကြောင့် တိန့်ထောက်သည် ဆက်မလိုက်တော့
ဘဲ နောက်ပြန်လှည့်လာလေသည်။

ထို့နောက် အားလုံးသိ သိုင်းသမားကြီးနှင့် တစ်ဝက်တစ်ပျက်
ဗေဒင်ဆရာကြီးတို့ကိုခေါ်ပြီး အိမ်ဂေဟာကြီးအတွင်းမှ ထွက်ခွာလာခဲ့
လေသည်။

သူတို့သည် အမှောင်ဖုံးမိုးနေသော မြို့တွင်းမှဖြတ်၍
လျှောက်လာခဲ့ကြ၏။ မြို့ပြင်ကိုရောက်မှ တိန့်ထောက်က မဟူရာသိုင်း
သမားကြီး၏ လေသံဖြင့်ပင် မေးမိသည်။

"ခင်ဗျားတို့နှစ်ယောက်ကို သူတို့က ညှဉ်းပန်းနှိပ်စက်ပြီး
အစာငတ်ရေငတ် ထားခဲ့တာလား .... "

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးက ခေါင်းညိတ်၍ ပြန်ဖြေ
သည်။

"ဟုတ်ပါတယ် .... ဒါတင် မဟုတ်ပါဘူး .... ကျွန်တော်တို့
ရဲ့ အကြောကိုလည်း ကိုင်ထားလို့ ခုဆိုရင် ကျွန်တော်တို့ရဲ့ အကြော
တွေဆိုင်းပြီး သိုင်းပညာကို ကောင်းကောင်းအသုံးချလို့ မရတော့ဘူး
ဖြစ်နေကြပါတယ် .... ဘယ်လိုအကြော ပြန်ဖြေရမယ်ဆိုတာလည်း
မသိကြပါဘူး .... "

တိန့်ထောက်သည် ငွေနှင်းဖြူကိုလည်း ရွှေနဂါးတမန်တော်
အဖွဲ့က ထိုသို့အကြောကိုင် နည်းစနစ်ဖြင့် အာရုံကြောများကို ပြောင်း

လဲထားကြောင်း စဉ်းစားမိလေသည်။

အားလုံးသိ သိုင်းသမားကြီးက သက်ပြင်းချပြီး ဝင်ပြောသည်။

"ကျွန်တော် သိထားရသလောက်ကို ပြောရရင်တော့ .... အကြောပညာမှာ ပြိုင်ဘက်ကင်းအောင်တော်တဲ့ အကြောဝိဇ္ဇာကြီးဆီမှာ သွားပြီး အကူအညီတောင်းမယ်ဆိုရင်တော့ .... ကျွန်တော်တို့ရဲ့ အကြောတွေကို ပြန်ဖြေနိုင်ပါလိမ့်မယ် .... အရင်ကတော့ အဲဒီလူတစ်ယောက် ရှိခဲ့ပါတယ် .... အခုဆိုရင်တော့ သူ့ရဲ့အသက်က ကြီးလှပြီဖြစ်လို့ အသက်ရှင်လျက်မှ ရှိသေးရဲ့လား မပြောနိုင်ဘူး .... "

သူတို့သည် စကားတပြောပြောနှင့် လာကြရာ ရွာစုကလေးကို လှမ်းမြင်နိုင်သော နေရာဆီသို့ ရောက်လာကြသည်။

တိန့်ထောက်က ရွာဆီကို လက်ညှိုးထိုးပြပြီး မဟူရာသိုင်းသမားကြီး၏ လေသံဖြင့်ပြောသည်။

"ခင်ဗျားတို့နှစ်ယောက် .... ဟိုမှာ မြင်နေရတဲ့ရွာကို သွားကြပါ .... အဲဒီရွာက အိမ်တစ်အိမ်မှာ ဆရာကြီးကြောင်နက် တည်းခိုနေပါတယ် .... သူ့ဆီကို သွားပြီး အနားယူလိုက်ပါ .... "

"ဟင် .... ဟုတ်လား .... ကျုပ်မိတ်ဆွေကြီး ဒီရောက်နေတာကိုး .... "

အားလုံးသိ သိုင်းသမားကြီးက ဝမ်းသာအားတက်သွားသည်။

အားလုံးသိ သိုင်းသမားကြီးနှင့် တစ်ဝက်တစ်ပျက်ဗေဒင်ဆရာတို့သည် တိန့်ထောက်ကို ဦးညွှတ်နှုတ်ဆက်ကြကာ ရွာကလေးဆီသို့ ခပ်သုတ်သုတ် ထွက်ခွာသွားကြလေသည်။

ထိုအခါမှ တိန့်ထောက်သည် သူ၏ပုံသဏ္ဍာန်ကို မူလရုပ်သွင်



သို့ ပြန်ပြောင်းလိုက်လေသည်။

သူသည် ရွာဆီသို့ လိုက်သွားရန် စောသေးသဖြင့် မြို့ဘက်သို့ ပြန်လှည့်လာသည်။ ထူးခြားသော အခြေအနေကို တွေ့ရလို တွေ့ရငြား သဘောမျိုးဖြင့် ထွက်ခဲ့ခြင်း ဖြစ်လေ၏။

မြို့တံခါးဝသို့ အရောက်တွင် သူ့ဘေးတစ်ဘက်မှ လှမ်းခေါ်သံကို ကြားလိုက်ရသည်။

"မောင်လေး .... "

တိန့်ထောက် လှည့်ကြည့်လိုက်ရာ သူ့ထံသို့ လာနေသော ချူးစုစုကို တွေ့ရလေသည်။

"ဟင် .... မမချူးစုစုပါလား .... ဒီကို ဘယ်တုန်းကရောက်နေတာလဲ .... "

တိန့်ထောက်ကလည်း ဟန်မပျက် ပြန်နှုတ်ဆက်လိုက်ရသည်။

"မောင်လေးကကော ဘယ်သွားမလို့လဲ .... "

"ဒီမြို့မှာ ရွှေနဂါးတမန်တော် ဌာနခွဲ ရှိတယ်လေ .... ထူးခြားမှု ရှိမရှိ သိချင်လို့ သွားပြီးစုံစမ်းမလို့ပါ .... "

"မမတောင် ရောက်ခဲ့ပြီးပြီ .... အဲဒီမှာ မဟူရာသိုင်းသမားကြီးနဲ့တောင် တွေ့ခဲ့ရသေးတယ် .... "

"ဟင် .... ဟုတ်လား .... "

တိန့်ထောက်က အံ့သြချင်ယောင် ဆောင်လိုက်သည်။



ချူးစုစုက မဟူရာသိုင်းသမားကြီးနှင့် တွေ့ခဲ့ပုံ၊ ဝေလင်းသခင်မကြီး ဖြစ်သူ၏ စကားများကို မှာကြားခဲ့ပြီးပုံတို့ကို ပြောပြသည်။ တိန့်ထောက်က မသိဟန်ဖြင့် နားထောင်နေရသည်။

သူ မရှင်းသည့် အချက်ကိုသာ ချူးစုစု၏ စကားအဆုံးတွင် မေးသည်။

"မဟူရာသိုင်းသမားကြီးနဲ့ ဝေလင်းသခင်မကြီးတို့ဟာ ချစ်သူတွေအဖြစ်နဲ့ ကွဲခဲ့ကြရတာလား .... "

"သူတို့က ဇနီးမောင်နှံပါ .... "

"ဪ .... "

တိန့်ထောက် ရှင်းရှင်းလင်းလင်း ဖြစ်သွားလေပြီ။

ချူးစုစုက ဟန်မြို့ထဲရှိ တည်းခိုခန်းတစ်ခုတွင် သူမ တည်းခိုနေကြောင်းနှင့် တည်းခိုခန်းနာမည်ကိုပါ ပြောပြသည်။

တိန့်ထောက်လည်း နောက်တစ်နေ့တွင် လာတွေ့ပါမည်ဟု ကတိပြုပြီး၊ ချူးမုစုနှင့် လူချင်းခွဲလိုက်ကြသည်။ သူသည် ရွှေနဂါးတမန်တော် ဌာနခွဲအိမ်ကြီးဆီသို့ သွားနေ၍လည်း ထူးခြားမည်မဟုတ်တော့ကြောင်း တွေးမိပြီး အဘိုးကြီးကြောင်နက် ရှိနေသည့် ရွာကလေးသို့ ပြန်လာခဲ့လေတော့သည်။

## အခန်း (၃)

## အဆိပ်ကျောက်ပိုင်ရှင် ဘယ်သူလဲ

နံနက်ခင်း၏ နေရောင်ခြည်သည် (၁၀)အိမ်စုသာ ရှိသေ
ရွာငယ်ကလေးပေါ်သို့ ဖြန့်ကြက်လျက် ရှိနေသည်။

တဲအိမ်ကြီးတစ်အိမ်၏ ဧည့်ခန်းထဲရှိ ဝါးဖြင့်ပြုလုပ်ထားသေ
စားပွဲဝိုင်းကြီးတွင် တိန့်ထောက်တို့လူစု ဝိုင်းထိုင်၍ ရေနွေးကြ
သောက်ရင်း စကားပြောနေကြသည်။

အားလုံးသိ သိုင်းသမားကြီး ချမ်းကြည်နှင့် တစ်ဝက်တစ်ပျ
ဗေဒင်ဆရာကြီးတို့က သူတို့ကို ရွှေနဂါးတမန်တော်အဖွဲ့က ဖမ်း
သွားပုံ၊ မဟူရာသိုင်းသမားကြီးက လာရောက်ကယ်တင်ပုံတို့ကို တ
လှည့်စီ ပြောပြနေကြသည်။

အားလုံးသိ သိုင်းသမားကြီးက ....

"တောင်ပိုင်းဒေသကို ကျုပ်ရောက်လာတော့ .... လူတ
ယောက်က ကျုပ်ကို အသိဖွဲ့ပြီး လိုအပ်သမျှအကူအညီကိုလည်း
တယ် .... ကျုပ် သူ့ကို အတော်ကလေး ခင်နေမိတာပါ .... နော
တော့ သူတိုက်တဲ့အရက်ကိုသောက်ပြီး သတိမေ့သွားလိုက်တာ သ



လည်းပြန်ရလာရော ကျုပ်လည်း အဖမ်းခံနေရပါရော .... "

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးက ပြောပြသည်။

"ကျုပ် အဖမ်းခံရတာလည်း ရှင်းရှင်းကလေးပါ .... ကျုပ်ဆီ
ကို ဗေဒင်လာမေးတဲ့ လူတစ်ယောက်က ကျုပ်ကို အဆိပ်ငွေ့နဲ့ သတိ
မေ့အောင်လုပ်ပြီး ဖမ်းလိုက်တာပဲ .... "

တိန့်ထောက်က ချိုယွင်ဂေဟာတွင် သူဖခင် တိန့်ရောင်ရှမ်း
၏ ရုပ်ကလာပ်ကို မြက်ရိုင်းသိုင်းသမားကြီးက ထိန်းသိမ်းထားလျက်
ရှိသေးကြောင်း ပြောပြလိုက်လေသည်။

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီး အံ့သြသွားသလို သူ့မျက်
လုံးအံစုံကလည်း ဆွေးရိပ်သမ်းသွားသည်။

"ဪ .... သခင်ကြီးရဲ့ အလောင်းကို မြက်ရိုင်းသိုင်းသမား
က ကျုပ်ထက်ဦးအောင်တွေ့ပြီး သယ်ယူသွားတာကိုး .... ဒါကြောင့်
ကျုပ်တို့လည်း ပြာပုံတွေထဲမှာ သခင်ကြီးရဲ့အလောင်းကို သေချာ
ပေါက် ရှာလို့မတွေ့ဘဲ ဇဝေဇဝါ ဖြစ်ခဲ့ကြရတာပဲ .... "

တိန့်ထောက်က ....

"မြက်ရိုင်းသိုင်းသမားကြီးကို ဆရာကြီး သိပါသလား"

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးက ခေါင်းညိတ်၍ ....

"သိတာပေါ့ မြက်ရိုင်းသိုင်းသမားကြီးတို့ ဇနီးမောင်နှံနဲ့ သခင်
လေးတို့ ဖေဖေ မေမေနဲ့ သိပ်ခင်ကြတဲ့ မိတ်ဆွေတွေပါ .... သူတို့
ဇနီးမောင်နှံနှစ်ယောက်စလုံး သခင်ကြီးဆီကို သုံးခေါက်တောင် လာ
ဖူးကြတယ် .... "

သူ့မိဘတွေ၏ အကြောင်းကို ကောင်းကောင်းကြီး သိထား

သော တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးကိုယ်တိုင် ပြောနေခြင်း ဖြစ်သဖြင့် တိန့်ထောက်သည် မြက်ရိုင်းသမားအပေါ် လုံးဝသံသယ မရှိတော့ချေ။

တိန့်ထောက်က အားလုံးသိ ချွမ်းကြည်ကို မေးလိုက်ပြန်သည်။

"ဦးကြီးချွမ်းကြည် .... ခုတလော သိုင်းလောကမှာ လှုပ်ရှားနေတဲ့ ရုပ်ပြောင်းသိုင်းသမားကြီးကို သိသလား .... "

အားလုံးသိ သိုင်းသမားကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးမှ ခေါင်းကိုခါယမ်း၍ ....

"ကျုပ်တော့ မကြားဖူးဘူး .... "

တိန့်ထောက်က ....

"ရုပ်ပြောင်းသိုင်းသမားကြီးဟာ ရုပ်ပြောင်းရုပ်လွှဲပညာမှာ ဖြိုင်ဘက်ကင်းအောင် တော်တယ် .... မျက်စိတမှိတ်အတွင်း သူဟာသူ ပုံပန်းသဏ္ဌာန်ကို နှစ်မျိုးသုံးမျိုး ပြောင်းတယ် .... "

အားလုံးသိ သိုင်းသမားကြီး စဉ်းစားလိုက်ပြန်ပြီး ....

"အင်း .... အဲဒီလို ရုပ်ပြောင်းရုပ်လွှဲပညာမှာ ဖြိုင်ဘက်ကင်းအောင် တော်တဲ့သိုင်းသမားကြီးတစ်ယောက်တော့ တစ်ချိန်က ရှိခဲ့ဖူးတယ် .... ခုဆိုရင်တော့ အတော့်ကို အသက်ကြီးနေပြီပေါ့ .... အသက်ရှင်လျက်တောင် ရှိချင်မှ ရှိတော့မယ် .... သူ့ရဲ့ ဘွဲ့နာမည်က "မိုးပိုက်ကွန်"တဲ့ .... "

တိန့်ထောက်က ....

"ဒါဆို ရုပ်ပြောင်းသိုင်းသမားကြီးဟာ အဲဒီ မိုးပိုက်ကွန် သိုင်း



သမားကြီးရဲ့ တပည့်တစ်ယောက်များ ဖြစ်နေမလား .... "

"အင်း .... မင်းပြောတာလည်း ဖြစ်နိုင်တာပဲ တိန့်ထောက်၊ နေပါဦး .... ရုပ်ပြောင်းသိုင်းသမားကြီးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပါဦး .... သူ့ပုံပန်းသဏ္ဌာန်က ဘယ်လိုရှိသလဲ .... "

တိန့်ထောက်က ခေါင်းကို ခါယမ်းလိုက်ပြီး ....

"သူ့ပုံပန်းသဏ္ဌာန် အမှန်ကို တိတိကျကျ ပြောလို့ ဘယ်လွယ်ပါ့မလဲ .... သူ ရုပ်အမျိုးမျိုးပြောင်းပြီး လှုပ်ရှားနေတဲ့လူပဲ .... ဒါပေမဲ့ ကျွန်တော့်လက်ချက်နဲ့ သူ့ရဲ့ ဘယ်ဘက်နားရွက်တစ်ဖက်တော့ ပြတ်သွားတယ် .... သူ့ကို ကျွန်တော် နောက်ဆုံးတွေ့ခဲ့ရတဲ့ အသွင်အပြင် ပုံသဏ္ဌာန်ကတော့ .... "

တိန့်ထောက်သည် ချီယွင်ဂေဟာသခင်ကြီး ချူပွားဟီနှင့် ရုပ်ပြောင်းသိုင်းသမားကြီးတို့ ဖြစ်ပျက်ပုံ အရေးအခင်းကို ပြောပြသည်။ ရုပ်ပြောင်းသိုင်းသမားကြီး အသုံးပြုတတ်သော အဆိပ်ကျောက်လက်နက်ပုန်း အကြောင်းကိုလည်း ပြောပြလိုက်သည်။

ထို့နောက် ခဏမျှ စကားပြတ်သွားကြသည်။

အတန်ကြာမှ အဘိုးကြီး ကြောင်နက်သည် ခေါင်းကို ကုတ်ပိုက်ပြီး ....

"ငွေနှင်းဖြူကလေးကို ဘယ်လိုကုသကြမယ်ဆိုတာ စဉ်းစားကြပါဦး .... ဒီအတိုင်းသာထားရင် ငွေနှင်းဖြူရဲ့ အခြေအနေဟာ ဒါလေ ပိုဆိုးလေ ဖြစ်သွားလိမ့်မယ် .... "

တိန့်ထောက်ကလည်း ခေါင်းညိတ်၍ ....

"ဟုတ်ပါတယ် ခင်ဗျာ .... သူ့ကို ပင်ကိုယ်စိတ် ပြန်ဖြစ်လာ

အောင် ဘယ်လိုကုသရင် ကောင်းမယ်ဆိုတာ စဉ်းစားပေးကြပါဦး

တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးက သက်ပြင်းရှည်ကြီး

ချ၍ ....

"အင်း .... အကောင်းဆုံးကတော့ ရွှေနဂါးတမန်တော်အ

ခေါင်းဆောင်ကြီးကိုဖမ်းပြီး ချုပ်ကိုင်မယ်ဆိုရင်တော့ ငွေနှင်းဖြူ

ဘယ်လိုကုသရမယ်ဆိုတဲ့ နည်းလမ်းကို လွယ်လွယ်ကလေးနဲ့ သိရမှ

ပဲ .... ဒါပေမဲ့ ရွှေနဂါးတမန်တော် အဖွဲ့ခေါင်းဆောင်ကြီးကို ဖမ်းမိ

ဆိုတာ အတော့်ကို မလွယ်တဲ့အလုပ်ပဲ .... သူ ဘယ်မှာနေတယ်

ဘယ်လို လှုပ်ရှားနေတယ် .... သူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်

တာတွေကို ဘယ်သူမှ သိကြတာမဟုတ်ဘူး .... "

အားလုံးပင် ငြိမ်ပြီး ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားနေကြ

အတန်ကြာမှ အားလုံးသိ သိုင်းသမားကြီးက ပြောသည်။

"ဟုတ်ပြီ .... ငွေနှင်းဖြူကို ကယ်တင်နိုင်မဲ့ နည်းလမ်း

လမ်းကိုတော့ ကျုပ် စဉ်းစားမိပြီ .... "

ကျန်လူအားလုံး ဝမ်းသာသွားပြီး တိန့်ထောက်က ....

"ပြောပါဦး ဦးကြီးချွမ်းကြည် .... "

"လူတစ်ယောက်ကိုသာ ရှာတွေ့နိုင်မယ်ဆိုရင်တော့ ....

နှင်းဖြူကို သေချာပေါက် ကုသနိုင်မှာပဲ .... "

"ဘယ်သူ့ကို ရှာရမှာလဲ ဦးကြီးချွမ်းကြည် .... "

"အဲဒီဆရာကြီးဟာ အခုဆိုရင် အသက်တစ်ရာနီးပါး ရှိ

သူ့နာမည်က ကွမ်းဝူကျိတဲ့ .... ဘွဲ့နာမည်က ရွှေလက်ချောင်း

လက်ချောင်း ကွမ်းဝူကျိပဲ .... "



အဘိုးကြီးကြောင်နက်၏ မျက်နှာလည်း ဝင်းထိန်သွားကာ

စားပွဲကို လက်ဖြင့်ပုတ်လိုက်ပြီး ....

"ဟာ .... ဒီဆရာကြီးကို ကျုပ်လည်းသိတာပေါ့ .... ရွှေလက်

ချောင်း ကွမ်းဝူကျိ ဘယ်မှာနေသလဲ .... "

အားလုံးသိ သိုင်းသမားကြီးက ....

"အရင်ကတော့ ရှန်ကျူးဒေသမှာ နေတာပဲ .... အခု သူ

အသက်ရှင်နေဦးမယ် ဆိုရင်တော့ သိပ်ကောင်းမှာပဲ .... ငွေနှင်းဖြူရဲ့

ဝေဒနာကို အကောင်းပကတိဖြစ်အောင် သူ လွယ်လွယ်နဲ့ ကုနိုင်လိမ့်

မယ် .... "

တိန့်ထောက်ကလည်း ဝေလင်းနန်းဆောင်မှ ဆံဖြူမယ်

အကြောင်းကို သွားတွေးမိပြီး ဖြတ်ပြောသည်။

"ကျွန်တော် ခုမှ သတိရတယ် .... ဝေလင်းနန်းဆောင်ကို

ကျွန်တော် ရောက်ခဲ့တုန်းက ငွေနှင်းဖြူလိုပဲ သူ့ရဲ့အတိတ်ဘဝကို မေ့

နေတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို တွေ့ခဲ့ရတယ် .... ဝေလင်း

သခင်မကြီးကပြောတော့ ကျိုလင်းဆေးမြစ်နဲ့ ဖော်စပ်ထားတဲ့ ဆေး

တစ်မျိုးကို တိုက်ကျွေးရင် အဲဒီအတိတ်မေ့ရောဂါ ပျောက်နိုင်သတဲ့၊

ကျိုလင်းဆေးပင်ဟာ အင်မတန်ရှားပါးပြီး ဘယ်မှာရှာရမှန်းမသိ ဖြစ်

နေကြတယ် .... "

တိန့်ထောက်သည် ဝေလင်းနန်းဆောင်မှ ဆံဖြူမယ်အမျိုး

သမီးကြီး၏ ရောဂါဝေဒနာပါ ပျောက်ကင်းစေလိုသဖြင့် ကျိုလင်းဆေး

ပင်အကြောင်း ယခု ရှိနေသူများ သိမသိ ပြောလိုက်ခြင်းဖြစ်၏။

အားလုံးသိ သိုင်းသမားကြီးက ခေါင်းကိုခါယမ်း၍ ....

"ကျိုလင်းဆေးပင်ဟာ ၃သိပ်ပြီး အဖိုးတန်သလောက် ရှားပ
လိုက်တာလည်း လွန်ပါရော .... ဘယ်မှာများ ရှာလို့ရမှာလဲ .... "

တစ်ချိန်လုံး မျက်နှာမကောင်းဘဲ ငြိမ်နေသည့် တစ်ဝက်တ
ပျက် ဗေဒင်ဆရာကြီးက တိန့်ထောက်ထံ ခွင့်ပန်လိုက်သည်။

"သခင်လေး .... ချီယွင်ဂေဟာကို ကျုပ်သွားပြီး သခင်ကြ
ရဲ့ ရုပ်ကလာပ်ကို ကန်တော့ချင်တယ် .... "

တိန့်ထောက်က စဉ်းစားလိုက်ပြီး ....

"ဆရာကြီးတို့ သုံးယောက်စလုံး ချီယွင်ဂေဟာကို သွားပြ
ပါလား .... အဲဒီမှာပဲ တည်းခိုနေထိုင်ကြပေါ့ .... ခုချိန်မှာ သခင်ကြ
ချုပ်သွားဟီဟာ သူ့သမီး အဖမ်းခံထားရလို့ သိပ်ပြီး စိတ်ပူအားငယ်
တယ် .... ဆရာကြီးတို့ ရောက်သွားရင် အတော်ကလေး အားရှိသ
မှာပဲ .... ကျွန်တော့်အကြောင်းကိုလည်း သခင်ကြီးချုပ်သွားဟီကို ပြေ
ပြပါ .... အကောင်းဆုံးက ငွေနှင်းဖြူကိုပါ ခေါ်သွားကြပါ .... "

အဘိုးကြီးကြောင်နက်က ....

"မင်းကော .... တို့နဲ့ တစ်ခါတည်းလိုက်ခဲ့ပါလား .... "

တိန့်ထောက်က ခေါင်းကို ခါယမ်းပြီး ....

"ကျွန်တော်တော့ မလိုက်သေးဘူး .... ရုပ်ပြောင်းသိ
သမားကြီးရဲ့သတင်းကို စုံစမ်းလိုက်ဦးမယ် .... ပြီးမှ လိုက်ခဲ့ပါ့မ

တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးက ....

"ဒါဖြင့် .... ခုချက်ချင်းပဲ သွားကြစို့ .... ကျုပ်သခင်ကြ
ရုပ်ကလာပ်ကို ကျုပ် ကန်တော့ချင်လှပြီ .... "

တိန့်ထောက်က ....



"ကျွန်တော် .... မြို့ထဲကိုသွားလိုက်ဦးမယ် .... မြို့ထဲက
ကျွန်တော် ပြန်လာမှ သွားကြပါလား .... သွားဖို့တော့ အဆင်သင့်
လုပ်ထားကြပေါ့ .... "

တစ်ဝက်တစ်ပျက်ဗေဒင်ဆရာကြီးက ....

"ကျုပ်ကတော့ .... ခုပဲ သွားလိုက်ချင်တော့တာပဲ သခင်
လေး .... "

အဘိုးကြီးကြောင်နက်က တစ်ဝက်တစ်ပျက် ဗေဒင်ဆရာ
ကြီးကို ပြောလိုက်၏။

"ဆရာကြီး စိတ်စောနေရင်လည်း ချီယွင်ဂေဟာကို သွားနှင့်
လေ .... နောက်က ကျုပ်တို့ လိုက်ခဲ့မယ် .... လမ်းမှာ သတိတော့
ထားသွားပါ .... "

တိန့်ထောက်ကလည်း သဘောတူသဖြင့် တစ်ဝက်တစ်ပျက်
ဗေဒင်ဆရာကြီးသည် အားလုံးကို နှုတ်ဆက်၍ ထွက်ခွာသွားလေသည်။

တိန့်ထောက်လည်း ချူးစုစုအား တွေ့ဆုံရန်အတွက် ထွက်
ခွာလာခဲ့လေသည်။

## အခန်း (၄)

## အရိုင်းနီဂေဟ သွေးရိုင်ဂေဟ

ချူးစုစု တည်းခိုသော တည်းခိုခန်းသို့ရောက်လျှင် တိ
ထောက်သည် အလွယ်တကူပင် ချူးစုစုအား တွေ့ရလေသည်။

ချူးစုစုက ချက်ချင်းပင် စားသောက်ဖွယ်ရာများကို မှာကြ
ပြီး တိန့်ထောက်ကို ဧည့်ခံသည်။

စားရင်းသောက်ရင်းမှ သူတို့နှစ်ဦး စကားဆိုကြလေသည

"မမတော့ မဟူရာသိုင်းသမားကြီးနဲ့ တွေ့ပြီးလို့ မမရဲ့တာ
ပြီးဆုံးသွားပြီ .... နန်းဆောင်ကို ပြန်ရတော့မယ် .... မောင်လေ
အေးအေးဆေးဆေးတွေ့ပြီး စကားစမြည်ပြောချင်လို့သာ စောင့
တာ .... "

တိန့်ထောက်က ချူးစုစုထံမှ အကြံကောင်း ဉာဏ်ကော
များ ရလိုရငြား ငွေနှင်းဖြူ၏အကြောင်းကို ပြောပြလိုက်သည်။ ချူး
ကလည်း သေသေချာချာ နားထောင်လေသည်။

တိန့်ထောက်၏စကား ဆုံးသွားတော့မှ ချူးစုစုက သူ
ထင်မြင်ယူဆချက်ကို ပြောသည်။



"ငွေနှင်းဖြူ ဖြစ်ပုံက မမရဲ့မွေးစားမေမေဖြစ်ပုံနဲ့ တူနေပါ
လား .... ဒါပေမယ့် သူ့လိုတော့ စိတ်ကယောက်ကယက် မဖြစ်ဘူး၊
အတိတ်မေ့ရုံတင် မေ့နေတာ .... ငွေနှင်းဖြူကတော့ အတိတ်မေ့ရုံ
တင်မဟုတ်ဘူး .... စိတ်တွေပါ မမှန် ဖြစ်နေပုံပဲ .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"ဟုတ်တယ် မမ .... ဒါကြောင့် ငွေနှင်းဖြူရဲ့ဝေဒနာက ပိုပြီး
ကုရခက်လိမ့်မယ်လို့ ကျွန်တော်တော့ ထင်မိတယ် .... "

"သိပ်တော့ စိတ်မလျှော့ပါနဲ့ဦး မောင်လေးရယ် .... ကုရခက်
မယ်လို့ ထင်ထားတဲ့ရောဂါတွေ လွယ်လွယ်နဲ့ ပျောက်သွားကြတာ
တွေ တစ်ပုံကြီး ရှိပါသေးတယ် .... "

ထို့နောက် .... တိန့်ထောက်သည် အရိုင်းနီသိုင်းသမား၏
အကြောင်းနှင့် အရိုင်းနီသိုင်းသမား ခံစားနေရသည့် ရောဂါဝေဒနာဆန်း
အကြောင်းကိုလည်း ပြောပြလိုက်သည်။

ချူးစုစုက ....

"အရိုင်းနီသိုင်းသမားကို မမ ကောင်းကောင်းသိတာပေါ့ ....
သူလည်း မမတို့ ဝေလင်းနန်းဆောင်ကို ရောက်ဖူးတာပဲ .... ဒါပေမဲ့
အရိုင်းနီသိုင်းသမားဟာ ယောကျ်ားမဟုတ်ဘူး .... ဒါကိုကော ....
မောင်လေး သိရဲ့လား .... "

"ဗျာ .... "

တိန့်ထောက်က အလွန်အမင်း အံ့သြသွားသည်။ သူကိုယ်
တိုင် အရိုင်းနီသိုင်းသမားနှင့် ဝိညာဉ်ပြန်ကျွန်းတွင် အတော်ကြာကြာ
နေခဲ့ရသော်လည်း ဤအဖြစ်ကို မသိချေ။

"အရိုင်းနီသိုင်းသမားဟာ ယောက်ျားမဟုတ်လို့ ဘာလဲ"

"သူဟာ .... အမျိုးသမီးတစ်ယောက်ကွယ် .... ယောက်ျားတစ်ယောက်လို ရုပ်ဖျက်ထားတာ .... "

"ဟုတ်ပါ့မလား မမရယ် .... "

ချူးစုစုက ပြုံး၍ ....

"ဝေလင်းနန်းဆောင်ကနေ သူ့ကို ပြန်ပို့တော့မယ့်အချိန်မှာ သူ သတိမေ့နေတယ်လေ .... သူ့ကို ချိမ့်ကြရင်း သူဟာ အမျိုးသမီးတစ်ယောက်ဆို သိကြရတာ .... "

တိန့်ထောက်မှာ ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေမိသည်။ အဘိုးကြီးကြောင်နက်ကိုယ်တိုင် အရိုင်းနီသိုင်းသမားကို မိန်းမဆန်သည်ဟု ပြောခဲ့ကြောင်းကိုလည်း တိန့်ထောက်သတိရမိသည်။

"ဒေါက် .... ဒေါက် .... ဒေါက် .... "

တိန့်ထောက် စဉ်းစားနေစဉ်မှာပင် တံခါးခေါက်သံ ပေါ်လာသည်။

ချူးစုစုက ချက်ချင်းထရပ်ပြီး တံခါးဖွင့်ပေးလိုက်လေသည်။

ပွင့်သွားသော တံခါးပေါက်မှ ဝတ်စုံနီဝတ်ထားသော အမျိုးသမီးတစ်ယောက် ခပ်ပြုံးပြုံးနှင့် ဝင်လာသည်။ သူမကို မြင်လိုက်ရသောအခါ တိန့်ထောက် အလွန်အမင်း အံ့အားသင့်သွားလေသည်။

သူမကား သွေးရိုပ်သခင်မကြီး၏ အပါးတော်မြဲမကလေး ဖန်းပင်ပင် ဖြစ်လေသည်။

ဤနေရာတွင် ဖန်းပင်ကို တွေ့ရလိမ့်မည်ဟု လုံးဝတ



မထားချေ။ ယခု တွေ့လိုက်ရခြင်းအတွက် အံ့သြသွားပြီးမှ ဘာမှမပြောနိုင်ဘဲ မျက်လုံးအပြူးသားဖြင့် ကြည့်နေမိသည်။

ဖန်းပင်က ချူးစုစုကို ပြုံး၍နှုတ်ဆက်လိုက်ပြီးမှ တိန့်ထောက်ကိုကြည့်ကာ ပြုံးပြုံးရယ်ရယ် ပြောလိုက်သည်။

"မောင်လေးကလည်း မမကိုကြည့်နေလိုက်တာ တစ္ဆေသရဲကို ကြည့်နေတဲ့အတိုင်းပဲ .... မမရဲ့ရုပ်က ဒီလောက်တောင် ကြောက်စရာ ကောင်းနေလို့လား .... "

တိန့်ထောက် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ....

"ခင်ဗျား ဒီကိုဘာကိစ္စလာတာလဲ .... "

ဖန်းပင်က အပြုံးမပျက် ပြန်ပြောသည်။

"မမရဲ့ သခင်မကြီးက မောင်လေးကို တွေ့ချင်လို့ .... မမကို အခေါ်လွှတ်လိုက်တာပါ .... အခုတစ်ခါတည်း မောင်လေး လိုက်ခဲ့ပါ"

ချူးစုစုက ဖန်းပင်ကို မသိသဖြင့် တိန့်ထောက်ကို ဝင်မေးသည်။

"မောင်လေးတိန့် .... သူက ဘယ်သူလဲ .... "

တိန့်ထောက်က ချူးစုစုအမေးကို ပြန်ဖြေသည်။

"သူက သွေးရိုပ်သခင်မကြီးရဲ့ အပါးတော်မြဲ ဖန်းပင်ပါ"

"ဟင် .... "

ချူးစုစု ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ ဘာမှ ဝင်မပြောတော့ဘဲ ပါးစပ်ပိတ်နေလိုက်သည်။ သွေးရိုပ်သခင်မကြီး၏ ကျော်ကြားသော သတင်းကို သူမလည်း ကောင်းကောင်းသိထားသဖြင့် ငြိမ်နေလိုက်ခြင်း ဖြစ်၏။

ဖန်းပင်က ချူးစုစုကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီးမှ တိန့်ထောက်ကို ပြောပြန်သည်။

"သခင်မကြီးက .... မောင်လေးကို အရေးကြီးတဲ့စကား အထူးပြောစရာရှိလို့ ခေါ်ခိုင်းလိုက်တာပါ .... ပြီးတော့ ဒီတစ်ခါ ကောင်းသော ခေါ်ခိုင်းခြင်းပဲ ဖြစ်တယ်ဆိုတာ မမ တာဝန်ယူပါတယ်၊ ဒါကြောင့်မို့ မောင်လေး လိုက်ခဲ့စေချင်ပါတယ် .... "

"ကျုပ် မအားဘူး ... မလိုက်နိုင်ဘူး .... "

တိန့်ထောက်က ခပ်တင်းတင်းပင် ပြောသည်။

ဖန်းပင်က အပြုံးမပျက် ပြန်ပြောသည်။

"ဟင်းဟင်း .... မောင်လေးရဲ့ ငွေနှင်းဖြူကလေး ဝေဒနာကို ပျောက်စေချင်တယ်ဆိုရင်တော့ မအားလည်း လိုက်ခဲ့ပေါ့ကွယ်။ ကဲ .... မမ သွားမယ် .... သခင်မကြီးဟာ မြို့ပြင်က ထင်းရှူးတောမှာ စောင့်နေတယ် .... သြော် တစ်ခုတော့ မှာရဦးမယ် .... မောင်လေး လိုက်လာမယ်ဆိုရင်တော့ တစ်ယောက်တည်းပဲ လာခဲ့စေချင်တယ်"

စကားအဆုံးတွင် ဖန်းပင်သည် ချာခနဲလှည့်၍ ထွက်သွားသည်။

"နေပါဦး .... "

တိန့်ထောက်က ခေါ်လိုက်သော်လည်း ဖန်းပင်သည် လှည့်၍ပင် မကြည့်တော့ဘဲ သွားမြဲထွက်သွားသည်။

ငွေနှင်းဖြူနှင့်ပတ်သက်သော စကားကို ပြောသွားသဖြင့် တိန့်ထောက်သည် သွေးရိပ်သခင်မနှင့် မလွဲမသွေ သွားရောက်တွေ့ဆုံရပေတော့မည်။



ချူးစုစုက တိန့်ထောက်၏မျက်နှာကို အကဲခတ်၍မေးသည်။

"သူချိန်းတဲ့နေရာကို မောင်လေး သွားမလို့လား .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"သွားရမှာပေါ့ မမ .... ငွေနှင်းဖြူရဲ့ ကောဂါဝေဒနာ ပျောက်ကင်းဖို့အတွက် နည်းလမ်းကို သွေးရိပ်သခင်မက ပြောနိုင်ပုံပဲ .... ငွေနှင်းဖြူနဲ့ သွေးရိပ်သခင်တို့ ဘယ်လိုပတ်သက်ကြလဲမသိဘူး .... "

"မမပါ လိုက်ခဲ့ရမလား .... "

"မလိုက်ခဲ့ပါနဲ့ မမ .... ဖန်းပင်က ကျွန်တော် တစ်ယောက်တည်းကိုပဲ လာရမယ်လို့ မှာသွားတယ် မဟုတ်လား .... မမချူး ဒီကပဲ စောင့်နေပါ .... ကျွန်တော် သွားတွေ့ပြီး ဒီကို ပြန်လာခဲ့ပါ့မယ် .... "

"ကောင်းပြီလေ ....သတိဝီရိယတော့ထားသွား မောင်လေး"

တိန့်ထောက်သည် ချူးစုစုကို နှုတ်ဆက်၍ တည်းခိုခန်းမှ ထွက်လာခဲ့သည်။

သူသည် မြို့တွင်းမှဖြတ်ကာ မြို့ပြင်ရှိ ထင်းရှူးတောရှေ့သို့ ရောက်လာသည်။

ထင်းရှူးတောထဲမှ ဖန်းပင် ထွက်လာပြီး မည်သည့်စကားမှ မပြောဘဲ ခေါင်းညိတ်၍ ခေါ်သွားရာ တိန့်ထောက်လည်း သူမနှင့်အတူ ထင်းရှူးတောထဲသို့ လိုက်ပါလာခဲ့လေသည်။

တိန့်ထောက်သည် ထင်းရှူးတောထဲတွင် သွေးရိပ်သခင်မကြီး စီးလေ့စီးထရှိသော ဝေါယာဉ်ကို ရှာဖွေကြည့်သော်လည်း မတွေ့ရပေ။ သစ်ပင်တစ်ပင်အောက်တွင် ကျောခိုင်းရပ်နေသော အမျိုးသားတစ်ယောက်ကိုသာ တွေ့ရသည်။

ဖန်းပင်က ထိုလူ၏နောက်ဘက် ဆယ်ပေခန့်အကွာတွင် ရပ်လိုက်သဖြင့် တိန့်ထောက်လည်း ရပ်လိုက်ရပေသည်။ ကျောခိုင်းထားသူက နောက်ကိုမလှည့်ဘဲ ကျောခိုင်းထားမြဲထားလျက် လှိုက်ပြောသည်။

"ညီလေး ရောက်လာပြီလား .... အစ်ကိုကြီးဖြင့် ညီလေးလာမှလာပါ့မလားလို့ .... "

ထိုသူ၏အသံကို တိန့်ထောက် ရင်းရင်းနှီးနှီး ကြားဖူးလေသည်။ တိန့်ထောက် မည်သည့်စကားမှ ပြန်မပြောဘဲ တွေဝေစွာဖြင့်သာ ထိုသူ၏ နောက်ကျောကို ငေးစိုက်ကြည့်နေမိသည်။ စဉ်းစားမရအောင်လည်း ဖြစ်မိသည်။

ဖန်းပင်သည် သူ့ကို သွေးရိပ်သခင်မကြီးနှင့် တွေ့ဆုံရန် လာခေါ်ခြင်း ဖြစ်သည်။ ယခုမူ သွေးရိပ်သခင်မကြီးကို မတွေ့ရဘဲ အမျိုးသားတစ်ယောက်ကိုသာ တွေ့ရသဖြင့် စဉ်းစားမရခြင်း ဖြစ်လေသည်။

ထိုစဉ် ကျောခိုင်းထားသူသည် တိန့်ထောက်ဘက်သို့ လှည့်လာသည်။ ထိုသူ၏ မျက်နှာကို မြင်လိုက်ရသဖြင့် တိန့်ထောက် လွန်စွာအံ့သြသွားလေသည်။

"ဟင် .... အစ်ကိုကြီး .... "

သူ့နှုတ်မှလည်း အံ့သြတကြီး ရေရွတ်လိုက်မိသည်။

အကြောင်းမူ ထိုသူသည် အရိပ်နီသိုင်းသမား ဖြစ်နေသောကြောင့်ပင်တည်း။

အရိပ်နီသိုင်းသမား၏ မျက်နှာသည် ညှိုးနွမ်းလျက် ရှိနေသည်။ သူသည် မချိုမြုံးပြုံးလျက် တိန့်ထောက်ကို ရီဝေသောမျက်လုံးအစုံနှင့် ကြည့်နေသည်။ သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်စများ ရစ်ဝဲလျက်နေသည်။



အရိပ်နီသိုင်းသမားမှာ အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်း မိမိကို ချူးစုစုက ပြောခဲ့သည်။ ထိုသို့ဆိုလျှင် အရိပ်နီသိုင်းသမားသည် သွေးရိပ်သခင်မကြီး ရုပ်ပြောင်းထားခြင်းပင် ဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိသည်။

ဘွဲ့နာမည်ကိုပင် ကြည့်ပါ .... ။

သွေးသည် နီ၏။ ထို့ကြောင့် အရိပ်နီသည်လည်း သွေးပင် မဟုတ်ပါလော။ တိန့်ထောက်သည် အံ့သြသောလေသံဖြင့်ပင် မေးလိုက်မိသည်။

"အစ်ကိုကြီး .... အစ်ကိုကြီးဟာ သွေးရိပ်သခင်မ ရုပ်ဖျက်ထားတာ မဟုတ်လားဟင် .... "

အရိပ်နီသိုင်းသမားက မချိုပြုံး တစ်ချက်ပြုံးလိုက်ပြီး ....

"ညီလေး .... သိပ်ပြီး အံ့သြသွားသလား .... "

"သိပ်ပြီး အံ့သြရပါတယ် အစ်ကိုကြီး .... ကျွန်တော် လုံးလုံးကို မထင်မိဘူး .... "

"ဟုတ်တယ် ညီလေး .... သွေးရိပ်သခင်မဟာ အစ်ကိုကြီးပါပဲ .... တကယ်တော့ အစ်ကိုကြီးဟာ ယောကျ်ားလေးတစ်ယောက်လို ဟန်ဆောင်ပြီး ညီလေးရဲ့ ခင်မင်မှုကို ရယူခဲ့တာပါ .... နို့မို့ဆို ညီလေးရဲ့ ခင်မင်မှုရဖို့အတွက် သွေးရိပ်သခင်မကြီးဘဝနဲ့ မဖြစ်နိုင်ဘူး မဟုတ်လား .... အစ်ကိုကြီးအနေနဲ့ ညီလေးရဲ့ သန့်စင်တဲ့ ခင်မင်မှုကိုလည်း ရခဲ့ပါတယ် .... ဒီအတွက် ညီလေးကို ခွင့်လွှတ်ဖို့ တောင်းပန်

ပါတယ် .... ”

“ဖြစ်ရလေ အစ်ကိုကြီးရယ် .... ”

တိန့်ထောက် စိတ်မကောင်း ဖြစ်သွားသည်။

သွေးရိုပ်သခင်မနှင့် သူသည် မုန်းတီးခဲ့ရသော်လည်း အရိုပ်နို သိုင်းသမားဘဝနှင့်မူ အစ်ကိုအရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်ခဲ့ရသည် ယခုလည်း သွေးရိုပ်သခင်မသည် နောင်တ,တရားရကာ စိတ်သဘော ထား ပြောင်းလဲသွားပုံရသည်။

အရိုပ်နိုသိုင်းသမားအသွင် ဖန်တီးထားသော သွေးရိုပ်သခင်မ က ဆက်ပြောသည်။

“အစ်ကိုကြီးရဲ့အသက်ဟာ ကြီးလှပါပြီ .... အရွယ်တင်တဲ့ ဆေးကို သောက်ထားလို့သာ နုပျိုနေတာပါ .... သွေးရိုပ်သခင်မအဖြစ် နဲ့ မင်းကို မြင်မြင်ချင်း ကျုပ် ချစ်ခင်မြတ်နိုးမိတယ် .... မင်းကတော့ သွေးရိုပ်သခင်မကို မုန်းနေတယ် မဟုတ်လား .... ဒါကြောင့် မင်းရဲ့ ခင်မင်မှုကိုရအောင် အရိုပ်နိုသိုင်းသမားဘဝနဲ့ မင်းကို ချဉ်းကပ်ရတာ ပါ .... ”

“ဟုတ်ကဲ့ .... ကျွန်တော် အရိုပ်နိုသိုင်းသမားဖြစ်တဲ့ အစ်ကို ကြီးကိုတော့ အစ်ကိုအရင်းတစ်ယောက်လို ခင်မင်ပါတယ် .... ”

“ဝမ်းသာပါတယ် ညီလေးရယ် .... နောက်ကိုလည်း ကျုပ် ကို အရိုပ်နိုသိုင်းသမားအဖြစ်နဲ့ပဲ ခင်မင်ပါ .... မင်းရဲ့ခင်မင်မှုကို ရရင် ကျုပ် ကျေနပ်ပါပြီ .... ကျုပ်ကို မင်း မမုန်းဘူးဆိုရင် သေပျော်ပါပြီ”

“ဟုတ်ကဲ့ .... တကယ်လို့ သွေးရိုပ်သခင်မဟာ နောင်တ တရားရမယ်ဆိုရင် အစ်မကြီးအဖြစ်နဲ့ ကျွန်တော် ခင်မင်မှာပါ .... အရိုပ်



နိုသိုင်းသမားအဖြစ်နဲ့ဆိုရင်လည်း အစ်ကိုကြီးလို ခင်မင်မှာပါ .... ”

ညှိုးငယ်နေသော အရိုပ်နိုသိုင်းသမား သို့မဟုတ် သွေးရိုပ် သခင်မ၏ မျက်နှာမှာ လန်းဆန်းပြုံးရွှင်လာသည်။ သူသည် လှိုက်လှဲ စွာ တိန့်ထောက်ကို ပြောသည်။

“တစ်ခါတုန်းက မင်းကို ကျုပ် ပြောခဲ့ဖူးတယ် မဟုတ်လား၊ တစ်နေ့ ကျုပ်ရဲ့ဇာစ်မြစ်ကို မင်းသိသွားရင် ရွံရှာမုန်းတီးသွားလိမ့်မယ် လို့ .... အခု ကျုပ်ရဲ့ဇာစ်မြစ်ကို မင်း သိသွားပြီ .... ဒါပေမယ့် ကျုပ် ကို မင်းမမုန်းဘူးနော် .... မင်းရဲ့ သန့်စင်တဲ့ ခင်မင်မှုကိုလည်း ကျုပ် မဆုံးရှုံးဘူး .... ဝမ်းသာလိုက်တာ .... ”

အရိုပ်နိုသိုင်းသမားက သူ့ခေါင်းပေါ်မှ ဆံပင်အတုများကို ဆွဲချွတ်လိုက်သည်။ ဆံပင်များက ဖားလျားကျသွားသည်။ မျက်နှာ တွင် ရုပ်ဖျက်ထားသည်ကိုလည်း ချွတ်သပ်၍ ဖျက်လိုက်ရာ သွေးရိုပ် သခင်မ၏မျက်နှာပြင် ပေါ်လာသည်။

တိန့်ထောက်က ပါးစပ်အဟောင်းသားနှင့် သူမကို ငေးစိုက် ကြည့်နေလေသည်။

လပြည့်ဝန်း

## အခန်း (၅)
## ပညာဒဏ်သင့်ခြင်း

သွေးရိပ်သခင်မသည် သိုင်းလောကတွင် ဆိုးသွမ်းသော
စရိုက်ဖြင့် သွားလာလှုပ်ရှားနေထိုင်ခဲ့ရာမှ ယခုအခါ နောင်တရ၍ စိတ်
ထားလည်း ပြောင်းလဲသွားလေပြီ။ တိန့်ထောက်အနေဖြင့် နောင်တ
ရနေသော သွေးရိပ်သခင်မကို တစ်သက်လုံး လမ်းမှန်သို့ရောက်အောင်
တိုက်တွန်း အားပေးရမည်သာ ဖြစ်၏။ သူမ စိတ်ပျက်ညှိုးနွမ်းအောင်
မလုပ်လိုတော့ချေ။

"အစ်မကြီး .... နောင်တရပြီး စိတ်ထားပြောင်းသွားတာကို
သိရလို့ ကျွန်တော် ဝမ်းသာပါတယ် .... "

သွေးရိပ်သခင်မက ပြုံး၍ ....

"တိန့်ထောက် .... မင်းကို ငါ့ရဲ့မောင်လေးအဖြစ်နဲ့ ချစ်သွား
မယ် .... ငါဟာ သိုင်းလောကမှာ တစ်ချိန်လုံး ဆိုးသွမ်းတဲ့စရိုက်
ကျင်လည်ခဲ့ပေမယ့် အခု နောင်တရပါပြီ .... သေတပန် သက်တစ်ဆုံး
လမ်းမှန်ကိုပဲ လျှောက်တော့မယ် .... ဘယ်လိုပဲဖြစ်ဖြစ် မင်းရဲ့ခင်မင်
မှုကို ရနေမယ်ဆိုရင် ကျေနပ်လှပါပြီ .... အခု မင်းကို ခေါ်ရတာလည်း



ဒီအကြောင်းတွေကို ရှင်းပြဖို့ပါပဲ .... ပြီးတော့ မင်းနှစ်သက်နေတဲ့
ငွေနှင်းဖြူကလေးရဲ့ ဝေဒနာပျောက်ကင်းသွားအောင်လည်း အကူ
အညီ ပေးချင်တယ် .... "

"ပြီးခဲ့တဲ့ အမှားတွေကိုတွေးပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့
တော့ အစ်မကြီး .... လမ်းမှန်ကို လျှောက်တော့မယ့် အစ်မကြီးကို
ဘယ်လို အကူအညီမျိုးပဲဖြစ်ဖြစ် ကျွန်တော် ပေးပါ့မယ် .... "

"ဝမ်းသာပါတယ် မောင်လေးရယ် .... ဒါနဲ့ တစ်နှစ်တစ်ခါ
အစ်မကြီးမှာ ထူးဆန်းတဲ့ရောဂါကြောင့် အရူးတစ်ယောက်လို ခံစားရ
လေ့ ရှိတယ်ဆိုတာကို ငါ့မောင် သိပြီးပြီနော် .... "

"ဟုတ်ကဲ့ သိထားပါတယ် .... ကျွန်တော်လည်း အစ်မကြီး
ရဲ့ ဝေဒနာကို သိထားတဲ့အတွက် အစ်မကြီးရဲ့ ဝေဒနာကို ပျောက်ကင်း
အောင် ကုသနိုင်ဖို့အတွက် ဆရာကောင်းသမားကောင်းကို လိုက်ပြီး
စုံစမ်းခဲ့ပါတယ် .... မတွေ့သေးလို့ပါ .... "

သွေးရိပ်သခင်မ၏မျက်နှာ အနည်းငယ် ညှိုးနွမ်းသွားကာ
ခေါင်းကို ခါယမ်းလိုက်ပြီး လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။

"အစ်မကြီးရဲ့ ဒီရောဂါဆန်းကို ဘယ်သူမှ ကုသနိုင်လိမ့်မယ်
လို့ မထင်ပါဘူး .... ဒီလို ဝေဒနာ ဖြစ်နေရတာဟာ အစ်မကြီး ဒဏ်
ခတ်ခံနေရတာပါ .... "

တိန့်ထောက် အံ့အားသင့်သွားပြီး ....

"ဗျာ .... ဒဏ်ခတ်ခံထားရတာ ဟုတ်လား .... ဘယ်သူက
အစ်မကြီးကို ဒဏ်ခတ်ထားတာလဲ .... "

သွေးရိပ်သခင်မကြီးက သက်ပြင်းချလိုက်ပြီး ....

"အစ်မကြီးတို့ရဲ့ ဆရာကပေါ့ကွယ် ...."

"အစ်မကြီးရဲ့ဆရာက ဘယ်သူလဲ ...."

"သိုင်းလောကမှာ နာမည်ကြီးခဲ့တဲ့ သိုင်းပညာရှင်ကြီးတစ်
ပါပဲ .... နောက်တော့ သူဘယ်သူလဲဆိုတာ အစ်မကြီး ပြောပြပါ့မ
အခု အစ်မကြီးတို့ ညီအစ်မနှစ်ယောက်အကြောင်းကို ပြောပြမယ်

"အစ်မကြီးမှာ ညီအစ်မ ရှိတယ်ဟုတ်လား ...."

သွေးရိပ်သခင်မက ခေါင်းညိတ်၍ ....

"အစ်မကြီးတစ်ယောက် ရှိသေးတယ်ကွယ့် .... အစ်မ
တို့ ညီအစ်မနှစ်ယောက်ဟာ ကျေးတောရွာတစ်ရွာက သာမန်လ
လုပ်လက်စား မိဘနှစ်ပါးက ပေါက်ဖွားလာခဲ့ကြသူတွေပါ .... တစ်
မှာတော့ ရွာမှာ ကူးစက်ရောဂါဘေးဆိုးကြီး ကျရောက်လာပြီး အ
ကြီးတို့ရဲ့ မိဘနှစ်ပါးလည်း ဒီရောဂါကြောင့် ရှေ့ဆင့်နောက်ဆင့် ကွ
လွန်ခဲ့ကြရတယ် .... အစ်မကြီးတို့ ညီအစ်မနှစ်ယောက်ဟာ အ
ရောက်နေကြပေမယ့် မှီခိုအားထားစရာ မရှိတော့လို့ .... ဦးကြီး
ယောက်ရဲ့အိမ်မှာ သွားပြီး ခိုကပ်နေကြရတယ် .... ဦးကြီးဆိုပေ
သွေးတော်သားစပ်တဲ့ ဦးကြီးတော့ မဟုတ်ပါဘူး .... ရပ်ဆွေရပ်
တစ်ဦးပါ .... ဦးကြီးက ဆင်းရဲတယ်လေ .... တစ်နေ့တော့ ဦး
ဟာ အစ်မကြီးတို့ ညီအစ်မနှစ်ယောက်ကို မြို့ပေါ်ခေါ်သွားပြီး
မကောင်းတဲ့အလုပ်တွေ လုပ်နေတဲ့အိမ်တစ်အိမ်မှာ ရောင်းစား
တယ် .... အစ်မကြီးတို့ ညီအစ်မနှစ်ယောက်လည်း အဲဒီအိ
လောကငရဲ ခံခဲ့ကြရတယ် .... စိတ်ဆင်းရဲ လူပင်ပန်း နေခဲ့ကြရတ

သွေးရိပ်သခင်မ၏ မျက်လုံးအစုံမှာ ရီဝေလျက်ရှိ



အတိတ်က ဖြစ်ရပ်များကို ပြန်လည်မြင်ယောင်နေပုံရနေသည်။ သူမ၏ မျက်ဝန်းထဲမှာလည်း မျက်ရည်ဥများ လိမ့်ဆင်းကျနေသည်။ သူမက ဆွေးဆွေးမြည့်မြည့် ဆက်၍ ပြောနေသည်။

"အစ်မကြီးတို့ ညီအစ်မနှစ်ယောက်ဟာ ဆိုးသွမ်းတဲ့ လူတွေနဲ့ နေလာခဲ့ကြရတာမို့ အစ်မကြီးတို့ရဲ့ အကျင့်စရိုက်တွေကလည်း ဆိုးသွမ်းလာခဲ့ကြတယ် .... လောကကြီးကိုလည်း အကောင်းသိပ်မမြင်ကြတော့ဘူး .... ကိုယ် အကျိုးရှိနေမယ်ဆိုရင် ဘယ်သူ့အပေါ်ပဲမတရားလုပ်ရလုပ်ရ လုပ်ဖို့ဝန်မလေးကြတော့ဘူး .... သုံးနှစ်ကျော်အောင်နေပြီးတော့မှ အစ်မကြီးတို့နှစ်ယောက် အဲဒီအိမ်က ထွက်ပြေးခဲ့ကြတယ်၊ အဲဒီအိမ်က ငွေတွေအတော်များများကိုလည်း ခိုးယူလာပြီး ရောက်တဲ့အရပ် ရောက်တဲ့မြို့မှာ ခပ်ပျော်ပျော်ပဲ နေလိုက်ကြတယ် .... တစ်နေ့တော့ အစ်မကြီးတို့ဟာ လှေတစ်စီးနဲ့မြစ်ကို ဖြတ်ကူးကြရင်း လှေမှောက်လို့ ရေနစ်မလို ဖြစ်ခဲ့ကြတယ် .... ဒါနဲ့ အစ်မကြီးတို့နှစ်ယောက်စလုံးကို လူတစ်ယောက်က ကယ်တင်လိုက်လို့ အသက်မသေကြဘူး၊ အဲဒီလူကတော့ အစ်မကြီးတို့ရဲ့ ဆရာဖြစ်လာတဲ့သူပဲ ...."

သွေးရိပ်သခင်မက စကားဖြတ်ပြီး ဘေးဘီကို တစ်ချက်ကြည့်လိုက်သည်။ အခြားမည်သည့် လူရိပ်လူယောင်ကိုမျှ မမြင်မှ ဆက်ပြောသည်။

"ဆရာကြီးဟာ ခိုကိုးရာမဲ့ဖြစ်နေတဲ့ အစ်မကြီးတို့ ညီအစ်မကို သူနေထိုင်တဲ့ တောင်ပေါ်ခေါ်သွားပြီး .... သူ တတ်ကျွမ်းတဲ့ သိုင်းပညာရပ်တွေကိုလည်း သင်ကြားပေးတယ် .... အစ်မကြီးတို့ ညီအစ်မဟာ အဲဒီအချိန်တုန်းကတော့ အေးအေးချမ်းချမ်းနဲ့ နေထိုင်ပြီး

သိုင်းပညာရပ်တွေ ကြီးကြီးစားစား သင်ယူခဲ့ကြတယ် .... ရှစ်နှ
ကာလ လွန်မြောက်သွားတဲ့အခါမှ အဆင့်မြင့်သိုင်းပညာရပ်တွေ
လည်း တတ်မြောက်သွားတယ် .... ဒီတော့ အစ်မကြီးတို့ ညီအစ်
နှစ်ယောက်စလုံး သွေးကြွလာကြတယ် .... တောင်ပေါ်ကဆင်း
သိုင်းလောကမှာ ပညာစွမ်းကို ပြချင်လာကြတယ် .... ဒါနဲ့ ဆရာကြ
ကို သိုင်းလောကမှာသွားပြီး လှုပ်ရှားချင်တယ်ဆိုတဲ့အကြောင်း ပြေ
ပြခွင့်ပန်ကြတယ် .... ဆရာကြီးကလည်း အစ်မကြီးတို့ ညီအစ်မနှ
ယောက်ရဲ့ ဆန္ဒကို ခွင့်ပြုပါတယ် .... ဒါနဲ့ အစ်မကြီးတို့ ညီအစ်မနှ
ယောက်လည်း သိုင်းလောကမှာ စပြီး လှုပ်ရှားကြတာပဲ .... "

သွေးရိပ်သခင်မသည် တိန့်ထောက်က မေးမြန်းခြင်းမဟု
ဘဲ သူမ၏ဇာတ်ကြောင်းကို ပြန်ပြောင်းပြောဆိုလျက် ရှိနေသည်
တိန့်ထောက်ကလည်း မည်သို့မှ ဝင်မမေးဘဲ စိတ်ဝင်တစား န
ထောင်နေသည်။

မလှမ်းမကမ်းတွင်ရပ်နေသော ဖန်းပင်ကိုယ်တိုင်လည်း ယ
မှ သူမ၏ သခင်မဇာတ်ကြောင်းကို သိရဟန်ဖြင့် ပါးစပ်အဟော
သား နားထောင်နေသည်။

သွေးရိပ်သခင်မက သက်ပြင်းတစ်ချက်ချပြီး ဆက်ပြောသ

"အစ်မကြီးတို့ ညီအစ်မနှစ်ယောက်ဟာ သိုင်းလောက
ဒုစရိုက်သမားအချို့နဲ့ ပေါင်းမိပြီး လမ်းမှားကို လျှောက်ခဲ့ကြတ
တစ်နှစ်လောက်ကြာတော့ သိုင်းလောကမှာ အစ်မကြီးတို့ ညီအ
နှစ်ယောက်ရဲ့နာမည်ဟာ ကြီးခဲ့တယ် .... ကောင်းသော နာမည်
ခြင်းတော့ မဟုတ်ဘူး .... နာမည်ဆိုးနဲ့ နာမည်ကြီးခဲ့ကြတာပဲ



အဲ .... သိုင်းလောကမှာ နှစ်နှစ်နီးပါး လှုပ်ရှားပြီးတော့ ဆရာကြီးဆီ
ပြန်သွားကြတယ် .... ဆရာကြီးဟာ သိုင်းလောကကို မထွက်ဘဲ ဇာတ်
မြုပ်နေထိုင်ခဲ့တဲ့သူဆိုတော့ အစ်မကြီးတို့နှစ်ယောက်ရဲ့ ဆိုးသွမ်းတဲ့
သတင်းတွေကို မသိဘူးလေ .... အစ်မကြီးတို့ ညီအစ်မနှစ်ယောက်က
တော့ သိုင်းလောကမှာ ကောင်းတဲ့အလုပ်တွေကို ဘယ်လိုလုပ်ခဲ့တဲ့
အကြောင်း ဆရာကြီးကို ညာပြီးပြောထားကြတယ် .... ဆရာကြီးက
ရိုးသားတဲ့ပုဂ္ဂိုလ်ဆိုတော့ ယုံကြည်ရှာပေါ့ .... ဆရာကြီးကလ
မဟုတ်မမှန်လုပ်တာကို မကြိုက်လေတော့ အစ်မကြီးတို့ ညီအစ်မ
အမျိုးမျိုး ပြောဆိုဆုံးမပါတယ် .... " ၅

"အဲဒီတုန်းက အစ်မကြီးတို့ နောင်တမရကြဘူးလား .... "

တိန့်ထောက်က သွေးရိပ်သခင်မတို့ညီအစ်မကို ကောင်းစေ
ချင်သော ဆန္ဒဖြင့် ကြားဖြတ်မေးမြန်းလိုက်သည်။

သွေးရိပ်သခင်မက ခေါင်းကိုခါယမ်း၍ ....

"နောင်တရဖို့ နေနေသာသာ ပိုပြီးတော့ ဆိုးတဲ့လုပ်ရပ်တွေ
ကိုတောင် လုပ်ကြတယ်လေ .... ဆရာကြီးမှာ သီးသန့်အခန်းကလေး
တစ်ခန်းရှိတယ် .... အဲဒီသီးသန့်ခန်းထဲကို သူကလွဲပြီး ဘယ်သူမှ မဝင်
ရဘူး .... ဆရာကြီးဆီမှာ ပညာသင်နေတဲ့ ရှစ်နှစ်ကျော်လုံးလုံး အစ်မ
ကြီးတို့လည်း ဒီသီးသန့်ခန်းထဲကို မဝင်ခဲ့ကြပါဘူး .... အဲ .... အခု
တစ်ခေါက် ဆရာကြီးဆီကို ပြန်ရောက်တော့မှ သီးသန့်ခန်းထဲကို ခိုး
ဝင်ပြီး ကြည့်မိကြတယ် .... အဲဒီမှာ လျှို့ဝှက်သိုင်းကျမ်းတစ်ကျမ်းနဲ့
ဆေးကျမ်းတစ်ကျမ်းကို တွေ့ရတော့တာပဲ .... လျှို့ဝှက်သိုင်းကျမ်းထဲ
က နည်းစနစ်တွေကတော့ ရက်စက်တဲ့ လူသတ်သိုင်းပညာရပ်တွေ

ပါတယ် .... ဆေးကျမ်းထဲမှာတော့ ရုပ်ပျိုဆေးဖော်စပ်နည်းနဲ့ လေ့ကျ
နည်းတွေ ပါတယ် .... အစ်မကြီးတို့ ညီအစ်မလည်း ဆရာကြီးလစ်တိုင်
သိုင်းကျမ်းထဲက နည်းစနစ်တွေကို နှိုးပြီးလေ့ကျင့်ခဲ့ကြတယ် ....
တကယ်တော့ ဆရာကြီးဟာ အဲဒီသိုင်းကျမ်းထဲက သိုင်းပညာရပ်တွေ
ကို တကယ်ယုတ်မာပြီး ရက်စက်လို့ အစ်မကြီးတို့ကို သင်မပေးခဲ့တာ
ဘဲ .... ”

“ဆေးကျမ်းထဲက နည်းစနစ်တွေအတိုင်း အစ်မကြီးတို့ ကျင့်လိုက်တာကိုး .... ”

ယေ
ကြလို့ အခုလို အရွယ်တင်ပြီး ရုပ်နုနေတာလား .... ”

“ဟုတ်တယ် မောင်လေး .... ရုပ်ပျိုဆေးကျမ်းထဲက နောက်
ဆုံးနည်းစနစ်ကို အစ်မကြီးတို့ မလေ့လာ မလေ့ကျင့်ရသေးခင် ဆရာ
ကြီး မိသွားတယ် .... ဆရာကြီးက စိတ်ဆိုးလွန်းလို့ သိုင်းကျမ်းရေးသိ
ဆေးကျမ်းပါ မီးရှို့ဖျက်ဆီးလိုက်တယ် .... ဒီတော့ အစ်မကြီးတို့ ညီ
အစ်မလည်း ဆရာကြီးအပေါ် စိတ်ခုကုန်ကြတော့တာပါပဲ .... အစ်
ကြီးရဲ့ မမက ပိုမကျေမနပ် ဖြစ်သွားလို့ ဆရာကြီးအိပ်ပျော်နေတဲ့အချိ
မှာ ဆေးငွေ့မှိုင်းတိုက်ပြီး ထိန်းချုပ်ထားလိုက်တယ် .... ”

“ဖြစ်ရလေ အစ်မကြီးရယ် .... ကိုယ့်အသက်ကို ကယ်တင်ပြီး
ကိုယ့်ကို ပညာပေး ပြုစုစောင့်ရှောက်လာတဲ့ ဆရာသမားကိုမှ ဒီလိုလု
ရတယ်လို့ .... ဆရာကို စော်ကားမိတဲ့အတွက် အစ်မကြီးတို့ ဒဏ်မသ
ကြဘူးလား .... အခုလိုရော ဆရာကြီးကို ဘာဖြစ်လို့ ထိန်းချုပ်ရတ
လဲ .... ”

“ရုပ်ပျိုဆေးကျမ်းမှာ .... အစ်မကြီးတို့ မလေ့လာရသေး
နောက်ဆုံးလေ့ကျင့်စဉ်ကို ဆရာကြီးဆီမှာ မေးဖို့လေ .... ဆရာ



ဟာ ပထမတော့ ပြောမပြဘူး .... နောက်မှ ပြောပြတယ် .... အစ်မ
ကြီးတို့လည်း ဆရာကြီးပြောတဲ့ လေ့ကျင့်စဉ်တွေကို လေ့ကျင့်လိုက်
ကြတာ နောက်ဆုံးတော့ အစ်မကြီးတို့ ညီအစ်မနှစ်ယောက်စလုံး ဒီ
ထူးဆန်းတဲ့ ရောဂါမျိုးကို ရခဲ့ကြတာပါပဲ .... ဒါဟာ ဆရာကြီးက
အစ်မကြီးတို့ ညီအစ်မကို ဒဏ်ခတ်လိုက်ကြတာပဲပေါ့ .... ”

“ဩော် .... ဆရာကြီးက ဒဏ်ခတ်တဲ့သဘောနဲ့ လွဲပြီးပြော

“ဟုတ်တယ် မောင်လေး .... ဆရာကြီးပြောတဲ့ နည်းအတိုင်း
ဆေးဝါးတွေဖော်စပ်ပြီး သောက်ခဲ့ကြလို့ အစ်မကြီးတို့ဟာ တစ်နှစ်
တစ်ကြိမ် ရူးသွပ်တဲ့ဝေဒနာကို ခံစားခဲ့ရတယ် .... အစ်မကြီးရဲ့မမဟာ
ပြီး စိတ်ခက်ထန်တယ် .... ဒီဝေဒနာ သက်သာပျောက်ကင်းစေ
ဖို့ ဆေးနည်းကို မေးပေမယ့် ဆရာကြီးက ပြောမပြဘူးလေ .... ဒီတော့
အစ်မကြီးရဲ့မမကလည်း ဆရာကြီးကို ဒုက္ခတဘဝရောက်အောင်
တစ်ခါတည်း လုပ်လိုက်တယ် .... ”

တိန့်ထောက်ကပင် သူ မသိသော သူ မမြင်ဘူးသော သွေး
ရှိပ်သခင်မတို့ ဆရာကြီးဆိုသူအတွက် စိတ်မချမ်းမသာ ဖြစ်သွားသည်။

“ဖြစ်မှဖြစ်ရလေ အစ်မကြီးရယ် .... ဒါနဲ့ ဝိညာဉ်ပြန်ကျွန်းကို
အစ်မကြီးက ဘယ်လိုရောက်သွားတာလဲ .... ”

“ဝိညာဉ်ပြန်ကျွန်း သခင်ကြီးက အစ်မကြီးရဲ့ခင်ပွန်းလေ ....
သွေးရှိပ်သခင်မအနေနဲ့ သိုင်းလောကမှာ အစ်မကြီး သွားလာလှုပ်ရှား
နေတုန်း ဝိညာဉ်ပြန်ကျွန်း သခင်ကြီးနဲ့တွေ့ပြီး အကြောင်းပါခဲ့ကြတာ
.... နောက် အစ်မကြီးရဲ့ခင်ပွန်း ကွယ်လွန်သွားလို့ အစ်မကြီးဟာ

ဝိညာဉ်ပြန်ကျွန်းမှာ အကြီးအကဲ ဖြစ်ခဲ့တယ် .... အဲဒီကျွန်းမှာပဲ ဆ
ပြီးနေခဲ့တယ် .... "

"ဒါနဲ့ .... အစ်မကြီးတို့ရဲ့ ဆရာကြီးရော အခု သက်ရှိထင်ရှ
ရှိသေးသလား .... "

"ရှိပါတယ် .... "

"ငွေနှင်းဖြူကို ကုသဖို့နည်းလမ်း အစ်မကြီးဆီမှာ ရှိတယ်
ပြောခဲ့တယ်နော် .... အဲဒါ .... "

"ဟုတ်ပါတယ် .... ငွေနှင်းဖြူဟာ အကြောပိတ်နည်းပည
နဲ့ သူ့အာရုံကြောကို ပြောင်းလဲထားတာပါ .... အကြောပိတ်ဖွင့်နည
ပညာရပ်မှာ မမတို့ရဲ့ ဆရာကြီးဟာ ပြိုင်ဘက်ကင်းအောင် တော်
တယ် .... သူသာ ငွေနှင်းဖြူရဲ့အကြောတွေကို ဖွင့်ပေးမယ်ဆိုရင်တေ
ငွေနှင်းဖြူဟာ လုံးလုံးသက်သာသွားမှာပါ .... "

"အစ်မကြီးကို ဆရာကြီးက ကူညီပါ့မလား .... "

"သူ ကူညီပါလိမ့်မယ် .... သူ ကူညီရအောင်လို့လည်း အစ်
ကြီးမှာ အကြံရှိထားပါတယ် .... အစ်မကြီးတို့ အမှားအတွက် ဆ
ကြီးကိုလည်း ရှိခိုးတောင်းပန်ရမယ် .... အစ်မကြီးရဲ့ မမကိုလည
အစ်မကြီးလိုပဲ လမ်းမှန် ပြန်လျှောက်နိုင်အောင် ဖျောင်းဖျရဦးမယ်

"အစ်မကြီးရဲ့ မမက ဘယ်သူပါလဲ .... ဘယ်မှာနေထိုင်
သလဲ .... "

"မကြာခင် မောင်လေးနဲ့ တွေ့ရမှာပါ .... မင်းသာ ငွေနှ
ဖြူကိုခေါ်ပြီး အစ်မကြီးနဲ့ လိုက်ခဲ့ပေတော့ .... "

"ဘယ်တော့လောက် သွားကြမှာလဲ .... "



"ဒီနေ့ညပဲ သွားကြမယ်ကွယ် .... ငွေနှင်းဖြူရဲ့ဝေဒနာ အမြန်ဆုံး ပျောက်ကင်းနိုင်ဖို့ အရေးကြီးတယ်မဟုတ်လား .... ဒီနေ့ည ငွေနှင်းဖြူကိုခေါ်ပြီး မောင်လေး ဒီတောအုပ်ထဲကို လာခဲ့ပါ .... အစ်မကြီး စောင့်နေမယ် .... "

"ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ် .... "

"ကောင်းပြီ .... ဒီလိုဆို မောင်လေး ပြန်ပေတော့ .... ခရီးထွက်ဖို့ သွားပြီး ပြင်ဆင်ပေတော့ .... "

တိန့်ထောက်လည်း သွေးရိပ်သခင်မကို လက်ဖမိုးယှက်၍ နှုတ်ဆက်ကာ ထင်းရှူးတောထဲမှ ပြန်ထွက်ခဲ့ပေသည်။

## အခန်း (၆)

## ရွှေနဂါး အထူးတာမန်တော်

အပြန်လမ်းတွင် တိန့်ထောက်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။

ငွေနှင်းဖြူ၏ ဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်မည့် လမ်းစကို ရခဲ့ပြီဖြစ်သည့်ပြင် သွေးရိပ်သခင်မ၏ စစ်မှန်သန့်စင်သော ခင်မင်မှုကို ရခဲ့ပြီ ဖြစ်လေသည်။

လမ်းမှားရောက်ခဲ့သော သွေးရိပ်သခင်မမှာ လမ်းမှန်ကို ရောက်ခဲ့လေပြီ။

ဒုစရိုက်လမ်းကြောင်းပေါ်မှ လူတစ်ယောက် လမ်းမှန်ကို ရောက်ခဲ့ပြီဖြစ်သဖြင့် သိုင်းလောကအတွက်လည်း အကျိုးထူးလာနိုင်သည်။ ယခုလို မေတ္တာတရားနှင့်သာ ဒုစရိုက်သမားများကို စည်းရုံး၍ ရမည် ဆိုပါက တိန့်ထောက်သည် လူဆိုးလူသွမ်းများကို ပြုပြင်ပြောင်းလဲလိုက်ချင်ပါ၏။

ချူးစုစု တည်းခိုသော တည်းခိုခန်းသို့ တိန့်ထောက် ပြန်ရောက်လာသောအခါ ချူးစုစုကို မတွေ့ရတော့ချေ။ သူ ပြန်အလာကို



မစောင့်ဘဲ ထွက်ခွာသွားခြင်းအတွက်လည်း စဉ်းစားမရအောင် ဖြစ်မိသည်။

တည်းခိုခန်း အမှုထမ်းက တိန့်ထောက်ကို စာတစ်စောင် ပေးသည်။

"ဟောဒီအခန်းမှာ တည်းခိုနေတဲ့ အစ်မလေးက .... ဆရာလေး ရောက်လာရင် ဒီစာကို ပေးလိုက်ဖို့ ကျွန်တော့်ကို ပေးသွားပါတယ် .... "

တည်းခိုခန်းအမှုထမ်း ပြန်ထွက်သွားသောအခါ တိန့်ထောက်လည်း စာကိုဖြန့်၍ ဖတ်ကြည့်သည်။

*မောင်လေးတိန့် ....*

*မမတော့ နန်းဆောင်ကို ပြန်သွားပြီ .... မဟူရာသိုင်းသမားကြီးနဲ့ တွေ့တဲ့အကြောင်း သခင်မကြီးကို အရေးတကြီး အစီရင်ခံရမှာ မို့ မောင်လေး ပြန်လာအောင်မစောင့်ဘဲ ပြန်သွားရတာပါ .... တစ်နေ့နေ့တော့ သိုင်းလောကမှာ ပြန်ဆုံကြသေးတာပေါ့ .... ။*

*မမ*

*ချူးစုစု*

စာထဲတွင် ထူးထူးခြားခြားအကြောင်း မပါသဖြင့် .... တိန့်ထောက်လည်း ချူးစုစုအကြောင်းကို မတွေးတော့ဘဲ တည်းခုခန်းမှ ပြန်ထွက်ခဲ့သည်။

သူသည် ငွေနှင်းဖြူရှိနေသော ရွာဆီသို့သာ ခပ်သွက်သွက် လာခဲ့သည်။

ရွာမှ တဲအိမ်ကြီးဆီသို့ အထွက်တွင် ဧည့်ခန်းဆောင်ထဲရှိ

စားပွဲတွင် အရက်သောက်နေသော အဘိုးကြီးကြောင်နက်ကို ဦး
တွေ့ရသည်။ အခန်းထောင့်ရှိ ဝါးကွပ်ပျစ်တစ်လုံးပေါ်တွင်မူ အားလုံး
သိုင်းသမား ချွမ်းကြည်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလေ၏

တိန့်ထောက်က သူ ခရီးထွက်ရမည်ဖြစ်ကြောင်း စကား
ပလ္လင်ခံလိုက်ပြီးမှ အရိပ်နီသိုင်းသမားအသွင် ဖန်တီးထားသော သေ
ရိပ်သခင်မနှင့် တွေ့ဆုံခဲ့ပုံကို အကုန်အစင် ပြောလိုက်၏။

အားလုံးသိ သိုင်းသမားကြီး ချွမ်းကြည်ပါ နိုးလာပြီး အံ့
တကြီးဖြင့် နားထောင်သည်။ တိန့်ထောက် စကားဆုံးသွားမှ အဘိုးကြီ
ကြောင်နက်က စကားဆိုသည်။

"ဒါကြောင့် .... သူ့ဟန်ပန် အမူအရာဟာ မိန်းမသိပ်ဆ
တယ် .... အမျိုးသမီးတစ်ယောက် ဖြစ်လိမ့်မယ်လို့ မင်းကို ငါပြော
တာပေါ့ .... ဒါပေမယ့် သေွးရိပ်သခင်မ ဖြစ်လိမ့်မယ်လို့တော့ လုံးလုံ
ငါ မထင်ဘူး .... "

အားလုံးသိ ချွမ်းကြည်ကလည်း ဝင်မေးသည်။

"အင်း .... ဒီသွေးရိပ်သခင်မဟာ သူ့ရဲ့ ယုတ်ညံ့တဲ့ လုပ်ရပ်
တွေကိုပါ မောင်ရင့်ကို ဖွင့်ပြောခဲ့တယ် .... သူဟာ တကယ်ပဲ နောင်တ
ရသွားပုံပါပဲ .... ဒါဟာ ဝမ်းသာစရာပဲ .... မောင်ရင်နဲ့အတူ ငွေနှင်းဖြ
ကို ခေါ်သွားမှာပေါ့ .... "

တိန့်ထောက် ခေါင်းညိတ်၍ ....

"ဟုတ်ကဲ့ ဦးကြီးချွမ်းကြည် .... ငွေနှင်းဖြူကို ကျွန်တော်
ခေါ်သွားတော့မယ် .... ဦးကြီးချွမ်းကြည်နဲ့ ဘကြီးကြောင်နက်တို့
ကတော့ ချီယွင်ဂေဟာမှာ သွားပြီး နေကြပါဦး .... "



အဘိုးကြီးကြောင်နက်က ....

"တို့လည်း မနက်ခေါက်စောစောပဲ ခရီးထွက်ကြမယ် .... မင်းနဲ့
ငွေနှင်းဖြူကတော့ ဒီညပဲ သွားကြမှာပေါ့ .... "

"ဟုတ်ကဲ့ .... "

ထို့နောက် တိန့်ထောက်သည် တိမ်နဂါးကျောက်ယွင်စိမ်းကို
ရှာဖွေတွေ့ရှိရေး၊ ပျောက်ဆုံးနေသော ချီယွင်ဂေဟာသခင်ကြီးသမီး
ချူကြည်လန်းကို ရုပ်ပြောင်းသိုင်းသမားကြီးလက်ထဲမှ ကယ်တင်ရေး၊
ငွေနှင်းဖြူ၏ ဝေဒနာ သက်သာပျောက်ကင်းရေး စသည်တို့ကို ဆွေး
နွေးတိုင်ပင်ကြသည်။

မိုးချုပ်စအချိန်မှ တိန့်ထောက်သည် ငွေနှင်းဖြူ၏ အခန်းထဲ
သို့ ဝင်ခဲ့သည်။

ငွေနှင်းဖြူသည် သူမ၏ အိပ်ရာပေါ်၌ ငွေ တွေဝေသော မျက်
လုံးအစုံဖြင့် ထိုင်နေသည်။

တိန့်ထောက်ကို မြင်ရသောအခါ သူမက ဆတ်ခနဲ ထရပ်
လိုက်ပြီး တင်းမာခက်ထန်သော မျက်လုံးအစုံဖြင့် တိန့်ထောက်ကို
ကြည့်သည်။ သူမ၏ မျက်လုံးအစုံမှာ ဒေါသရိပ်သမ်းနေသည်။

တိန့်ထောက်က .... သူမအနီးကို ချဉ်းကပ်လာသောအခါ
နောက်ကို ခြေတစ်လှမ်း ဆုတ်သွားသည်။ သူမ၏အကြည့် သူမ၏
အပြုအမူကြောင့် တိန့်ထောက် စိတ်မကောင်းဖြစ်သွားသည်။

"သြော် .... သူ့မှာ စိတ်ရင်းအမှန်မှ မရှိတော့တာဘဲ .... သူ
သာ စိတ်ရင်းအမှန်နဲ့ဆိုရင် ငါ့ကို ဒီလိုဆက်ဆံမှာ မဟုတ်ပါဘူးလေ"

တိန့်ထောက် ထိုသို့တွေးရင်း သူ့စိတ်ကို သူဖြေသည်။

"ငွေနှင်းဖြူ .... "

တိန့်ထောက် ညင်သာစွာ ခေါ်လိုက်မိသည်။

ငွေနှင်းဖြူက ပြန်မထူးဘဲ .... တိန့်ထောက်ကို ရန်သူ
ယောက်လိုသာ ကြည့်မြဲကြည့်နေသည်။

"ငွေနှင်းဖြူ .... အစ်ကိုကို မမှတ်မိတော့ဘူးလား ... "

ထိုအခါ ငွေနှင်းဖြူ ဒေါသသံဖြင့် ပြန်ပြောသည်။

"ရှင့်ကို ဘာဖြစ်လို့ မမှတ်မိရမှာလဲ .... ရှင်ဟာ ရောင်ဖြ
သိုင်းသမား တိန့်ထောက် .... ကျွန်မတို့ရဲ့ ရန်သူ .... "

တိန့်ထောက် သက်ပြင်းရှည်ကြီးကို ချလိုက်မိ၏။

"ဒီည .... အစ်ကိုနဲ့ မင်း လိုက်ခဲ့ရလိမ့်မယ် ငွေနှင်းဖြူ .
မင်းကို ဆေးကုသပေးရမယ် .... "

"ဘာပြောတယ် .... ကျွန်မကို ဆေးကုသပေးရမယ်ဟု
လား .... ဆေးကုရအောင် ကျွန်မက ဘာဖြစ်နေလို့လဲ .... ရှ
ကျွန်မ ဘယ်ကိုမှ မလိုက်နိုင်ဘူး .... အကောင်းဆုံးက ကျွန်မကို
နဂါးတမန်တော်အဖွဲ့ဆီပဲ ပြန်ပို့ပေးပါ .... ဒါမှမဟုတ်ရင်တော့ ကျွ
ရဲ့အဖေက ရှင့်ကို ကောင်းကောင်းကြီး ကလဲ့စားချေလိမ့်မယ် ...

"ငွေနှင်းဖြူ .... မင်းအဖေက ဘယ်သူလဲ .... "

"ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်ကြီးပေါ့ .... "

"ထားပါတော့ .... သူ့နာမည်ကကော ဘယ်လိုခေါ်သ

ငွေနှင်းဖြူအနေနှင့် အတိတ်ဘဝကို မေ့နေသော်လည်း လ
ရှိဘဝကို သိထားသောကြောင့် ရွှေနဂါးတမန်တော် ခေါင်းဆောင်ြ
နာမည်ကို သိရလို သိငြား မေးလိုက်ခြင်းဖြစ်၏။



တိန့်ထောက်အမေးကြောင့် ငွေနှင်းဖြူ တစ်ချက်တွေဝေ
သွားပြီးမှ ခေါင်းကိုခါယမ်း၍ ....

"ကျွန်မအဖေနာမည် ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး ....
သူကလည်း ကျွန်မကို မပြောဘူး .... ဘယ်သူကမှလည်း မပြောဘူး"

တိန့်ထောက်က ငွေနှင်းဖြူအနားကို တိုးကပ်သွားလေသည်။

ငွေနှင်းဖြူ အထိတ်တလန့်ဖြင့် တိန့်ထောက်ကို လက်ဝါးနှင့်
လွှဲရိုက်သည်။ တိန့်ထောက်က ရှောင်တိမ်းလိုက်ပြီး သူ၏သွေးကြော
ကို ဝိတ်လိုက်သည်။

ထို့နောက် တိန့်ထောက်သည် ငွေနှင်းဖြူကို ပွေ့ချီ၍ အပြင်
ကို ထွက်ခဲ့သည်။

ဧည့်ခန်းထဲတွင် ထိုင်နေသော အဘိုးကြီးကြောင်နက်နှင့်
အားလုံးသိ သိုင်းသမား ချွမ်းကြည်တို့ကို နှုတ်ဆက်ပြီး ရွာမှထွက်ခဲ့
သည်။

လရောင်သည် ဖြာလင်းလျက် ရှိနေသည်။

တိန့်ထောက်သည် ငွေနှင်းဖြူကိုထမ်းကာ ကိုယ်ဖော့ပညာ ကိုသုံး၍ အပြေးနှင်လျက် ရှိနေသည်။

ချိန်းဆိုထားသော ထင်းရှူးတော အတွင်းသို့ရောက်လျှ အနီရောင် ဝေါယာဉ်ကလေးကို တိန့်ထောက် စတင်ပြီး တွေ့ရသည် ထိုဝေါယာဉ်မှာ သွေးရိပ်သခင်မကြီး အမြဲစီးသော ဝေါယာဉ်ဖြစ်ကြောင်း သိထားသည်။

ဝေါယာဉ်အနီးတွင် ဝေါယာဉ်ထမ်းသမားနှစ်ဦး ရပ်နေကြ သည်။ မလှမ်းမကမ်းတွင် ဖန်းပင်လည်း ရပ်နေသည်။ သူမကိုယ်ပေါ် တွင် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သွေးရိပ်သခင်မကမူ အရိပ်နီသိုင်းသမားအသွင်နှင့် ရှိနေသည် ယောကျ်ားတစ်ယောက်အသွင် ဖန်တီးပြောင်းလဲထားသည်။ သူမ သည် လည်ပင်းတရှည်ရှည်ဖြင့် တိန့်ထောက်ကို စောင့်နေရာမှ ရောက် လာသော တိန့်ထောက်ကို တွေ့ရသောအခါ ဝမ်းသာရွှင်မြူးသွား သည်။

"ညီလေး .... ငွေနှင်းဖြူကို ဝေါယာဉ်ထဲ သွင်းလိုက်ပါကွယ်



သွေးရိပ်သခင်မသည် အရိပ်နီသိုင်းသမားအသွင်ကို ယူထား သဖြင့် ယောကျ်ားတစ်ယောက် လေသံဟန်ပန် အသုံးအနှုန်းကိုသာ ပြောဆိုသုံးနှုန်းလေ၏။

တိန့်ထောက်လည်း ဘာမှပြန်မပြောသေးဘဲ သွေးကြောပိတ် ထားသော ငွေနှင်းဖြူကို ဝေါယာဉ်ထဲသို့ သွင်းလိုက်သည်။ အသင့်ရှိ နေသော စောင်တစ်ထည်ကိုလည်း သူမ ကိုယ်ပေါ်တွင် လွှမ်းခြုံပေး သည်။ ပြီးနောက် ဝေါယာဉ်တံခါးကို ပိတ်လိုက်၏။

အထမ်းသမား နှစ်ယောက်က ဝေါယာဉ်ကို ထမ်းလိုက်ကြ သည်။

တိန့်ထောက်အနီးကို သွေးရိပ်သခင်မ ရောက်လာပြီး ပြော သည်။

"ညီလေး .... ငွေနှင်းဖြူတို့ ရှေ့က သွားကြပါစေ .... ဖန်းပင် လည်း လိုက်သွားလိမ့်မယ် .... ဒါမှ ဝေါယာဉ်ကိုမြင်ပြီး သွေးရိပ်သခင်မ ပါလာတယ်လို့ ထင်ကြမှာ .... ဘယ်သူမှ နှောင့်ယှက်ရဲမှာ မဟုတ်ဘူး၊ တို့က နောက်ကနေပဲ လိုက်သွားကြမယ် .... "

"ကောင်းပါပြီ .... "

တိန့်ထောက်လည်း သဘောတူလိုက်သည်။

သွေးရိပ်သခင်မက လက်ပြလိုက်သောအခါ အထမ်းသမား နှစ်ဦးလည်း ဝေါယာဉ်ကိုထမ်းကာ ထွက်ခွာသွားကြသည်။ နောက်မှ ဖန်းပင်လည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။

"အခု .... ကျွန်တော်တို့ ဘယ်ကို အရင်သွားကြမှာလဲ"

"ဝိညာဉ်ပြန်ကျွန်းကို အရင်သွားကြမယ်လေ .... ကျွန်းမှာ

ခဏနားပြီးမှ ရှေ့ကို ခရီးဆက်ဖို့ စီစဉ်ကြတာပေါ့ .... ”

တိန့်ထောက်နှင့် သွေးရိပ်သခင်မတို့လည်း ဝေါယာဥ်နော ကို စကားပြောရင်း လိုက်ပါလာခဲ့ကြသည်။

“ဒါနဲ့ .... အစ်မကြီးရဲ့နာမည်ရင်းကို ကျွန်တော် သိပါရ လား .... ”

“အရိပ်နီသိုင်းသမား အသွင်အပြင်မျိုးနဲ့ နေတဲ့အခါ တို အစ်ကိုကြီးတစ်ယောက်လိုပဲ ဆက်ဆံပါ ညီလေး .... သွေးရိပ်သ မကြီးအသွင်နဲ့ နေတဲ့အခါမှာသာ အစ်မကြီးတစ်ယောက်လို ဆက် ပါ .... ညီလေးမေးတဲ့ မေးခွန်းကိုတော့ အိမ်ရောက်မှပဲ အဖြေပေး ရစေ .... ”

တိန့်ထောက်လည်း ဆက်မမေးတော့ချေ။

နှစ်ယောက်သား ခြေလှမ်းကိုသာ သွက်သွက်လှမ်းလာ သည်။

ခဏနေမှ သွေးရိပ်သခင်မက မေးလိုက်သည်။

“ငွေနှင်းဖြူရဲ့အကြောင်းကို .... ညီလေး ဘယ်လောက် သလဲ .... အစ်ကိုကြီးကို ပြောပြပါဦး .... ”

တိန့်ထောက်ကလည်း သူသိသမျှကို ပြောပြသည်။

“ငွေနှင်းဖြူဆိုတာ သူ့ရဲ့ဘွဲ့နာမည်တစ်ခုလို့ ကျွန်တော် ထားတာပဲ .... သူ့ရဲ့နာမည်အရင်း ဘယ်သူလဲဆိုတာတော့ ကျွန်တေ ခုထက်ထိ မသိရသေးပါဘူး .... သူ့နာမည်ရင်းကို မသိသလို သူ ဇာစ်မြစ်ကိုလည်း ကျွန်တော် ခုထိ မသိရသေးပါဘူး .... ”

“ဝိဉာဥ်ပြန်ကျွန်းကို .... ညီလေး လက်ထဲ လွှဲအပ်ပေး



တယ် .... ”

“အို .... မဟုတ်တာ အစ်ကိုကြီးကလည်း .... ဘာဖြစ်လို့လဲ”

“အစ်ကိုကြီးရဲ့အသက်က ကြီးလှပြီ ညီလေး .... အရွယ်ကိုသာ မအိုအောင် ထိန်းချုပ်ထားနိုင်ပေမဲ့ အသက်ကိုတော့ ထိန်းချုပ်လို့ မရဘူးလေ .... အစ်ကိုကြီးက နေ့လားညလား သေချင် သေသွားနိုင်တယ်လေ .... ညီလေးကတော့ အသက်ငယ်ငယ်ကလေး ရှိသေးတယ် .... ဒါကြောင့် ကြိုကြိုတင်တင် ဝိဉာဥ်ပြန်ကျွန်းကို ညီလေး လက်ထဲ လွှဲအပ်ပေးထားချင်တယ် .... ”

“အစ်ကိုကြီးမှာ .... ဒီပြင် အမွေဆက်ခံမယ့်သူ မရှိတော့ဘူးလား .... ”

“မရှိဘူး .... ညီလေးပဲ ရှိတယ် .... ညီလေးကို ဘာဖြစ်လို့ ဝိဉာဥ်ပြန်ကျွန်းကို .... အမွေဆက်ခံနိုင်းတယ်ဆိုတာလည်း မကြာမီ တစ်နေ့ ညီလေး သိမှာပါ .... ”

တိန့်ထောက် ခဏမျှ စဉ်းစားလိုက်ပြီး သူ၏ တွေးထင်ချက်ကို ဖွင့်ဟ၍ ပြန်ပြောသည်။

“ကျွန်တော် ရိပ်စားမိပါပြီ .... အခုဆို အစ်ကိုကြီးဟာ ကျွန်တော့်ကြောင့် ငွေနှင်းဖြူရဲ့ဝေဒနာ ပျောက်ကင်းဖို့အတွက် အစ်ကိုကြီးရဲ့ဆရာကို သွားတွေ့ရတော့မယ် .... ဒီအခါ ဆရာကြီးက အစ်ကိုကြီးကို အပြစ်ဒဏ် ပေးကောင်းပေးလိမ့်မယ် .... ဒီအပြစ်ဒဏ်ဟာ ကြီးမားမယ်ဆိုရင်တော့ ဝိဉာဥ်ပြန်ကျွန်းကို အစ်ကိုကြီး ပြန်လာနိုင်လိမ့်မယ် မဟုတ်လို့ .... ကျွန်တော့်ကို ခုကတည်းက လွှဲပေးဖို့ အစ်ကိုကြီး ဆန္ဒရှိနေတာ မဟုတ်လား .... ”

သွေးရိပ်သခင်မ သက်ပြင်းတစ်ချက်ချ၍ ....

"အင်း .... ညီလေးတွက်ဆတာ တစ်ဝက်တစ်ပျက်ဝေ
မှန်ပါတယ် .... "

"အစ်ကိုကြီး မိုက်မှားမိခဲ့တဲ့အတွက် အစ်ကိုကြီးကို အပြ
ဒဏ်မခတ်အောင် ကျွန်တော်လည်း အစ်ကိုကြီးရဲ့ဆရာကို ကောင်း
ပါ့မယ် .... အစ်ကိုကြီးအနေနဲ့ နောင်တ,တရား ရနေပြီဆိုတာလ
ရှင်းလင်းပြောပြပါ့မယ် .... "

"ရမှာမဟုတ်ဘူး ညီလေး .... အစ်ကိုကြီးတို့ စော်ကား
တာတွေဟာ ကြီးမားလှလေတော့ ဆရာကြီးအနေနဲ့ ဘယ်နည်း
ခွင့်လွှတ်နိုင်လိမ့်မယ် မဟုတ်ဘူး .... "

"ဒါနဲ့ အစ်ကိုကြီးတို့ .... ဆရာကြီးကို ဒုက္ခတဘဝရော
အောင် လုပ်ခဲ့ကြတယ်ဆို .... ဒီလိုဆို သူ့အနေနဲ့ အစ်ကိုကြီးကို ဒဏ်
ခတ်ရအောင် ဘယ်မှာ ပညာစွမ်းရှိပါတော့မလဲ .... "

"ဒီလိုလေ .... ဆရာကြီးအနေနဲ့ အစ်ကိုကြီးကို ကိုယ်တိုင်လ
ရောက် အပြစ်ဒဏ် မခတ်နိုင်ပေမယ့် .... ဆရာကြီးကသာ ခွင့်မလွှ
ပါဘူးဆိုရင် .... ဆရာကြီး ခွင့်လွှတ်ကျေနပ်မယ်ဆိုရင်တော့ ဝမ်းသ
စရာပါပဲ ညီလေးရယ် .... "

"ဟော့ .... ဘယ်သူတွေလဲ .... "

ထိုစဉ် သူတို့ရှေ့ခပ်ဝေးဝေးဆီမှာ အော်ဟစ်သံတစ်သံ
ထွက်လာလေသည်။

ထိုအသံမှာလည်း ဖန်းပင်၏ အသံဖြစ်ကြောင်း တိန့်ထော
ရော သွေးရိပ်သခင်မပါ သိလိုက်သည်။



"ဖန်းပင်ရဲ့အသံပဲ ညီလေး .... အကြောင်းတော့ ပေါ်နေပြီနဲ့တူတယ် .... အမြန်လိုက်ကြစို့ .... "

သွေးရိပ်သခင်မက လှစ်ခနဲ ပြေးသွားလေရာ တိန့်ထောက်လည်း နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

တစ်ခဏနှင့်ပင် ငွေနှင်းဖြူ ပါသွားသော ဝေါယာဉ်ဆ
ရောက်လာကြ၏။

ဝေါယာဉ်ကို မြေတွင်ချထားပြီး ဝေါယာဉ်ရှေ့တွင် ဖန်း
က ခါးကိုထောက်၍ ရပ်နေသည်။

ဝေါယာဉ်၏ ဝဲယာတွင် အထမ်းသမားနှစ်ယောက်က အ
ရပ်နေကြသည်။

ဖန်းပင်၏ရှေ့ ပေ(၂၀)ခန့်အကွာတွင် လူသုံးယော
လမ်းကို ပိတ်၍ ရပ်နေကြသည်။

အလယ်မှ ရပ်နေသူမှာ အသက်လေးဆယ်ကျော်အရွယ
နေပြီဖြစ်ပြီး စာပေသမားဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုသူ၏ ဝဲယာတွင် ဝတ်စုံဝါဝတ်ဆင်ထားသော အမျိုး
နှစ်ယောက်က ရပ်နေကြ၏။

တိန့်ထောက်နှင့် သွေးရိပ်သခင်မတို့သည် ထိုမြင်ကွင
လှမ်းမြင်လိုက်ရသည်နှင့် ဝေါယာဉ်အထိမသွားဘဲ ခပ်လှမ်းလှမ်း ချ
ကြီးနောက်မှသာ တိတ်တဆိတ် ချောင်းကြည့်နေကြသည်။

"ရှင်တို့ ဘယ်သူတွေလဲ .... ပြောကြလေ .... "



ဖန်းပင်က လေသံတင်းတင်းမာမာနှင့် မေးမြန်းလိုက်ခြင်း
ဖြစ်၏။

စာပေသမားဝတ်စုံနှင့်လူက ရယ်မောလိုက်ပြီး ....

"ဟား ဟား ဟား ဟား .... ကျုပ်တို့က ရွှေနဂါးတမန်
တော် အဖွဲ့သားတွေပဲ .... ကျုပ်ကတော့ အထူးတမန်တော် .... "

"ရှင်တို့နဲ့ ကျွန်မတို့နဲ့ ဘယ်လိုမှ ပတ်သက်သက် မရှိခဲ့
ပါဘူး .... ဘာဖြစ်လို့ ကျွန်မတို့ကို နှောင့်ယှက်လမ်းပိတ်ပြီး ရပ်နေကြ
ရတာလဲ .... "

"နှောင့်ယှက်တဲ့ သဘောတော့ မဟုတ်ပါဘူး .... မင်းရဲ့
သခင်မကြီးနဲ့ စကားစမြည် ပြောချင်လို့ပါ .... "

ဖန်းပင် ခဏတွေပြီးမှ ခေါင်းကိုခါယမ်း၍ ....

"ကျွန်မတို့ သခင်မကြီး နေထိုင်မကောင်း ဖြစ်နေလို့ ဘယ်သူ
နဲ့မှ စကားပြောနိုင်မှာ မဟုတ်ပါဘူး .... "

သွေးရိပ်သခင်မလည်း ဖန်းပင် စကားမှားမည်စိုးသဖြင့် ပုန်း
ကွယ်ရာမှထွက်၍ ဝေါယာဉ်ဆီကို လျှောက်လာခဲ့လေသည်။

တိန့်ထောက်သာ ချုံပင်ကြီးနောက်တွင် ကျန်နေခဲ့သည်။

ရွှေနဂါးတမန်တော် အဖွဲ့ဝင်များသည် ယောကျ်ားတစ်
ယောက် အသွင်အပြင်ဖြင့် ရောက်လာသော သွေးရိပ်သခင်မကို မည်
သူမည်ဝါမှန်း မသိကြချေ။

သွေးရိပ်သခင်မက ဖန်းပင်၏ဘေးနားတွင် ရပ်လိုက်ပြီး ရွှေ
နဂါးတမန်တော်အဖွဲ့ဝင်သုံးယောက်ကို အရိပ်နိမိတ်သိုင်းသမား၏ ဝေ

မျိုးဖြင့် မေးလိုက်၏။

"ခင်ဗျားတို့ ဘာဖြစ်လို့ လမ်းကိုပိတ်ပြီး ရပ်နေကြတာ
ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေး သွားကြရင် အကောင်းဆုံးပဲ

စာပေသမားဝတ်စုံနှင့်လူက သွေးရိုပ်သခင်မကို ယော
တစ်ယောက်ဟုပင် ထင်မှတ်၍ မေးလိုက်၏။

"မောင်ရင်က ဘယ်သူပါလဲ .... "

"ကျုပ် အရိပ်နီသိုင်းသမားပဲ .... "

"အရိပ်နီသိုင်းသမား ဟုတ်လား .... ကျုပ်တော့ မကြား
ပါဘူး .... "

"ဟင်းဟင်း .... မကြားဖူးဘူး ဟုတ်လား .... ဒါဆို ခင်
ဟာ သိုင်းလောကမှာ အတွေ့အကြုံ မရှိတဲ့လူပဲဆိုတာ ထင်ရှားနေ

စာပေသမားဝတ်စုံ ဝတ်ထားသော အထူးတမန်တော်ချ
မှာ မျက်နှာကျက်ခနဲ ပျက်သွားလေသည်။

"အရိပ်နီသိုင်းသမား .... ဒီကိစ္စမှာ မောင်ရင်နဲ့ မဆိုင်ပါ
မောင်ရင်သာ မောင်ရင့်လမ်းကို မောင်ရင်သွားပါ .... ကျုပ်တို့ရဲ့
ကို ဝင်မရှုပ်ပါနဲ့ .... "

"ကျွန်တော်နဲ့ဆိုင်လို့ ကျွန်တော် ဝင်ပြောတာပါ .... "

"နေပါဦး .... မောင်ရင်က ဒီဝေါယာဉ်ထဲက သွေးရိုပ်သခ
ကြီးနဲ့ ပတ်သက်နေလို့လား .... "

သွေးရိုပ်သခင်မက ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ကျွန်တော်က သွေးရိုပ်သခင်မကြီးရဲ့



အောက် အမှုထမ်းတစ်ယောက်ပဲ .... နေပါဦး .... ခင်ဗျားနာမည်က
ဘယ်သူလဲ .... "

"ကျုပ်နာမည် ရွှေနဂါးတမန်တော် စိုးချိုပဲ .... "

"သခင်မကြီးကို ဘာပြောချင်လို့လဲ .... ကျွန်တော့်ကို ပြော
လို့ရပါတယ် .... "

ရွှေနဂါး အထူးတမန်တော် စိုးချိုလေသံ အနည်းငယ် ပျော့
သွားပြီး ....

"ဒီလိုပါ .... ကျုပ်တို့ ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်
ကြီးက သွေးရိုပ်သခင်မကြီးကို တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ဖို့ ဆွေး
နွေးပါတယ် .... ဒါကြောင့် ကျုပ်တို့ကိုလွှတ်ပြီး သခင်မကြီးကို ဖိတ်
ကြားခိုင်းလိုက်တာပါ .... "

"ဘာကိစ္စကို .... ကျွန်တော်တို့ သခင်မကြီးနဲ့ ဆွေးနွေးမှာ
လဲ .... "

"သိုင်းလောကကြီးတစ်ခုလုံးကို လွှမ်းမိုးပြီး မင်းမူဖို့ ကြံရွယ်
နေတဲ့ ဝမ့်ရဲ့ရဲတိုက်ကို တိုက်ခိုက်ချေမှုန်းတဲ့အခါ ကျုပ်တို့ခေါင်းဆောင်
ကြီးက သွေးရိုပ်သခင်မကြီးနဲ့ ပူးပေါင်းချင်ပါတယ် .... ဒီလိုမှ မပူးပေါင်း
မဆောင်ရွက်ဘူးဆိုရင် .... ကျုပ်တို့ သိုင်းလောကသားအားလုံး မကြာ
ခင်မှာ ဝမ်ရဲ့ရဲတိုက်ရဲ့ လက်အောက်ခံ ဖြစ်သွားနိုင်ပါတယ် .... ဒီကိ
ကို ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီးက သွေးရိုပ်သခင်မကြီးနဲ့ ဆွေး
တာပါ .... "

"ခုချိန်မှာ ကျွန်တော်တို့ရဲ့ သခင်မကြီးဟာ

ထိုင်မသာ ဖြစ်နေပါတယ် .... ဒါကြောင့် ခုချက်ချင်း သခင်မကြီး
ဆွေးနွေးနိုင်လိမ့်မယ် မဟုတ်ပါဘူး .... သခင်မကြီး နေကောင်းသွ
တော့မှပဲ ဒီကိစ္စကို ပြောကြတာပေါ့ .... အခုတော့ ကျွန်တော်
ခရီးဆက်သွားပါရစေ .... "

ရွှေနဂါးတမန်တော် စီးချိုက ခဏမျှ စဉ်းစားလိုက်ပြီးနော

"သွေးရိပ်သခင်မကြီးဆီကို ဘယ်တော့လောက် အကြော
ပြန်ပါမလဲ .... "

အရိပ်နိုင်သိုင်းသမားအသွင် ရုပ်ပြောင်းထားသော သွေးရိ
သခင်မသည် ယခုလိုအချိန်မျိုးတွင် တိုက်ခိုက်မှုကို မဖြစ်ပွားချင်ပေ
ငွေနှင်းဖြူအတွက် အနှောင့်အယှက် ဖြစ်နိုင်လေသည်။
ကြောင့် အသင့်တော်ဆုံးအဖြေကိုသာ စဉ်းစား၍ ပြောလိုက်သည်

"တစ်လလောက်တော့ စောင့်ပါ .... ဒီနေ့ကစပြီး တစ်
တိတိ ပြည့်တဲ့နေ့မှာ ခင်ဗျားတို့ကို ကျုပ်တို့ ဆက်သွယ်ပါ့မယ် ...
သခင်မကြီးကိုလည်း သဘောပေါက်နားဝင်အောင် ကျွန်တော် အကျ
အကြောင်း ရှင်းပြလိုက်ပါ့မယ် .... "

"ကောင်းပါပြီ .... ကတိသာ တည်ပါစေ .... ဒါဆိုရင် ကျ
တို့ကို သွားခွင့်ပြုပါဦး .... "

ရွှေနဂါးတမန်တော် အဖွဲ့ဝင်သုံးယောက်စလုံး နောက်
လှည့်၍ ထွက်ခွာသွားကြသည်။

အထမ်းသမားနှစ်ဦးက ဝေါယာဉ်ကို ထမ်းလိုက်ကြ



သွေးရိပ်သခင်မကိုယ်တိုင် ရှေ့မှဦးဆောင်ပြီး ထွက်ခွာသည်။
ဝေါယာဉ်က အလယ်မှလိုက်ပြီး နောက်ဆုံးမှ ဖန်းပင်က လိုက်သည်။

ရွှေနဂါးဟမန်တော်အဖွဲ့ဝင်များ တစ်နေရာမှ စောင့်၍ ကြည့်
နေနိုင်သေးသဖြင့် တိန့်တောက် ခဏမျှ ငြိမ်နေသေးသည်။

အတန်ကြာမှ ဝေါယာဉ်နောက်ကို ပြေးလိုက်လာခဲ့လေ
သည်။

သွေးရိပ်သခင်မက ရေလမ်းခရီးဖြင့် လန်ယန်းမြို့သို့သွားရန် ဆန္ဒပြုသဖြင့် လှေတစ်စင်းကို ငှားလိုက်ကြသည်။

သွေးရိပ်သခင်မတို့က ဝေါယာဉ်ကို လှေပေါ်တင်ပြီး ရေကြောင်းမှ သွားကြသည်။

တိန့်ထောက်ကမူ ကုန်းလမ်းမှ အပြေးနှင်လာခဲ့သည်။

နောက်တစ်နေ့ ညနေစောင်းမှ တိန့်ထောက်သည် ယီချင်မြို့ကလေးသို့ ရောက်လာသည်။

## အခန်း (၇)
## နဝရတ်ဓား၏ နောက်ဆုံးလျို့ဝှက်ချက်

တစ်လီမျှ ပြေးနှင်မိသောအခါ ရှေ့မှ သွေးရိပ်သခင်မကို
လာသည်။

သူတို့တစ်တွေ အတူးသတိထားပြီး ခရီးဆက်ခဲ့ကြရာ နံနက်
ဝါး ငါးချက်လောက်အချိန်တွင် လီငါးဆယ်ခန့် ခရီးပေါက်ခဲ့ကြသည်

ကျောင်းပျက်ကြီးတစ်ကျောင်းဆီကိုလည်း ရောက်လာကြ
သည်။

မိုးလင်းတော့မည် ဖြစ်သဖြင့် ကျောင်းပျက်ကြီးတွင်ပင် စခန်း
ချလိုက်ကြ၏။

သူတို့သည် ညတွင် ခရီးသွားပြီး နေ့တွင် နားမည်ဟု ဆုံးဖြတ်
ချက် ချထားကြလေရာ တစ်နေ့လုံး ကျောင်းပျက်ကြီးတွင်ပင် အနား
ယူ အိပ်စက်ကြသည်။

ညဘက်ရောက်မှ ခရီးဆက်နှင်ခဲ့ကြသည်။

သန်းခေါင်ယံအချိန်တွင် ချောင်းကျယ်ကြီး တစ်ချောင်းဘေး
တွင်ရှိသော ရွာကလေးတစ်ရွာသို့ ရောက်လာကြသည်။

ယိချင်မြို့မှ အရှေ့ဘက် လမ်းမအတိုင်း သွားမည်ဆိုလျှင် ရှေ့
နဂါးတမန်တော်အဖွဲ့ စခန်းချရာဖြစ်သော တာ့ခုံးစန်းတောင်ဆီသို့
ရောက်နိုင်လေသည်။

တိန့်ထောက်သည် တည်းခိုခန်းတစ်ခန်းတွင် တည်းခိုအနား
ယူလိုက်သည်။

ညစာ စားသောက်ပြီးစီးချိန်တွင် သူသည် ငွေနှင်းဖြူ ယူနိုင်
ထားသော ပစ္စည်းနှစ်ခုကို သတိရပိုက်မိသည်။

ထိုပစ္စည်းနှစ်မျိုးကို အဘိုးကြီးကြောင်နက်က လုံခြုံသော
နေရာတွင် သိမ်းထားပြီး ထိုနေရာကို တိန့်ထောက်က သိစေရန် စာ
ရွက်တစ်ရွက်လည်း ပေးထားခဲ့သည်။

တိန့်ထောက်အနေနှင့် အချိန်မရွေး ပြန်ယူလိုက ယူနိုင်ရ
ဖြစ်၏။

သူသည်လည်း အဘိုးကြီးကြောင်နက် ပေးထားသောစာရွ
ကို ထုတ်ယူ၍ ဖြန့်ဖတ်ကြည့်သည်။

*'ယိချင်မြို့မှ 'ယန်းကျီ' ရပ်ကွက်တွင်ရှိသော 'ဂူကု'ဆန်ဆိုင်
ဝန်တာဖူ ဆိုသူကို တွေ့ဆုံ၍ ပစ္စည်းကို ပြန်တောင်းယူပါ .... ကြောင်န
အပ်ထားသော ပစ္စည်းကို ပြန်ပေးပါဟူ၍လည်း ပြောပါ .... ။*



စာအောက်တွင်မူ ဖူးသီးခြောက်ပုံကို ရေးထားလေသည်။

ယခု မိမိရောက်နေသော မြို့မှာလည်း ယိချင်မြို့ ဖြစ်သော
ကြောင့် ရောက်လက်စနှင့် လမ်းကြုံတုန်း ပစ္စည်းကို သွားယူထားရန်
တိန့်ထောက် ဆုံးဖြတ်ချက်ချလိုက်သည်။

ငွေနှင်းဖြူ ဝေဒနာပျောက်ကင်းသွားပါက ပစ္စည်းကို ပြန်ပေး
ရမည်ဖြစ်၏။

ထိုဆုံးဖြတ်ချက်နှင့် တိန့်ထောက်လည်း ခရီးဆောင်အိတ်
ကိုလွယ်ကာ တည်းခိုခန်းမှ ထွက်လာခဲ့သည်။

မိုးချုပ်၍ အမှောင်ဖုံးနေပြီ ဖြစ်၏။

တိန့်ထောက် စိတ်ကူးထားသည်မှာ ပစ္စည်းကို တောင်းယူ
ပြီးမှ ရှဲ့ယန်းမြို့ ဆိပ်ကမ်းတွင် သူ့အလာကို စောင့်နေမည်ဖြစ်သော
သွေးရိပ်သခင်မတို့ထံသို့ သွားရန် ဖြစ်လေသည်။

သို့ဖြင့် သူသည် မေးမြန်းစုံစမ်းရင်း ယန်းကျီရပ်ကွက်မှ ဂူကု
ဆန်ဆိုင်ဆီသို့ ရောက်လာသည်။

အတော်ကလေး မိုးချုပ်သွားပြီ ဖြစ်သဖြင့် ဆန်ဆိုင်တံခါးမှာ
ပိတ်ထားလေပြီ။

တိန့်ထောက် ဆိုင်တံခါးကို ခေါက်မည်အပြုတွင် မလှမ်းမကမ်း
မှ ဖြူဖြူ လူရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်ကို လှမ်းမြင်ရသည်။

သူသည် သေချာစွာ ကြည့်လိုက်ရာ လက်ထဲတွင် သားမြီး
ယပ်တောင်တစ်ချောင်းကို ကိုင်ထားသော သီလရှင်တစ်ပါး ဖြစ်နေ
သည်ကို တွေ့ရတော့သည်။

သူမ၏မျက်နှာကို မမြင်ရသော်လည်း တိန့်ထောက် စိတ်ထဲ

တွင် မျက်နှာအေးသီလရှင်များ ဖြစ်နေမလားဟူသော အတွေးနှင့် မ
သွက်သွက် လျှောက်သွားသော သီလရှင်ကြီးနောက်ကို လိုက်လာ
သည်။

သီလရှင်ကြီးမှာ သွားလာနေသော လူများကြားမှ ပျော
သွားလိုက်ပေါ်လိုက်နှင့် သွားနေလေရာ တိန့်ထောက်မှာ မျက်ခြ
မပြတ်အောင် လိုက်ခဲ့ရ၏။

သို့ဖြင့် မြို့ပြင်ကို ရောက်လာကြသည်။

မြို့ပြင်ကို ရောက်သောအခါ သီလရှင်ကြီးမှာ ပြေးနှင်တေ
လေရာ တိန့်ထောက်လည်း ပြေးလိုက်ခဲ့သည်။

တောအုပ်ထဲသို့ သီလရှင်ကြီး ပြေးဝင်သွားသောအခါ တိ
ထောက်လည်း ပြေးဝင်လိုက်သည်။

တောအုပ်ထဲသို့ အရောက်တွင် ရှေ့မှ ပြေးနှင်နေသော သီ
ရှင်ကြီး၏ ရှေ့ဘက်ဆီမှာ အော်ငေါက်မေးမြန်းသံ ပေါ်လာသည်။

"ဘယ်သူလဲ .... ရပ်လိုက် .... "

ထိုအသံ ပေါ်လာသည်နှင့် တိန့်ထောက်သည် သွက်လ
စွာ သစ်ပင်တစ်ပင်၏ နောက်ကွယ်တွင် ဝင်ပုန်းရပ်နေလိုက်သည်

သီလရှင်ကြီးထံ ကြည့်လိုက်ရာ သီလရှင်လည်း ရပ်တန့်သ
သည်ကို တွေ့ရသည်။

သီလရှင်ကြီး ရှေ့ကိုလည်း လူတစ်ယောက် ရောက်
သည်။

သီလရှင်ကြီးက ပြောလိုက်သည်။

"မင်းတို့အဖွဲ့ခေါင်းဆောင်နဲ့ တွေ့ချင်လို့ ကျုပ် လာခဲ့တ



ထိုအသံကို ကြားရုံနဲ့ မျက်နှာအေးသီလရှင်ဖြစ်ကြောင်း တိန့်
ထောက် သိလိုက်သည်။

မျက်နှာအေးသီလရှင်သည် မည်သည့်အဖွဲ့ခေါင်းဆောင်နှင့်
လာတွေ့လေသနည်းကို တိန့်ထောက် စဉ်းစားမပါချေ။

ဤနေရာဝန်းကျင်မှာ ရွှေနဂါးတမန်တော်အဖွဲ့ မင်းမူရာဒေသ
ဖြစ်လေရာ မျက်နှာအေးသီလရှင်သည် ရွှေနဂါးတမန်တော်အဖွဲ့မှ
ခေါင်းဆောင်တစ်ဦးဦးကို လာတွေ့ခြင်းပေလောဟု စဉ်းစားမိပြန်
သည်။ တစ်ဘက်လူက မျက်နှာအေးသီလရှင်ကို ပြန်မေးသည်။

"ဆရာလေးက မျက်နှာအေးသီလရှင်လား .... "

"ဟုတ်တယ် .... "

"ဘာကြောင့် တွေ့ချင်တယ်ဆိုတာ အရင်ပြောပါ .... "

"သူ့ကို မျက်နှာအေးသီလရှင် လာတွေ့တယ်လို့ ပြောလိုက်
ပါ .... ဒါဆိုရင် သူ သိပါတယ် .... "

"ဒါဖြင့် ခဏစောင့်ပါ .... တပည့်တော် သွားပြီးအကြောင်း
ကြားလိုက်ပါ့မယ် .... "

ထိုသူက ပြောပြောဆိုဆို ချာခနဲလှည့်၍ ထွက်သွားနေသည်။

မျက်နှာအေးသီလရှင်က ရပ်မြဲရပ်လျက် စောင့်ကျန်ခဲ့သည်။

တိန့်ထောက်လည်း ငြိမ်ပြီး အခြေအနေကို ဆက်ကြည့်သည်။

ခဏအကြာတွင် စောစောက ထွက်သွားသူ ပြန်ရောက်လာ
ပြီး မျက်နှာအေးသီလရှင်ကို ခေါ်သွားသည်။

တိန့်ထောက်လည်း နောက်မှ တိတ်တဆိတ် လိုက်ပါသွား
သည်။

တောလမ်းအတိုင်း လာခဲ့ကြပြီးနောက် ဘုန်းကြီးကျော
ပျက်ကြီးကို တိန့်ထောက် လှမ်းမြင်နေရလေသည်။

ကျောင်းပျက်ကြီးအပြင်ဘက်တွင် မီးပုံကြီး ဖိုထားသ
ဘေးပတ်ဝန်းကျင်ကို တိန့်ထောက် ကောင်းစွာတွေ့နေရသည်။

ကျောင်းရှေ့ လှေကားအောက်ခြေတွင် ရပ်နေသူကို တွေ
သောအခါ တိန့်ထောက်စိတ်ထဲတွင် ခံပြင်းဒေါသ ဖြစ်သွားမိသည်

ထိုသူမှာ အဆိပ်ဘီလူး ဖြစ်နေသောကြောင့်ပင်တည်း။

တိန့်ထောက်သည် သစ်ပင်ကွယ်မှနေ၍ အခြေအနေ
ကြည့်နေလိုက်၏။

မျက်နှာအေးသီလရှင်သည် အဆိပ်ဘီလူးနှင့် မျက်နှာချ
ဆိုင် ရပ်လိုက်လေသည်။

အဆိပ်ဘီလူးက မျက်နှာအေးသီလရှင်ကို တွေ့သော
လှောင်ရယ်ရယ်၍ ပြောလိုက်၏။

"ဟား ဟား ဟား ဟား .... ဘယ့်နှယ်လဲ သီလရှင်ကြီး
ဒီနေရာအထိတောင် ကျုပ်ကို ဘာဖြစ်လို့ လိုက်တွေ့ရတာလ
နဝရတ်ဓားကို လိုချင်လို့ လာခဲ့တာပလား .... "

မျက်နှာအေးသီလရှင်ကလည်း လေသံအေးအေးဖြင့် ပြန်ပြ
သည်။

"ဟုတ်တယ်လေ .... တစ်ချိန်က ရှင်ပြောထားတဲ့စက
ရှိနေတာပဲ .... ဒါကြောင့် ကျုပ် လာခဲ့တာပဲပေါ့ .... "

"ကျုပ်က ဘာများပြောခဲ့လို့လဲ .... "

"နဝရတ်ဓားရဲ့ လျှို့ဝှက်ချက်တွေထဲက .... နောက်ဆုံး



ဝှက်ချက်ကို .... ကျုပ်က ရှင်းလင်းပြောပြမယ်ဆိုရင် ရှင် သိချင်တယ်
ဆို .... "

"အင်း .... ဟုတ်တယ်လေ .... နဝရတ်ဓားရဲ့ နောက်ဆုံး
လျှို့ဝှက်ချက်ကိုသာ ဆရာလေးက ပြောပြမယ်ဆိုရင်တော့ .... နောက်
ဆိုရင် ဆရာလေးနဲ့ ကျုပ်နဲ့ ရန်သူတွေလို ဆက်ဆံစရာ မလိုတော့ပါ
ဘူး .... မိတ်ဆွေတွေလို ဆက်ဆံသွားရုံသာ ရှိပါတော့တယ် .... "

အဆိပ်ဘီလူး၏ လေသံက အတော်ကလေး ပျော့ပျော့
ပျောင်းပျောင်း ဖြစ်လာသည်။ မျက်နှာအေးသီလရှင်က ထပ်ပြီး ပြော
လိုက်၏။

"ဒါပေမယ့် .... ကျုပ်ကလည်း တစ်ခုတော့ တောင်းဆိုရလိမ့်
မယ် .... "

အဆိပ်ဘီလူး မျက်မှောင်ကြုတ်သွားပြီး ....

"ဘာကို တောင်းဆိုမှာလဲ .... အင်းလေ ကျုပ်လည်း ထင်ပါ
တယ် .... သီလရှင်ကြီးအနေနဲ့ လွယ်လွယ်နဲ့ ကျုပ်ဆန္ဒကို လိုက်လျော
နိုင်မှာ မဟုတ်ဘူးလို့ ကျုပ်လည်း ထင်ထားပါတယ် .... ကဲ .... ကျုပ်
က ဘယ်လို တုံ့ပြန်ရမှာလဲ .... "

မျက်နှာအေးသီလရှင်က အေးစက်စက် ပြန်ပြောသည်။

"ရှင့်ကို ကျုပ် သိုင်းကွက်သုံးကွက်ပဲ တိုက်မယ် .... ရှင်က
နဝရတ်ဓားနဲ့ အတတ်နိုင်ဆုံး ခုခံကာကွယ်နိုင်တယ် .... ပြန်ပြီးတော့
လည်း တိုက်ခိုက်နိုင်တယ် .... ကျုပ် ရှင့်ရဲ့ဓားချက်တွေကိုလည်း ရှောင်
တိမ်းနိုင်ပြီး ရှင့်ကို ဟောဒီသားမြီးယပ်နဲ့ ပြန်ရိုက်နိုင်မယ်ဆိုရင် ရှင်
ရှုံးပဲ .... ရှင် ရှုံးသွားရင် ကျုပ်ရဲ့ ကျောက်ဓားရတနာကို ပြန်အပ်ပါ"

"ဟင်းဟင်း .... တကယ်လို့ ကျုပ်နိုင်မယ်ဆိုရင်ကော

"ရှင်နိုင်မယ်ဆိုရင်တော့ ... ကျုပ်ရဲ့ နဝရတ်ဓားကိုလ
ပြန်ပေးစရာမလိုဘူး .... နဝရတ်ဓားရဲ့ နောက်ဆုံးလျှို့ဝှက်ချက်
လည်း ရှင့်ကို ကျုပ်ပြောပြမယ် .... ပြီးတော့ ကျုပ် အေးအေးဆ
ဆေး ပြန်သွားမယ် .... ကိုင်း .... ဘယ့်နှယ်လဲ .... "

ချောင်းကြည့်နေသော တိန့်ထောက်သည် မျက်နှာအေး
သီလရှင်ကြီးက အဆိပ်ဘီလူးထံတွင် ရှိနေသော နဝရတ်ဓားချ
ခံနိုင်စွမ်း ရှိပါ့မလားဟု စိုးရိမ်တကြီး တွေးမိလေသည်။

တကယ်တော့ မျက်နှာအေးသီလရှင်ကြီးသည် နည်းလ
တစ်မျိုးသုံးပြီး သူမ၏ နဝရတ်ဓားရတနာကို ပြန်ရအောင် ကြိုးစာ
ခြင်းပင် ဖြစ်သည်။

ကောက်ကျစ်စဉ်းလဲသော အဆိပ်ဘီလူးက လျောင်ရယ်
လိုက်ပြီး ....

"ဟား ဟား ဟား .... ဆရာလေးက ဘယ်လိုအဆ
သိုင်းပညာရပ်မျိုးတွေကို ထပ်ပြီး လေ့ကျင့်လာခဲ့လို့လဲ .... "

"ကျုပ်ကလည်း ပညာတစ်ဆင့်တက်ပြီး ထပ်လေ့ကျင့်
နိုင်ခဲ့လို့လဲ ခုလို လာတွေ့တာပေါ့ .... အရေးကြီးတာက တစ်ဘ
တစ်ဘက် ကတိတည်တည်နဲ့ ဒီကိစ္စကို ဖြေရှင်းကြဖို့ပဲ .... "

"ကောင်းပြီလေ .... ဒါဖြင့်လည်း တိုက်ခိုက်ဖို့ ဆရာ
အသင့်ပြင်ပါ .... "

အဆိပ်ဘီလူးက ပြောပြောဆိုဆို သူ့ထံမှ နဝရတ်ဓ
ခပ်ဖြည်းဖြည်း ဆွဲထုတ်လိုက်လေတော့သည်။



အဆိပ်ဘီလူးနှင့် မျက်နှာအေးသီလရှင်တို့၏ ယှဉ်ပြိုင်တိုက်
ခိုက်ပွဲကား စပေတော့မည်။

ထိုအခါမှ တိန့်ထောက်သည် ရောင်နီသိုင်းသမား အိုးယင်ချင့်
ပြောဆိုမှာကြားသွားသော စကားကို သတိရလိုက်မိသည်။

နဝရတ်ဓားကို မိုးကြိုးသိုင်းသမားကြီး ယီခုံးချိ၏ မိုးကြိုးဓား
နှင့် ရင်ဆိုင်နိုင်ကြောင်း အိုးယင်ချင့်က ပြောသွားခဲ့သည်။

တိန့်ထောက်သည် သူ့ထံတွင် ရှိနေသော မိုးကြိုးဓားကို စမ်း
သပ်ဆုပ်ကိုင်လိုက်မိသည်။

မိုးကြိုးဓားမှာ ဓားမြှောင်တစ်ချောင်းသာ ဖြစ်သောကြောင့်
သူ၏အကျီၤထဲတွင် ထည့်ထားနိုင်လေသည်။

အကယ်၍ ဤညတွင် မျက်နှာအေးသီလရှင်ကသာ အဆိပ်
ဘီလူးကို မနိုင်ပါက မိမိ ဝင်တိုက်မည်ဟူ၍လည်း တိန့်ထောက် ဆုံး
ဖြတ်ချက် ချမိ၏။

ထိုစဉ် မျက်နှာအေးသီလရှင်နှင့် အဆိပ်ဘီလူးတို့ ယှဉ်ပြိုင်
တိုက်ခိုက်ပွဲမှာ စတင်နေပြီ ဖြစ်လေသည်။

ဝန်း

## အခန်း (၈)
## နဝရတ်ဓား မိုးကြိုးဓား

"ဟိုင်း .... "

အဆိပ်ဘီလူးသည် အော်ဟစ်မာန်သွင်းလိုက်ပြီး သူ့လက်
မှ နဝရတ်ဓားကို ဝှေ့ယမ်းကာ မျက်နှာအေးသီလရှင်ထံ ခုန်ဝင်သ

မျက်နှာအေး သီလရှင်ကလည်း အဆိပ်ဘီလူး၏ နဝရတ်
ရိပ်ကို ခုန်လွှားထိုးဖောက်၍ ဝင်သည်။

သူမ၏လက်ထဲမှ သားမြီးယပ်နှင့် အဆိပ်ဘီလူးကို ဝှေ့
လွဲရိုက်သည်။

အဆိပ်ဘီလူးနှင့် မျက်နှာအေးသီလရှင်တို့၏ နှစ်ဦးစလုံး
တွင် ဓားရိပ်များ သားမြီးယပ်လက်နက်အရိပ်များက ဖုံးလွှမ်း
သည်။

"ဖြန်း .... "

ကျယ်လောင်သော ရိုက်ခတ်သံတစ်ချက် ပေါ်ထွက်လ
မျက်နှာအေး သီလရှင်ကြီးလက်မှ သံမဏိမျှင်များနှင့် ပြုလုပ်ထား
သားမြီးယပ်မှာ ဖွားခနဲ လွင့်ရှားသွားသဆို

အဆိပ်ဘီလူးက နဝရတ်ဓားဖြ ည်ကိုက်ထုတ်သည်။



ပြင်းထန်သော လေလှိုင်းရိုက်ချက်ကြောင့် မျက်နှာအေး
သီလရှင်ကြီးမှာ နောက်ကို ခြေသုံးလှမ်း ဆုတ်သွားရတော့၏။

"ဟား ဟား ဟား ဟား .... ဟီး ဟီး ဟီး ဟီး .... "

အဆိပ်ဘီလူးက သဘောကျစွာ ရယ်မောလိုက်၏။ ပထ
သိုင်းကွက်တွင် သူသည် အရေးသာသွားပြီ ဖြစ်၏။

မျက်နှာအေးသီလရှင်ကြီးမှာ မျက်စိမျက်နှာ မကောင်းနေသော
သွားသည်။ ဲ့သို့ ထင်

"ကဲ .... သီလရှင်ကြီး .... ဒုတိယသိုင်းကွက်ကို စ

အဆိပ်ဘီလူးက အောင်မြင်ပိုင်နိုင်သော လေသံမျိုးဖြင့်
ကြည့်စဉ် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

မျက်နှာအေးသီလရှင်က သိုင်းကွက်တစ်ကွက်ကို တက်
လိုက်ပြီး သားမြီးယပ်ကို ဝှေ့ယမ်း၍ အဆိပ်ဘီလူးထံ ခုန်ဝင်တိုက်ခို
ပြန်သည်။

အဆိပ်ဘီလူးက လုံးဝရှောင်တိမ်းခြင်းမရှိဘဲ နဝရတ်ဓားနှင့်
ပြန်ပက်ထုတ်သည်။

"ထန်း .... "

လက်နက်ချင်း ပြင်းထန်စွာ ရိုက်မိသောအသံ ပေါ်လာပြီး
ဓားရိပ်များလည်း ဝင်းလက်သွားသည်။

ဓားရိပ်များက လျှပ်ရောင်ကဲ့သို့ အလင်းရောင်ကို ဆောင်
လေသည်။

ဘေးပတ်ဝန်းကျင်တစ်ခုလုံး လျှပ်စီးလက်လိုက်သကဲ့သို့

ပြိုးပြိုးပျက်ပျက် ဖြစ်သွားသည်။

မျက်နှာအေး သီလရှင်ကြီး၏ သားမြီးယပ်မှ သံမဏိမျှင်မျ
က ဓားရိပ်များ အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

သို့သော် ချက်ချင်းပင် ပြန်ကန်ထွက်လာပြီး သီလရှင်ကြ
က်ကို ခြေလေးငါးလှမ်း ယိုင်ထွက်လာသည်။

အဆိပ်ဘီလူးပင် နောက်ကို ခြေသုံးလှမ်း ယိုင်ဆုတ်သွ
က်နှာ ကွက်ခနဲလည်း ပျက်သွားသည်။

သို့သော် အဆိပ်ဘီလူးကိုမူ သီလရှင်ကြီး၏ သားမြီးယပ်
ငတစ်မျှင်မှ ရိုက်မိခြင်း မရှိချေ။

ဒုတိယသိုင်းကွက်မှာ ပြီးဆုံးသွားပြီဖြစ်ပြီး နောက်ဆုံးသိုင်
က်တစ်ကွက်သာ ကျန်တော့၏။

မျက်နှာအေး သီလရှင်ကြီးအတွက် တိန့်ထောက် ရင်လေ
လာမိသည်။

အဆိပ်ဘီလူးက ခပ်လှောင်လှောင် လေသံဖြင့် ပြောဆိုလိုက်
၏။

"သီလရှင်ကြီး .... နောက်ဆုံးတစ်ကွက်ပဲ ကျန်တော့တယ်
နော် .... ဟင်း ဟင်း .... ကျုပ်ကို ကြိုးစားပြီးတိုက်ပါ .... "

မျက်နှာအေးသီလရှင်က အံကိုတင်းတင်းကြိတ်ပြီး နောက်
ဆုံးသိုင်းကွက်ကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

အဆိပ်ဘီလူးက နဝရတ်ဓားကို ကြိုတင်၍ ဝှေ့ယမ်းလိုက်
သည်။



"ဝှစ် ဝှစ် ဝှစ် ဝှစ် .... "

လေကို ဖြတ်သွားသော ဓားသံမှာ ကျယ်လောင်စွာပင် ပေါ်
ထွက်နေသည်။

လျှပ်ရောင်ကဲ့သို့ ဓားရောင်မှာလည်း ဝင်းဝင်းလက်လက်
ရှိနေသည်။

လျှပ်ရောင်နှင့် ဓားကို ဝှေ့ယမ်းသဖြင့် ပေါ်ထွက်နေသော
အသံတို့ကြောင့် လျှပ်စီးလက်၍ မိုးသက်မုန်တိုင်းကျနေသကဲ့သို့ ထင်
ရလောက်သည်။

"ဟိုင်း .... "

မျက်နှာအေးသီလရှင်က အော်ဟစ်မာန်သွင်းလိုက်ပြီး အဆိပ်
ဘီလူးထံ ခုန်ဝင်ကာ သားမြီးယပ်နှင့် ရိုက်နှက်လိုက်သည်။

နောက်ဆုံးတိုက်ကွက်ဖြစ်သောကြောင့် အတွင်းအားကို
လက်တွင် စုစည်းပြီး အင်အားအပြည့် အစွမ်းကုန် သုံးလိုက်ခြင်း ဖြစ်
လေသည်။

"ခြွမ်း .... ခြွမ်း .... "

တိုက်ခိုက်သံမှာ ပြင်းပြင်းထန်ထန် ပေါ်ထွက်လာလေသည်။

မျက်နှာအေးသီလရှင်မှာ နောက်ကို ခြေလှမ်းခုနစ်လှမ်းမျှ
ယိုင်ကာ လဲကျလုလုပင် ဖြစ်သွားသည်။

သူမသည် လဲမကျအောင် ကိုယ်ကို ထိန်းထားနိုင်သော်လည်း
သူမ၏ တစ်ကိုယ်လုံးက တဆတ်ဆတ်တုန်ယင်နေလေသည်။

"ဟား ဟား ဟား ဟား ဟား .... "

အဆိပ်ဘီလူးထံမှ အားပါးတရ ရယ်မောလိုက်သံ ကျ
လောင်စွာ ပေါ်ထွက်လာသည်။

သူ၏ရယ်သံမှာ တောအနှံ့တောင်အနှံ့ ပဲ့တင်ထပ်သွားသည်

ယခုလို အချိန်မျိုးတွင် သူ့ရယ်သံကို အခြားလူတစ်ယော
ယောက်ကသာ ကြားမည်ဆိုပါက မကောင်းဆိုးဝါးတစ်ကောင် ရယ်
မောနေသံ ဖြစ်လိမ့်မည်ဟု ထင်မှတ်ကြပေလိမ့်မည်။

မျက်နှာအေး သီလရှင်မှာ ရှုံးနိမ့်သွားလေပြီ။

အဆိပ်ဘီလူးက ရယ်မောခြင်းကို ရပ်လိုက်ပြီး မေးမြန်းလို
သည်။

"ဘယ့်နှယ်လဲ ဆရာလေးရဲ့ .... ရှုံးနိမ့်သွားပြီ မဟုတ်လား

မျက်နှာအေးသီလရှင်က လုံးဝ စိတ်ဓာတ်ကျသွားသော
လေသံဖြင့် ပြန်ပြောသည်။

"ဟုတ်တယ် .... ကျုပ် ရှုံးသွားပါပြီ .... "

သူမသည် စိတ်ပျက်လက်ပျက် ဖြစ်လွန်းသဖြင့် သားမြီးယ
ကိုင်ထားသောလက်ကို တွဲလောင်းချကာ နွမ်းလျစွာ ရပ်နေသည်။

သားမြီးယပ်မှာ သူမ၏လက်မှ လွတ်ကျသွားတော့မယော
ဖြစ်နေသည်။

အဆိပ်ဘီလူးက ခပ်ပြုံးပြုံးပင် ပြောသည်။

"ဆရာလေးအနေနဲ့ ကတိတော့ တည်ပါတယ်နော် ....
တော့ ကတိအတိုင်း နဝရတ်ဓားရဲ့ နောက်ဆုံးလျှို့ဝှက်ချက်ဟာ ဘ
လိုလဲဆိုတာသာ ရှင်းပြပါတော့ .... "



"ကျုပ် ကတိမပျက်ပါဘူး .... ပြောပြပါ့မယ် .... "

"ကောင်းပြီ .... နဝရတ်ဓားရဲ့ နောက်ဆုံးလျှို့ဝှက်စကား လုံးမှာ အတွင်းအားကိုစု .... သွေးပြင်းခုန်ကြောကိုနှိုးဆွ .... ဓားရိပ် အင်အားလျှံလိမ့်မယ်လို့ ရေးထားတယ်နော် .... "

"ဟုတ်ပါတယ် .... "

"သွေးပြင်းခုန်ကြောဆိုတာ .... ဘယ်လိုအဓိပ္ပာယ်လဲ .... အကြောပိတ် အကြောဖွင့် ကျမ်းထဲမှာ သွေးပြင်းခုန်ကြောဆိုတာ မတွေ့ခဲ့လို့ ကျုပ် မရှင်းဘူး ဖြစ်နေတယ် .... "

"မရှင်းရင် ရှင်းအောင် ကျွန်တော် ပြောပြပါ့မယ် .... "

ထိုစကားသံကို မျက်နှာအေးသီလရှင်က ပြောလိုက်ခြင်း မဟုတ်ဘဲ တစ်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

အဆိပ်ဘီလူး နားစွင့်ထောင်လိုက်ပြီး လေသံမာမာဖြင့် အော် မေးလိုက်၏။

"ဘယ်သူလဲ .... "

သစ်ပင်ကွယ်နောက်မှ တိန့်ထောက် ထွက်လာသည်။

သူသည် မျက်နှာအေးသီလရှင်ကြီးအနီးကို ရောက်လာပြီး လက်ဖမိုးယှက်၍ နှုတ်ဆက်စကား ဆိုလိုက်သည်။

"နေထိုင်ကောင်းပါရဲ့လား ဆရာလေး .... "

တိန့်ထောက်ကို မြင်သောအခါ အဆိပ်ဘီလူးမျက်နှာ ကွက် ခနဲ ပျက်သွား၏။

မျက်နှာအေးသီလရှင်ကမူ ဝမ်းသာအားတက်သွားသည်။

သူမက ပြန်လည်နှုတ်ဆက်စကား မပြောခင် အဆိပ်ဘီလူးက လေသံတွင်းတင်းမာမာနှင့် တိန့်ထောက်ကို ပြောလိုက်၏။

"ရောင်ခြည်သိုင်းသမား .... မင်းက ဘာကိစ္စ ရောက်လာရတာလဲ .... "

တိန့်ထောက်က ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

"ကျုပ် ရောက်လာရတာကတော့ ဟောဒီဆရာလေးကို လိုအပ်တဲ့ အကူအညီ ပေးဖို့ပါပဲ .... "

"မင်းနဲ့မဆိုင်တဲ့ကိစ္စမှာ ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ"

"မျက်နှာအေး သီလရှင်ကြီးကို လိုအပ်တဲ့ အကူအညီပေးဖို့ ကျွန်တော် ကတိပေးထားတယ် .... အခု သူမှာ ကျွန်တော့်ရဲ့ အကူအညီ လိုနေတယ် .... "

တိန့်ထောက်က ပြောပြောဆိုဆို သူ၏ အင်္ကျီအတွင်းမှ မိုးကြိုးဓားမြှောင်ကို ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်။

အပိုပြောနေ၍ အကြောင်းထူးလိမ့်မည် မဟုတ်သဖြင့် အဆိပ်ဘီလူးလည်း နဝရတ်ဓားကို ဝှေ့ယမ်း၍ တိန့်ထောက်ထံ ခုန်ဝင်ကာ တိုက်ခိုက်လေတော့၏။

နဝရတ်ဓားမှ ရောင်ခြည်များ ဖြာထွက်လာသည်။

အဆိပ်ဘီလူးသည် တိန့်ထောက်ကို အသာတကြည်ပင်တိုက်ခိုက်နိုင်လိမ့်မည်ဟု သေချာပေါက် တွက်ဆထားသည်။

တိန့်ထောက်က နောက်ကို ခုန်ဆုတ်လိုက်သည်။

သူ့ကိုကြောက်၍ ခုန်ဆုတ်သွားသည်ဟု အဆိပ်ဘီလူးက ထင်မှတ်ကာ လှောင်ပြောင်ရယ်မောရင်း ပြောဆိုသည်။



"ဟား ဟား ဟား .... ဘယ့်နှယ်လဲ ရောင်ခြည်သိုင်းသမား၊ ကျုပ်ကိုလည်း ရင်မဆိုင်ရဲဘဲနဲ့ ဘာဖြစ်လို့ လူစွမ်းကောင်းကြီး လာလုပ်ရတာလဲ .... "

အဆိပ်ဘီလူးက ဓားကို မြေတွင်စိုက်ပြီး မတ်တတ်ရပ်နေသည်။

တိန့်ထောက်က မဲ့ပြုံး ပြုံးလိုက်ပြီး ....

" ခင်ဗျားကိုကြောက်လို့ .... ကျုပ် နောက်ဆုတ်သွားတာ မဟုတ်ဘူး .... ဒီနေ့ည ခင်ဗျားဖြစ်ဖြစ် ကျုပ်ဖြစ်ဖြစ် အသေတိုက်ကြရမှာပဲ .... ဒီတော့ ကျုပ်သေသွားလည်း မသေခင် သိရအောင် ခင်ဗျားကို မေးစရာရှိတာ မေးသွားပါရစေ .... "

"ဟား ဟား ဟား .... မေးမေး .... မသေခင် မေးချင်တာမေး .... "

"သေမင်းတမန် ဘီလူးနဲ့ သူ့အဖော် ယင်းဝူကြည်ကို ခင်ဗျား ဘာဖြစ်လို့ သတ်လိုက်ရတာလဲ .... "

"ဩော် .... သူတို့နှစ်ယောက်ကို ငါ သတ်လိုက်တယ်ဆိုတာ မင်းက သိနေတာကိုး .... အေးလေ ငါပြောပြပါ့မယ် .... သူတို့နှစ်ယောက်ကို ငါ သတ်လိုက်ရတာဟာ နှုတ်ပိတ်လိုက်တဲ့ သဘောပဲ"

"ဘာကြောင့် နှုတ်ပိတ်ရတာလဲ .... "

အဆိပ်ဘီလူးက မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီးမှ ခေါင်းကို ခါယမ်း၍ ....

"ဒါတော့ ငါမပြောနိုင်ဘူး .... "

တိန့်ထောက် အံကြိတ်လိုက်၍ ခပ်ပြင်းစွာ မေးလိုက်ပြန်သည်။

"ဒါဖြင့် .... ဝမ်ရဲ့ရဲတိုက်က အသည်းမည်းဟူဖေးကို သတ်လိုက်တာကရော ဘယ်လိုသဘောလဲ .... "

"ဟင်း ဟင်း .... ဒီအကြောင်းကို သိချင်ရင်တော့ သေမင်းနိုင်ငံကို မင်းရောက်မှပဲ အသည်းမည်းဟူဖေးကို တွေ့အောင်ရှာပြီး မေးပေတော့ .... "

တိန့်ထောက် ဒေါသထွက်သွားသည်။

"ကျုပ်တော့ မမေးနိုင်ဘူး .... ခင်ဗျားဘာသာ သေမင်းနိုင်ငံကို သွားပြီး မေးပေတော့ .... "

ပြောပြောဆိုဆိုဖြင့် တိန့်ထောက်သည် မိုးကြိုးဓားဖြင့် အဆိပ်ဘီလူးကို တိုက်ခိုက်ရန် ပြင်လိုက်သည်။

အဆိပ်ဘီလူးကလည်း တိုက်ခိုက်ရန် ပြင်သည်။

မျက်နှာအေးသီလရှင်က တိန့်ထောက်ကို ဝင်တားသည်။

"ရောင်ခြည်သိုင်းသမား နေပါဦး .... ဒီကိစ္စဟာ ကျုပ်ရဲ့ကိစ္စဖြစ်လို့ ဒကာလေး ဝင်မပါစေချင်ဘူး .... ဒကာလေး ဒုက္ခဖြစ်နေပါ့မယ် .... "

အဆိပ်ဘီလူးက လှောင်ပြုံးပြုံးပြီး ဝင်ပြောသည်။

"ရောင်ခြည်သိုင်းသမား .... သီလရှင်ကြီးရဲ့စကားကို မင်းနားထောင်ရင် ကောင်းလိမ့်မယ် .... ခုနေ မင်းနောက်ဆုတ်သွားမယ်ဆိုရင်တော့ မင်းကို ငါ မတားဆီးဘဲ သွားခွင့်ပြုလိုက်ပါ့မယ် .... "



တိန့်ထောက် မျက်နှာအေးသီလရှင်ကို လက်ကာပြပြီး ....

"တပည့်တော်အတွက် မစိုးရိမ်ပါနဲ့ ဆရာလေး .... ဆရာလေးသာ နောက်ဆုတ်နေပါ .... အဆိပ်ဘီလူးကို ကျွန်တော် သတ်ပြပါ့မယ် .... "

တိန့်ထောက်သည် စကားဆုံးသည်နှင့် အဆိပ်ဘီလူး၏ ခုန်သွားကာ သူ့လက်ထဲမှ မိုးကြိုးဓားနှင့် တိုက်ခိုက်လေတော့သည်။

## အခန်း(၉)

## အပ်နှံထားသော ပစ္စည်း

အဆိပ်ဘီလူးသည် သူ့ထံ ဝေ့ဝင်လာသော တိန့်ထောက်၏
မိုးကြိုးဓားကို သူ့လက်မှ နဝရတ်ဓားဖြင့် ဝေ့ယမ်းရိုက်ဖယ်ထုတ်လို
သည်။

"ထန်း .... "

ဓားနှစ်လက်ထိသံက မိုးကောင်းကင်ထိ ထိုးတက်သွ
မတတ် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ လင်းလက်သော ေ
ရိပ်များလည်း ဖြာထွက်လာသည်။ မီးပွင့်မီးပွားများလည်း ဖွားခနဲထွ
လာသည်။

"အင့် .... "

နာကြည်းစွာ ညည်းတွားလိုက်သောအသံပေါ်လာပြီး အဆ
ဘီလူးနောက်ကို ယိမ်းယိုင်၍ ဆုတ်သွားကာမြေပေါ်ဖင်ထိုင်ကျသ
သည်။ ရင်ဘတ်တွင်လည်း ဓားဒဏ်ရာတစ်ချက်ရသွားသည်။

"ဝေါ့ .... ဝေါ့ .... "

ပါးစပ်မှလည်း သွေးများအန်ထွက်ကျလာသည်။



တိန့်ထောက်သည်လည်း နောက်ကိုခြေသုံးလေးလှမ်းဆုတ်သွားပြီး ယိမ်းယိုင်လျက်ရှိသည်။ သူ့ခေါင်းထဲတွင် ဆူဝေနေပြီး လဲကျမတတ်ဖြစ်နေသော်လည်း လဲကျမသွားစေရန် စိတ်ကိုတင်း၍ထိန်းထားသည်။

အဆိပ်ဘီလူး ကိုယ်တစ်ချက်တွန့်သွားပြီး မြေပေါ်လဲကျ ငြိမ်သက်သွားသည်။ တကယ်တော့ သူ့အသည်းနှလုံးသို့ တိန့်ထောက်၏ မိုးကြိုးဓားက စိုက်ဝင်သွားခဲ့ခြင်းဖြစ်လေသည်။

အဆိပ်ဘီလူးသေဆုံးသွားသည်ကို တွေ့ရသောအခါ သူ့နောက်လိုက် အဖွဲ့သားများသည် တိန့်ထောက်ကို ဝိုင်းတိုက်ရန် ပြေးလာကြသည်။

မျက်နှာအေးသီလရှင်က ပြေးဝင်လာသော ဝမ်ရဲ့အဖွဲ့သားများကို သားမြီးယပ်ဖြင့် ဆီး၍တိုက်ခိုက်သည်။

တိန့်ထောက်လည်း မိုးကြိုးဓားကို ဝေ့ယမ်း၍ တရကြမ်းတိုက်ခိုက်သည်။ တိတ်ဆိတ်သော ညဦးယံအချိန်တွင် အော်ဟစ်တိုက်ခိုက်သံများ ညံစီသွားသည်။

သို့သော် ထိုအသံများမှာ ကြာရှည်စွာ ပေါ်ထွက်မလာချေ။ ခဏနှင့် ရပ်သွားသည်။

တိန့်ထောက်နှင့် မျက်နှာအေးသီလရှင်တို့၏ သိုင်းပညာမှာ သူတို့ကို ဝိုင်းတိုက်သော ဝမ်ရဲ့အဖွဲ့သားများထက် များစွာအဆင့်မြင့်လှသူဖြစ်လေရာ ဝမ်ရဲ့အဖွဲ့သားများအားလုံး ဒဏ်ရာကိုယ်စီရကာ မြေပေါ်လဲကျကုန်သည်။ တစ်ခဏနှင့် တိတ်ဆိတ်မှုက ပြန်လည်လွှမ်းမိုးသွားလေသည်။

တိန့်ထောက်သည် အဆိပ်ဘီလူး၏အလောင်းဘေးတွင် ကျ
နေသော နဝရတ်ဓားကို ကောက်ယူပြီး မျက်နှာအေးသီလရှင်ကြီး၏
လက်သို့ ပေးအပ်လိုက်သည်။

မျက်နှာအေးသီလရှင်ကြီးမှာ နှစ်ပေါင်းများစွာ ပျောက်ဆုံး
နေသော နဝရတ်ဓားကို ပြန်ရသဖြင့် သူ့စိတ်များပင် လှုပ်ရှား၍နေ
သည်။ ပြီးတော့ သူမသည် လုံးဝအရှုံးပေးထားရာမှ တိန့်ထောက်
ကြောင့် အနိုင်ပြန်ရခဲ့လေပြီ။

သူမက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားပြောလိုက်
သည်။

"ရောင်ခြည်သိုင်းသမား .... မင်းဝင်ပြီး ကူညီလို့သာ ကျ
အသက်နဲ့ရင်းပြီး ပြန်ရအောင် လိုက်နေတဲ့ နဝရတ်ဓားကို ပြန်ရတာ
မင်းသာ ရောက်မလာရင် နဝရတ်ဓားကို အဆိပ်ဘီလူးလက်ထဲ အပ်
ပေးလိုက်ရတော့မှာပဲ .... မင်းကိုသိပ်ပြီး ကျေးဇူးတင်ပါတယ်ကွယ်

တိန့်ထောက်ကလည်း နဝရတ်ဓားကိုင်ထားသော အဆိ
ဘီလူးကို အနိုင်တိုက်ခိုက်နိုင်ခြင်းမှာ ယိခုံးချီ၏ မိုးကြိုးဓားကြောင့်ဖြ
ကြောင်း ပြန်ပြောလိုက်၏။

"ကဲ .... ဆရာလေး .... တပည့်တော်တို့ ဒီက အမြန်ခွာ
မှဖြစ်လိမ့်မယ် .... တော်ကြာ ဝမ်ရဲ့ရဲတိုက်ကလူတွေထပ်ပြီး ရော
ချင် ရောက်လာနိုင်တယ် .... "

မျက်နှာအေးသီလရှင်လည်း သဘောတူပြီး တိန့်ထောက်နှ
အတူ ဘုန်းကြီးကျောင်းပျက်ကြီးမှ ထွက်ခွာသွားကြလေသည်။

လျှောက်လာရင်းမှ မျက်နှာအေးသီလရှင်က ပြောလေသည်



"မင်းမှာ အခက်အခဲရှိတဲ့အခါ .... အကူအညီလိုတဲ့အခါ မင်းကို အချိန်မရွေး အကူအညီပေးပါ့မယ်ဆိုတာ ငါကတိပြုပါတယ် .... "

တိန့်ထောက်သည် သွေးရိပ်သခင်မနှင့် မျက်နှာအေးသီလရှင်တို့ ဆက်စပ်နိုင်ကြောင်းကို စဉ်းစားမိသဖြင့် မေးမြန်းလိုက်သည်။

"ဆရာလေးရဲ့ ဒီနဝရတ်ဓားကို အဆိပ်ဘီလူးတို့တစ်တွေ စန်းလို့ကျောင်းတော်မှာ လာပြီးတိုက်ခိုက်လုယူကြတုန်းက အဆိပ်ဘီလူးတို့နဲ့အတူ သွေးရိပ်သခင်မပါ ပါလာခဲ့သလား .... "

မျက်နှာအေးသီလရှင်က ခေါင်းကိုညိတ်သည်။

"ပါလာခဲ့သားပဲ .... ဘာဖြစ်လို့လဲ .... "

"တပည့်တော် သိချင်တာက ဆရာလေးအနေနဲ့ ဒီအတွက် သွေးရိပ်သခင်မကို လိုက်ရှာပြီး ပြန်တိုက်ဦးမှာလား .... "

"ကျုပ်ရဲ့နဝရတ်ဓား ပြန်ရနေပြီပဲ .... ဒီကိစ္စ ဒီမှာတင်ပြီးပြီလို့ ကျုပ်သဘောထားလိုက်ပါပြီ .... ဘယ်သူ့ကိုမှရှာပြီး မတိုက်ခိုက်တော့ပါဘူး .... "

တိန့်ထောက်သည် ယခုအခါ နောင်တတရားရပြီး လမ်းမှန်လျှောက်နေပြီဖြစ်သော သွေးရိပ်သခင်မအကြောင်းကို မျက်နှာအေးသီလရှင်အား ပြောပြလိုက်သည်။

မျက်နှာအေးသီလရှင်လည်း ထိုသတင်းကိုကြားလိုက်ရသောအခါ ဝမ်းသာသွားသည်။ ထို့နောက် တိန့်ထောက်နှင့် မျက်နှာအေးသီလရှင်တို့လည်း လမ်းခွဲလိုက်ကြကာ တိန့်ထောက်သည် မြို့ထဲသို့ပြန်လာသည်။

အချိန်မှဲ့နေပြီဖြစ်သဖြင့် တည်းခိုခန်းဆီသို့ ပြန်လာပြီး အနား

ယူအိပ်စက်လိုက်သည်။

နောက်တစ်နေ့နံနက်တွင် တိန့်ထောက်သည် ဈေးထဲသို့ ထွက်ခဲ့ကာ ဈေးထဲမှ စားသောက်ဆိုင်တစ်ဆိုင်တွင် နံနက်စာစား လျက်ရှိသည်။ စားသောက်ပြီးမှ ဝမ့်တာ့ဖွဆီတွင် အဘိုးကြီးကြောင်နက် အပ်ထားခဲ့သော ငွေနှင်းဖြူ၏ပစ္စည်းကို သွားယူမည်ဟု ဆုံးဖြတ်ထား သည်။

အကယ်၍ ရဲ့ယန်းမြို့ ဆိပ်ကမ်းကိုသွားလို့မှ သွေးရိပ်သခင် နှင့် ငွေနှင်းဖြူတို့ပါသွားသောလှေကို မတွေ့ရလျှင် မိမိအနေနှင့်လည်း ဝိညာဉ်ပြန်ကျွန်းကိုသာ လိုက်သွားရန် တိန့်ထောက်စဉ်းစားထား သည်။

ထိုသို့ စဉ်းစားတွေးတောနေစဉ် သူ့နောက်မှ ခေါ်ဝေါ်နှုတ် ဆက်လိုက်သော စကားသံကို ကြားလိုက်ရသည်။

"မောင်ရင်က ဒီရောက်နေတာကိုး .... မောင်ရင်နဲ့ တွေ့ တာ အခန့်သင့်ပဲ .... "

တိန့်ထောက်က အသံလာရာသို့ လှည့်ကြည့်လိုက်ရာ အပြ ရောင်ဝတ်စုံဝတ်ထားသော အဘိုးအိုတစ်ဦး သူ့နောက်နားတွင်ရပ်နေ သည်ကို တွေ့ရသည်။

အဘိုးကြီးက သူ့ကို ရင်းနှီးဖော်ရွေသော အပြုံးနှင့် ပြုံးပြနေ သော်လည်း တိန့်ထောက်ကမူ ထိုအဘိုးကြီးကို တစ်ခါမှ မသိခဲ့ တစ်ခါမှလည်း မမြင်ဖူးချေ။

အဘိုးကြီးကမူ သူနှင့်မျက်နှာချင်းဆိုင်တွင် အသာအယာ ထိုင်လိုက်သည်။



တိန့်ထောက်သည် အေးအေးဆေးဆေး မေးလိုက်သည်။

"ဦးကြီးက ကျွန်တော့်ကို သိပါသလားခင်ဗျာ .... "

အဘိုးကြီးက ရယ်မောလိုက်ပြီး အသံကိုနှိမ့်၍ ....

"ဆရာကြီးကြောင်နက်က မောင်ရင်ရဲ့ပုံပန်းသဏ္ဌာန်ကို တိတိကျကျ အသေးစိတ်ပြောပြထားလို့ မောင်ရင့်ကို မြင်မြင်ချင်း ကျုပ်သိတာပေ့ါ .... မောင်ရင်က ရောင်ခြည်သိုင်းသမားမဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီးကကော .... "

"ကျုပ် ဝမ့်တာ့ဖွပါ .... မောင်ရင် ကျုပ်ရဲ့ဆန်ဆိုင်ကို လာ မလို့ မဟုတ်လား .... "

ထိုအခါမှ တိန့်ထောက်လည်း မိမိသွားတွေ့မည့်သူဖြစ်ကြောင်း သိရှိရပြီး လိုက်လိုက်လှဲလှဲ ပြန်ပြုံးလိုက်မိသည်။

"ဩော် ဦးကြီးက ဝမ့်တာ့ဖွကိုး .... ဟုတ်ပါတယ် .... အခု စားသောက်ပြီးရင် ဦးကြီးဆီကိုတောင် ကျွန်တော်လာတော့မလို့ပါ ဟိုအပ်ထားတဲ့ ပစ္စည်းကလေး ပြန်လိုချင်လို့ .... "

တိန့်ထောက်ကပြောပြောဆိုဆို သူ့ရင်ဖုံးအိတ်ထဲမှ အဘိုးကြီး ကြောင်နက်ရေးပေးထားသော စာကိုထုတ်ယူ၍ အဘိုးကြီးဝမ့်တာ့ဖွ လက်ထဲကို ပေးအပ်လိုက်သည်။

အဘိုးကြီးဝမ့်တာ့ဖွက စာကို လေးလေးစားစားကိုင်၍ ခေါင်းတညိတ်ညိတ်နှင့် ဖတ်သည်။ စာကိုဖတ်ပြီးသည်နှင့် တိန့်ထောက် ကို အသံနှိမ့်၍ပြောသည်။

"မောင်ရင့်ကို ကျုပ် အရှေ့ဘက်မြို့တံခါးဝမှာ စောင့်နေမယ် စားသောက်ပြီးတာနဲ့ မောင်ရင် လိုက်ခဲ့ပါ .... "

စကားဆုံးသည်နှင့် အဘိုးကြီးဝမ့်တာ့မှ ထိုင်ရာမှထရပ်က
တိန့်ထောက်ကို လက်ဖမိုးယုက် နှုတ်ဆက်၍ ထွက်ခွာသွားလေသ

တိန့်ထောက်လည်း ဟန်မပျက် ဆက်လက်စားသောက်
လိုက်သည်။

ဤနေရာ ဤဒေသမှာ ရွှေနဂါးတမန်တော်အဖွဲ့ ကြီးစိုးလွ
မိုးရာဒေသဖြစ်သောကြောင့် အဘိုးကြီး ဝမ့်တာ့ဖွသည် ငွေနှင်းဖြ
ပစ္စည်းကို သူ၏ဆန်ဆိုင်တွင် ခေါ်မပေးလိုသဖြင့် မြို့တံခါးဝသို့ ချိန်း
လိုက်ခြင်းဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိသည်။

ခဏနေမှ တိန့်ထောက်လည်း ကျသင့်ငွေကို ရှင်းကာ
ထဲမှ ထွက်ခွာ၍ အရှေ့ဘက်မြို့တံခါးဆီသို့ လာခဲ့သည်။

မြို့တံခါးဝတွင် သူ့ကိုရပ်စောင့်နေသော အဘိုးကြီးဝမ့်တ
ကို တိန့်ထောက်တွေ့ရသည်။

ဝမ့်တာ့ဖွက တိန့်ထောက်ကို ရင်းနှီးသောမိတ်ဆွေ
ယောက်ကိုကို တွေ့ဟန်ဖြင့် အားရပါးရ ဝမ်းပန်းတသာ နှုတ်ဆက်
မြို့ပြင်သို့ ခေါ်လာခဲ့သည်။ သူ့အသွင်အပြင်ဟန်ပန်က ရင်းနှီးသေ
မိတ်ဆွေတစ်ယောက်ကို မြို့ပြင်သို့ လိုက်ပို့ပုံမျိုးဖြစ်၏။

မကြာမီ တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့ပြီး တိ
ထောက်ကို တောအုပ်အတွင်းသို့ ခေါ်ဝင်လာခဲ့သည်။

ကြီးမားသော သစ်ပင်ကြီးတစ်ပင်ဆီသို့အရောက်တွင်
တာ့ဖွက ရပ်လိုက်သဖြင့် တိန့်ထောက်လည်း ရပ်လိုက်သည်။

ဝမ့်တာ့ဖွသည် ဘေးဘီပတ်ဝန်းကျင်ကို တစ်ချက်အကဲခ
၍ လှည့်ပတ်ကြည့်လိုက်သေးသည်။ ပြီးတော့ တိန့်ထောက်ကို လ



ကာပြလိုက်ကာ သစ်ပင်ပေါ်သို့ လွှားခနဲ ခုန်တက်သွားသည်။

သစ်ပင်ပေါ်ရောက်မှ သူသည် ဘေးပတ်ဝန်းကျင်ကို တစ်ချက်ထပ်မံ၍ ကြည့်လိုက်သည်။ တိန့်ထော်ကသည် အဘိုးကြီးဝမ့်တာ့ဖွ၏ အပြုအမူကို နားမလည်ချေ။ သို့သော် မမေးဘဲ အသာငြိမ်၍သာ ကြည့်နေသည်။

အဘိုးကြီးဝမ့်တာ့ဖွက သစ်ပင်ခွကြားတွင် ထိုင်ပြီး သစ်ခေါင်းထဲသို့ လက်နှိုက်လိုက်သည်။ သူလက်ပြန်ထုတ်လိုက်သောအခါ အပြာရောင်အဝတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ပါလာသည်။

အထုပ်ကိုကိုင်ပြီး အဘိုးကြီးဝမ့်တာ့ဖွ ပြန်ဆင်းလာသည်။ အောက်ကိုရောက်သည်နှင့် အထုပ်ကို တိန့်ထောက်အား ပေးသည်။

"ဒါ ဆရာကြီးကြောင်နက်ပေးအပ်ထားတဲ့ မောင်ရင်ရဲ့ပစ္စည်းပဲ .... အထဲက ပစ္စည်းမှန် မမှန်ကြည့်ပါဦး .... "

တိန့်ထောက်လည်း အပြာရောင်အဝတ်ကို ဖြေကြည့်လိုက်သည်။ အထုပ်ထဲတွင် သေတ္တာဘူးကလေး နှစ်ဘူးပေါ်လာသည်။ ထိုသေတ္တာဘူးကလေးနှစ်ဘူးမှာ အဘိုးကြီးကြောင်နက်ကို သူအပ်ထားခဲ့သော သေတ္တာဘူးကလေးများဖြစ်၏။

တိန့်ထောက်က ဘူးနှစ်ဘူးကို ဖွင့်မကြည့်တော့ဘဲ အပြာရောင်အဝတ်စဖြင့်ပင် ပြန်ပတ်ထုပ်လိုက်သည်။ ဘူးကလေးနှစ်ဘူးထဲတွင် မည်ကဲ့သို့ ပစ္စည်းမျိုးပါကြောင်း သူ့ကို ငွေနှင်းဖြူကလည်း ဖွင့်မပြောခဲ့ချေ။ သူကိုယ်တိုင်ကလည်း ဖွင့်မကြည့်သဖြင့် သိမထားချေ။

အထဲကပစ္စည်း မှန် မမှန်စစ်ကြည့်သော်လည်း တိန့်ထောက်သိရှိရမည်မဟုတ်သဖြင့် ဖွင့်မကြည့်ခြင်းပင် ဖြစ်လေသည်။

"ဘူးကို ဖွင့်စစ်ဆေးကြည့်ပါဦးလား မောင်ရင် .... အထဲ ပစ္စည်း မှန် မမှန်သိရတာပေါ့ .... "

တိန့်ထောက် ပြုံး၍ ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မစစ်တော့ပါဘူးခင်ဗျာ .... ဦးကြီးကို ကျွန်တော်ယုံပါတယ် ဒါနဲ့ ဦးကြီးက ဆရာကြီးကြောင်နက်ရဲ့မိတ်ဆွေလား .... "

"အင်း .... မိတ်ဆွေလည်း မိတ်ဆွေ .... ပြီးတော့ ခုံမင်အဖွဲ့ သားတစ်ယောက်လည်း ဖြစ်တယ်လေ .... "

ဝမ့်တာ့ဖူသည် ခုံမင်အဖွဲ့သားတစ်ယောက်ဖြစ်ကြောင်း တိန့် ထောက်သိလိုက်ရသဖြင့် ပိုမိုစိတ်ချယုံကြည်သွားသည်။

"ကျေးဇူးတင်ပါတယ် ဦးကြီး .... ကျွန်တော့်ကို သွားခွင့်ပြု ပါဦး .... "

"ကောင်းပါပြီ မောင်ရင် .... "

ဝမ့်တာ့ဖူနှင့် တိန့်ထောက်တို့ လမ်းခွဲခဲ့ကြသည်။ တိန့် ထောက်က ရဲ့ယန်းမြို့ဘက်ဆီသို့ ဦးတည်ထွက်ခွာလာခဲ့လေသည်။



## အခန်း(၁၀)
## နိုင်မာသော ဆုံးဖြတ်ချက်

ကြိုတင်ချိန်းဆိုထားသည့်အတိုင်းဆိုလျှင် သွေးရိပ်သခင်မတို့ သည် ရေလမ်းမှ ရဲ့ယန်းမြို့သို့ ရောက်လာလျှင် ကုန်းလမ်းခရီးဖြင့် ဇိညာဉ်ပြန်ကျွန်းသို့ ဆက်သွားကြမည်ဖြစ်သည်။

တိန့်ထောက် စဉ်းစားထားသည်။

ရဲ့ယန်းမြို့ကို သူရောက်၍မှ သွေးရိပ်သခင်မတို့ကို မမီလျှင် ဇိညာဉ်ပြန်ကျွန်းသို့ သူ့ဖာသာ လိုက်သွားရပေမည်။ မလွဲမသွေ ဇိညာဉ် ပြန်ကျွန်းတွင် သွေးရိပ်သခင်မတို့နှင့် ဆုံကြရမည်ဖြစ်၏။

တိန့်ထောက်သည် ရဲ့ယန်းမြို့သို့ လာရင်းမှ ရောင်နီသိုင်း သမား အိုးယင်ချင့်ကို သွားပြီး သတိရမိသည်။ ရောင်နီသိုင်းသမား အိုးယင်ချင့်သည် သူ့စကားအတိုင်း ဇနီးဖြစ်သူ ယန်းယုရှမ်းထံသို့ ရောက်မရောက်လည်း သိချင်လာသည်။

ယခု သူရောက်နေသော လမ်းခရီးနှင့် ယန်းယုရှမ်းနေထိုင် သော တျန်းအင်းဂူမှာ သိပ်ပြီးမဝေးကွာလှချေ။

ယန်းယုရှမ်းတို့ သားအမိအခြေအနေကိုလည်း ကြည့်ရင်း သူမ ထံမှငှားလာသော မိုးကြိုးဓားကိုလည်း ပြန်ပေးရင်း တျန်းအင်းဂူကို

သွားရန် တိန့်ထောက်ဆုံးဖြတ်ချက် ချလိုက်လေ၏။

ဆုံးဖြတ်ချက်အတိုင်း တိန့်ထောက်လာခဲ့ရာ နောက်တစ်
နေ့လယ်တွင် သူသည် ဖန်းစန်းတောင်သို့ ရောက်လာခဲ့သည်။

ယခင်တစ်ခေါက် ရောက်တုန်းကလို ညဘက်မဟုတ်ဘဲ
ခင်းအချိန်ဖြစ်သောကြောင့် တိန့်ထောက်သည် မြင်မြင်ထင်ထင်
တျန်းအင်းဂူရှိရာ ချောက်ကမ်းပါးကြီးထဲသို့ ဆင်းခဲ့သည်။

သူ့ကို ရုတ်တရက်မြင်လျှင် ရောင်နီသိုင်းသမားအိုးယင်ချင့်
ယန်းယုရှမ်းတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး အံ့သြတကြီးဖြစ်
တိတ်တဆိတ်ပင် တျန်းအင်းဂူကို လာခဲ့သည်။

ဂူအနီးသို့ အရောက်တွင် ဝတ်ရုံနက်ဝတ်ဆင်ထားသော
အတော်များများကိုတွေ့ရသဖြင့် တိန့်ထောက်လည်း ကျောက်တုံး
တစ်တုံးနောက်သို့ လှစ်ခနဲဝင်လိုက်ပြီး အခြေအနေကိုကြည့်မိသည်

ထိုသူများ၏အဝတ်အစားကိုမြင်ရုံနှင့် ဝမ်ရဲ့ရဲတိုက်အဖွဲ့သား
များဖြစ်ကြောင်းသိသဖြင့် တိန့်ထောက်သည် ယန်းယုရှမ်းတို့ သားအ
အတွက် စိုးရိမ်မကင်းဖြစ်သွားမိသည်။

သူသည် လူစုစုမြင်ရာသို့ ကျောက်တုံးများကို အကာအကွယ်
ယူကာ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့သည်။

ထိုအခါမှ ဝမ်ရဲ့အဖွဲ့သားများသည် မိသားစုသုံးယောက်
ဝိုင်းထားခြင်းဖြစ်ကြောင်း တိန့်ထောက် ကွဲကွဲပြားပြား မြင်ရတော
သည်။ ဝမ်ရဲ့အဖွဲ့သားများ၏ ဝိုင်းဝန်းပိတ်ဆို့ခြင်းကိုခံနေရသော မိသ
စုမှာ ရောင်နီသိုင်းသမား အိုးယင်ချင့်နှင့် ယန်းယုရှမ်းတို့ဖြစ်ကြော
အပေါ်စီးမှနေ၍ တိန့်ထောက် ကောင်းကောင်းမြင်တွေ့ရသည်။



ရောင်နီသိုင်းသမား၏မျက်နှာထားတင်းတင်းဖြင့် ရပ်နေကာ
သူ၏နောက်တွင် ဇနီးဖြစ်သူ ယန်းယုရှမ်းက သားကလေးကိုချီပြီး စိုး
ရိမ်ထိတ်လန့်သောမျက်နှာနှင့် ရပ်နေလေသည်။

သူ့ကို မိသားစုကို ဝိုင်းထားသော ဝမ်ရဲ့အဖွဲ့သားများမှာ စုစု
ပေါင်း ဆယ့်ငါးယောက်ခန့်ရှိလေသည်။

ထိုလူဆယ့်ငါးယောက်ထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသူ
ဝတ်ရုံနက်ကို ဝတ်ဆင်ထားသူက ရောင်နီသိုင်းသမားအိုးယင်ချင့်ကို
စကားပြောလေသည်။

"အုပ်ချုပ်ရေးမှူးကြီး ဘယ်လိုဆုံးဖြတ်ချက်ချပါသလဲခင်ဗျား"

ဝမ်ရဲ့အဖွဲ့သားများကို ဦးဆောင်လာသူမှာ အရည်ရှည်ရှည်၊
မျက်နှာသွယ်သွယ်ဖြင့်ရှိကာ သူ၏မျက်နှာမှာ မျောက်တစ်ကောင်၏
မျက်နှာနှင့် တူနေ၏။ ထိုသူ့ကို တိန့်ထောက်မသိချေ။ တစ်ခါမှလည်း
မမြင်ဖူးချေ။

ရောင်နီသိုင်းသမား အိုးယင်ချင့်သည် ဒေါသကြောင့် သူ့တစ်
ကိုယ်လုံး ဆတ်ဆတ်တုန်နေကာ စိုးရိမ်စိတ်ကြောင့် သူ့မျက်နှာမှာ
ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

မျောက်မျက်နှာနှင့်တူသော အဖွဲ့ခေါင်းဆောင်၏အသံမှာ စူး
စူးရှရှရှိကာ သူကထပ်မံပြီး ပြောလိုက်ပြန်သည်။

"အုပ်ချုပ်ရေးမှူးကြီး .... ခင်ဗျားကို ဝမ်ရဲ့ရဲတိုက်သခင်ကြီး
က ဘယ်လောက်အထိ အရေးပေးမြှောက်စားထားတယ်ဆိုတာကို
ခင်ဗျားအသိဆုံးပါ .... ဝမ်ရဲ့ရဲတိုက်က အမြင့်ဆုံးရာထူးကိုလည်း ပေး
ထားတယ် .... သူ့သမီးနဲ့လည်း ခင်ဗျားကို ပေးစားထားတယ် ....

ဒါတောင် ခုလိုဘာဖြစ်လို့ ခင်ဗျား ရှောင်ဖယ်သွားရတယ်ဆိုတာ ကျွန်တော်စဉ်းစားလို့ မရတော့ပါဘူး .... ”

ရောင်နီသိုင်းသမား အိုးယင်ချင့်က အေးစက်စက်လေသံ ပြန်ပြောသည်။

“နောင်ကြီးခန်း .... သိုင်းလောကက ကျုပ်ထွက်လိုက်ပြီ ရဲတိုက်သခင်ကြီးကို ပြောလိုက်ပါ .... ဘယ်တော့မှ သိုင်းလောကမှ မလှုပ်ရှားတော့ပါဘူးလို့ .... ဒီမှာပဲ ကျုပ်သားနဲ့ မယားနဲ့ အေးအေ ဆေးဆေး နေထိုင်တော့မယ် .... ဘယ်ကိစ္စ ဘယ်အရေးအခင်းမှ ကျုပ်ဝင်မပါချင်တော့ဘူး .... တစ်ချိန်တုန်းက ကျုပ်ဟာ လမ်း လိုက်ပြီး စည်းစိမ်ဥစ္စာကို မက်မောတဲ့စိတ်နဲ့ ရဲတိုက်သခင်ကြီးရဲ့စည် ရုံးမှုကို ခံလိုက်ရတယ် .... ကျုပ်မှားခဲ့တယ် .... အခုတော့ နောင်တ နေပြီ .... ”

နောင်ကြီးခန်းဆိုသော အဖွဲ့ခေါင်းဆောင်က မဲ့ပြုံးပြုံးကာ

“ဒီလိုပြောလိုက်ရုံနဲ့ ပြီးရောလား အုပ်ချုပ်ရေးမှူးကြီး ... ဒီလို ပြောလိုက်ရုံနဲ့ မပြီးဘူးဆိုတာ ခင်ဗျားလည်း သိမှာပါ .... ”

တိန့်ထောက်သည် ချောင်းကြည့်နေရာမှ ရောင်နီသိုင်းသမား အိုးယင်ချင့်၏သဘောဆန္ဒအမှန်ကို ကြားသိရသောအခါ ယန်းယုရှ တို့သားအမိအတွက် ဝမ်းသာမိလေသည်။

ရောင်နီသိုင်းသမားတို့မိသားစု အန္တရာယ်မကျရောက်ရန် မိ အတတ်နိုင်ဆုံး ကယ်တင်မည်ဟုလည်း ဆုံးဖြတ်ချက်ချလိုက်သည်

အဖွဲ့ခေါင်းဆောင်၏လှောင်ရယ်ရယ်သောစကားသံပေါ်လ ပြန်သည်။



“ဟင်း .... ဟင်း ...., စီမံရေးမှူး ဖေးလို့ယီက ခင်ဗျား ချောက်ထဲကျသေသွားပြီလို့ ရဲတိုက်သခင်ကြီးကို အစီရင်ခံခဲ့ပါတယ် ရဲတိုက်သခင်ကြီးက ကျုပ်ကို ခင်ဗျားရဲ့အလောင်း လိုက်ရှာခိုင်းခဲ့တယ် လေ .... အခုတော့ ခင်ဗျားကမသေဘဲ ဒီမှာ သားနဲ့မယားနဲ့ လာပြီး ပုန်းနေတာကိုး .... ကဲ အုပ်ချုပ်ရေးမှူးကြီး ကျုပ်က ရဲတိုက်သခင်ကြီး ကို ဘယ်လိုပြန်ပြောရမှာလဲ .... ”

ထိုစကားကိုကြားရသောအခါ တိန့်ထောက်သည် ဖေးလို့ယီ အတွက်ပါ စိုးရိမ်မကင်းဖြစ်သွားမိသည်။ ရောင်နီသိုင်းသမား၏သတင်း မှန်ကိုသာ ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကြားသွားပါက ဖေးလို့ယီကိုလည်း လိမ်လည်လှည့်ဖြားသူအဖြစ် သိသွားကာ အပြစ်ဒဏ်ပေးတော့မည်။

ထို့ကြောင့် ရောင်နီသိုင်းသမား အိုးယင်ချင့်၏အဖြစ်မှန်ကို ရဲတိုက်သခင်ကြီးကျင့်စန်းကျန်းမသိဖို့ အရေးကြီးသည်။ ရဲတိုက်သခင် ကြီး ကျင့်စန်းကျန်းမသိရန်မှာလည်း ယခု ရောင်နီသိုင်းသမားထံတွင် ရောက်နေသော ဝမ်ရဲ့အဖွဲ့ဝင်များအနက် မည်သူမှဝမ်ရဲ့ရဲတိုက်ကို ပြန် မရောက်မှဖြစ်ပေလိမ့်မည်။

အဖွဲ့ခေါင်းဆောင်က ဖျောင်းဖျသောလေသံမျိုးဖြင့် ဆက်ပြီး ပြောပြန်သည်။

“အကောင်းဆုံးကတော့ အုပ်ချုပ်ရေးမှူးကြီးအနေနဲ့ ပြန် လိုက်လာတာ အကောင်းဆုံးပါပဲ .... ခင်ဗျားတောင်းပန်လိုက်ရင် ရဲ တိုက်သခင်ကြီးက ကျေနပ်ခွင့်လွှတ်မှာပါ .... ခင်ဗျားအတွက် လိမ် ပေးတဲ့ ဖေးလို့ယီလည်း အပြစ်ဒဏ်မခံရတော့ဘူးပေါ့ .... ”

ရောင်နီသိုင်းသမား အိုးယင်ချင့်ကလည်း ဖေးလို့ယီအပြစ်

မဖြစ်စေရန် ကာကွယ်သည့်အနေနှင့် ပြန်ပြောသည်။

"ဖေးလို့ယီ လိမ်ပြောတာမဟုတ်ပါဘူး .... ကျုပ်ဟာ တ ချင်းတောင်မှာ တကယ်ပဲ ချောက်ထဲကို ကျခဲ့တာပါ .... ဒါပေမယ့် သေကံမရောက်သေးလို့ အသက်မသေခဲ့ပါဘူး .... "

"ကျုပ်ကတော့ ခင်ဗျားအတွက် ဖေးလို့ယီက ဝိုင်းလိမ်ပေး တယ်လို့ပဲ ထင်တယ် .... "

"ဒီမှာ ခန်းစန်းလန့် .... ခင်ဗျားကို ကျုပ်တစ်ခုမေးမယ် ... ရဲတိုက်သခင်ကြီးက ခင်ဗျားကို ကျုပ်အလောင်းရှာခိုင်းခဲ့တာပဲ ... ခင်ဗျားပြန်သွားပြီး ကျုပ်အလောင်းကို မတွေ့ဘူးလို့ ရဲတိုက်သခင်ကြီးကို ပြောလိုက်ရင်လည်း ဖြစ်တာပဲမဟုတ်လား .... ခင်ဗျားအတွက် ဘာအရေးကြီးလို့လဲ .... "

ထိုအခါမှ အဖွဲ့ခေါင်းဆောင်၏အမည်မှာ ခန်းစန်းလန့်ဖြစ်ကြောင်း တိန့်ထောက် သိရတော့၏။

ခန်းစန်းလန့်က ခေါင်းခါယမ်း၍ ပြန်ပြောသည်။

"မဖြစ်ဘူး .... ဘယ်နည်းနဲ့မှမဖြစ်ဘူး .... ရဲတိုက်သခင်ကြီးက ကျုပ်ကို ယုံကြည်လို့ ဒီတာဝန်ကို ပေးလိုက်တာပဲ .... ဒီတော့ ကျုပ်အနေနဲ့ ရဲတိုက်သခင်ကြီးကို မလိမ်ချင်ဘူး .... ကျုပ်ဟာ ရဲတိုက်သခင်ကြီးရဲ့သစ္စာတရားကိုပဲ စောင့်သိနိုင်မယ် .... ဒီတော့ ခင်ဗျားသာ ကျုပ်တို့နဲ့ ပြန်လိုက်ခဲ့ပါ .... "

"ကျုပ်မလိုက်နိုင်ဘူး .... "

ရောင်နီသိုင်းသမားအိုးယင်ချင့်က တင်းမာပြတ်သားစွာ ပြန်ပြောသည်။ ခန်းစန်းလန့်လည်း ဇွတ်ပြောနေသည်။



"ခင်ဗျားမလိုက်လို့ကို မဖြစ်ဘူး .... ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ဝမ်ရဲ့ရဲတိုက်က လျှို့ဝှက်ချက်တွေမှန်သမျှ အကုန်သိနေတယ် .... ရဲတိုက်သခင်ကြီးရဲ့အကြံအစည် အစီအစဉ်တွေကို သိနေတယ် .... ခင်ဗျားကသာ သစ္စာဖောက်ပြီး ရန်သူနဲ့ ပူးပေါင်းမယ်ဆိုရင် ကျုပ်တို့အဖွဲ့သားအားလုံး အန္တရာယ်အကြီးအကျယ်ဖြစ်လိမ့်မယ် .... ဝမ်ရဲ့အဖွဲ့တင်မဟုတ်ဘူး .... ရဲတိုက်မှာ ခိုလှုံနေကြတဲ့ သိုင်းဂိုဏ်းပေါင်းစုံက ခေါင်းဆောင်တွေရဲ့ အသက်အန္တရာယ်ကလည်း ရှိနေသေးတယ် .... ဒါဆို ခင်ဗျားသဘောပေါက်ဖို့ကောင်းပါတယ် .... အကောင်းဆုံးကတော့ ရဲတိုက်ကို ခင်ဗျားပြန်လိုက်ခဲ့ပြီး ရဲတိုက်သခင်ကြီးနဲ့ ဖြေဆိုဆွေးနွေးပါ .... ရဲတိုက်သခင်ကြီးရဲ့ခွင့်ပြုချက်ကိုယူပြီး နှုတ်ထွက်ချင် နှုတ်ထွက်ပါ .... "

"ဝမ်ရဲ့ရဲတိုက်ရဲ့ လျှို့ဝှက်ချက်ကို ဘယ်သူ့ကိုမှ ကျုပ်ဖွင့်မပြောဘူးဆိုတာ ကတိပေးပါတယ် .... ဒါကိုတော့ စိတ်ချပါ .... သိုင်းလောကမှာလည်း ကျုပ်မလှုပ်ရှားတော့ပါဘူး .... ဒီမှာပဲ အေးအေးဆေးဆေး နေတော့မယ် .... "

ခန်းစန်းလန့်က ခေါင်းကိုခါယမ်း၍ ....

"ခင်ဗျားကို သခင်ကြီးက စိတ်ချမှာမဟုတ်ဘူး .... ကျုပ်ဆီမှာ ကတိပေးတာထက် သခင်ကြီးဆီမှာ ကတိပေးတာ အကောင်းဆုံးပဲ .... "

ရောင်နီသိုင်းသမား အိုးယင်ချင့် မျက်နှာထားတင်းမာသွားပြီး ဒေါသတကြီးဖြင့် ပြန်ပြောသည်။

"ခန်းစန်းလန့် .... ကျုပ်ကို သတ်ချင်လို့ ခင်ဗျားရမယ်ရှာ

နေတာလား .... အကြောင်းရှာနေတာလား .... ”

“ဒါကတော့ ခင်ဗျားအေးအေးဆေးဆေး မလိုက်ဘူးဆိုရ
ခင်ဗျားကိုသတ်ခဲ့ရလိမ့်မယ် ရောင်နီသိုင်းသမား .... ”

ခန်းစန်းလန့်သည် ရောင်နီသိုင်းသမားအိုးယင်ချင့်ကို အ
ချုပ်ရေးမှူးကြီးဟူ၍ပင် မခေါ်တော့ဘဲ ရောင်နီသိုင်းသမားဟုသ
ခေါ်ဝေါ်ဆက်ဆံပြီဖြစ်၏။

ရောင်နီသိုင်းသမား အိုးယင်ချင့်သည် သူ့အတွက်ထက် သ
ညားနှင့် မယားအတွက် စိုးရိမ်သွားပြီး ယန်းယုရှမ်းတို့သားအမိကို လ
ခင်္ဂါဖက်မှဖက်ကာ နောက်ကို ခြေနှစ်လှမ်းဆုတ်လိုက်မိသည်။

ခန်းစန်းလန့်က ထပ်ပြောပြန်သည်။

“ရောင်နီသိုင်းသမား သခင်ကြီးရဲ့သမီး ခင်ဗျားဇနီးကျင်ရဲ့
ပည်း ခင်ဗျားကို အသက်ရှင်လျက်နဲ့တွေ့ရင် အပါခေါ်ခဲ့ဖို့ ကျုပ်
သေသေချာချာ မှာလိုက်ပါသေးတယ် .... သူ့ခမျာ ခင်ဗျားအတွ
အတော်ကြီးကို စိတ်ပူနေပါတယ် .... ”

သားကလေးကို ပွေ့ဖက်ထားသော ယန်းယုရှမ်းက ငိုရှိ
နေရင်းမှ ဝမ်းပန်းတနည်းဝင်ပြောသည်။

“အစ်ကိုရယ် .... ပြန်သာလိုက်သွားပါတော့ .... ညီမပဲ
သားကလေးကို တာဝန်ယူပြီး စောင့်ရှောက်နေပါ့မယ် .... လူလ
မြောက်အောင် ကျွေးမွေးပြုစုပါ့မယ် .... ညီမတို့အတွက်နဲ့ အစ်ကို
အသက်ကို ဘေးအန္တရာယ်အဖြစ်မခံပါနဲ့ .... ”

ရောင်နီသိုင်းသမား အိုးယင်ချင့်က ခေါင်းကိုခါယမ်းလိုက်၏
“မလိုက်ဘူး ညီမ .... မလိုက်ဘူး .... အမြင်မှန်ရပြီးမှ အစ်



ဟာ လမ်းမှားကို ပြန်မလျှောက်ကော့ဘူး .... ”

ခန်းစန်းလန့်က လှောင်ရယ်ရယ်လိုက်ပြီး ....

“ဟင်း .... ဟင်း .... ဟွင်း .... ဟင်း .... တကယ်ပဲ ခင်ဗျား
ဆုံးဖြတ်ချက်ချလိုက်ပြီလား ရောင်နီသိုင်းသမား .... ဒါဆိုရင်တော့
ခင်ဗျားကို ကျုပ်တို့ သတ်ရတော့မယ် .... ခင်ဗျားရဲ့သားနဲ့မယားကို
လည်း အသက်ရှင်လျက် မထားခဲ့ဘူး .... ”

ရောင်နီသိုင်းသမားက စိုးရွံ့စိတ်ကို ပယ်ဖျောက်လိုက်သည်။

“တိုက်စမ်းပါ .... သတ်စမ်းပါ .... ကျုပ်တို့ကလည်း ခံနေမှာ
မှမဟုတ်ဘဲ .... ခင်ဗျားတို့ကိုပါ သတ်ပြီး အသေခံမယ် .... အခုချိန်မှာ
ခင်ဗျားရဲ့ဆရာ ငရဲသားသိုင်းသမားကြီးကိုယ်တိုင်လာလဲ .... ကျုပ်ရဲ့
ဆုံးဖြတ်ချက်ကိုတော့ မပြောင်းလဲဘူး .... ”

ငရဲသားသိုင်းသမားဟူသော နာမည်ကို ကြားလိုက်ရသော
အခါ ထိတ်လန့်အံ့ဩသွားသည်။

တိန့်ထောက်သည် ငရဲသားသိုင်းသမားကြီး၏အကြောင်းကို
ကောင်းစွာ ကြားသိထားဖူးသည်။ ငရဲသားသိုင်းသမားကြီးသည် အဆင့်
မြင့်ထိပ်တန်းသိုင်းသမားကြီးတစ်ဦးဖြစ်သလို အနံ့အသက်နှင့် အရောင်
အဆင်းလုံးဝမရှိသော အဆိပ်ငွေ့ကို အသုံးပြုရာတွင် ထူးချွန်သူတစ်
ယောက်ဖြစ်သည်။

ငရဲသိုင်းသမားကြီးသည် ရန်သူနှင့် ရင်ဆိုင်တွေ့သောအခါ
အရောင်အဆင်း အနံ့ကင်းသော အဆိပ်ကို ထုတ်လွှတ်၍ တိုက်ခိုက်
တတ်သည်။ ရန်သူသည် အဆိပ်ငွေ့နှင့် တိုက်ခိုက်ခံရကြောင်းပင် မသိရ
ချေ။ အနံ့ကိုလည်း မရ၊ အငွေ့ကိုလည်း မမြင်ရသဖြင့် မသိခြင်းဖြစ်

၏။

ခေါင်းထဲတွင် မှုးမိုက်လာတော့မှ အဆိပ်မိကြောင်းသိရ
၏။ သို့သော် ထိုအချိန်တွင် မည်သို့မှ ငရဲသားသိုင်းသမားကြီးကို
တိုက်ခိုက်နိုင်တော့မည်မဟုတ်ဘဲ လဲကျသေဆုံးသွားမည်သာဖြစ်

ခန်းစန်းလန့်သည် ငရဲသားသိုင်းသမားကြီး၏တပည့်
ကြောင်း သိရသောအခါ ရောင်နီသိုင်းသမားတို့မိသားစုကို အဆိပ်
နှင့်ပင် တိုက်ခိုက်လိမ့်မည်ဟု တိန့်ထောက်သိလိုက်သည်။

ထိုစဉ်မှာပင် ခန်းစန်းလန့်၏ နောက်လိုက်အဖွဲ့သားများသ
သူတို့ရင်ဖုံးအိတ်ထဲမှ ကြွေအိုးငယ်ကလေး တစ်လုံးစီကို ကိုင်လိုက်
သည်။ ထိုကြွေအိုးငယ်ကလေးများထဲတွင် အဆိပ်ငွေ့များပါလိမ့်
ဖြစ်ကြောင်း တိန့်ထောက်အတပ်သိလိုက်လေသည်။

## အခန်း(၁၁)

## အနံ့မဲ့ အရောင်မဲ့အဆိပ်

"ရောင်နီသိုင်းသမား၊ ကျုပ်ရဲ့လက်တစ်ဖက် မြှောက်ပြလိုက်တာနဲ့ ခင်ဗျားတို့မိသားစုသုံးယောက်စလုံး သေကြရလိမ့်မယ်နော်"

ခန်းစန်းလန့်၏စကားကို ရောင်နီသိုင်းသမားအိုးယင်ချင့်က အမှုမထားဘဲ ပြန်ပြောသည်။

"ခန်းစန်းလန့် .... ခင်ဗျားကိုလည်း ကျုပ်သတ်ရင် အလွယ်ကလေးပဲဆိုတာ သိထားစမ်းပါ .... "

ခန်းစန်းလန့် သတိထားဟန်ဖြင့် နောက်ကို ခြေနှစ်လှမ်းဆုတ်လိုက်ပြီး ....

"သြော် .... ခင်ဗျားကလည်း ကျုပ်ကိုတိုက်ခိုက်မယ်ပေါ့.... ဟုတ်လား .... "

ထိုအချိန်တွင် တိန့်ထောက်သည် ရောင်နီသိုင်းသမား အိုးယင်ချင့်တို့မိသားစု၏အသက်အန္တရာယ်ကို ကယ်တင်ရန် အလျင်အမြန်စဉ်းစားရတော့သည်။

သူပုန်းကွယ်ရာမှ ပြေးထွက်သွားပါက ခန်းစန်းလန့်သည် သူ… လူများကို အချက်ပြလိုက်လေတော့သည်။ သူ့တပည့်များ၏လက်… အဆိပ်အိုးများ ပေါက်ကွဲသွားလျှင် ရောင်နီသိုင်းသမားတို့မိသားစုမှ… ရှောင်ထွက်၍ ရတော့မည်မဟုတ်ချေ။

တိန့်ထောက်အနေနှင့်မူ သူ့ထံတွင် အဆိပ်ဖြေကျောက်ရှိနေ… သောကြောင့် ခန်းစန်းလန့်တို့၏အဆိပ်ငွေ့ကို မကြောက်ရွံ့ပါချေ။

ရုတ်ခြည်းဆိုသလို တိန့်ထောက် အကြံတစ်ခုရလိုက်သည်…

သူ ဝမ်ရဲ့ရဲတိုက်တွင်နေထိုင်ခဲ့စဉ်တုန်းက အဖွဲ့သားအချင်း… ချင်း အသုံးပြု စကားဝှက်ကို သတိရမိသည်။ ထိုစကားဝှက်ကို အသုံး… ပြု၍ ရောင်နီသိုင်းသမားတို့မိသားစုကို ကယ်တင်ရန် တိန့်ထောက်… ဆုံးဖြတ်ချက်ချလိုက်လေသည်။

တိန့်ထောက်သည် အမှောင်ရိပ်ကျသော ကျောက်တုံးပေါ်သို့… ခုန်တက်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ တိန့်ထောက်ရှိနေသော… နေရာနှင့် ခန်းစန်းလန့်တို့ရှိနေသော နေရာမှာအတော်ကလေး အလှမ်း… ကွာဝေးသဖြင့် သူသည် အမှောင်ရိပ်ကို ကွယ်ကာ ကျောက်တုံးပေါ်သို့… ရပ်လိုက်ခြင်းဖြစ်သည်။ သူသည် ကျောက်တုံးပေါ်မှပင် အသံကျယ်… ကျယ်ဖြင့် အော်လိုက်သည်။

"လမင်းရောင်ဖြာည .... "

ခန်းစန်းလန့်တို့လူစုအားလုံးပင် အသံထွက်ပေါ်လာရာ… လှမ်းကြည့်လိုက်သည်။ အရိပ်ထဲတွင်ရပ်နေသော တိန့်ထောက်ကိုမြ… ကြသော်လည်း မျက်နှာကို မသဲကွဲသဖြင့် မည်သူမည်ဝါမှန်းမသိကြပေ…



တိန့်ထောက်က စကားဝှက်ကို အော်ပြောလိုက်ခြင်းဖြစ်သဖြင့် ခန်းစန်းလန့်ကလည်း ချက်ချင်းပြန်ပြောသည်။

"တစ်ကိုယ်တည်း တွေးပြီး သက်ပြင်းချ .... "

ခန်းစန်းလန့်က ပြန်အော်ပြီး တိန့်ထောက်ကို ဆက်ပြောသည်။

"ညဉ့်သန်းခေါင် အမှောင်ဖုံး .... "

တိန့်ထောက်က ပြန်အော်သည်။

"ရဲတိုက်မှာ အမှောင်မဖုံး .... အမြဲတမ်း အလင်းဆောင်နေတုန်း .... "

ထိုစကားဝှက်ကို ပြောပြီးသောကြောင့် ခန်းစန်းလန့်သည် တိန့်ထောက်ကို ဝမ်ရဲ့ရဲတိုက်သားတစ်ယောက်ဟုပင် ထင်မှတ်သွားသည်။ ထို့ကြောင့် လှမ်းမေးလိုက်၏။

"ဘာကိစ္စလဲဟေ့ .... "

တိန့်ထောက်က အသံကိုမြှင့်၍ ပြန်ပြောသည်။

"ဆရာကြီးငရဲသားက ကျွန်တော့်ကို စေလွှတ်လိုက်ပါတယ်"

သူ့ဆရာသမားထံမှ စေလွှတ်လိုက်ခြင်းဖြစ်နေသောအခါ ခန်းစန်းလန့် ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ပြန်မေးသည်။

"ဟေ့ ဘာအကြောင်းထူးလို့လဲ .... "

"လျှို့ဝှက်ကိစ္စဖြစ်လို့ ကျွန်တော်တိုးတိုးပဲ ပြောပါရစေ ...."

"အေး ငါလာခဲ့မယ် .... မင်းစောင့်နေ .... "

တိန့်ထောက်က လက်ဖမိုးယှက်နေပြီး ကျောက်တုံးနောက်ကွယ်ကို ပြန်ခုန်ဆင်းကာ ပုန်းနေလိုက်သည်။

ခန်းစန်းလန့်က သူ့အဖွဲ့သားများကို မှာကြားသည်။

"မင်းတို့အားလုံး ရောင်နီသိုင်းသမားကို ဒီလိုပဲ ဝိုင်းမြဲဝိုင်းထားကြ .... ငါအခုပဲ ပြန်လာခဲ့မယ် .... "

အဆိပ်အိုးကို ကိုင်ဆောင်ထားကြသော ဝမ်ရဲ့အဖွဲ့သားများလည်း ရောင်နီသိုင်းသမားနှင့် ယန်းယုရှမ်းတို့သားအမိကို ဝိုင်းမြဲဝိုင်းထားကြသည်။

"သူတို့ ငြိမ်ငြိမ်မနေဘူးဆိုရင် ခုခံမယ်ကြံရင် အဆိပ်အိုးနဲ့သာ ဝိုင်းပြီး ပစ်လိုက်ကြ .... "

ထိုသို့ မှာကြားပြီး ခန်းစန်းလန့်သည် တိန့်ထောက်ရပ်နေသော ကျောက်တုံးကြီးပေါ်သို့ ပြေးနှင်လာခဲ့သည်။ သူသည် စောစောက တိန့်ထောက်ရပ်နေသောကျောက်တုံးကြီးပေါ်သို့ခုန်တက်လိုက်ပြီးမှ တစ်ဘက်ကို ခုန်ဆင်းလိုက်သည်။

သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် မျက်မှောင်ကြုတ်သွားပြီး ခေါင်းကို လှည့်လိုက်သည်။

ထိုစဉ် အနောက်ဘက်ကျောက်တုံးကွယ်မှ တိန့်ထောက်လှစ်ခနဲ ထွက်လာပြီး ခန်းစန်းလန့်၏နောက်ကျောကို ဓားဦးဖြင့် ထောက်ထားလိုက်တော့၏။

"မလှုပ်နဲ့ .... အသံလည်း ကျယ်ကျယ်မထွက်နဲ့ .... နို့မဟုတ်ရင် ကျုပ်ဓားက ခင်ဗျားကျောကို ဖောက်ဝင်သွားလိမ့်မယ် .... "

ယခုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု လုံးဝထင်မှတ်မထားသော ခန်းစန်းလန့်သည် ထိတ်လန့်တကြီးဖြစ်သွားသည်။ သူက နောက်သို့ လှည့်မကြည့်ဘဲ မေးမြန်းလိုက်သည်။



"မင်း ဘယ်သူလဲ .... "

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိဖို့မလိုဘူး .... ကျုပ်အမိန့်ကိုပဲ ခင်ဗျားနာခံရမယ် .... ခင်ဗျားရဲ့လူတွေအားလုံး တစ်ယောက်မကျန် ဒီကိုခေါ်လိုက်ပါ .... ရောင်နီသိုင်းသမားတို့ မိသားစုကို ဘာအန္တရာယ်မှ မဖြစ်ပါစေနဲ့ .... "

ခန်းစန်းလန့်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ထိုသို့ သူငြိမ်နေခြင်းမှာ အနံ့မရှိ၊ အရောင်မရှိသော အဆိပ်ကို အသုံးပြုနေ၍ ဖြစ်လေသည်။

တိန့်ထောက် ခေါင်းထဲတွင် ရုတ်တရက် မူးဝေလာသည်။ သူသည် ထိတ်ခနဲဖြစ်သွားမိသည်။

ခန်းစန်းလန့်သည် အနံ့မဲ့၊ အရောင်မဲ့အဆိပ်ကို အသုံးပြု၍ သူ့အားတိုက်ခိုက်နေပြီဖြစ်ကြောင်းလည်း ချက်ချင်းတွေးမိသည်။

တိန့်ထောက်က ချက်ချင်း အသက်အောင့်ထားလိုက်ပြီး လွတ်နေသော ဘယ်ဘက်လက်မှ အဆိပ်ဖြေကျောက်ကို နှိုက်ယူကာ ပါးစပ်ထဲသို့ ထည့်ငုံလိုက်သည်။

ချက်ချင်းပင် မူးဝေခြင်းတို့လည်း ပျောက်သွားသည်။

"ခေါ်လိုက်လေ .... ခင်ဗျားလူတွေကို .... "

တိန့်ထောက်က ပြောလိုက်သော်လည်း ခန်းစန်းလန့်သည် ဘာမှမပြောဘဲ တိန့်ထောက် မူးမေ့လဲကျသွားမည့်အချိန်ကိုသာ စောင့်နေသည်။

သို့သော် ခဏမျှကြာသည့်တိုင်အောင် တိန့်ထောက်လဲ မသွားဘဲရှိနေသည်ကို သိရလေသောအခါ အံ့ဩဝှန်လှုပ်သွားမိ သည်။

တိန့်ထောက် မခိုးမခန့် လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားရဲ့အနံ့မှဲ .... အရောင်မှဲအဆိပ်ငွေ့က ကျုပ်ကို ဘ လိုမှ အန္တရာယ်မပေးနိုင်ဘူးဆိုတာ ခင်ဗျားသိထားစမ်းပါ .... "

ခန်းစန်းလန့် တုန်လှုပ်စွာဖြင့် ပြန်မေးသည်။

"မင်း .... မင်း .... ဘယ်သူလဲ .... လဲ .... "

တိန့်ထောက်က ဓားဦးကို ခန်းစန်းလန့်၏ကျောပြင် အသ ထဲကို စပါးလုံးတစ်ထောက်စာမျှ စိုက်သွင်းလိုက်သည်။ ခန်းစန်းလ နာကျင်သွားသဖြင့် မျက်နှာတစ်ချက်မဲ့သွားသည်။

"ကျုပ်ကို ဘာမှမေးမနေနဲ့ .... အခုချက်ချင်း ခင်ဗျားလူ ကို ဆုတ်ခွာလာဖို့ အမိန့်သွားပေးပါ .... ကျုပ်လည်း ခင်ဗျားနဲ့လိုက် မယ် .... မဟုတ်မဟပ်ကြံရင်တော့ ခင်ဗျားအသေပဲ .... "

"မင်းဘယ်သူလဲဆိုတာ မပြောသရွေ့ မင်းပြောသလို ငါမလု နိုင်ဘူး .... "

"ဒါဆို ခင်ဗျားက အသေခံမယ်ပေါ့ ဟုတ်လား .... "

"ငါ့လူတွေကို ဆုတ်ခိုင်းလိုက်ရင်ကော မင်းက အန္တရာယ် မပေးဘူးလို့ ငါက ယုံရမှာလား .... "

"စကားမရှည်နဲ့ .... အခုချက်ချင်း ကျုပ်ပြောသလိုသာ ခ ဗျားလူတွေကို အမိန့်ပေးလိုက်ပါ .... "



"ဟင်း .... ဟင်း .... ငါ့ကို မင်းသတ်လိုက်လို့လဲ ရောင်နီ သိုင်းသမားတို့မိသားစုကို မင်းကယ်ဖို့ မလွယ်ပါဘူး .... "

"ဘာပဲဖြစ်ဖြစ် ကျုပ်ပြောသလိုသာ လုပ် .... "

တိန့်ထောက်က ခန်းစန်းလန့်၏အသားထဲကို နောက်ထပ် စပါးလုံးတစ်ထောက်စာမျှ ဓားကိုစိုက်သွင်းလိုက်ပြန်သည်။

"အား .... "

ခန်းစန်းလန့်မှာ နာကျင်လွန်းသဖြင့် သွားကြိတ်မှ ညည်းတွားသံ ပင် ပေါ်လာသည်။

"မင်းဓားကို ရုပ်လိုက်ပါ .... ဒါဆို ငါအမိန့်ပေးလိုက်ပါ့မယ်"

"ဓားကိုတော့ မရုပ်နိုင်ဘူး .... နည်းနည်းပဲ ပြန်လျှော့ပေး မယ် .... အမိန့်သာပေးလိုက် .... "

ခန်းစန်းလန့် စဉ်းစားပြီးနောက် အသံခပ်ကျယ်ကျယ်ဖြင့် သူ့ လူများကြားအောင် အော်ပြောလိုက်သည်။

"ဟီတ်ကောင်တွေ ငါပြောတာကို နားထောင်စမ်း ...၊ မင်း တို့အားလုံး ရောင်နီသိုင်းသမားတို့ မိသားစုကို ဒုက္ခမပေးကြနဲ့တော့ ဝိုင်းထားတာကို ဖျက်ပြီး မင်းတို့အားလုံး ငါ့ဆီကို လာခဲ့ကြ .... "

တစ်ဘက်မှ ရောင်နီသိုင်းသမားတို့ကို ဝိုင်းရံထားသော အဖွဲ့ ဝင်များသည် သူတို့ခေါင်းဆောင်၏အမိန့်သံကြောင့် အံ့အားသင့်သွား ကြသည်။ သို့သော် ဝမ်ရဲ့ရဲတိုက်မှ အမိန့်ရောက်လာသဖြင့်သာ ခန်းစန်း လန့်က သူတို့ကို ဤသို့ အမိန့်ပေးခြင်းဖြစ်လိမ့်မည်ဟု တွေးမိကြပြီး ရောင်နီသိုင်းသမားတို့ကို ဝိုင်းထားခြင်းမှ ဆုတ်ခွာလိုက်ကြ၏။

ထို့နောက် ခန်းစန်းလန့်၏အသံထွက်ပေါ်လာရာဆီသို့ တပ်ယောက်မကျန် လာခဲ့ကြသည်။

"ဟုတ်ပြီ ခင်ဗျားလူတွေ ရောက်လာတဲ့အခါ ကျုပ်က တရားမျှတစွာ ခင်ဗျားနဲ့ တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ပါ့မယ် .... အခုပုံစံအတိုင်း ခင်ဗျားကို အနိုင်မယူပါဘူး .... "

တိန့်ထောက်လည်း ပြောင်သွားပြီး ပြောလိုက်သည်။

ထိုစဉ် အဆိပ်ငွေ့ထည့်ထားသော ကြွေအိုးကလေးများကို ဆုပ်ကိုင်ထားကြသော ဝမ်ရဲ့အဖွဲ့သားများအားလုံး တိန့်ထောက်တို့အနီးသို့ ရောက်လာကြသည်။ သူတို့ခေါင်းဆောင် ခန်းစန်းလန့်ကို တိန့်ထောက်က ထိန်းချုပ်ထားကြောင်း တွေ့လိုက်ရသောအခါ အံ့ဩထိတ်လန့်ကုန်ကြသည်။

တိန့်ထောက်က ဝမ်ရဲ့အဖွဲ့သားများကို လှမ်းအော်လိုက်သည်။

"ခင်ဗျားတို့အားလုံး ရပ်နေကြပါ .... လှုပ်လှုပ်ရှားရှားလုပ်ရင် ခင်ဗျားတို့ခေါင်းဆောင် အသေပဲ .... "

တိန့်ထောက်၏အမိန့်ကြောင့် ဝမ်ရဲ့အဖွဲ့သားများအားလုံး ရောက်ရာနေရာတွင်ပင် ရပ်နေလိုက်ကြရ၏။

ထိုအခါမှ တိန့်ထောက်က ခန်းစန်းလန့်ကို ပြောလိုက်သည်။

"ခင်ဗျားကို ကျုပ်က ဓားကွက်သုံးကွက်ပဲ တိုက်မယ် .... ဒီဓားကွက်သုံးကွက်ကို ခင်ဗျားခုခံနိုင်တယ်ဆိုရင် ခင်ဗျားတို့အားလုံးကို ကျုပ်ပြန်လွှတ်ပေးလိုက်မယ် .... ကဲ ကျုပ်ဘက်ကိုလှည့်ပြီး ခင်ဗျားတိုက်ခိုက်နိုင်ပါပြီ .... "



စကားအဆုံးတွင် တိန့်ထောက်က နောက်ကို ခြေသုံးလှမ်း ဆုတ်ခွာပေးလိုက်၏။ ယခုမှ ခန်းစန်းလန့်လည်း တိန့်ထောက်ဘက်ကို လှည့်ကြည့်နိုင်တော့၏။

"မင်း ဘယ်သူလဲ .... "

ခန်းစန်းလန့်က ထိုမေးခွန်းကိုသာ ထပ်ပြီးမေးသည်။ သူ့ခါးမှ ဓားကိုလည်း ဆွဲထုတ်ကိုင်လိုက်သည်။

တိန့်ထောက်က လေသံမာမာဖြင့် ပြန်ပြောသည်။

"ကျုပ်က ရောင်ခြည်သိုင်းသမား တိန့်ထောက် .... "

ခန်းစန်းလန့် မျက်နှာကွက်ခနဲပျက်သွားကာ နောက်ကို ခုန်ဆုတ်လိုက်ပြီး သူ့လူများကို အမိန့်ပေးလိုက်သည်။

"အဆိပ်အိုးနဲ့ ပေါက်ကြ .... "

ခန်းစန်းလန့် အမိန့်သံအဆုံးတွင် ဝမ်ရဲ့ရဲတိုက်အဖွဲ့သားများသည် သူတို့လက်ထဲမှ အဆိပ်အိုးများနှင့် တိန့်ထောက်ကို ဝိုင်းပေါက်ကြလေတော့သည်။

ညီမျှသော အခွင့်အရေးကိုပေးပါလျက် သူ့အပေါ် ယုတ်မာသော ခန်းစန်းလန့်ကို တိန့်ထောက် ဒေါသထွက်သွားပြီး ရှေ့ကိုခုန်လိုက်၏။ သူ့ဓားကို ဝှေ့ယမ်း၍ ခန်းစန်းလန့်ကို ခုတ်လိုက်၏။

"ဝှစ် .... "

"အား .... "

ဓားရိပ်တစ်ချက် လက်သွားပြီး ခန်းစန်းလန့်သည် မည်သို့မှ

မရှောင်တိမ်းနိုင်တော့ဘဲ တိန့်ထောက်၏ ဓားချက်မိကာ လဲကျသ
သည်။

အဆိပ်အိုးများမှာ စောစောက တိန့်ထောက်ရပ်နေရာ
ပေါ်သို့ ကျရောက်သွားပြီး ကွဲကုန်သည်။ သို့သော် မည်သည့်အခိုးအ
မှ ထွက်မလာချေ။

ဝမ်ရဲ့အဖွဲ့သားများအားလုံး ထိတ်လန့်တကြီးနှင့် ပြေးထွ
သွားကြ၏။ ဝက်အုပ်တစ်အုပ် ကျားတစ်ကောင်ကိုမြင်သဖြင့် ပြေးလွ
သွားသည့် ပုံစံမျိုးဖြစ်၏။ သူတို့ ပြေးလွှားသွားပုံက ကစဉ့်ကလ
နိုင်လှသည်။

တိန့်ထောက်သည် ယခု ဤနေရာတွင်ရှိနေသော ဝမ်ရဲ့အ
သားများကို တစ်ယောက်မှ အလွတ်ပေး၍မဖြစ်ကြောင်း သိထား
တစ်ဦးတစ်ရောက်သာ ရောက်သွားပါက ရောင်နီသိုင်းသမားတို့မိသ
စု၏ သတင်းကို ရဲတိုက်သခင်ကြီး သိသွားမည်ဖြစ်ပြီး အမြင်မှန်ရ
သည့် ရောင်နီသိုင်းသမားတို့မိသားစုမှာ အေးအေးချမ်းချမ်း နေ
တော့မည်မဟုတ်ချေ။

လူကောင်းတစ်ယောက် အန္တရာယ်မဖြစ်နိုင်ရန် လူဆိုးဆ
ယောက်ကို သတ်သင့်က သတ်ရမည်ဟူသော ထုံးကို နှလုံးမူထား
တိန့်ထောက်သည် ကစဉ့်ကလျားပြေးသွားသော ဝမ်ရဲ့ရဲတိုက်အဖွဲ့
များထံသို့ ခုန်လွှားချ၍လိုက်ကာ မညှာမတာ တိုက်ခိုက်သုတ်သင်
၏။

"အား ...."



"အင့် ...."

"အီး ...."

အော်ဟစ်ညည်းတွားသံများ သောသောညံသွားသည်။ ဝမ်ရဲ့အဖွဲ့သားများအားလုံး တစ်ယောက်မှပြေးမလွတ်ကြဘဲ တိန့်ထောက်လက်ချက်ဖြင့် လဲကျကုန်ကြသည်။

သူသည် ဝမ်ရဲ့အဖွဲ့ဝင်တစ်ယောက်ကိုမှ ရဲတိုက်သို့ပြန်သွားခွင့်မပေးတော့ချေ။

ထိုစဉ် ရောင်နီသိုင်းသမားလည်း တိန့်ထောက်ထံသို့ အပြေးအလွှားရောက်လာသည်။

တိန့်ထောက်က လှမ်းအော်သတိပေးလိုက်သည်။

"မလာနဲ့ နောက်ဆုတ် .... အဆိပ်ငွေ့တွေ ပျံ့နေတယ်"

ကြွေအိုးကလေးထဲမှ အဆိပ်ငွေ့မှာ အနံ့မဲ့ အရောင်မဲ့ အဆိပ်ငွေ့ဖြစ်လေရာ မျက်လုံးဖြင့်လည်း မမြင်ရချေ။ အနံ့ကိုလည်း ရှူရှိုက်၍ မသိနိုင်ချေ။

ရောင်နီသိုင်းသမားက မသိဘဲ ဇွတ်တိုးဝင်လာမည်ကို စိုးရိမ်သောကြောင့် တိန့်ထောက်က အော်ဟစ်သတိပေးလိုက်ခြင်းဖြစ်သည်။

ရောင်နီသိုင်းသမားသည် ချက်ချင်းပင် နောက်ကိုခုန်ဆုတ်သွားသည်။ သူသည် တိန့်ထောက်လက်ချက်နှင့် ဝမ်ရဲ့အဖွဲ့သားများအားလုံး တစ်ယောက်မကျန် လဲကျနေသည်ကို မြင်ရသဖြင့် အံ့သြနေသည်။

မျှော်လင့်မထားဘဲ တိန့်ထောက်ရောက်လာပြီး သူတို့မိသား

စု၏ အသက်ဘေးအန္တရာယ်ကို ကယ်တင်လိုက်ခြင်းအတွက်လ
ဝမ်းမြောက်ဝမ်းသာဖြစ်နေမိသည်။

တိန့်ထောက်လည်း အဆိပ်ငွေ့များကြားမှဖြတ်၍ ရော
သိုင်းသမားထံသို့ ပြေးဝင်လာခဲ့သည်။

ရောင်နီသိုင်းသမားက တိန့်ထောက်ကို ဂူဝဆီသို့ ဝမ်းသ
အားရ ခေါ်ဆောင်လာခဲ့သည်။ ဂူဝတွင် ရပ်နေကြသော ယန်းယု
တို့ သားအမိသည် တိန့်ထောက်ကို မြင်ကြသောအခါ ဝမ်းပန်းတသ
ကြိုဆိုကြသည်။

ယန်းယုရှမ်းကလည်း ကျေးဇူးတင်စကား အထပ်ထပ်ပြေ
သည်။

"ငါ့မောင် တိန့်ထောက်ရောက်လာပေလို့သာပေါ့ကွယ် ..
နို့မို့ အစ်မလေးတို့မိသားစု ဘယ်လိုနည်းနဲ့မှ သူတို့လက်က လွတ်
မဟုတ်ဘူး .... အားလုံးသေကုန်ကြမှာ .... "

ရောင်နီသိုင်းသမားကလည်း တိန့်ထောက်ကို လက်ဖ
ယုက်၍ ရင်းနှီးစွာ ပြောသည်။

"ကျုပ်တို့မှာ ညီလေးတိန့်ထောက်ပေးတဲ့ အသက်ပဲရှိပါတေ
တယ် .... ဒီကျေးဇူးကို ကျုပ်တစ်သက် ဆပ်လို့ကုန်တော့မှာမဟုတ်
ဘူး .... "

တိန့်ထောက်က ဖော်ရွေရင်းနှီးစွာ ရောင်နီသိုင်းသမားအို
ယင်ချင့်၏ လက်တစ်ဖက်ကို ဆွဲလိုက်ပြီး ပြန်ပြောသည်။

"ခုမှတော့ ဝမ်ရဲ့ရဲတိုက်ရဲ့ရန်ကို စိုးရိမ်စရာမလိုတော့ပါဘ



ဒီမှာရှိတဲ့လူတွေလည်း တစ်ယောက်မှ ရဲတိုက်ကို ပြန်သတင်းပို့နိုင်ကြ
တော့မှာမဟုတ်ပါဘူး .... ကျွန်တော့်အနေနဲ့တော့ ခုလိုနောင်ကြီးတို့
မိသားစု အေးအေးချမ်းချမ်းနေတာရယ် .... နောင်ကြီးအိုး အမှန်
တကယ် အမြင်မှန်ရနေပြီဆိုတာရယ် သိရလို့ ဝမ်းသာလှပါပြီ ... ကျွန်
တော်လည်း ဒီဘက်ကို လမ်းကြုံတာနဲ့ မိုးကြိုးဓားကိုလည်း ပြန်ပေးရင်း
နောင်ကြီးအိုးရဲ့ အခြေအနေကိုလည်း သိချင်တာနဲ့ ဝင်လာခဲ့တာပါ"

"ဂူထဲဝင်ပါဦး ငါ့မောင်ရယ် .... ကျွေးမွေးဧည့်ခံလိုက်ပါရစေ
ဦး .... "

ယန်းယုရှမ်းက လှိုက်လှဲစွာ ဖိတ်ခေါ်သည်။ တိန့်ထောက်က
ခေါင်းကိုခါယမ်း၍ ....

"ကျွန်မ မဝင်တော့ပါဘူး အစ်မလေး .... ကျွန်တော် အချိန်
လုပြီး လာခဲ့ရတာပါ .... ကျွန်တော့်မှာ အရေးဝကြီးဆောင်ရွက်ရမယ့်
ကိစ္စတစ်ခုရှိနေလို့ အမြန်ဆုံးသွားရပါလိမ့်မယ် .... "

ရောင်နီသိုင်းသမား အိုးယင်ချင့်နှင့် ယန်းယုရှမ်းတို့နှစ်ယောက်
လုံး စိတ်မကောင်းဖြစ်သွားကြသည်။

"ညီလေးတိန့် .... တို့ဆန္ဒကတော့ ရောက်တုန်းရောက်ခိုက်
တစ်ညတာလေး နားသွားစေချင်သေးတယ် .... ဒါပေမယ့် ညီလေး
တိန့်အနေနဲ့ သွားစရာ အရေးတကြီးကိစ္စရှိနေတယ်ဆိုရင်တော့ တား
လို့မဖြစ်ဘူး .... နောက်တော့ နားနားနေနေ တစ်ခါလောက် အလည်
လာပါဦးလို့ ဖိတ်ခေါ်ရတော့မှာပဲ .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"စိတ်ချပါ အစ်ကိုအိုး .... ကျွန်တော် အလည်လာပါဦးမ
ဒီတစ်ခါ အစ်ကိုအိုးတို့မိသားစုကို ခုလိုပဲ အေးအေးချမ်းချမ်းနေတ
မြင်ပါရစေ .... "

"ကျုပ်ကတော့ တစ်သက်လုံး ဒီမှာ သားနဲ့ မယားနဲ့ အေ
အေးချမ်းချမ်းနေသွားတော့မယ် .... ညီလေးတိန် .... ဒါတော့စိတ်ချ

"ဝမ်ရဲ့ရဲတိုက်ရဲ့ အန္တရာယ်ကိုလည်း မပူပါနဲ့ .... အစ်ကို
တို့ဆီ မြားဦးလှည့်မလာအောင် ကျွန်တော်အတတ်နိုင်ဆုံး ကာကွ
ပါ့မယ် .... "

ထို့နောက် တိန်ထောက်သည် ရောင်နီသိုင်းသမားအိုးယင်
နှင့် ယန်းယုရှမ်းတို့ကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာလာခဲ့
သည်။

## အခန်း(၁၂)

## ခေါင်းတလားထဲမှ အကျဉ်းသား

တိန်ထောက်သည် လုချင်မြို့တွင် တစ်ညအိပ်ရပ်နားပြီးနောက် ခရီးဆက်လက်နှင်ခဲ့ရာ နေဝင်ချိန်တွင် အိယန်းမြို့သို့ ရောက်လာလေသည်။

ဤမြို့နှင့် ဝိညာဉ်ပြန်ကျွန်း၏ အကွာအဝေးမှာ လီတစ်ရာ လောက်သာ ရှိတော့သည်။ ညတွင်းချင်း ခရီးနှင်မည်ဆိုပါက နောက်တစ်နေ့ နေ့လယ်တွင် ဝိညာဉ်ပြန်ကျွန်းကို ရောက်သွားနိုင်လေသည်။

တိန်ထောက်သည် ငွေနှင်းဖြူကို တွေ့ချင်လွန်းသည့်စိတ်ကြောင့် အိယန်းမြို့တွင် နားမနေတော့ဘဲ ခရီးဆက်ရန် ဆုံးဖြတ်ချက်ချလိုက်၏။ သူသည် စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာစားလိုက်ပြီးနောက် ဆက်လက်ခရီးနှင်လာခဲ့လေသည်။

မြို့မှထွက်ပြီး သုံးလေးလီခန့် ခရီးအကွာအဝေးသို့ ရောက်လာသောအခါ သူ့ခေါင်းပေါ်မှ ဟူးခနဲ လေတိုးသံခြင်းကို ခံလိုက်ရပြီး အရိပ်ကြီးတစ်ရိပ်ဖြတ်ကာ ပျံသန်းသွားသည်ကို တိန်ထောက် တွေ့လိုက်ရ၏။

ခေါင်းပေါ်မှအရှိန်အဟုန်ပြင်းစွာ ပျံသန်းသွားသော အကေ
ကြီးမှာ တိန့်ထောက်ရှေ့ မလှမ်းမလမ်းရှိ မြေပေါ်သို့ ဆင်းသက်ရပ်
လိုက်သည်။

တိန့်ထောက်လည်း ရပ်လိုက်ပြီးကြည့်လိုက်ရာ သိမ်းငှက်
တစ်ကောင်ဖြစ်နေသည်ကို တွေ့ရလေသည်။

"ဂါ .... ဂါ .... ဂါ .... "

သိမ်းငှက်ကြီးက တိန့်ထောက်ကိုကြည့်ပြီး အော်လိုက်
သည်။

တိန့်ထောက်သည် သိမ်းငှက်ကြီး၏ ထူးခြားသော အပြ
ကြောင့် ရှေ့ကိုတိုး၍ကြည့်မိသည်။ ထိုအခါမှ သိမ်းငှက်ကြီးမှာ သိ
ငှက်သခင်မကြီး၏ သစ္စာတော်ခံ သိမ်းငှက်ကြီးဖြစ်နေသည်ကို
တော့၏။

ထိုသိမ်းငှက်ကြီးနှင့် သိမ်းငှက်သခင်မကြီးတို့မှာ အမြဲ
နေရာတကာတွင် တွဲ၍ရှိနေတတ်သည်သာဖြစ်၏။ ယခုမူ သိမ်း
သခင်မကြီးကို မမြင်ရဘဲ သိမ်းငှက်ကြီးကိုသာ မြင်ရသောကြောင့်
ထောက်စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားလေသည်။

သိမ်းငှက်ကြီးသည် တိန့်ထောက်ကို မှတ်မိသည့်အ
ကြည့်၍ နှုတ်မှ တဂါဂါအော်နေသည်။ သိမ်းငှက်ကြီးက တစ်ခုခု
နေခြင်းဖြစ်ကြောင်း တိန့်ထောက်သိသော်လည်း သိမ်းငှက်ကြီး
ချက်ကို နားမလည်ချေ။

တိန့်ထောက်သည် သိမ်းငှက်သခင်မကြီးက မိမိကို တွေ



သဖြင့် သူမ၏သိမ်းငှက်ကြီးကိုလွှတ်ကာ ခေါ်နိုင်းလိုက်ခြင်းဖြစ်လိမ့်
မည်ဟု တွေးမိ၏။ သိမ်းငှက်ကြီးနားလည်သလား၊ နားမလည်သလား
ဟု မစဉ်းစားနိုင်တော့ဘဲ တိန့်ထောက်က ပြောလိုက်၏။

"သိမ်းငှက်ကြီး .... မင်းရဲ့သခင်မ ဘယ်မှာလဲ .... ငါ့ကို
လိုက်ပို့စမ်း .... "

သိမ်းငှက်ကြီးသည် တိန့်ထောက်၏စကားကိုနားလည်သည့်
အလား 'ဂီး'ခနဲ တစ်ချက်အော်၍ တောင်ပံကို ဖြန့်ကာ ထပျံလိုက်
တော့၏။

သိမ်းငှက်ကြီးက အနောက်တောင်ဘက်သို့ ပျံသန်းသွားရာ
တိန့်ထောက်လည်း မြေပြင်မှ ပြေးလိုက်ခဲ့သည်။ သိမ်းငှက်ကြီးသည်
ရပ်နားလိုက်၊ ပျံသန်းလိုက်နှင့် တိန့်ထောက်ကို စောင့်၍ခေါ်သည်။

တိန့်ထောက်ကလည်း မိမိကို သိမ်းငှက်ကြီးက သိမ်းငှက်
သခင်မကြီးထံခေါ်သွားကြောင်း သေချာပေါက်သိသဖြင့် မျက်ခြည်
မပြတ်အောင် လိုက်ပါလာခဲ့သည်။

သိမ်းငှက်ကြီးကလည်း တိန့်ထောက် မျက်ခြည်ပြတ်ကျန်ခဲ့
မည်စိုးသဖြင့် မကြာခဏ ပျံဝဲလာပြီး တိန့်ထောက်ခေါင်းပေါ်မှ ရစ်ဝဲ
ကာ ဆက်လက်ပျံသန်းလေသည်။

အတန်ကြာသောအခါ သူ့ရှေ့မလှမ်းမကမ်းတွင် တောအုပ်
ကြီးတစ်အုပ်ကို တိန့်ထောက်လှမ်းတွေ့ရသည်။ သိမ်းငှက်ကြီးသည်
တောအုပ်ကြီးအတွင်းသို့ ပျံသန်းဝင်ရောက်၍ ပျောက်ကွယ်သွားတော့
သည်။

ဤတောအုပ်ကြီးထဲတွင် သိမ်းငှက်သခင်မကြီး မလွဲမ
ရှိနေလိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

သူသည် တောအုပ်အတွင်းသို့ ပြေးဝင်လာခဲ့ရာ မကြ
တောအုပ်အလယ်ကို ရောက်လာပြီး အဆောက်အအုံကြီးတစ်
လှမ်းတွေ့လိုက်ရသည်။

အဆောက်အအုံကြီး၏ ပတ်လည်တွင် အုတ်ဝင်းနံရံ က
ထားပြီး ဝင်းနံရံပတ်ပတ်လည်တွင်မူ ပေငါးဆယ်ခန့်အကျယ်ရှိသေ
တူးမြောင်းတူးထားသည်ကို တိန့်ထောက် တွေ့ရလေသည်။

မည်သည့်အဆင့်မြင့်သိုင်းသမားမှ ၎င်းမြောင်းကျယ်ကြီး
ကိုယ်ဖော့ပညာဖြင့် ခုန်ကျော်၍ ရလိမ့်မည်မဟုတ်ပါချေ။

တူးမြောင်းကို ဖြတ်သွားရန် တံတားကိုလည်း တိန့်ထော
မတွေ့ရချေ။

မြောင်းစပ်နားဘွင် သိမ်းငှက်ကြီးသည် တိတ်ဆိတ်စွာ
နားနေသည်ကို တွေ့ရသည်။ သိမ်းငှက်ကြီးက အသံမပြုဘဲ ရပ်နား
ခြင်းဖြစ်သောကြောင့် ဤနေရာမှာ အန္တရာယ်ရှိချင်ရှိနိုင်ကြောင်း တိ
ထောက် တွေးမိသည်။

ထို့ကြောင့် သူလည်း မြောင်းစပ်နားကို တိတ်တဆိတ်ချ
ကပ်လာခဲ့သည်။ အခြားလူရိပ်လူယောင်ကိုမူ မတွေ့ရချေ။

မြောင်းစပ်သို့အရောက်တွင် မြောင်းထဲမှရေကူးပြီး အဆော
အအုံကြီးဆီသို့ သွား၍ရမရ အခြေအနေကိုကြည့်မိသည်။ သို့သေ
မြောင်းထဲတွင် သစ်တုံးကြီးများကဲ့သို့ ငြိမ်နေသော မိကျောင်းများ



မြင်ရသောအခါ တိန့်ထေ... နှံးအ...ပါ...သည် ရေထဲသို့ ခြေမချရဲတော့ချေ။

အပြင်ဘက်မှ ...တ်...သူများ ဝင်မလာနိုင်စေရန် အဆောက်အအုံ
ကြီးထဲတွင်နေကြသူများ ... ဤမိကျောင်းများကို မွေးထားခြင်းဖြစ်
ပေလိမ့်မည်။ သားစား...သော မိကျောင်းများလည်း ဖြစ်ပေလိမ့်
မည်။

ထိုစဉ် သူနောက်ဘ... ဝေးဆီမှ လှည်းဘီးကြိတ်သံ၊ မြင်း
ခွာသံများ ပေါ်ထွက်လာသည်ဂ... နှ့်ထောက်ကြားရသည်။ မြင်း
လှည်းတစ်စီးလာနေခြင်းဖြစ်ကြော... င်း ကြားသိလိုက်ရမိသည်။

တိန့်ထောက်သည် နောက်ဘ... ... လှစ်ခနဲ ပြန်ပြေးလာပြီး
သစ်ပင်တစ်ပင်နောက်ကွယ်တွင် ပုန်းကွ... ပိုက်သည်။ သိမ်းငှက်
ကြီးလည်း ထပျံသွားပြီး ပျောက်ကွယ်သွား... ...

လှည်းဘီးကြိတ်သံ၊ မြင်းခေါက်သံ၊ ကျာပွတ်ရိုက်သံမှာ တစစ
နီးကပ်လာသည်။ ခဏနှင့် တောလမ်းမှ မြင်းလှည်းတစ်စီးမောင်းနှင်
လာသည်ကို တိန့်ထောက်တွေ့ရလေသည်။

ထိုအဆောက်အအုံကြီးထဲတွင် မည်သူနေထိုင်သည်ကို တိန့်
ထောက်စဉ်းစားမရချေ။ သိမ်းငှက်ကြီး၏ အပြုအမူကို အကဲခတ်နေ
ခြင်းအားဖြင့် အဆောက်အအုံကြီးထဲတွင် သိမ်းငှက်သခင်မကြီး အဖမ်း
ခံလျှင် ခံရမည်ဖြစ်ကြောင်းကိုမူ တွေးမိသည်။

မြင်းလှည်းကို မောင်းလာသူမှာ ဝတ်ရုံနက်ဝတ်ဆင်ထားသူ
လူရွယ်တစ်ယောက်ဖြစ်ကြောင်း တိန့်ထောက်လှမ်းတွေ့ရ၏။

မြင်းလှည်းသည် မြောင်းကြီး၏အစပ်နားတွင် ရပ်လိုက်လေ
၏။

မြင်းလှည်းတွင်းမှ အော်ပြော၊ ငှက် ဘ်သော အသံတစ်သံ တိတ်ဆိတ်မှုကို ဖောက်ထွင်း၍ ပေါ်ထွ လာသည်။

"လမင်း ရောင်ဖြာည ...."

အဆောက်အအုံဝင်းကြီးအတွင်းမှ ပြန်လည်အော်ဖြေ လည်း ပေါ်ထွက်လာသည်။

"တစ်ကိုယ်တည်းတွေးပြီး သက်ပြင်းချ ...."

ခဏရပ်သွားပြီး ဝင်းထဲမှအသံဆက်ပေါ်လာပြန်သည်

"ညနက် သန်းခေါင် အမှောင်ဖုံး ...."

မြင်းလှည်းအတွင်းမှ ပြန်ပြောသံ ပေါ်လာပြန်၏။

"ရဲတိုက်မှာ အမှောင်မဖုံး .... အမြဲတမ်း အလင်းဆော တုန်း ...."

ထိုစကားဝှက်ကို ကြားရသောအခါ တိန့်ထောက် အ အမင်းအံ့အားသင့်သွားသည်။

ဤစကားဝှက်များကိုအသုံးပြုနေခြင်းအားဖြင့် ဤအဆ အအုံကြီးမှာ ဝမ်ရဲ့ရဲတိုက်၏ စခန်းခွဲတစ်ခုဖြစ်ကြောင်း တိန့်ထ တွေးလိုက်မိလေပြီ။

ခြံဝင်းအတွင်းမှ မေးမြန်းသံ ပေါ်လာခြင်းဖြစ်သည်၊

"ဘာကိစ္စလဲဟေ့ ...."

မြင်းလှည်းအတွင်းမှ ပြန်ပြောသည်။

"တရားခံတစ်ယောက်ကို လာပို့တာပါ ...."

"ဘယ်အဖွဲ့ခွဲကလဲ ...."



"ရွှေအလံစခန်းအဖွဲ့ခွဲကပါ ...."

"ခဏစောင့်ပါ ...."

အသံများ တိတ်ဆိတ်သွားသည်။

စကားသံများအရ မြင်းလှည်းထဲတွင် လူတစ်ဦးဦးကို ဖမ်းဆီးလာပြီး ဝမ်ရဲ့စခန်းခွဲသို့ လာပို့ခြင်းဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိသော်လည်း အဖမ်းခံရသူမှာ မည်သူမည်ဝါဖြစ်လိမ့်မည်ဟု မသိချေ။

ဖမ်းဆီးလာသူကို ဝမ်ရဲ့ရဲတိုက်သို့ ခေါ်မသွားဘဲ ဤစခန်းခွဲကို အဘယ်ကြောင့် ခေါ်လာသည်ကိုမူ စဉ်းစားမရချေ။

အဖမ်းခံရသူ မည်သူပင်ဖြစ်စေ ဝမ်ရဲ့ရဲတိုက်၏ ရန်သူတစ်ယောက်သာဖြစ်မည်ဖြစ်လေရာ တိန့်ထောက်သည် အဖမ်းခံရသူကို ကယ်တင်ရန် ရုတ်ခြည်းဆုံးဖြတ်ချက် ချလိုက်၏။

တိန့်ထောက်သည် ကိုယ်ဖော့ပညာကို သုံး၍ အသံကိုလုံးဝ မထွက်စေဘဲ မြင်းလှည်းနောက်ကို လှစ်ခနဲ ချဉ်းကပ်လိုက်သည်။ မှောင်ရိပ်ကိုခိုကာ ချဉ်းကပ်လာခဲ့ခြင်းဖြစ်သဖြင့် မြင်းလှည်းမောင်းသူသည် တိန့်ထောက်ကို သတိမပြုမိချေ။

သူသည် မြင်းလှည်းမောင်းသူထံ ချဉ်းကပ်သွားပြီး လျှပ်တစ်ပြက် သွေးကြောကို လှမ်းထောက်၍ပိတ်လိုက်သည်။

မြင်းလှည်းမောင်းသူမှာ အင်းခနဲ အသံတစ်ချက်သာ ထွက်သွားပြီး မလှုပ်မယှက် ကျောက်ရုပ်ကြီးလိုဖြစ်သွားတော့၏။

မြင်းလှည်းအတွင်းမှလူသည် လှည်းမောင်းသူ၏အသံကို ကြားရရုံဖြင့် အတွင်းမှ လှမ်းမေးလိုက်သည်။

"ဘာဖြစ်လို့လဲဟေ့ .... "

မြင်းလှည်းတံခါး ပွင့်သွားပြီးအတွင်းမှ လူတစ်ယောက်ခေ… ပြူထွက်လာ၏။

တိန့်ထောက်သည် သွက်လက်စွာဖြင့် ထိုသူ၏သွေးကြော… လှမ်းပိတ်လိုက်သည်။ မြင်းလှည်းအတွင်းမှ လူလည်း မြင်းလှ… အတွင်းသို့ ဝုန်းခနဲ လဲကျသွားသည်။

တိန့်ထောက်သည် မြင်းလှည်းအတွင်းမှကြည့်လိုက်ရာ အ… မည်သူကိုမှ မတွေ့ရတော့ချေ။ သို့သော် ခေါင်းသေတ္တာဖြူကြီး… လုံးကို တွေ့ရသဖြင့် မျက်လုံးပြူးသွားလေသည်။

အကြောပိတ်ခံထားရသူမှာ ခေါင်းသေတ္တာဖြူကြီးဘေး… လဲကျမှေ့မြောနေသည်ကိုလည်း တွေ့ရ၏။

ဖမ်းဆီးလာသော တရားခံဆိုသူကိုမူ မတွေ့ချေ။

ပထမတော့ တိန့်ထောက် စဉ်းစားမရအောင် ဖြစ်နေ… နောက်မှ အဖြူရောင်ခေါင်းသေတ္တာကြီးကိုကြည့်ရင်း ကြည့်ရင်း ဖ… ဆီးလာသော တရားခံဆိုသူကို ခေါင်းသေတ္တာထဲတွင် ထည့်သွင်းလ… လေသလောဟု စဉ်းစားမိလာသည်။

သူသည် အဆောက်အအုံကြီးဆီသို့ တစ်ချက်လှမ်းကြည့်လို… သည်။ အဆောက်အအုံဆီမှ လှုပ်ရှားမှုကို လုံးဝမတွေ့ရသေးချေ။

စောစောက အတွင်းမှ လှမ်းမေးသော အစောင့်သ… အဆောက်အအုံ၏ တာဝန်ခံခေါင်းဆောင်ထံသို့ သွားပြီး သတင်းပို့… ပုံရလေသည်။



မြင်းလှည်းထဲတွင် မှန်အိမ်သေးသေးလေးကို ခပ်မှိန်မှိန်ထွန်းထားလေသည်။

တိန့်ထောက်လည်း မြင်းလှည်းပေါ်ကို ခုန်တက်လိုက်၏။

ခေါင်းသေတ္တာအဖြူကြီး၏ အဖုံးတွင် အသက်ရှူရန် အပေါက်ကလေးသုံးပေါက် ဖောက်ထားသည်ကို တွေ့ရသည်။ ခေါင်းအဖုံးကို မူလီနှင့် သေချာစွာ ရိုက်၍ပိတ်ထားသည်။

သူသည် အချိန်ဆွဲမနေတော့ဘဲ သူ့ခါးမှဓားကိုထုတ်ကာ ခေါင်းဖုံးကို ဓားနှင့် ကန့်လန့်၍ ဖွင့်လိုက်သည်။

ပွင့်သွားသော ခေါင်းဖုံးကို ဆွဲလှန်၍ အတွင်းသို့ကြည့်လိုက်သောအခါ ခေါင်းထဲတွင် ဆံပင်များဖြူဖွေးနေပြီဖြစ်သော အဘိုးအိုကြီးတစ်ယောက် လဲလျောင်းလျက်ရှိနေသည်ကို တွေ့ရ၏။

ရုတ်တရက်ကြည့်လျှင် လူသေအလောင်းတစ်လောင်းဟု ထင်မှတ်ရသည်။

တိန့်ထောက်ကမူ အဘိုးအိုကို သွေးကြောပိတ်ခံထားရခြင်းဖြစ်ကြောင်း သိလိုက်၏။

ထိုသည် တကျွီကျွီနှင့် တံခါးဖွင့်နေသံကို တိန့်ထောက်ကြားရသည်။

တိန့်ထောက်သည်မြင်းလှည်းတွင်းမှခေါင်းထွက်၍ အဆောက်အအုံကြီးဆီ လှမ်းကြည့်လိုက်ရာ ရှည်လျားသော ဝင်းနံရံတံခါးမှာ အပေါ်ဘက်ဆီမှ တအိအိနှင့် ကျနေသည်ကို တွေ့ရသည်။ ထိုတံခါးမှာ မြောင်းကြီးပေါ်သို့ တံတားအဖြစ် ကန့်လန့်ဖြတ်ကျဆင်းလာမည်ဖြစ်၏။

သူသည် မြင်းလှည်းမောင်းသူကို မြင်းလှည်းထဲ ဆွဲသွင်းလိုက်သည်။

ခေါင်းသေတ္တာထဲမှ အဘိုးအိုကိုလည်း မ,ထုတ်လိုက်ပြီး သူ့အကြောပိတ်ထားသူနှစ်ဦးကို ခေါင်းသေတ္တာထဲကို သွင်းလိုက်၏။ ပြီးမှ ခေါင်းဖုံးကို ပြန်ပိတ်သည်။

ထို့နောက် တိန့်ထောက်သည် အဘိုးအိုကြီးကိုထမ်း၍ မြင်းလှည်းထဲမှ ခုန်ထွက်ကာ နောက်ဘက်တောအုပ်ထဲ ပြေးဝင်ခဲ့သည်၊

ထိုအချိန်တွင် တအိအိနှင့်ကျနေသော ဝင်းတံခါးကြီးမှာ မြောင်းကြီးပေါ်တွင် တံတားသဖွယ် ကန့်လန့်ဖြတ် တင်သွားပြီဖြစ်၏။

တိန့်ထောက်သစ်ပင်နောက်ကွယ်သို့အရောက်တွင်အဆောက်အအုံ ဝင်းတံခါးပေါက်မှ လူသုံးလေးယောက် ထွက်လာကြသည်ကို တွေ့ရ၏။ သူတို့သည် တံတားပေါ်လျှောက်၍ မြင်းလှည်းအနီးသို့ ရောက်လာကြသည်။

သူတို့အားလုံး ဝတ်ရုံနက်များကို ဝတ်ဆင်ထားကြလေသည်။

မြင်းလှည်းအနီးသို့အရောက်တွင် တစ်ဦးက ပြောဆိုလိုက်၏။

"ဟ .... မြင်းလှည်းမောင်းတဲ့သူရော .... ဘယ်ရောက်သွားပြီလဲ .... "

တစ်ဦးက ထင်မြင်ချက်ပေးသည်။

"အပေါ့အပါးသွားဖို့ တောအုပ်ထဲကို သွားသလားမှမသိဘဲကပါလေ .... သူနဲ့တွေ့ဖို့ အကြောင်းမရှိပါဘူး .... အရေးကြီးတာ တရားခံပါတဲ့ ခေါင်းသေတ္တာကို တို့တွေသယ်သွားကြဖို့ပါပဲ .... "



"ဟုတ်တယ်ကွ .... ခေါင်းသေတ္တာကိုပဲ ဘယ်သွားမယ်"

ဝတ်ရုံနက်များ၏စကားအရ ဤစခန်းကို ဖမ်းဆီးခေါ်ဆောင်လာသူမှန်သမျှ ခေါင်းသေတ္တာကြီးထဲသို့ ထည့်၍ ယူဆောင်လာလေ့ရှိကြောင်း တိန့်ထောက်တွေးမိသည်။

ဝတ်ရုံနက်နှစ်ယောက်က မြင်းလှည်းထဲတွင် ဝင်ပြီး ခေါင်းသေတ္တာကြီးကို ထုတ်ယူကြသည်။

"ဟ .... ဒီတစ်ခါ ခေါင်းက လေးလှချည်လား .... "

တစ်ဦးက ပြောလိုက်ရာ တစ်ဦးက ရယ်မော၍ ....

"ဟား .... ဟား .... ဟား .... ဒီတစ်ခါ ဖမ်းလာတဲ့လူက အတော့်ကို ဝတဲ့လူဝကြီးဖြစ်လိမ့်မယ်ထင်တယ် .... ဒါကြောင့် ဒီလောက် လေးနေတာပေါ့ .... "

"ကဲဟေ့ .... စကားများမနေကြနဲ့ .... မြန်မြန်သယ်သွားကြမယ် .... တံတားကို အကြာကြီးချထားလို့ မဖြစ်ဘူး .... "

ဝတ်ရုံနက်များက ခေါင်းသေတ္တာအဖြူကြီးကို ထမ်း၍ အဆောက်အအုံကြီးဆီ တံတားပေါ်မှ ဖြတ်လျှောက်သွားကြသည်။

တံခါးပေါက်ထဲသို့ ဝတ်ရုံနက်များ ဝင်သွားလျှင် တံတားကြီးမှာ တဖြည်းဖြည်း မြောက်တက်သွားပြီး ဝင်းတံခါးပေါက်မှာလည်း ပြန်ပိတ်သွားလေသည်။

ထိုအခါမှ တိန့်ထောက်လည်း သွေးကြောပိတ်ခံထားရသဖြင့် သတိမေ့နေသော အဘိုးအိုကို သေချာစွာ ကြည့်လိုက်မိ၏။ အဘိုးအိုကိုလည်း ယခုမှ မှတ်မိသွားပြီး တအံ့တသြဖြစ်မိသည်။

ထိုအဘိုးအိုမှာ ဝမ်ရဲ့ရဲတိုက်မှ အကြီးပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ရဲတိုက်သခင်ကြီးက ခန့်အပ်ထားသော တောင်ပိုင်းနယ် စားသမားကြီး တုန်းဖန်းမင်ဖြစ်နေလေသည်။ တုန်းဖန်းမင်မှာ ဖေးလို့ယီ၏ဆရာလည်း ဖြစ်သည်။

မည်သို့သော ပြဿနာဖြစ်ပြီး တုန်းဖန်းမင်လိုလူမျိုးကို ဝမ်ရဲ့အဖွဲ့က ပြန်လည်ဖမ်းဆီးသည်ကို တိန့်ထောက် တွေးမရပါချေ။

## အခန်း(၁၃)

## အနောက်ဘက်စားသမား

တိန့်ထောက်သည် ပိတ်ထားသော တုန်းဖန်းမင်၏ သွေးကြောကို ပြန်ဖွင့်ပေးရန် အကြောနေရာများကို လက်နှင့် လျှောက်ထောက်ကြည့်သည်။ သို့သော် အကြောမှာ ပွင့်မသွားဘဲ အဘိုးအိုတုန်းဖန်းမင်မှာ သတိမေ့မြဲ မေ့လျက်ရှိနေလေသည်။

ထို့ကြောင့် အဆိပ်ငွေ့နှင့် ထိန်းချုပ်ထားခြင်းဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိပြန်သည်။ သူသည် ရင်ဖုံးအိတ်ထဲမှ မဟူရာအဆိပ်ဖြေကျောက်ကို ထုတ်ယူလိုက်ပြီး တုန်းဖန်းမင်၏ပါးစပ်အတွင်း လျှာအောက်ကို ထိုးထည့်လိုက်သည်။

ခဏအကြာတွင် တုန်းဖန်းမင်သည် ညည်းညူသံပြုပြီး သတိရလာသည်။ သူ့ကို အဆိပ်ငွေ့နှင့် ထိန်းချုပ်ထားခြင်းဖြစ်ကြောင်း သေချာသွားသည်။

"ဆရာ ကျွန်တော့်ကို မှတ်မိရဲ့လား ...."

အဘိုးအို တုန်းဖန်းမင်က ဆတ်ခနဲ ထထိုင်သည်။ ခဏမျှ သူသည် တိန့်ထောက်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

တုန်းဖန်းမင်၏ပါးစပ်ထဲမှ ထွက်ကျလာသော မဟူရာ အဆိပ်ဖြေကျောက်ကို တိန့်ထောက်က ကောက်ယူပြီး ပြန်သိမ်းလိုက် သည်။

"မင်း ဘယ်သူလဲ .... "

အဘိုးကြီးတုန်းဖန်းမင်က ဇဝေဇဝါဖြင့် မေးလိုက်သည်။

တိန့်ထောက်က ညင်သာစွာ ပြန်ဖြေသည်။

"ကျွန်တော် ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ .... "

အဘိုးကြီးတုန်းဖန်းမင် အထိတ်တလန့်ဖြစ်သွားပြီး စိုးရိမ်မှု ဖြင့် မေးမြန်းသည်။

"ကျုပ်ကို မင်းက ဘာလုပ်မလို့လဲ .... "

"ဆရာကြီးကို ဝမ်ရဲ့ရဲတိုက်က အဆိပ်ငွေ့နဲ့ ထိန်းချုပ်ပြီး ခေါင်းသေတ္တာဖျဉ်းကြီးထဲမှာ ထည့် .... ပြီးတော့ ဒီနေရာကို မြင်းလှည်း နဲ့ ခေါ်လာခဲ့တာပါ .... ကျွန်တော်တွေ့တာနဲ့ ဆရာကြီးကို ကယ်တင် လာခဲ့တာပါ .... "

"ဟင် .... ကျုပ်ကို မင်းက ကယ်လာတယ် ဟုတ်လား"

"ဟုတ်ပါတယ် .... "

တောင်ပိုင်းနယ်ဓားသမားကြီး တုန်းဖန်းမင် စိတ်သက်သာ ရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။ ပြီးမှ သူသည် ခံပြင်း ဒေါသစိတ်ဖြင့် ရေရွတ်လိုက်သည်။

"တောက် .... ကျင့်စန်းကျန်း .... ကျင့်စန်းကျန်း .... သိပ်ပြီး ယုတ်မာရက်စက်တဲ့ကောင် .... "



တိန့်ထောက်က ဖြစ်ပျက်ပုံကို သိလိုသဖြင့် မေးမြန်းမိသည်။

"ဘယ်လိုဖြစ်ရတာလဲ ဆရာကြီး .... ဆရာကြီးဟာ ရဲတိုက် သခင်ကြီး ကျင့်စန်းကျန်းရဲ့ အားအထားရဆုံး အကြံပေးပုဂ္ဂိုလ်ကြီး မဟုတ်လား .... "

"ဟုတ်ပါတယ် .... ဒါတောင် ကျင့်စန်းကျန်းဟာ ကျုပ်နဲ့ ဖေးလို့ယီ ဆရာတပည့်နှစ်ယောက်စလုံးကို သစ္စာဖောက်တယ်ဆိုပြီး ခုလို လုပ်လိုက်တာပဲ .... "

တုန်းဖန်းမင်၏စကားကြောင့် တိန့်ထောက်သည် ဖေးလို့ယီ အတွက်ပါ စိုးရိမ်တကြီးဖြစ်သွားသည်။ သူက အရေးတကြီးမေးလိုက်မိ လေသည်။

"ဒါဖြင့် ဖေးလို့ယီကော ဆရာကြီး .... "

"ဖေးလို့ယီ ရဲတိုက်ကို ပြန်မရောက်သေးဘူး .... ကျုပ်ကို မဖမ်းခင်ကတည်းက သူ့ကို တာဝန်နဲ့ စေလွှတ်ထားတာ .... အင်း အခုအချိန်ဆိုရင်တော့ သူ ရဲတိုက်ကိုပြန်ရောက်လို့ ကျုပ်လိုပဲ အဖမ်း ခံရနေရပြီလား မသိဘူး .... "

တိန့်ထောက်က နားမရှင်းသေးသဖြင့် ....

"ဆရာကြီးတို့ ဆရာတပည့်က ဘယ်လိုသစ္စာဖောက်ခဲ့ကြလို့ လဲ .... "

"ဒီလိုပါ ရောင်နီသိုင်းသမားက တာ့ခုံးစန်းတောင်က ချောက် ထဲမှာကျပြီး သေပြီလို့ ကျုပ်တပည့် ဖေးလို့ယီက ရဲတိုက်သခင်ကြီးကို အကြောင်းပြန်ကြားခဲ့တယ်လေ !.... ဒါပေမယ့် လွန်ခဲ့တဲ့ လေးငါးရက်

လောက်က ဝမ်ရဲ့အဖွဲ့သားတစ်ယောက်က ရောင်နီသိုင်းသမားကိုတွေ့လိုက်တယ် .... ဒါနဲ့ ရောင်နီသိုင်းသမားကိုဖမ်းဖို့ ခန်းစန်းလန့်နဲ့အဖွဲ့ကို လွှတ်လိုက်တယ် .... ဒါပေမယ့် တစ်ယောက်မှ ပြန်ရောက်မလာကြဘူး .... ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျင့်စန်းကျန်းက ကျုပ်တို့ဆရာတပည့်နှစ်ယောက်အပေါ်မှာ မယုံသင်္ကာဖြစ်တော့တာပဲ .... ရောင်နီသိုင်းသမားကို အကာအကွယ်ပေးပြီး ခန်းစန်းလန့်တို့အဖွဲ့ကို ကျုပ်တို့ဆရာတပည့်က သုတ်သင်သတ်ဖြတ်လိုက်တယ်လို့ ထင်နေကြတယ်"

တိန့်ထောက်က သဘောပေါက်နားလည်သွားကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဒါနဲ့ ဆရာကြီးကို ရဲတိုက်မှာ ချုပ်မထားဘဲ ဘာဖြစ်လို့ ဒီကို ဖမ်းလာကြတာလဲ .... "

"ဒီနေရာဟာ ဝမ်ရဲ့ရဲတိုက်ရဲ့ စခန်းခွဲတစ်ခုပဲလေ .... သိပ်မကြာခင်ကမှ ဒီစခန်းကို ဖွင့်ထားတာ .... ဒီစခန်းကို ကျင့်စန်းကျန်းရဲ့သမီး ကျင့်ရဲ့ဟွာက အုပ်ချုပ်တယ်လေ .... "

"အင်း .... ဒီလိုဆို ဖေးလို့ယီအတွက် စိုးရိမ်စရာတော့ ဖြစ်နေပြီ .... "

"ဟုတ်ပါတယ် ရောင်ခြည်သိုင်းသမား .... ကျင့်စန်းကျန်းဟာ ဖေးလို့ယီရဲ့ ဇာစ်မြစ်ကို တိတ်တဆိတ်စုံစမ်းခဲ့တာ ကြာပြီလို့ ကျုပ်ကိုဖမ်းဆီးတုန်းက ဖွင့်ပြောခဲ့တယ် .... ဖေးလို့ယီဟာ သိုင်းလောကမှာ ကျော်ကြားနေတဲ့ သူခိုးကြီးကြောင်နက်ရဲ့သားဆိုတာ သူသိတယ်တဲ့ .... "



"ဟင် .... ခက်တော့တာပဲ .... "

တိန့်ထောက်က ဖေးလို့ယီအတွက် ပိုပြီးစိုးရိမ်ပူပန်နေမိလေသည်။

ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းအနေနှင့် အဘိုးကြီးကြောင်နက်နှင့် သိမ်းငှက်သခင်မကြီးတို့ကိုလည်း ဒုက္ခပေးနိုင်ကြောင်းတွေးမိသည်။ ဤအပိုင်းဆိုလျှင် ကျင့်ရဲ့ဟွာအုပ်ချုပ်သော ကျားစခန်းတွင် သိမ်းငှက်သခင်မကြီးအား ဖမ်းဆီးချုပ်နှောင်ထားခြင်းဖြစ်လိမ့်မည်ဟု စဉ်းစားမိပြန်သည်။

"ဒါနဲ့ ဆရာကြီး .... ဒီစခန်းမှာ ကျင့်ရဲ့ဟွာတစ်ယောက်တည်း အဖွဲ့သားတွေကို အုပ်ချုပ်တာလား .... "

"ကျင့်ရဲ့ဟွာနဲ့အတူ အနောက်ဘက်နယ်ဓားသမားလည်း ရှိတယ် .... အနောက်ဘက်နယ်ဓားသမားက ကျုပ်လိုပဲ ကျင့်စန်းကျန်းရဲ့ အကြံပေးအရာရှိပဲ .... ပြီးတော့ စခန်းထဲမှာ ဝမ်ရဲ့အဖွဲ့သား အဆင့်မြင့်သိုင်းသမား ငါးဆယ်လောက်နဲ့ အဖွဲ့ရဲ့ ခေါင်းဆောင်ဆယ်ယောက်လောက်ရှိကြတယ်လေ .... အင်အားကတော့ သိပ်မသေးလှဘူး"

"အနောက်ဘက်ဓားသမားကြီးက ဘယ်သူပါလဲ .... "

တုန်းဖန်းမင် ခေါင်းကိုဖြည်းလေးစွာ ခါယမ်းလိုက်ပြီး ....

"ဒီလူဟာ သိပ်ပြီး လျှို့ဝှက်တဲ့လူ .... သူ့ကို ကျုပ်တစ်ခါမှ တွေ့ဖူးသေးဘူး .... သူ့ကို ရှိတယ်လို့တောင် တခြားအဖွဲ့သားတွေက မထင်ကြဘူး .... "

တုန်းဖန်းမင် ပြောရင်းမှ မျက်နှာတစ်ချက်ညှိုးသွားပြီး သက်

ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်မှားတယ် .... သိပ်ကို မှားခဲ့တယ် .... ကျင့်စန်း
ကို ကျုပ်ဟာအထင်ကြီးပြီး သူနဲ့ပူးပေါင်းခဲ့မိတယ် .... ဒါပေမယ့်
ဟာ သူကိုယ်ကျိုးတစ်ခုတည်းကိုသာ ကြည့်တဲ့လူပဲ .... ယုတ်မာ
စက်တော့မယ်ဆိုရင် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘူး .... ခု
သူ့အကြောင်းကို စောစောသိရတာ ကျုပ်အတွက် ကံကောင်းပါတ

အဘိုးကြီးတုန်းဖန်းမင်က နောင်တရကားပြောနေ
တိန့်ထောက် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

"ဆရာကြီး .... ဖေးလို့ယီကိုလည်း ဖမ်းမိရင် ဒီစခန်း
ပို့လိမ့်မယ်ထင်တယ် .... "

"အင်း .... ဖမ်းမိလို့ကတော့ ဒီကိုပဲ ပို့မှာပဲ .... "

"ဆရာကြီး ဒီမှာပုန်းနေလိုက်ပါဦး .... ကျွန်တော် စခ
ကိုဝင်ပြီး စုံစမ်းကြည့်ချင်တယ် .... "

"ဟင် .... ဘာသွားလုပ်မှာလဲ .... "

"ဒီစခန်းမှာ ဖေးလို့ယီရဲ့အမေ သိမ်းငှက်သခင်မကြီးအ
ခံနေရတယ်လို့ ကျွန်တော်ထင်တယ် .... "

"ဟုတ်လား .... ဒါဆို ကျုပ်ပါလိုက်မယ်လေ .... "

"ဆရာကြီးက အင်အားမပြည့်သေးပါဘူး .... ဒီမှာပဲ
အနေကြည့်ပြီး စောင့်ကျန်နေပါ .... ကျွန်တော်တစ်ယောက်တ
သွားပါ့မယ် .... "

"ဒါဖြင့်ရင်လည်း သွားလေ .... သတိဝီရိယထားပြီ



သွားနော် .... စခန်းထဲမှာ ယန္တရားလက်နက်တွေ အထပ်ထပ် တပ်
ဆင်ထားတယ်လို့ ကျုပ်ကြားထားတယ် .... "

"ဟုတ်ကဲ့ ကျွန်တော်သတိထားပါ့မယ် .... "

တိန့်ထောက်သည် သစ်ပင်နောက်ကွယ်မှ အဆောက်အအုံ
ကြီးဆီသို့ လှမ်းမျှော်အကဲခတ်ကြည့်လိုက်သည်။

စခန်းထဲတွင် တိတ်ဆိတ်နေပြီး လှုပ်ရှားမှုကိုလည်း မတွေ့ရ
ချေ။

တိန့်ထောက် ထွက်ခွာမလိုလုပ်ပြီးမှ တုန်းဖန်းမင်ကို မှာကြား
သည်။

"တကယ်လို့ ကျွန်တော် စခန်းထဲဝင်သွားပြီး နောက်တစ်နေ့
မနက်လင်းတဲ့အချိန်မှာ ပြန်ထွက်မလာဘူးဆိုရင်တော့ လူတစ်ယောက်
ကိုသွားပြီး အကြောင်းကြားပေးပါ .... အဲဒီလူဟာ အီချမ်းမြို့အနောက်
ဘက် လီလေးဆယ်လောက်မှာရှိတဲ့ ရွာမှာနေပါတယ် .... သူဌေးကြီး
ကိုကိုမေးပြီး ဆက်သွားရင် ရပါတယ် .... သူဌေးကြီးကိုဟာ ဆရာကြီး
ရဲ့တပည့် ဖေးလို့ယီရဲ့ သိုင်းညီအစ်ကိုပါပဲ .... "

တိန့်ထောက် ပြောပြမှပင် တုန်းဖန်းမင်သည် ဖေးလို့ယီတွင်
အဆက်အသွယ်များရှိကြောင်း သိရတော့၏။

"ကောင်းပါပြီ .... မောင်ရင်ထွက်မလာရင်တော့ ကျုပ်သွား
ပြီး အကြောင်းကြားပေးပါ့မယ် .... မောင်ရင့်ကို ကျုပ် နောက်တစ်နေ့
မိုးလင်းတဲ့အထိ ဒီနေရာမှာပဲ စောင့်နေပါ့မယ် .... "

တိန့်ထောက်လည်း တုန်းဖန်းမင်အနီးမှ ခွာထွက်လာခဲ့သည်။

သူသည် မြင်းလှည်းဆီသို့ ချဉ်းကပ်ခဲ့၏။

မြင်းလှည်းအနီးမှနေ၍ သူသည် စခန်းဆီသို့ အကဲခတ်မှ
စွင့်လိုက်ပြန်သည်။ စခန်းထဲတွင် မည်သို့မှ ထူးထူးခြားခြားမဖြစ်နေ
ထို့အတွက် တိန့်ထောက်စဉ်းစားမရဖြစ်နေသည်။

သူသည် အဖြူရောင် ခေါင်းသေတ္တာကြီးထဲတွင် ဝမ်ရဲ့အ
သားနှစ်ယောက်ကို သွေးကြောပိတ်၍ ထည့်ထားခဲ့သည်၊ ဤသည်
ဤစခန်းမှလူများဖွင့်မကြည့်သေး၍ မသိသေးသလော။

ပြီးတော့ စခန်းမှလူများသည် ဤမျှအချိန်ကြာအောင် ရ
ထားသော မြင်းလှည်းကို အဘယ်ကြောင့် ထွက်မကြည့်ကြ
သနည်း။

မြင်းလှည်းသာ ဤအတိုင်းဆက်ပြီး ရှိနေပါက သင်္ကာမက
ဖြစ်နိုင်လေသည်။ ပုန်းကွယ်၍ ကျန်နေသော တုန်းဖန်းမင်အတွ
အန္တရာယ်ကျရောက်နိုင်သည်။ ထို့ကြောင့် တိန့်ထောက်သည် မြင်းနှ
ကောင်ကို ဇက်ကြိုးမှကိုင်၍ နောက်ဘက်သို့ ဆွဲလှည့်သည်။ မြင်းဇ
ကြိုးကို ထိုင်ခုံတွင် ချည်လိုက်ကာ အသင့်တွေ့ရသော ကျာပွတ်နှ
မြင်းတင်ပါးကို ခပ်ဆတ်ဆတ်ရိုက်နှက်လိုက်သည်။

မြင်းမှာ တစ်ချက်ဟီလိုက်ပြီးနောက် တစ်ရှိန်ထိုးပြေးထွ
သွားသည်။

မြင်းလှည်းမှာ တောလမ်းအတိုင်း ပြေးသွားပြီး ပျော
ကွယ်သွားသည်။

ထိုအခါမှ တိန့်ထောက် စခန်းထဲသို့ ဝင်နိုင်မည့်လမ်းစ
တွေ့နိုင်ရန် ကျုံးမြောင်းပတ်ပတ်လည်ကို လျှောက်ကြည့်သည်။



တစ်နေရာတွင် မြောင်းဘေး၌ကပ်ပေါက်နေသော ထင်းရှူးပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ထင်းရှူးကိုင်းတစ်ကိုင်းက မြောင်းအလယ်ထိ ကိုင်းကျနေသည်။

တိန့်ထောက်သည် ထင်းရှူးပင်ကြီးပေါ်တက်ပြီး မြောင်းလယ်သို့ ကိုင်းကျနေသော သစ်ကိုင်းအတိုင်း လျှောက်ခဲ့သည်။ သစ်ကိုင်းဖျားသို့အရောက်တွင် တစ်ဘက်မြောင်းစပ်နှင့် ပေ(၂၀)ခန့်သာ ဝေးတော့သည်ကို တွေ့ရသည်။

သူသည် ကိုယ်ဖော့ပညာကိုသုံး၍ တစ်ဘက်မြောင်းစပ်သို့ ခုန်လွှားလိုက်၏။

အလွယ်တကူပင် တစ်ဘက်မြောင်းစပ်ကို ရောက်သွားသည်။

ဝင်းနံရံမှာ သိပ်ပြီး မမြင့်သဖြင့် ဝင်းနံရံကို ခုန်ကျော်ကာ အတွင်းသို့ ခုန်ဆင်းဝင်ခဲ့သည်။

ခြံဝင်းထဲတွင် ထင်းရှူးပင်များ ပေါက်နေသည်ကို တွေ့ရ၏။ ကျောက်ပြားခင်းထားသည့်လမ်းမှာ ဝင်းနံရံအနီးပတ်ပတ်လည်တွင် ရှိနေသည်။

ထိုစဉ် ကျောက်ပြားခင်းထားသော လမ်းအတိုင်း လူနှစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။ အစောင့်များ ဖြစ်ကြောင်း တိန့်ထောက်သိသည်။

တိန့်ထောက် သစ်ပင်တစ်ပင်နောက်ကွယ်တွင် ပုန်းခိုရပ်လိုက်သည်။ အစောင့်နှစ်ယောက်က ခပ်မှန်မှန်လျှောက်ရင်း စကားပြောလာသည်။

"စောစောက သယ်လာတဲ့ ခေါင်းသေတ္တာကြီးထဲမှာ ဘ
လို အရေးကြီးတဲ့တရားခံပါသလဲ မသိဘူး .... "

"အို .... အရေးကြီးတဲ့ တရားခံဖြစ်ချင်မှဖြစ်မှာပါကွာ
ရန်သူတစ်ယောက်ဖြစ်ချင်ဖြစ် .... အဖွဲ့ထဲက သစ္စာဖောက်တဲ့ လူတ
ယောက်လည်း ဖြစ်ချင်ဖြစ်မှာပေါ့ .... "

"ဒီခေါင်းမှာ ရဲတိုက်သခင်ကြီးကလွဲပြီး ဘယ်သူမှခေါင်း
မဖွင့်ရဘူးဆိုတဲ့ စာကပ်ထားတယ်ဆိုတာ မင်း မသိဘူးလား ...."

"ဟုတ်လား .... ဒါတော့ ငါမသိဘူး .... "

အစောင့်နှစ်ယောက်သည် စကားတပြောပြောနှင့် ဆ
လက်လျှောက်သွားကြသည်။ တိန့်ထောက်နှင့် ဝေးသွားသည်။

အစောင့်နှစ်ဦး၏ စကားကြောင့် အဖြူရောင်ခေါင်းသေတ္တ
ကြီးကို ယခုအထိ မည်သူမှ မဖွင့်သေးကြောင်း တိန့်ထောက်သိရသ
ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းရောက်လာမှ သူကိုယ်တိုင် ဖွင့်ပေ
မည်။

သူသည် မှောင်ရိပ်ကိုခိုကာ အဆောက်အအုံကြီးဆီ ချဉ်း
ခဲ့သည်။

အဆောက်အအုံကြီးအနီးသို့ ရောက်လျှင် ကင်းလှည့်
သော အစောင့်နှစ်ယောက်နှင့် ဘွားခနဲ တွေ့လိုက်ရသည်။

အစောင့်နှစ်ဦးစလုံး အသံမထွက်နိုင်ခင် သူတို့အနီးသို့ 
ထောက် လှစ်ခနဲ ရောက်သွားသည်။ တိန့်ထောက် လှုပ်ရှားလိုက်
တစ်ယောက်က 'အင့်'ခနဲ ညည်းတွားလိုက်ကာ မြေ



ခွေလဲကျသွား၏။ နောက်တစ်ယောက်၏ သွေးကြောကို တိန့်ထောက်
လှမ်းထောက်လိုက်၏။ သွေးကြောပိတ်ခံလိုက်ရသူမှာ မတ်တတ်ရပ်
လျက်ပင် အရုပ်ကြီးတစ်ရုပ်လို ငြိမ်သက်သွားသည်။

"ကျုပ် ကြားရုံလောက်ပဲ လေသံတိုးတိုးနဲ့ ကျုပ်မေးတာကို
ပြန်ဖြေပါ .... သိမ်းငှက်သခင်မကြီးကို ဘယ်မှာချုပ်နှောင်ထားသလဲ"

တိန့်ထောက်က စကားအဆုံးတွင် ထိုသူပြန်ပြောနိုင်စေရန်
သွေးကြောကို ပြန်ဖွင့်ပေးလိုက်၏။ သူသည် အစောင့်၏ ပခုံးကိုလည်း
လက်တစ်ဖက်နှင့် ဖျစ်ညှစ်ကိုင်ထားသည်။

"ပြော .... ကျုပ်မေးတာကို ပြော .... "

အစောင့်က ပြန်မဖြေဘဲ မှုန်တေတေနှင့် ငြိမ်နေသည်။

တိန့်ထောက်က ပခုံးကို တင်းတင်းဖျစ်ညှစ်လိုက်ကာမှ
အစောင့်၏မျက်နှာ ရှုံ့မဲ့သွားသည်။ နာကျင်လွန်းသဖြင့် အသားတွေ
ဆတ်ဆတ်တုန်သွားသည်။

"ပြော .... ပြောပါ့မယ်"

"တိုးတိုးပြော .... ဒီမှာတွေ့လား .... သေသွားမယ်"

တိန့်ထောက်က ခါးမှဓားကို ဆွဲထုတ်ပြီး ဓားဦးဖြင့် အစောင့်
၏လည်ပင်းကို ထောက်ထားလိုက်သည်။

"ဟုတ် .... ဟုတ်ပါတယ် .... စခန်းရဲ့အကျဉ်းထောင်မှာ
သိမ်းငှက်သခင်မကြီးကို ချုပ်ထားပါတယ် .... "

အစောင့်က တိန့်ထောက်ကြားသာ ရုံလေသံဖြင့် ပြန်ပြော
သည်။

"အကျဉ်းထောင်က ဘယ်မှာလဲ .... "

"ဟောဟို အမိုးမြင့်မြင့်နဲ့ အဆောင်ကြီးနောက်ဘက်မှာ ရှိ
တယ် .... "

အစောင့်သည် လိမ်ပြောလိမ့်မည် မဟုတ်ကြောင်း တိ
ထောက် တွက်ဆမိပြီး အစောင့်ကို သွေးကြောပြန်ပိတ်လိုက်၏
အစောင့်မှာ အရုပ်ကြီးလို ပြန်ငြိမ်သက်သွား၏။

တိန့်ထောက်လည်း အကျဉ်းထောင်ရှိရာဘက်သို့ တိတ်တ
ဆိတ် ချဉ်းကပ်လာသည်။ သူသည် အမှောင်ရိပ်ကိုခို၍ လာခဲ့ခြင်းဖြ
သဖြင့် သူ့ကို မည်သူကမှ မတွေ့ချေ။

အဆောင်အနီးသို့ရောက်လျှင် ပိတ်ထားသောပြတင်းပေါက်
အတွင်းမှ အမျိုးသမီးတစ်ယောက်၏ ရယ်မောသံကို တိန့်ထောက်
ကြားရသည်။

တိန့်ထောက်ရပ်လိုက်ပြီး .... အသံကို နားစွင့်ထောင်ရ
ယောက်ျားတစ်ယောက်၏ ရယ်သံကိုပါ ကြားရပြန်သည်။

အမျိုးသမီး၏အသံမှာ ကျင့်ရဲ့ဝှာ၏အသံဖြစ်ကြောင်း တိန့်
ထောက်သိလိုက်၏။ မသဲမကွဲစကားပြောသံ၊ ပန်းကန်သံ၊ ခွက်သံကို
လည်း ကြားရသည်။

ကျင်းရဲ့ဝှာသည် အမျိုးသားတစ်ယောက်နှင့် စားသောက်ရင်း
စကားပြောနေခြင်းဖြစ်ကြောင်း သိလိုက်၏။

သိမ်းငှက်သခင်မကြီးကို ကယ်တင်ဖို့ကိစ္စက အရေးကြီးသဖြင့်
တိန့်ထောက်သည် ပြတင်းပေါက်အနီးမှ ဆက်လျှောက်ခဲ့သည်။



အကျဉ်းဆောင်ရှေ့နားတွင် အစောင့်နှစ်ဦး ရပ်နေသည်ကို
တိန့်ထောက် ဦးစွာတွေ့ရ၏။

သူသည် အမှောင်ရိပ်ဘက်မှ အစောင့်နှစ်ဦးအနီးသို့ တိတ်
တဆိတ် ချဉ်းကပ်သွားပြီး ဆတ်ခနဲ ခုန်ထွက်ကာ သွေးကြောကို လှမ်း
ပိတ်လိုက်၏။

အစောင့်နှစ်ဦးစလုံး အသံလုံးဝမထွက်နိုင်ဘဲ ကျောက်ရုပ်
ကဲ့သို့ တောင့်တောင့်ကြီး ငြိမ်သက်သွားလေသည်။

## အခန်း(၁၄)

## အကျဉ်းခံဖြစ်သွားသော ကယ်တင်ရှင်

တိန့်ထောက်သည် အစောင့်နှစ်ယောက်ထဲမှ အကျဉ်းတော ကိုဖွင့်သော သော့ရှိလိုရှိငြား စမ်းသပ်ရှာဖွေကြည့်သည်။

သို့သော် သော့ကိုမတွေ့ရချေ။

သူသည် အကျဉ်းထောင်တံခါးပေါက်ကို လှမ်းကြည့်သည်။ တံခါးပေါက်တွင် သံတိုင်များ ကာထားသော တံခါးနှင့်ပိတ်ထားသည်။

သံတိုင်တံခါးဆီသို့ တိန့်ထောက် လျှောက်လာခဲ့ပြီး အသ အယာ ဆွဲလှုပ်ကြည့်ရာ တံခါးမှာ အထဲမှပိတ်ထားခြင်းဖြစ်ကြောင်း သိရ၏။ သော့ခလောက်တော့ မရှိချေ။

တိန့်ထောက် ခဏမျှစဉ်းစားလိုက်ပြီး တံခါးကို ခပ်ကြမ် ကြမ်းကလေး ဆွဲလှုပ်လိုက်သည်။

"ဂျိုင်း .... ဂျိုင်း .... ဂျိုင်း"

"ဘယ်သူလဲ .... "

အတွင်းဘက်မှ မေးမြန်းသံလည်း ပေါ်ထွက်လာသည်။ အချုပ်ထောင်ထဲတွင် မှောင်မည်းနေသဖြင့် ဘာကိုမှတော့ မမြင်ရ



အသံမှာ အမျိုးသမီးကြီးတစ်ယောက်၏အသံဖြစ်ကြောင်း သိရသဖြင့် တိန့်ထောက် အံ့အားသင့်သွားမိသည်။

သူသည် ဘာမှပြန်မဖြေဘဲ တံခါးကို သုံးလေးချက်မျှ ထပ်ပြီး လှုပ်လိုက်၏။

"ဂျိုင်း .... ဂျိုင်း .... ဂျိုင်း .... ဂျိုင်း"

တိန့်ထောက် တံခါးပေါက်ဘေးတွင် ကွယ်ရပ်နေလိုက်ပြီး အတွင်းဘက်ကို ရူးရူးစိုက်စိုက်ကြည့်နေလိုက်သည်။

အတွင်းဘက်မှ သံတံခါးဆီသို့ လျှောက်လှမ်းလာသော ခြေသံကို စတင်ကြားရ၏။

မကြာမီ လူရိပ်တစ်ရိပ် သံတံခါးနောက်ဘက်တွင် လာရပ် သည်။

"ဘယ်သူလဲ .... တံခါးကို ဘာဖြစ်လို့ လာလှုပ်ရတာလဲ"

အသံမှာ စောစောမေးလိုက်သော အမျိုးသမီးကြီး၏အသံပင် ဖြစ်၏။

တိန့်ထောက် ရုတ်တရက် သံတိုင်ထဲသို့ သူ့လက်ကိုထိုးသွင်း လိုက်ပြီး အမျိုးသမီးကြီး၏ ပခုံးကို ဖမ်းကုတ်ထားလိုက်သည်။

အမျိုးသမီး၏ခန္ဓာကိုယ် ဆတ်ခနဲတုံ့သွားပြီး နာကျင်လွန်း သဖြင့် မျက်နှာမှာလည်း ရှုံ့မဲ့သွားသည်။ ဤကဲ့သို့တိုက်ခိုက်ခြင်း ခံရ လိမ့်မည်မဟုတ်ဟု အမျိုးသမီးကြီးက ထင်မှတ်ထားသဖြင့် မည်သို့မှ ခုခံကာကွယ်ချိန်မရချေ။

"အသံမထွက်နဲ့ .... အသံထွက်ရင် အသေပဲ .... အထဲက မင်းတုပ်ကိုဖွင့်လိုက် .... "

အမျိုးသမီးကြီးသည် ရှန်းထွက်၍လည်းမရ၊ နားလည်နာ လွန်းလှသဖြင့် သံတံခါးမှ မင်းတုပ်ကို ဖြုတ်၍ဖွင့်ပေးလိုက်ရတော့ သည်။

တိန့်ထောက် တံခါးကိုဖွင့်ရင်း အမျိုးသမီးကြီးကိုသွေးကြော ပိတ်လိုက်၏။ အမျိုးသမီးကြီး မလှုပ်မရှားနိုင်ဖြစ်သွားတော့မှ အထဲ ဝင်ပြီး သံတံခါးကို ပြန်ပိတ်လိုက်သည်။

ယခုမှ အမျိုးသမီးကြီးကို သေချာစွာကြည့်မိသည်။

သူမ၏ခါးတွင် ဓားမြှောင်တစ်လက်ကို ချိတ်ထားသည်၊ အသက်မှာ (၅၀)ရွယ်ခန့်ရှိကာ သူမ၏မျက်နှာကိုလည်း နံ့သာမှုန့်များ ဖြင့် လိမ်းခြယ်ထားသည်။

တိန့်ထောက်က ဓားကိုဆွဲထုတ်၍ အမျိုးသမီးကြီး၏ပိတ် ထားသော သွေးကြောကို ပြန်ဖွင့်ပေးလိုက်၏။ ဓားဦးနှင့်သူမ၏ နောက် ကျောကိုလည်း ထောက်လိုက်သည်။ ဘယ်ဘက်လက်ဖြင့် သူမ၏ပခုံး ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

"အဲဒီအထဲမှာ .... သိမ်းငှက်သခင်မကြီးကို ချုပ်ထားတယ် မဟုတ်လား .... "

အမျိုးသမီးကြီးက ပြန်မဖြေဘဲ ငြိမ်နေသည်။

တိန့်ထောက်က သူမ၏ပခုံးကို ဖျစ်ညှစ်လိုက်သည်။

"ကျုပ်မေးတာဖြေ .... "

"ဖြေ .... ဖြေပါ့မယ် .... အား .... ကျွတ်ကျွတ်"

တိန့်ထောက်က သူလက်ကို အနည်းငယ်လျှော့ပေးလိုက် သည်။



"ဖြေ .... "

"ဟုတ် .... ဟုတ်ပါတယ် .... မင်း .... မင်းက ဘယ်သူလဲ"

"စကားမရှည်နဲ့ သိမ်းငှက်သခင်မကြီးဆီ လိုက်ပို့ .... "

အမျိုးသမီးကြီးက ရှေ့မှထွက်သွားသည်။ တိန့်ထောက်က နောက်မှ ဓားဖြင့် ထောက်၍လိုက်ခဲ့သည်။

အတွင်းသို့ရောက်လျှင် အမျိုးသမီးကြီးက နံရံတွင်းရှိသော ခလုတ်တစ်ခုကို နှိပ်ရန် လက်လှမ်းလိုက်သည်။

တိန့်ထောက်က နောက်မှသတိပေးစကား ပြောရသည်။

"ခင်ဗျား ဉာဏ်မများနဲ့နော် .... ကျုပ်ဓားက ခင်ဗျားခန္ဓာ ကိုယ်ထဲကို ဖောက်ဝင်သွားလိမ့်မယ် .... "

"လျှို့ဝှက်တံခါးဖွင့်မလို့ပါ .... "

အမျိုးသမီးကြီးက တုန်တုန်ယင်ယင်ဖြင့် ပြန်ပြောသည်။

"ဒီလိုဆိုရင် ဖွင့် .... "

နံရံမှ ခလုတ်ကို အမျိုးသမီးကြီးက နှိပ်လိုက်သည်။ တိန့် ထောက် သတိထားပြီး အခြေအနေကို ကြည့်နေသည်။

"ကျိ .... ကျလိ .... ကျိလိ .... ကျလိ"

ကျောက်ချင်းပွတ်ကြိတ်သံ ပေါ်ထွက်လာပြီး နံရံတွင် တံခါး ပေါက်တစ်ပေါက်ပေါ်ထွက်လာသည်။ တံခါးပေါက်မှာ လူတစ်ကိုယ် ဝင်သာရုံသာ ကျယ်ဝန်းသည်။

တိန့်ထောက် လှမ်းကြည့်လိုက်ရာ တံခါးပေါက်တစ်ဘက်တွင် အောက်ဘက်သို့ ဆင်းသွားသော လှေကားထစ်များကို တွေ့ရသည်။

မီးရောင်မှိန်မှိန်လည်း လင်းနေသည်။

တိန့်ထောက်က အမျိုးသမီးကြီးကို ဦးဆုံးဆင်းစေသည်

နောက်ကျောကိုလည်း ဓားနှင့်ထောက်မြဲ ဆက်ထောက်ထားသည်

အမျိုးသမီးကြီးက လှေကားမှဆင်းခဲ့ရာ၊ တိန့်ထောက်လည်

ထက်ကြပ်မကွာ လိုက်ခဲ့၏။

လှေကားအောက်ခြေကို ရောက်လာသောအခါ သံတိုင်မျာ

ကာထားသော အကျဉ်းခန်းတစ်ခန်းကို တွေ့ရသည်။

တိန့်ထောက် သံတိုင်များကြားမှ အတွင်းကိုကြည့်လိုက်

အကျဉ်းခန်းတွင်းရှိ ခုတင်တစ်လုံးပေါ်တွင် လူတစ်ယောက် ခွေအိပ်

သည်ကို တွေ့ရ၏။

ထိုနေရာတွင် မှောင်ရိပ်ဖုံးနေသဖြင့် ခွေအိပ်နေသူကို သဲ

ကွဲကွဲ မမြင်ရချေ။

"အချုပ်ခန်းတံခါးကို ဖွင့်လိုက်ပါ"

တိန့်ထောက်က အမိန့်ပေးလိုက်၏။

အမျိုးသမီးကြီးက တံခါးပေါက်ဘေးရှိ နံရံပေါက်ထဲကို လက်

နှိုက်၍ သံကြိုးကွင်းတစ်ကွင်းကို ဆွဲလိုက်ပြီး နံရံမှချိတ်တွင် ချိတ်

လိုက်၏။

သံတံခါးကို အပေါ်ကိုတဖြည်းဖြည်း မြင့်တက်သွားပြီး မှ

သွားသည်။ ခြောက်ပေခန့် အမြင့်အထိ တက်သွားပြီးမှ ရပ်သွားသည်

"ရှေ့ကဝင်စမ်း .... "

တိန့်ထောက်က နောက်မှအမိန့်ပေးလိုက်သဖြင့် အမျိုးသ



ကြီးလည်း အကျဉ်းခန်းထဲသို့ ဝင်လိုက်ရ၏။ ကွပ်ပျစ်တစ်လုံးပေါ်တွင်

အိပ်နေသူက စကားသံ လှုပ်ရှားသံကြောင့် ထထိုင်သည်။

"ဟင် .... သိမ်းငှက်သခင်မကြီး"

တိန့်ထောက် အံ့ဩတကြီးနှင့် ရေရွတ်လိုက်၏။ ထိုသူမှာ

သိမ်းငှက်သခင်မကြီး ဖြစ်နေလေသည်။

သိမ်းငှက်သခင်မကြီးမှာ ငိုင်တွေတွေ အမူအရာဖြင့် တိန့်

ထောက်ကို ကြည့်နေသည်။ သူသည် သတိကင်းလွတ်ခြင်းတော့မရှိဘဲ

တိန့်ထောက်ကို မြင်လျှင် ဝမ်းသာအားရ ပြန်ပြောသည်။

"တူမောင် .... တိန့်ထောက်ပါလား"

"ဟုတ်ပါတယ် .... "

"ကျုပ်ကို လာကယ်တာလား .... "

"ဟုတ်ကဲ့ .... "

"ဒါနဲ့ ကျုပ်ဒီမှာ အချုပ်ခံနေရတယ်ဆိုတာ မင်းဘယ်လိုလုပ်

သိသလဲ .... "

"သိမ်းငှက်ကြီးနဲ့ကျွန်တော် တွေ့လိုက်ပါတယ် .... ဒီနားတစ်

ဝိုက်မှာ သိမ်းငှက်ကြီးပျံဝဲနေတာတွေ့လို့ အဘွားအချုပ်ခံနေရလိမ့်မယ်

ဆိုတာ ကျွန်တော် တွေးမိလို့ ဝင်လာခဲ့တာပါ .... ဒါနဲ့ အဘွားက

ဘယ်လိုလုပ်ပြီး အဖမ်းခံရတာလဲ .... "

ထိုစဉ် အမျိုးသမီးကြီးသည် ဆတ်ခနဲလှည့်၍ အချုပ်ခန်း

အပြင်ဘက်ကို ခုန်ထွက်သွားသည်။ တိန့်ထောက်တစ်ဘက်ကို အာရုံ

ပြောင်းသွားစဉ် အခွင့်ကောင်းကိုယူ၍ ထွက်ပြေးသွားခြင်း ဖြစ်၏။

"ဝှစ် .... "

တိန်္ဒထောက်နောက်ကို ဓားဖြင့် လွှဲခုတ်လိုက်သော်လည်း အမျိုးသမီးကြီး၏ ခန္ဓာကိုယ်ကို မထိချေ။ ပွတ်ကာသီကာ ကပ်ပြီး လွတ်သွားသည်။

တိန်္ဒထောက် အပြင်ဘက်ကို ခုန်လိုက်မည်အပြု၊ အပေါ်ကို မြှင့်တက်နေသော အချုပ်ခန်းတံခါးက အောက်ကို ပြုတ်ကျပြီး ပိတ်သွားသည်။

"ဂျိုင်း .... "

တိန်္ဒထောက် ဒေါသထွက်သွားသဖြင့် သံတံခါးကို ခြေဖြင့် ဆက်တိုက်ဆောင့်ကန်သည်။

"ဂျိုင်း .... ဂျိုင်း .... ဂျိုင်း .... ဂျိုင်း"

"ဟား .... ဟား .... ဟား .... ဟား .... ဟား"

အစောင့်အမျိုးသမီးကြီးက တံခါးနှင့် ရှစ်ပေခန့်အကွာတွင်ရပ်ကာ အားပါးတရ ရယ်မောနေသည်။

တံခါးမှ သံတိုင်များမှာ ကလေးလက်မောင်းလုံးခန့် တုတ်ခိုင်သည့်ပြင် ကန့်လန့်တန်းများ ပါရှိနေသဖြင့် မည်မျှအတွင်းအားကောင်းသူပင် ဖြစ်လင့်ကစား ချိုးဖျက်နိုင်ဖို့ မလွယ်ကူချေ။

အစောင့်အမျိုးသမီးကြီးက ခုန်ထွက်ပြီးပြီးချင်း လျှို့ဝှက်ခလုတ် သံကွင်းကို ပြန်ဖြုတ်၍ သံတံခါးကို ပိတ်သွားခြင်းဖြစ်လေသည်။ သူမက လှောင်ရယ် ရယ်ရင်း ပြောလေသည်။

"ဟား .... ဟား .... ဟား .... ဟား .... နင်ဟာ ရောင်ခြည်



သိုင်းသမား တိန်္ဒထောက်ကိုး .... နင့်ကို ရဲတိုက်သခင်မကြီးက သိပ်ပြီး အလိုရှိနေတာ .... ခုတော့ နင့်ဟာ ကိုယ့်ထောင်ချောက်ထဲကို ကိုယ် ဝင်လာသလို ဖြစ်နေပြီ .... နင့်ကို ဖမ်းပေးတဲ့အတွက် ငါလည်း ဆုငွေ ကောင်းကောင်းရဦးမယ် .... နေရင်း ထိုင်ရင်း ငါ့ ကံကောင်းလာတာပဲ .... ဟား .... ဟား .... ဟား .... ဟား .... "

တိန်္ဒထောက်မှာ ခံပြင်းဒေါသဖြစ်နေသော်လည်း အစောင့်မိန်းမကြီးကို မည်သို့မျှ မလုပ်နိုင်တော့ချေ။

သိမ်းငှက်သခင်မကြီးက တိန်္ဒထောက်ကို စိတ်မချမ်းသာစွာဖြင့် ကြည့်၍ ညည်းညည်းညူညူ ပြောလိုက်၏။

"ကျုပ်အတွက်နဲ့ မင်းပါ အချုပ်ခံနေရပြီ၊ ခက်တော့တာပဲကွယ် .... "

တိန်္ဒထောက် ဘာမှ ပြန်မပြောဘဲ သူ့လက်ထဲမှ ဓားကို ခါးတွင် ပြန်ထိုး၍ သိမ်းလိုက်၏။ ပြီးမှ သံတိုင်ကြားက သူ့လက်နှစ်ဖက်ကို ထုတ်၍ အစောင့်မိန်းမကြီးကိုခေါ်လိုက်သည်။

"လာပါဦး ခင်ဗျားနဲ့ကျွန်တော် အပေးအယူတစ်ခု လုပ်ရအောင် .... "

အစောင့်မိန်းမကြီးက ရှေ့ကို ခြေနှစ်လှမ်းသာတိုးပြီး တိန်္ဒထောက်နှင့် ငါးပေအကွာတွင် ရပ်လိုက်သည်။

"ဟင်း .... ဟင်း .... ဆိုပါဦး .... ဘယ်လိုအပေးအယူလုပ်မှာလဲ .... "

"ကျွန်တော့ကို ဖမ်းပေးတဲ့အတွက် ခင်ဗျားရမယ့်ဆုငွေထက်

အဆတစ်ရာလောက်သာမယ့် ပစ္စည်းတစ်ခုကို ကျုပ်က ပေးမယ်ဆိုရင် ကျုပ်ကို ပြန်လွှတ်ပေးမလား .... "

အစောင့်မိန်းမကြီးက ခဏမျှစဉ်းစားပြီး ....

"နင်ပြောသလို တန်ဖိုးရှိတဲ့ပစ္စည်းကို ငါရမယ်ဆိုရင်တော့ ... နင့်ကို ငါပြန်လွှတ်မယ် .... နင့်တစ်ယောက်တည်းကို လွှတ်မှာနော် ... ပြီးတော့ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ အေးအေးဆေးဆေး ပြန်သွားပါ့မယ်ဆိုတဲ့ ကတိကိုလည်း ငါလိုချင်တယ် .... "

"ကောင်းပြီလေ .... ဒီလိုအခြေအနေမျိုးကိုရောက်မှတော့ ကျုပ်ကလည်း ခင်ဗျားတောင်းတဲ့ကတိကို ပေးရတော့မှာပေါ့ .... "

တိန့်ထောက်က စကားအဆုံးတွင် သူ့အိတ်ထဲမှ အဆိပ်ဖြေ မဟူရာကျောက်ကို နှိုက်ထုတ်ယူလိုက်ပြီး ထောင်ပြလိုက်သည်။

"ကျုပ်ပေးမှာ ဒီပစ္စည်းပဲ .... "

"ဒါက ဘာလဲ .... "

"သိုင်းလောကသားတိုင်းအတွက် သိပ်ပြီးတန်ဖိုးရှိ အသုံးဝင်တဲ့ အဆိပ်ဖြေ မဟူရာကျောက်ပဲ .... ခင်ဗျားကိုယ်တိုင် သုံးမယ်ဆိုရင်ပဲ အများကြီးအကျိုးရှိတယ် .... ဘယ်လိုအဆိပ်မျိုးပဲဖြစ်ပေစေ ... အဆိပ်မိနေသူကိုလည်း ဒီကျောက်ရေစိမ်ပြီး တိုက်ရင် ချက်ချင်း အဆိပ်ပြေသွားလိမ့်မယ် .... အဲ .... ခင်ဗျားမသုံးလို့ ရောင်းစားမယ်ဆိုရင်လည်း ကြေးကောင်းကောင်းနဲ့ ရောင်းလို့ ရတယ် .... "

အစောင့်မိန်းမကြီး မျက်မှောင်ကြုတ်သွားကာ ....

"ဒီကျောက်ကလေး တစ်လုံးတည်းပဲလား နည်းတာပေါ့"



"ကျုပ်အိတ်ထဲမှာ ရွှေတုံး'ယင်ပေါင်'သုံးတုံးရှိသေးတယ်၊ အဲဒီ ရွှေတုံးသုံးတုံးကိုလည်း ပေးဦးမယ် .... "

"နင်ပေးမယ့်ပစ္စည်းတွေကို ငါအရင်စစ်ကြည့်ဦးမယ်လေ.... ရွှေတုံးတွေကိုတော့ စစ်စရာမလိုပါဘူး .... အဆိပ်ဖြေမဟူရာကျောက်ဆိုတာကိုတော့ စစ်ဆေးကြည့်ရမယ် .... "

"ခင်ဗျားကို ကျုပ်မလိမ်ပါဘူး .... "

"တို့အဖွဲ့ရဲ့လက်ချက်နဲ့ သေရမှာ မင်းက သိပ်ကြောက်နေသလား .... "

"သေရမှာ ကြောက်လို့ ခင်ဗျားကို လွှတ်ခိုင်းနေတာမဟုတ်ဘူး .... ကျုပ်မှာ ဆောင်ရွက်ရမယ့်ကိစ္စတွေ အများကြီးရှိနေသေးလို့"

"ဒီလောက်အရေးကြီးရင် ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်ပါလား .... ဘာဖြစ်လို့ ဒီအဲ့ဘွားကြီးကို လာကယ်ရတာလဲ .... "

"လမ်းလည်းကြုံတယ် .... ကျုပ်ရဲ့ကျေးဇူးရှင်တစ်ယောက်လည်း ဖြစ်တယ် .... ဒါကြောင့် လာကယ်ရတာပေါ့ .... ခင်ဗျားလည်း ခင်ဗျား မိတ်ဆွေတစ်ယောက်သာ ဒီလိုဖြစ်နေရင် ကယ်မိမှာပဲ .... ကဲ .... ရော့ ဟောဒီမှာယူပါ .... "

တိန့်ထောက်က ရွှေ'ယင်ပေါင်'သုံးတုံးနှင့် အဆိပ်ဖြေမဟူရာကျောက်တို့ သံတိုင်ရှေ့နားတွင် ချထားပေးလိုက်လေသည်။

"ရှေ့ကို တိုးလိုက်ဦး .... "

အစောင့်မိန်းမကြီးက ရွှေတုံးသုံးတုံးနှင့် မဟူရာအဆိပ်ဖြေကျောက်ကို လောဘတက်သောမျက်လုံးအစုံဖြင့် ကြည့်ရင်း ပြော

လိုက်၏။

တိန့်ထောက်လည်း သူ့လက်တစ်ဆုံး ပစ္စည်းများကို ရှေ့ရှု
ပေးသည်။

တိန့်ထောက်၏လက် ဆုံးနေပြီဖြစ်၍ သူမကို လှမ်းမဆွဲနိ
ကြောင်း မိန်းမကြီးသိသဖြင့် ရှေ့ကိုတိုးလာသည်။

ရွှေတုံးသုံးတုံးကို သူမအိတ်ထဲ အလျှင်အမြန်ကောက်ထည့်
လိုက်ပြီး အဆိပ်ဖြေမဟူရာကျောက်ကို ဆတ်ခနဲကောက်ယူက
နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်၏။ ပြီးမှ အဆိပ်ဖြေကျောက်
သေချာစွာ ကြည့်သည်။

"ဒီကျောက်က စိန်တို့ ပတ္တမြားတို့လောက်မှ တန်ဖိုးရှိ
မလား ...."

အစောင့်မိန်းမကြီးက မေးလိုက်ရာ တိန့်ထောက်ကလည်
ကောင်းကောင်းမွန်မွန် ပြန်ပြောသည်။

"စိန်တို့ပတ္တမြားတို့ထက် အများကြီးပိုပြီး တန်ဖိုးရှိတယ်
ဒီအဆိပ်ဖြေကျောက်ဟာ လူ့အသက်ပေါင်းများစွာရဲ့အသက်ကို က
တင်နိုင်တဲ့ ရတနာပစ္စည်းပဲ .... ခင်ဗျားရဲ့သခင်ကြီးကို ဒရောင်း
တောင် သောင်းနဲ့သိန်းနဲ့ချီပြီး တန်ဖိုးရနိုင်ပါတယ် ...."

"ဟင်း .... ဟင်း .... ဟင်း .... ဟင်း .... ဒါဆို ယူမ
ယူမယ် ...."

"ကဲ .... ကျုပ်ရဲ့ပစ္စည်းတွေကို လက်ခံရင် ကျုပ်ကိုလည်
လွှတ်ပေးတော့လေ ...."



အစောင့်မိန်းမကြီးက တိန့်ထောက်ကိုကြည့်၍ လှောင်ရယ်
ရယ်ကာ ပြောဆိုလိုက်သည်။

"ဟား .... ဟား .... ဟား .... ဟား ရောင်ခြည်သိုင်းသမား
ရောင်ခြည်သိုင်းသမား .... နင်ဟာ နာမည်ကြီးသလောက် တယ်ပြီး
အ,တာပဲကိုး .... စဉ်းစားဉာဏ်လုံးလုံးကို မရှိတဲ့ကောင်ပဲ .... နင့်ကို
လွှတ်လိုက်ရင် ငါ့အတွက် ဘယ်လောက်ဆိုးရွားတဲ့ အဖြစ်မျိုးနဲ့ ကြုံရ
မယ်ဆိုတာ မတွေးရဲစရာဘဲ ...."

"ခင်ဗျား ဘာစကားပြောတာလဲ ...."

တိန့်ထောက်က ဒေါသတကြီးဖြင့် အော်လိုက်၏။

အစောင့်မိန်းမကြီးက လှောင်ပြုံး ပြုံး၍ ....

"စိတ်မဆိုးပါနဲ့လေ .... မင်းဆီက ထိုက်ထိုက်တန်တန် အခ
ကြေးငွေ ယူထားလေတော့ မင်းတို့နှစ်ယောက်စလုံးကို အစား
အသောက် ကောင်းကောင်းပို့ပေးပါ့မယ် ...."

တိန့်ထောက် လက်တစ်ဖက်သံတိုင်အပြင်ဘက် ရှေ့ထုတ်
လိုက်ပြီး လှုပ်ယမ်းလိုက်သည်။

"ဝှစ် .... ဝှစ် .... ဝှစ်"

"အ .... အ"

"ဂျိုင်း .... "

"အား .... "

တိန့်ထောက် လက်ထဲမှ ခါးစည်းပဝါက အစောင့်မိန်းမကြီး၏
လက်ဆီသို့ မြွေတစ်ကောင်ကဲ့သို့ သွားပတ်လိုက်သည်။ တိန့်ထောက်

က ဆောင့်ဆွဲလိုက်ရာ အစောင့်မိန်းမကြီးတစ်ရှိန်ထိုးပါလာပြီး သံ... နှင့် ပြေးဆောင့်သည်။

ထိုစဉ်မှာပင် တိန့်ထောက်၏ကျန်လက်တစ်ဖက်က အစော... မိန်းမကြီး၏ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ဖြစ်သွားသည်။

အစောင့်မိန်းမကြီးမှာ နာကျင်လွန်းသဖြင့် အသံမထွက်နိုင်... မျက်နှာကြီးရှုံ့မဲ့ပြီး တွန့်လိမ်နေတော့သည်။

## အခန်း(၁၅)

## ဝမ်ရဲ့၏ပြိုကွဲမှုအစ

တကယ်တော့ တိန့်ထောက်၏ခါးစည်းပဝါစမှာ နှစ်ထပ်ဖြစ်ပြီး လျှပ်တစ်ပြက် အပေါ်မှ ခါးစည်းပဝါစကို ဖြုတ်ယူနိုင်အောင် အစကတည်းက စီစဉ်ထားခြင်း ဖြစ်၏။ ထိုခါးစည်းပါဝစဖြင့် ရုတ်ခြည်းဖြုတ်၍ ပစ်လိုက်ခြင်း ဖြစ်၏။

တိန့်ထောက်က အစောင့်မိန်းမကြီး၏ ပခုံးကို ဖျစ်ညှစ်ထားသော လက်အား အနည်းငယ် လျှော့ပေးလိုက်တော့မှ သူမသည် အသံထွက်အောင် ညည်းနိုင်တော့၏။

တိန့်ထောက်သည် သူ့အပေါ် ကလိမ်ကျထားသောအစောင့်မိန်းမကြီးကို ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသဖြစ်နေလေပြီ။ သူက လေသံတင်းတင်းနှင့် ပြောလိုက်၏။

"တံခါးကိုဖွင့်လိုက်၊ မဖွင့်ရင် ခင်ဗျားသွေးကြောကို ဖြတ်လိုက်မယ် ...."

အစောင့်မိန်းမကြီးက မျက်နှာရှုံ့ရှုံ့မဲ့မဲ့နှင့်ပြန်ပြောသည်။

"မင်း .... မင်းက ဒီလိုဆွဲထားတော့ သံကွင်းကို ဘယ်လိုလုပ်

ပြီး ငါသွားဆွဲလို့ ရမှာလဲ .... လွှတ်လိုက်ပါ .... လွှတ်မှ တံခါးကို ငါဖွင့်လို့ရမှာပေါ့ .... ”

တိန့်ထောက်က မျက်နှာကိုမဲ့၍ ခေါင်းကိုခါယမ်းကာ ...

“တော်ပြီး ခင်ဗျားလှည့်စားတာကို ကျုပ်ထပ်ပြီး မခံနိုင်တော့ဘူး၊ သံကွင်းရှိတဲ့နေရာကို ရောက်အောင် ကျုပ်ပို့ပေးမယ်”

တိန့်ထောက်က လွှတ်နေသော လက်တစ်ဖက်ဖြင့် မိန်းမကြီး၏လက်ကောက်ဝတ်ကို ဆွဲကိုင်ဖျစ်ညှစ်၍ ပခုံးကိုင်ထားသော လက်ကို လွှတ်လိုက်သည်။ ထို့နောက် လွှတ်သွားသော လက်ကို သံတိုင်မှ ထုတ်ကာ နှစ်ယောက်ခြားသံတိုင်ကြားမှ ပြန်သွင်း၍ မိန်းမကြီး၏ ကျန်လက်တစ်ဖက်ကို ဆွဲကိုင်ဖျစ်ညှစ်လိုက်ပြန်သည်။ ဤနည်းဖြင့် သူသည် လက်နှစ်ဖက်ကို တစ်ဖက်စီ အထုတ်အသွင်လုပ်ကာ မိန်းမကြီးအား သံကွင်းရှိရာဘက်သို့ ခေါ်လာခဲ့သည်။

ဤသို့ဖြင့် သံတိုင်တံခါးဘေးကို ရောက်လာသည်။

“ကဲ .... သံကွင်းကို ဆွဲချိတ်လိုက်တော့ .... ”

မိန်းမကြီးက လွှတ်နေသော လက်တစ်ဖက်နှင့်သံကွင်းရှိရာကို လက်လှမ်းကာ မျက်နှာရှုံ့မဲ့လျက် ....

“မမီဘူး၊ ငါ့လက်ကို လွှတ်လိုက်ပါ၊ တကယ်ဖွင့်ပေးပါ့မယ်”

“ဉာဏ်မများနဲ့ ခင်ဗျားကို ကျုပ်သတ်မိလိမ့်မယ် .... ”

တိန့်ထောက်က သူ့ခါးမှဓားကို ဆွဲထုတ်လိုက်သည်။ ထိုအခါမှ အစောင့်မိန်းမကြီး ကြောက်လန့်သွားပြီး သူမ၏လက်ကို ဆန့်နိုင်သမျှ ဆန့်လိုက်ကာ သံကွင်းကြီးကိုဆွဲ၍ ချိတ်တွင် ချိတ်လိုက်သည်။

သံတံခါးကြီး တကျိုကျိုမြည်ကာ မြောက်တက်သွားသည်။



“လွှတ်လေ .... တံခါးပွင့်သွားပြီ .... ”

မိန်းမကြီးက ထိတ်လန့်တကြားနှင့် အော်လိုက်သည်။

သို့သော် တိန့်ထောက်က မလွှတ်ဘဲ သူမ၏လက်ကို ဆွဲမြဲဆွဲထားသဖြင့် သံတံခါးမြောက်တက်သွားရာ တိန့်ထောက်ရော အစောင့်မိန်းမကြီးနှစ်ယောက်စလုံး မြောက်ပါသွားသည်။

“အား .... အား”

အစောင့်မိန်းမကြီး၏လက်မှာ ကန့်လန့်ဖြတ်သံတိုင်တွင် တင်ပြီး ပါးသွားခြင်း ဖြစ်သဖြင့် နာကျင်လွန်းလှလေရာ မျက်နှာကြီးရှုံ့မဲ့၍ ညည်းတွားနေသည်။

တံခါးရပ်သွားမှ တိန့်ထောက်သည် မိန်းမကြီး၏လက်ကို လွှတ်လိုက်သည်။ နှစ်ယောက်စလုံး အောက်ကိုပြန်ကျသည်။

ကျောက်ပြားခင်း ကြမ်းပြင်ပေါ်သို့မရောက်ခင် တိန့်ထောက်က သူ၏ညာဘက်လက်မှ ဓားနှင့် မိန်းမကြီး၏ရင်ဝကို ရိုက်လိုက်သည်။

“ဗုန်း .... ”

“အင့် .... ”

မိန်းမကြီး၏ပါးစပ်မှ သွေးများ ပွက်ခနဲထွက်လာပြီး ကျောက်ပြားခင်းတွင် လဲကျငြိမ်သက်သွားသည်။

“အဘွား .... အမြန်လာ .... ကျွန်တော်တို့ အမြန်သွားကြမှ ဖြစ်မယ် .... အစောင့်တွေ ဝင်လာရင် မလွယ်ဘူး .... ”

တိန့်ထောက်က သိမ်းငှက်သခင်မကြီးကို ပြောလိုက်၏။ သို့သော် သိမ်းငှက်သခင်မကြီးက သွက်လက်စွာ ပြေးထွက်မလာနိုင်ချေ။

"ကျုပ်ကို သူတို့က အဆိပ်ငွေ့နဲ့ အာရုံကြောတွေကို ထုံထို

အောင် လုပ်ထားကြတယ် .... ကျုပ်ပညာကို အသုံးချလို့မရဘူး ဖြ

နေတယ် .... "

သိမ်းငှက် သခင်မကြီးအနီးသို့ တိန့်ထောက် ကပ်လာပြီး

"အဆိပ်ငွေ့နဲ့ ထိန်းချုပ်ထားတာဆိုရင်တော့ မပူပါနဲ့ အဘွား

ကျွန်တော့်မှာ အဆိပ်ဖြေ မဟူရာကျောက် ရှိပါတယ် .... "

တိန့်ထောက် ပြောပြောဆိုဆို မဟူရာအဆိပ်ဖြေကျောက်

သိမ်းငှက်သခင်မကြီး၏ ပါးစပ်ထဲထည့်၍ ငုံထားစေသည်။

သိမ်းငှက်သခင်မကြီး၏ တစ်ကိုယ်လုံး ဖိန်းဖိန်းရှိန်းရှိန်းဖြ

သွားပြီး သူမ၏ ထိုင်းမှိုင်းနေသော အာရုံကြောမှာလည်း ပြန်

လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။

ခဏအကြာတွင် သူမပါးစပ်ထဲမှ အဆိပ်ဖြေကျောက်

ထုတ်ယူပြီး တိန့်ထောက်ကို ပြန်ပေး၍ ပြောလိုက်သည်။

"သိပ်ကောင်းတဲ့ အဆိပ်ဖြေကျောက်ပါလား .... ကျုပ် အာ

တွေ ပြန်ကောင်းသွားပြီ .... ဘယ်ရန်သူကိုမှ မှုစရာမလိုတော့ဘူး"

"ဘယ်လိုဖြစ်ပြီး သူတို့လက်ထဲမှာ သွားအဖမ်းခံရတာလဲ"

"လွန်ခဲ့တဲ့ သုံးရက်လောက်က အိယန်းမြို့နားမှာ ကျုပ်မိ

သွားရင်း သူတို့နဲ့ ရင်ဆိုင်တိုးရတာပဲ .... သူတို့က ကျုပ်ကို ဘယ်

လုပ်ကြတယ်မသိပါဘူး .... ကျုပ် မေ့သွားတယ် .... သတိပြန်ရလာ

တော့ ဒီအချုပ်ခန်းထဲမှာ ရောက်နေပြီလေ .... အာရုံကြော

ထုံထိုင်းနေပြီး သွက်သွက်လက်လက် လှုပ်ရှားလို့ မရတော့ဘူး —

ဖေးလို့ယီ ဘယ်မှာလဲလို့ ကျုပ်ကိုလာပြီး စစ်ဆေးကြတယ်လေ —



ဖေးလို့ယီဟာ ကျုပ်သားဆိုတာ သူတို့သိတယ်တဲ့၊ အဖွဲ့ကိုလည်း သစ္စာ

ဖောက်သွားပြီတဲ့ .... ဒါနဲ့ တိန့်ထောက် မင်းကော ကျုပ်သားဘယ်မှာ

ဆိုတာ သိသလား .... "

"ကျွန်တော် သေသေချာချာတော့ မသိဘူး .... အစ်ကိုဖေး

လို့ယီဟာ ဝမ်ရဲ့ရဲတိုက်ကို အပြန်လမ်းမှာပဲ ရှိလိမ့်မယ်ထင်တယ် ....

သူကတော့ ဘာမှ သိပ်ပုံရသေးမှာ မဟုတ်ဘူး .... သူ့ကို အမြန်ဆုံးတွေ့

နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားကြရလိမ့်မယ် .... "

သိမ်းငှက်သခင်ကြီး၏ မျက်လုံးအစုံက တဖျပ်ဖျပ်ဝင်းလက်

တောက်ပလာသည်။ ဤသည်ကို ထောက်ချင့်၍ သူမ၏အတွင်းအား

များ ပြန်လည်ပြည့်ဖြိုးလာကြောင်း သိနိုင်လေသည်။

"ကဲ .... တို့ ဘေးကင်းရာနေရာကိုရောက်မှ အေးအေးဆေး

ဆေး စကားပြောကြတာပေါ့ .... ခုတော့ သွားကြစို့ .... "

တိန့်ထောက်က လမ်းသိနေသဖြင့် ရှေ့မှဦးစွာ ပြေးထွက်

သွားသည်။ သိမ်းငှက်သခင်မကြီးက နောက်မှ ထက်ကြပ်မကွာ လိုက်

သည်။

အကျဉ်းခန်းဆောင်ရှေ့ကို အရောက်တွင် တိန့်ထောက် သွေး

ကြောပိတ်ထားသော လူနှစ်ယောက် ဤတိုင်းရှိနေသေးသည်ကို တွေ့

ရသည်။ ဤနေရာသို့ ကင်းလှည့်သမားများ ရောက်မလာကြောင်း

သေချာသွားသည်။

တိန့်ထောက်က သိမ်းငှက်သခင်မကြီးကို လက်ယက်၍ ပြန်

ခေါ်ခဲ့သည်။

ကျင့်ရဲ့ဝှာတို့ရှိနေသော ပြတင်းပေါက်နားဆီသို့အရောက်တွင်

တိန့်ထောက်တို့သည် အစောင့်နှစ်ယောက်နှင့် ပက်ပင်းတိုးလေတော့၏။

"ဖယ် တိန့်ထောက် .... ကျုပ်ရှင်းမယ်"

စကားသံနှင့်အတူ သိမ်းငှက်သခင်မကြီး ရှေ့ကို ခုန်ထွက်လိုက်ပြီး လက်ဝါးသိုင်းကွက်နှင့် အစောင့်နှစ်ယောက်ကို ရိုက်လိုက်၏။

"ဖြန်း .... ဖုန်း"

"အား .... အင့်"

အစောင့်နှစ်ယောက်စလုံး အော်ဟစ်ညည်းတွား၍ လဲကျသွားကြသည်။

တိန့်ထောက်မှာ အစောင့်များ အော်သံကြောင့် စိုးရိမ်စိတ်ဖြစ်သွားမိ၏။

စောစောက သူ ဖြတ်လာစဉ်က ဤအဆောင်ထဲတွင် ကျင့်ရဲ့ဟွာ ရှိနေသည်ကို သူ သိထားမိသည်။ ယခု အစောင့်များ၏အော်သံကို သူမ ကြားသွားနိုင်လောက်သည်။

တိန့်ထောက် စိုးရိမ်သလိုလည်း ဖြစ်လာသည်။

ပြတင်းပေါက်တံခါး ရုတ်ခြည်းပွင့်သွားပြီး လူနှစ်ယောက် ရောက်လာသည်။

ကျင့်ရဲ့ဟွာနှင့် အမျိုးသားတစ်ယောက် ဖြစ်၏။

အမျိုးသားမှာ ရုပ်ရည်ချောချောဖြစ်ပြီး အပေါ်အင်္ကျီမပါဘဲ အောက်ခံအင်္ကျီကိုသာ ဝတ်ထားသည်။ ကျင့်ရဲ့ဟွာ၏အင်္ကျီမှာလည်း ကပိုကရိုဖြစ်နေသည်။ ကျင့်ရဲ့ဟွာသည် ထိုအမျိုးသားနှင့် ဖောက်ပြန်ပျော်မြူးနေရာမှ ကတိုက်ကရိုက်ခုန်ထွက်လာကြပုံရ၏။



သူတို့နှစ်ဦး၏လက်ထဲတွင် ဓားကိုယ်စီ ကိုင်ထားသည်။

တိန့်ထောက်နှင့် သိမ်းငှက်သခင်မကြီးကိုမြင်လျှင် ကျင့်ရဲ့ဟွာတို့ သဘောပေါက်နားလည်သွားကြသည်။

ကျင့်ရဲ့ဟွာက မျက်နှာတစ်ချက်မဲ့လိုက်ပြီး ....

"ဩော် .... တိန့်ထောက်ပါလား .... နင်က ဟိုအဘွားကြီးကို လာကယ်တာပေါ့ ဟုတ်လား .... "

တိန့်ထောက်က ကျင့်ရဲ့ဟွာကို ဘာမှပြန်မပြောဘဲ သိမ်းငှက်သခင်မကြီးကိုသာ ပြောလိုက်၏။

"အဘွား .... ဟိုဝင်းနံရံကိုကျော်ပြီး ကျွန်တော့်ကို စောင့်နေပါ .... ကျွန်တော် သူတို့နဲ့ ရင်ဆိုင်လိုက်ဦးမယ် .... "

သို့သော် သိမ်းငှက်သခင်မကြီးက တိန့်ထောက်ကို တစ်ယောက်တည်း ထားမသွားလိုသဖြင့် ထွက်မသွားချေ။

ထိုစဉ် ဝတ်ရုံဝတ်ထားသော ဝမ်ရဲ့အဖွဲ့သားလေးယောက် လက်နက်ကိုယ်စီကိုင်၍ ပြေးဝင်ရောက်ရှိလာသည်။

သိမ်းငှက်သခင်မကြီးက ပြေးဝင်လာသူလေးယောက်ကို ကြိုပြီး စတင်တိုက်ခိုက်သည်။

တိန့်ထောက်က ကျင့်ရဲ့ဟွာနှင့် သူမ၏အဖော် အမျိုးသားထံ ခုန်ဝင်ပြီး တိုက်ခိုက်သည်။

ထိုးခုတ် အော်ဟစ်သံများ ညံစီစွာ ပေါ်ထွက်လာသည်။

ပြင်းထန်သော တိန့်ထောက်၏ဓားချက်ကြောင့် ကျင့်ရဲ့ဟွာ နောက်ကို ကတိုက်ကရိုက်ဆုတ်သွားရသည်။ သူမ၏အဖော် အမျိုးသားကလည်း တိန့်ထောက်ကို ယှဉ်မိရုံနှင့်တိန့်ထောက်၏ ထက်မြက်လှ

သော သိုင်းပညာကို သိသွားပြီး ထိတ်လန့်တုန်လှုပ်သွားသည်။

အမျိုးသားက ကစဉ့်ကလျားနှင့် တိန့်ထောက်ကို ခုခံတို
ခိုက်နေရသည်။

သိမ်းငှက်သခင်မကြီးကို ဝိုင်းတိုက်နေကြသော ဝမ်ရဲ့အ
သား လေးယောက်အနက် သုံးဦးမှာ သိမ်းငှက်သခင်မကြီးထက် သိုင်း
ပညာများစွာ အဆင့်နိမ့်သူဖြစ်လေရာ တစ်ခဏအချိန်တွင်းမှာပင် သိမ်း
ငှက်သခင်မကြီး လက်ချက်ဖြင့် လဲကျနေပြီ ဖြစ်၏။

သူမ၏လက်ထဲတွင် ဓားတစ်လက်လည်း ရောက်ရှိနေပြီ
ကျန်တစ်ယောက်နှင့် တိုက်ခိုက်လျက်ရှိနေသည်။ ထိုသူမှာ အဘိုးကြီး
ဖြစ်ပြီး သိုင်းပညာလည်း အဆင့်မြင့်လေသည်။

တိန့်ထောက်၏ မျက်လုံးအစုံမှာ ဒေါသကြောင့် အရောင်များ
ဝင်းလက်တောက်ပနေသည်။ လူကလည်း ကျင့်ရဲ့ဟွာနှင့် သူမ၏အဖော်
အမျိုးသားကို တရကြမ်းတိုက်ခိုက်လျက်ရှိသည်။ ကျင့်ရဲ့ဟွာနှင့် သူမ၏
အဖော် အမျိုးသားမှာ နောက်ကိုတဆုတ်တည်းဆုတ်လျက်ရှိနေသည်

"ဟိုင်း ...."

တိန့်ထောက်က ပွဲကို အမြန်ဆုံးပြီးဆုံးစေရန် အော်ဟစ်မာန်
သွင်းလိုက်ပြီး ဝှေ့၍ခုန်ဝင်ကာ ဓားကို ဝှေ့ယမ်းလိုက်၏။

"အား ...."

အမျိုးသားမှာ အော်ဟစ်ရင်း လဲကျသွားသည်။

ကျင့်ရဲ့ဟွာ မျက်လုံးပြူးကျယ်သွားပြီး ထိတ်လန့်သွားသည်
သူမသည် သူမ၏အဖော် အမျိုးသားအတွက် တိန့်ထောက်ကို ဒေါ
တကြီးဖြစ်ပြီး အော်ဟစ်မာန်သွင်းကာ ခုန်ဝင်တိုက်ခိုက်သည်။



"ယား ...."

"ထန်း ...."

"အ ...."

တိန့်ထောက်၏ဓားနှင့် ကျင့်ရဲ့ဟွာ၏ဓား အရှိန်ပြင်းစွာ ခုတ်မိ
ကြပြီး ကျင့်ရဲ့ဟွာ၏ လက်မှဓား လွတ်ကျလွင့်စဉ်သွားသည်။ သူမ၏
ပခုံးကိုလည်း တိန့်ထောက်၏ ဓားချက်ထိသွားသည်။ သူမက ထိတ်
လန့်တကြီး နောက်ကို ခုန်ဆုတ်၍ လှည့်ပြေးသွားသည်။

"အီး ...."

ထိုစဉ် သိမ်းငှက်သခင်မကြီးနှင့် တိုက်ခိုက်နေသော အဘိုး
ကြီးမှာ ဓားချက်ထိသွားပြီး လဲကျသွားသည်။

တိန့်ထောက်ထံသို့ လူဆယ်ယောက်ခန့် ပြေးဝင်လာကြပြန်
သည်။

ကျင့်ရဲ့ဟွာ အားတက်သွားပြီး သူ့လူတွေကို အော်ဟစ်အမိန့်
ပေးလိုက်၏။

"ဝိုင်းတိုက်ကြ မလွတ်စေနဲ့ ...."

ရောက်လာသော ဝမ်ရဲ့အဖွဲ့သားများသည် တိန့်ထောက်နှင့်
သိမ်းငှက်သခင်မကြီးကို ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့သည်။

တိန့်ထောက်သည် လုံးဝညှာတာလိုစိတ် မရှိတော့ချေ ....။
သူက ညှာတာပါက သူ့အသက်ကို ဝမ်ရဲ့အဖွဲ့သားများက သတ်ကြလိမ့်
မည်ဖြစ်ကြောင်း သိထားသဖြင့် မြင်မြင်သမျှလူကို တရကြမ်းထိုးခုတ်
သည်။

"ထန်း ...."

"ဝှစ် ဝှစ်"

"အွန့် .... "

တိန့်ထောက် လက်ချက်နှင့်လူလေးယောက် လဲကျသွား သည်။

သိမ်းငှက်သခင်မကြီး လက်ချက်နှင့် လူနှစ်ယောက်လဲ သွားသည်။ ကျန်လူလေးယောက်မှာ ထိတ်လန့်တကြား နောက် ဆုတ်ခွာသွားကြ၏။

ကျင့်ရဲ့ဝှာလည်း အခြေအနေမဟန်တော့မှန်းသိပြီး ထွက် သည်။

တိန့်ထောက်သည် ဤစခန်းကို ဖြိုဖျက်သွားမည်ဟု ယ ပြတ်ဆုံးဖြတ်ချက်ချထားပြီး ဖြစ်လေရာ၊ သူ၏ဓားရှည်နှင့် ကျင့်ရဲ့ဝှာ ပစ်ပေါက်လိုက်သည်။ သူ၏ဓားက ကျင့်ရဲ့ဝှာ၏နောက်ကျော ဖောက်ဝင်သွားသည်။

"အားရီး .... "

ကျင့်ရဲ့ဝှာမှာ စူးစူးဝါးဝါးအော်ပြီး လဲကျသွားသည်။

ဝမ်ရဲ့အဖွဲ့သားလေးယောက်မှာ သူတို့၏ခေါင်းဆောင် အ အနေကို မြင်ရသောအခါ တစ်ချိုးတည်း ထွက်ပြေးကြတော့သည်

တိန့်ထောက်က ကျင့်ရဲ့ဝှာ၏အလောင်းမှ သူ့ဓားကိုဆွဲ ယူလိုက်ပြီး အံကိုတင်းတင်းကြိတ်၍ ရေရွတ်လိုက်သည်။

"ကျင့်စန်းကျန်း ခရိုနီကစပြီး ဆိုးသွမ်းယုတ်မာတဲ့ခင်ဖျား ရဲ့ ဝမ်ရဲ့အဖွဲ့ကို ကျုပ်ဟာ စပြီးချေမှုန်းတိုက်ခိုက်နေပါပြီ၊ ခင်ဖျား တော့ သေပြီ .... နောက်တစ်ခါ ခင်ဖျားအလှည့်ပဲ .... "



"တိန့်ထောက် သွားကြရအောင် .... "

သိမ်းငှက်သခင်မကြီးက ဘေးဘီဝဲယာကို တစ်ချက်ကြည့်၍ တိန့်ထောက်ကို လှမ်းပြောလိုက်သည်။

တိန့်ထောက်က ခပ်အေးအေးပင် ပြန်ပြောသည်။

"စိုးရိမ်စရာမလိုတော့ပါဘူး အဘွား .... ဒီစခန်းရဲ့ခေါင်းဆောင် ကျင်းရဲ့ဝှာ ကျဆုံးသွားလို့ ကျွန်တော်တို့ကို ဘယ်သူမှ တိုက်ခိုက်ကြတော့မှာ မဟုတ်ပါဘူး .... တစ်လက်စတည်း စခန်းကို ဖျက်ဆီးသွားပါရစေဦး .... "

စကားအဆုံးတွင် တိန့်ဇီထောက်သည် ကျင့်ရဲ့ဝှာကို ထွက်လာသော ပြတင်းပေါက်မှ အတွင်းဘက်ကို ခုန်ဝင်သွားသည်။

ပထမတော့ တိန့်ထောက် ဘာလုပ်မည်မှန်း သိမ်းငှက်သခင်မကြီး မသိချေ။ သို့သော် ခဏနှင့်အတွင်းဘက်မှ မီးရောင်များ လင်းလာပြီး မီးတောက်လောင်လာသည်ကို တွေ့ရသောအခါ ရန်သူ့စခန်းကို တိန့်ထောက် မီးရှို့နေခြင်းဖြစ်ကြောင်း သိရတော့၏။

ပြတင်းပေါက်မှ တိန့်ထောက် ပြန်ခုန်ထွက်လာသည်။ ထို့နောက် သိမ်းငှက်သခင်မကြီးကိုခေါ်ကာ နှစ်ဦးသား ဝင်းနံရံဆီပြေးခဲ့ကြသည်။ ဝင်းနံရံမှ ခုန်ကျော်၍ ထွက်လာခဲ့ကြသည်။ သစ်ကိုင်းကြီးကို စွန့်တက်၍ သစ်ပင်ပေါ်မှတစ်ဆင့် တစ်ဘက်မြောင်းစပ်ကို ခုန်ဆင်းလာခဲ့ကြသည်။

ထိုအချိန်တွင် အဆောက်အအုံကြီးထဲတွင် မီးများတောက်လောင်လျက်ရှိပြီး လူများထိတ်လန့်တကြီး အော်ဟစ်သံများလည်း ပေါ်ထွက်နေသည်။

"ဝုန်း .... "

"ဒုန်း .... ဒိုင်း"

အဆောက်အအုံကြီးထဲမှ ပေါက်ကွဲသံများလည်း ဆက်တိ လိုလို ပေါ်ထွက်လာသည်။

ရန်သူအတွက် ထောင်ချောက်ဆင်ထားသော ဗုံးများ ပေါက်ကွဲခြင်းပင် ဖြစ်လေသည်။

တိန့်ထောက်နှင့် သိမ်းငှက်သခင်မကြီးတို့သည် တောင် နယ် ဓားသမားကြီး ပုန်းခိုနေသော နေရာဆီ ပြေးခဲ့ကြသည်။

သစ်ပင်ကွယ်မှ ရပ်ကြည့်နေသော တုန်းဖန်းမင်ကို တွေ့ ၏။ အံ့သြတကြီးဖြစ်နေသော တုန်းဖန်းမင်သည် တိန့်ထောက်ကိုမြ သောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

တိန့်ထောက်က တုန်းဖန်းမင်နှင့် သိမ်းငှက်သခင်မကြီးတို့ မိတ်ဆက်ပေးလိုက်၏။ ထိုအခါမှ ဖေးလို့ယီ၏မိခင်နှင့်ဆရာသမား သည် တစ်ဦးကိုတစ်ဦး သိသွားကြတော့၏။

တိန့်ထောက်က တုန်းဖန်းမင်းကို မေးသည်။

ဝမ်ရဲ့စခန်းခွဲမှာ တဝုန်းဝုန်းနှင့် ပေါက်ကွဲနေသဖြင့် စခန်း တွင်ရှိသော လူများအားလုံး မီးလောင်၍လည်းကောင်း၊ ယမ်းမှု လည်းကောင်း သေကြရသည်။

"ဒီစခန်းမှာ ဆရာကြီးပြောတဲ့အနောက်ဘက်ဓားသမား တော့ မတွေ့ဘူး .... ခပ်ချောချော လူတစ်ယောက်ကိုတော့ ကျိုင်ရဲ့ နဲ့ တွေ့ခဲ့တယ် .... "

"ဒီကောင်ဟာ .... အနောက်ဘက်ဓားသမားမဟုတ်ဘူး



ဒီကောင် ကျိုင်ရဲ့ဟာနဲ့ ရှုပ်နေတာ ငါသိတယ် .... သူ့နာမည် စီးမာရှ ပဲ .... ဒါနဲ့ ကျိုင်ရဲ့ဟာကော မီးထဲကျန်ခဲ့သလား .... "

"ကျွန်တော့်လက်ချက်နဲ့ သူတို့နှစ်ယောက်စလုံး သေပြီ"

"အင်း .... အမိုက်ဇာတ်သိမ်းသွားကြပြီပေါ့ .... "

တုန်းဖန်းမင် ခေါင်းတဆတ်ဆတ်ညိတ်၍ ပြောလိုက်ပြီးမှ စဉ်းစဉ်းစားစားနှင့် ဆက်ပြောသည်။

"ရဲတိုက်မှာတုန်းကတော့ အနောက်ဘက်ဓားသမားဟာ .... အသက် ငါးဆယ်လောက်ရှိပြီလို့ တွေ့ဖူးတဲ့ လူတစ်ယောက်ပြောပြလို့ ကျုပ်သိခဲ့ရတယ် .... ဒီစခန်းမှာ အနောက်ဘက်ဓားသမားရှိနေရင် ဒီလိုလွယ်လွယ်နဲ့ စခန်းကို ဖျက်ဆီးနိုင်မှာမဟုတ်ဘူး .... သူဟာ သိုင်းပညာနဲ့ နည်းဗျူဟာတွေကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားတယ်"

တိန့်ထောက်ကလည်း စဉ်းစားလိုက်ပြီး ....

"ကျွန်တော့်စိတ်ထင်ပြောရရင် အနောက်ဘက်ဓားသမားဟာ အစ်ကိုဖေးလို့ယီကို သွားဖမ်းတာ ဖြစ်လိမ့်မယ် .... အစ်ကိုဖေးလို့ယီကို တော်ရုံတန်ရုံလူ သွားဖမ်းဖို့လွယ်တာ မဟုတ်ဘူး ...."

သိမ်းငှက်သခင်မကြီးက သူ့သားအတွက် စိုးရိမ်သွားပြီး ....

"ဟုတ်တယ် .... ဖြစ်နိုင်တယ် .... ဘယ်လိုလုပ်ကြမလဲ.... ကျုပ်သား ဖေးလို့ယီကို ဘယ်မှာသွားရှာကြမလဲ .... "

ရုတ်တရက် မည်သူမှ ပြန်မပြောနိုင်ကြချေ။

တိန့်ထောက်က ခဏမျှ စဉ်းစားလိုက်ပြီးမှ သိမ်းငှက်သခင်မကြီးကို မေးမြန်းလိုက်၏။

"ဒီဒေသတစ်ဝိုက်မှာ ဆရာကြီး ကြောင်နက်ရဲ့ ခုံမင်အဖွဲ့သား

တွေ့ ရှိနေနိုင်ပါသလား ....”

သိမ်းငှက်သခင်မကြီးက ခေါင်းညိတ်၍ ....

“ရှိပါတယ် .... ဘာဖြစ်လို့လဲ ....”

“ဒီလိုဆိုရင် အဘွားက ခုံမင်အဖွဲ့သားတွေဆီ အမြန်သွား တာဝန်ပေးလိုက်ပါ .... အစ်ကိုဖေးလို့ယီ ပြန်လာနိုင်မယ့် လမ်း လမ်းခွမှန်သမျှ လှူဖြန့်စောင့်စေပြီး သတိပေးနိုင်းဖို့ပါပဲ ....”

ထိုစဉ် သိမ်းငှက်ကြီး ‘ဂီး’ခနဲ အော်ဟစ်သံပေးပြီး သူတို့ခေါ် အထက်မှ ပျံသန်းရောက်လာလေသည်။

တိန့်ထောက်က ထပ်၍ ပြောလိုက်၏။

“ခုံမင်အဖွဲ့သားတွေကို အမြန်ဆုံးတွေ့ရအောင် အဘွား သွ ပါတော့ ....”

သူသည် တုန်းဖန်းမင်ကိုလည်း လှည့်ပြောသည်။

“ဆရာကြီးကဟော့ ဒီနေရာတစ်ဝိုက်မှာ လှည့်လည်ပြီး စောင့်လိုက်ပါဦး .... ကျွန်တော်က မြောက်ဘက်ပိုင်းကိုတက်ပြီး လမ်းလုံး အစ်ကိုဖေးလို့ယီရဲ့ အခြေအနေကို လိုက်ကြည့်မယ် ...

အားလုံးပင် တိန့်ထောက်၏ အကြံဉာဏ်ကို သဘောတူ လူချင်းခွဲလိုက်ကြတော့၏။

အခန်း(၁၆)

# အာရုံကောင်းသော အဘိုးအို

ဖန်းချင်မြို့သို့ တိန့်ထောက် ရောက်လာသည်။

ဖန်းချင်မြို့သည် ဝမ်ရဲ့ ရဲတိုက်သို့ သွားလျှင်သော်လည်း ကောင်း၊ ဝမ်ရဲ့ရဲတိုက်မှ ပြန်လျှင်သော်လည်းကောင်း မလွဲမသွေ ဝင် ရောက် ရပ်နားရသောမြို့ ဖြစ်၏။

တိန့်ထောက်သည် ဖေးလို့ယီနှင့်ဆုံလိုဆုံငြား ဤလမ်းမှ လာခဲ့ခြင်းဖြစ်လေသည်။ အခြားလမ်းမှလည်း ခုံမင်အဖွဲ့သားများကို စောင့်ဆိုင်းထားခဲ့ပြီဖြစ်၍ ပူစရာမလိုချေ။

ဖေးလို့ယီသာ ရဲတိုက်ပြန်မရောက်သေးပါက သေချာပေါက် တစ်နေရာရာတွင် တွေ့ဆုံရမည်သာ ဖြစ်၏။

တိန့်ထောက်က စားသောက်ဆိုင် တစ်ဆိုင်ထဲသို့ ဝင်လိုက် ပြီး လမ်းမနှင့် တံခါးပေါက်ဝကို မြင်နိုင်သော ပြတင်းပေါက်နား၊မှ စားပွဲ တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ သူသည် စားရင်းသောက်ရင်းမှ အခြေ အနေကို စောင့်ကြည့်နေသော်လည်း မထူးခြားသဖြင့် စားသောက် အပြီးတွင် ကျသင့်ငွေကို ရှင်း၍ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ထိုစားသောက်ဆိုင်နှင့်မျက်နှာချင်းဆိုင်တွင်ရှိသော တည် ခန်းတစ်ခန်းတွင် စိတ်ကြိုက်အခန်းတစ်ခန်းကို ငှား၍တည်းခိုလိုက် သူသည် သူ့အခန်းပြူတင်းပေါက်မှနေ၍ လမ်းမကြီးမှ လူသွားလူ များကို ကြည့်နေသည်။

ထိုစဉ် သူစားသောက်ခဲ့သော စားသောက်ဆိုင်၏ တံ ပေါက်ရှေ့တွင် လူတစ်ယောက် ရပ်နေသည်ကို စပြီးသတိထားမိသည် ထိုသူသည် သူတောင်းစားတစ်ယောက်ကဲ့သို့ အဝတ်အစား စုတ် ပြဲပြဲ ညစ်ညစ်ပေပေကို ဝတ်ဆင်ထားသည်။

လူရွယ်တစ်ယောက်ဖြစ်ပြီး ထိုသူ့ကို သိကျွမ်းဖူးသည်ဟု တိ ထောက်တွေးမိသည်။ သို့သော် ရုတ်တရက် စဉ်းစားမရချေ။

ထိုအချိန်တွင် ဆိုင်ထဲမှ အလုပ်သမားတစ်ယောက် ထွ လာသည်။ သူ၏လက်တစ်ဖက်စီတွင် ကိုင်ထားသော အရက်အိုးကြ တစ်အိုးနှင့် ခြင်းတောင်းကြီးတစ်တောင်းကို သူတောင်းစားကဲ့သ ဝတ်စားထားသော လူရွယ်လက်သို့ လှမ်းပေးသည်။

ခြင်းတောင်းထဲတွင် အထုပ်များကိုတွေ့ရ၍ စားသော ဖွယ်ရာများ ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

သူတောင်းစားကဲ့သို့ ဝတ်စားထားသူသည် လက်တစ်ဖက် အရက်အိုးကိုကိုင်၍ လက်တစ်ဖက်က ခြင်းတောင်းကိုဆွဲကာ လမ်း အတိုင်း ထွက်ခွာသည်။

ထိုအခါမှ တိန့်ထောက်သည် ထိုသူကို မည်သူမည်ဝါဖြ ကြောင်း စဉ်းစားမိပြီး ဝုန်းခနဲ ထရပ်သည်။ ထိုသူမှာ ဝမ်ရဲ့ရဲတိုက် လူတစ်ယောက်ဖြစ်ပြီး သူ့နာမည်မှာ ဖန်းစေ့လူဖြစ်ကြောင်း မှတ်မိ



သည်။

တိန့်ထောက်သည် အစတည်းက ခရီးဆောင်အိတ်နှင့်ဓားကို အသင့်လွယ်ပြီး ဖြစ်လေရာ တည်းခိုခန်းမှ ပြေးထွက်လာခဲ့သည်။

ဖန်းစေ့လူ ထွက်သွားရာနောက်သို့ လိုက်သည်။

ရဲတိုက်တွင် တိန့်ထောက် နေခဲ့စဉ်က ဖန်းစေ့လူမှာ အသက် (၁၈)နှစ်ခန့်သာ ရှိသေးသည်။ သူသည် သိုင်းပညာကို ကောင်းစွာ တတ်ကျွမ်းထားသူ ဖြစ်လေရာ တိန့်ထောက်ကို မကြာခဏ နှိပ်စက် ညှင်းပန်းခဲ့သူ ဖြစ်လေသည်။

ဖန်းစေ့လူ အဘယ်ကြောင့် စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင် ထားကြောင်းကိုမူ တိန့်ထောက် စဉ်းစား၍မရချေ။

လမ်းမအတိုင်း ခပ်သွက်သွက်လိုက်ခဲ့ရာ မြို့ပြင်ကို ရောက် လာသည်။ မြို့ပြင်ရောက်လာသော်လည်း ဖန်းစေ့လူ၏အရိပ်အယောင် ကို မတွေ့ချေ။

ပြေးသွား၍ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိပြီး သူသည် လည်း ကိုယ်ဖော့ပညာကိုအသုံးပြု၍ တစ်ရှိန်ထိုး ပြေးလာခဲ့သည်။

တစ်လီခန့်ပြေးမိသောအခါ သူ့ရှေ့တွင် ပြေးနေသော ဖန်းစေ့ လူ၏ကျောပြင်ကို တိန့်ထောက်လှမ်းမြင်ရသည်။ ဖန်းစေ့လူ၏ လက် တစ်ဖက်တစ်ချက်စီတွင် အရက်အိုးနှင့် ခြင်းတောင်းကို ကိုင်ထားတုန်း ဖြစ်၏။

တိန့်ထောက်လည်း ဖန်းစေ့လူနောက်မှ ခပ်ခွာခွာလိုက်ပါ လာခဲ့သည်။

တောအုပ်တစ်အုပ်ဆီသို့အရောက်တွင် ဖန်းစေ့လူသည် ချုံး

ဝင်ပြီး ပျောက်ကွယ်သွားသည်။

တိန့်ထောက်လည်း သစ်ပင်များကို ပုန်းကွယ်ကာ တိတ်တ ဆိတ်ပင် တောအုပ်ထဲသို့ ဝင်လာခဲ့သည်။ မကြာမီ တောအုပ်ထဲတွ အိမ်အို အိမ်ပျက်ကြီးတစ်ဆောင်ကို လှမ်းတွေ့ရလေသည်။

ခြံဝင်းကြီးထဲတွင်လည်း မြက်ပင်များ၊ ချုံပင်များ ဖုံးလွှမ် လျက်ရှိနေ၏။

တိန့်ထောက်က မြက်ပင်ချုံပင်များကြားမှ တိုးဝှေ့၍ အိ ပျက်ကြီးအနီးသို့ ချဉ်းကပ်လာခဲ့သည်။

အိမ်ရှေ့ မြေကွက်လပ်တွင် ဝေါယာဉ်တစ်စီးရပ်တန့်ထား သည်ကို တိန့်ထောက် ဦးစွာတွေ့ရသည်။ ဝေါယာဉ်ဘေးတွင်မူ ဝေ ယာဉ်ထမ်းသမားနှစ်ဦးတို့က ရပ်တန့်နေကြသည်။

အိမ်ပျက်ကြီးရှေ့ လှေကားခြေရင်းနားတွင်မူ ဆေးတံရှည် ကြီးကို ဖွာရှိုက်ရင်း အဘိုးကြီးတစ်ယောက် ထိုင်နေသည်။

တိန့်ထောက်က ချုံ၏နောက်ကွယ်မှ အခြေအနေကိုစောင့် ကြည့်လိုက်သည်။

အရက်အိုးနှင့် ခြင်းတောင်းကို ကိုင်ထားသော ဖန်းစေ့လူက ၎င်းအဘိုးကြီးအနီးကို ချဉ်းကပ်သွားပြီး ဦးညွတ်အရိုအသေပေးလိုက် သည်။

"မှာလိုက်တဲ့စားစရာတွေ အကုန်ရခဲ့ရဲ့လားဟေ့ ...."

"ရခဲ့ပါတယ်ခင်ဗျာ .... တစ်ခုမကျန် ကျွန်တော်ဝယ်လာခဲ့ ပါတယ် ...."

အဘိုးကြီးက မေးလိုက်သောအခါ ဖန်းစေ့လူက ရိုသေစွာ



ပြန်ပြောသည်။

ထိုအဘိုးကြီးကိုမူ တိန့်ထောက်မသိချေ။ မြင်လည်း မမြင်ဘူး ချေ။ ဖန်းစေ့လူက ဝမ်ရဲ့ရဲတိုက်ကို သစ္စာဖောက်ပြီး ထိုအဘိုးကြီးနှင့် ပူးပေါင်းနေခြင်း ဖြစ်လေသလောဟု တိန့်ထောက်တွေးမိသည်။

ရပ်ထားသော ဝေါယာဉ်မှာ အဘိုးကြီးစီးလာသော ဝေါယာဉ် ပင် ဖြစ်လေမလားဟု စဉ်းစားမိသည်။

သူတို့သည် ငွေကြေးမတတ်နိုင်သဖြင့် မြို့ထဲမှ တည်းခိုခန်း တွင် တည်းခိုမစားသောက်ဘဲ ဤအိမ်ပျက်ကြီးတွင် တည်းခိုခြင်း ဖြစ် လေသလော။

မည်သို့မှ မဖြစ်ပါချေ။

ဝေါယာဉ်ကိုပင် အသုံးပြု၍ စီးနိုင်သော ထိုအဘိုးကြီးသည် တည်းခိုခန်းကိုလည်း မှုလိမ့်မည် မဟုတ်ချေ။

ပြီးတော့ ဖန်းစေ့လူ ဝယ်ခြမ်းလာသော စားသောက်ဖွယ်ရာ များမှာ ခြင်းတောင်းအပြည့်ဖြစ်သောကြောင့်၊ ငွေကြေးချို့တဲ့ခြင်း ကြောင့် မဟုတ်ကြောင်း သိသာလှ၏။

သူတို့၏အပြုအမူသည် ထူးခြားမှုရှိနေလေပြီ။

အဘိုးကြီးထိုင်သည့်နေရာတွင်ပင် ဖန်းစေ့လူက စားသောက် ရန် ပြင်ဆင်သည်။ ခြင်းတောင်းထဲမှ အထုပ်များကို တစ်ခုချင်း ဖြေ သည်။

ပန်းကန်ခွက်ယောက်နှင့် တူများကိုပါ တစ်ခါတည်း ဝယ် လာသည်။

အားလုံး ပြင်ဆင်ပြီးသောအခါ ဖန်းစေ့လူက ဝေါယာဉ်ထမ်း

သမားနှစ်ဦးကို လှမ်းခေါ်လိုက်သည်။

ဝေါယာဉ်ထမ်းသမားနှစ်ယောက် ရောက်လာသောအ သူတို့သည် ဝိုင်းဖွဲ့လိုက်ကြ၏။

ထိုအခါမှ အဘိုးကြီးသည် သူ့ပါးစပ်မှ ဆေးတံရှည်ကြီးကို ချွတ်၍ အုတ်လှေကားတွင် တခေါက်ခေါက်ရိုက်ကာ ပြာခြွေလိုက်၏။

ဆေးတံရှည်ကြီးနှင့်အုတ်လှေကား ရိုက်မိသံကို ကြားရခြင်း အားဖြင့် ဆေးတံမှာ ဝါးဆေးတံမဟုတ်ဘဲ သံနှင့်အထူးပြုလုပ်ထား သော ဆေးတံဖြစ်ကြောင်း တိန့်ထောက်သိလိုက်၏။

အဘိုးအိုသည် ဆေးတံကို သူ့ခါးတွင် ထိုးပြီးနောက် သူက ဦးစွာ စတင်စားသောက်သည်။ ထိုအခါမှ ဖန်းစေ့လူနှင့်အထမ်းသမား နှစ်ယောက်လည်း စတင်ပြီးစားသောက်ကြလေသည်။

ဖန်းစေ့လူက အဘိုးကြီးကို ဂရုတစိုက် ခူးခပ်ထည့်ပေးသည်၊ အရက်ကိုလည်း တရိုတသေ ငှဲ့ပေးသည်။

သူတို့တတွေ စားသောက်နေစဉ် ဖန်းစေ့လူက အဘိုးကြီးကို မေးလိုက်၏။

"ဆရာကြီး ဝေါယာဉ်ထဲက ဟိုလူ့ကို ကျွေးဦးမလား"

အဘိုးကြီးက ခပ်အေးအေးပင် ပြန်ပြောသည်။

"အေး .... ငတ်ပြီး မသေအောင်တော့ ပေါက်စီတစ်လုံး လောက် သွားပြီးကျွေးလိုက်ကွာ .... "

ဖန်းစေ့လူလည်း ပေါက်စီတစ်လုံးကိုကောက်ယူပြီး ဝေါယာဉ် ဆီသို့ လျှောက်လှမ်းသွားသည်။

တိန့်ထောက်က စိတ်ဝင်တစား ကြည့်နေသည်။



ဝေါယာဉ်အနီးသို့ ဖန်းစေ့လူရောက်လျှင် ဝေါယာဉ်တံခါးကို ဖွင့်လိုက်ပြီး အတွင်းသို့ ပေါက်စီကို လှမ်းပေးလိုက်သည်။

"ရော့ .... စား"

တိန့်ထောက်သည် ဝေါယာဉ်ကို ခပ်စောင်းစောင်းသာ တွေ့ နေရသဖြင့် ဝေါယာဉ်ထဲမှလူကို မတွေ့ရချေ။ သို့သော် အထဲမှလူသည် ထိုင်နေသောကြောင့် ခြေထောက်တစ်ဖက်က ပေါ်ထွက်နေသည်။ ခြေမျက်စိဖုံးသော ဂါဝန်စကို လှမ်းမြင်ရသဖြင့် ဝေါယာဉ်ထဲမှလူမှာ အမျိုးသမီးတစ်ယောက် ဖြစ်လိမ့်မည်ဟု တွေးမိသည်။

တိန့်ထောက် အံ့အားသင့်နေစဉ် ဖန်းစေ့လူက ဝေါယာဉ် တံခါးကို ပြန်ပိတ်ပြီး စားသောက်ဝိုင်းဆီသို့ ပြန်လာလေသည်။

ဖန်းစေ့လူ စားသောက်ဝိုင်းသို့ ရောက်လာသောအခါ အဘိုး ကြီးက ခေါင်းကိုဆတ်ခနဲ မော့၍ ဖန်းစေ့လူကိုကြည့်ကာ မေးလိုက်၏။

"စေ့လူ မင်းနဲ့အတူ ဘယ်သူ့ကိုခေါ်လာတာလဲ .... "

စကားဆုံးသည်နှင့် အဘိုးကြီးသည် တိန့်ထောက်ပုန်းကွယ် နေသော နေရာဆီသို့ တစ်ချက် စူးစိုက်ကြည့်လိုက်၏။

ဖန်းစေ့လူက အံ့အားသင့်သွားပြီး အဘိုးကြီးကြည့်ရာကို သူလည်း လှည့်ကြည့်သည်။ ပြီးမှ တုန်ယင်သောအသံဖြင့် ပြန်ပြော သည်။

"ကျွန်တော် ဘယ်သူ့ကိုမှ ခေါ်မလာပါဘူး .... "

အဘိုးကြီးက ခပ်အေးအေး ပြန်ပြောသည်။

"အေး .... မင်းခေါ်လာတာ မဟုတ်ဘူးဆိုရင်တော့ သူ ဘာသာသူ မင်းနောက်က တိတ်တိတ် လိုက်လာခဲ့တာပဲ ဖြစ်လိမ့်မယ်"

အဘိုးကြီးစကားကြောင့်အထမ်းသမားနှစ်ယောက်မှာအထိတ်တလန့်ဖြစ်သွားကြပြီး သူတို့လက်ထဲမှ ပန်းကန်လုံးများကို ပစ်ချကာ ဖျတ်ခနဲ ထရပ်လိုက်ကြ၏။ တစ်ယောက်က ဝေါယာဉ်ရှိရာကို ပြေးသွားပြီး ဝေါယာဉ်ဘေးတွင် ထောင်ထားသော ဓားသုံးလက်ကို ယူလိုက်သည်။

ပြီးမှ စားသောက်ဝိုင်းကို ပြန်ရောက်လာကာ သူ့အဖော်အထမ်းသမားနှင့် ဖန်းစေ့လူတို့ကို ဓားတစ်လက်စီ ပေးသည်။

"ဟေ့ .... မင်းတို့အသာနေကြ .... သူ့ကို မင်းတို့လည်းနိုင်ကြမှာ မဟုတ်ဘူး .... "

အဘိုးကြီးက ဟန့်တားလိုက်ပြီး ထိုင်နေရာမှ ခပ်ဖြည်းဖြည်းပင် ထရပ်လေသည်။

တိန့်ထောက်ကိုယ်တိုင် ထိတ်လန့်သွားသည်။ အဘိုးကြီးသည် သူ့ကိုမြင်၍ ပြောနေခြင်းမဟုတ်ဘဲ သူ့အနံ့ကိုရ၍သာ သိသွားခြင်း ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။ သို့တည်းမဟုတ် မိမိ၏ တိုးညင်းသောလှုပ်ရှားသံကိုလည်း နားပါးစွာဖြင့် ကြားသွားနိုင်လေသည်။

အဘိုးကြီးက တိန့်ထောက်အားကြည့်၍ အေးစက်စက်လေသံဖြင့် အမိန့်ပေး ပြောဆိုလိုက်သည်။

"ပုန်းကွယ်ရာက ထွက်ခဲ့စမ်း .... ယောက်ျားပီပီ မျက်နှာချင်းဆိုင်ပြီး ရင်ဆိုင်စမ်းပါ .... ပုန်းလျှိုး ဝှက်လျှိုး လုပ်မနေစမ်းပါနဲ့ ...."

တိန့်ထောက် မခံချင်စိတ် ဖြစ်မိသည်။ သူသည် ဆက်လက်ပုန်းကွယ်မနေတော့ဘဲ ချုံပင်ကြီးနောက်ဘက်မှ ထွက်လိုက်ရတော့သည်။



"ဟင် .... ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါလား"

ဖန်းစေ့လူက တိန့်ထောက်ကို မြင်သည်နှင့် အထိတ်တလန့်ရေရွတ်လိုက်၏။

သူသည် တိန့်ထောက်၏သတင်းကို ကောင်းစွာ ကြားသိပြီးထားလေပြီ။

တိန့်ထောက်ကို ကြည့်နေသော အဘိုးကြီး၏ မျက်လုံးအစုံမှာလည်း ပိုမိုဝင်းလက်တောက်ပသွားသည်။

တိန့်ထောက် တစ်လှမ်းချင်းလျှောက်လာခဲ့ရာမှ ခြေလှမ်းရပ်လိုက်သည်နှင့် အဘိုးကြီး၏ အေးစက်စက်လေသံဖြင့် ပြောသည်။

"ဪ .... မင်းက ရောင်ခြည်သိုင်းသမား တိန့်ထောက်ကိုး။ မင်းရဲ့နာမည်ကို ကြားနေရတာတော့ကြာပါပြီ .... ခုမှပဲ လူချင်းတွေ့ရတော့တယ် .... "

"ခင်ဗျား ဘယ်သူလဲ .... "

တိန့်ထောက်က လေသံမာမာနှင့် မေးလိုက်သည်။

အဘိုးကြီးက မဲ့ပြုံးပြုံးလိုက်ပြီး ....

"ငါ ဘယ်သူလဲဆိုတာ မင်းသိဖို့ မလိုပါဘူးလေ .... "

"ထားပါတော့ .... ဒါပေမယ့် ဟို ဝေါယာဉ်ထဲမှ ခင်ဗျားတို့ဖမ်းထားတဲ့ အမျိုးသမီးက ဘယ်သူလဲဆိုတာတော့ ကျုပ် သိချင်တယ်"

"ဒါလည်း မင်းသိဖို့ မလိုဘူး .... "

အဘိုးကြီးက ပြန်ပြောရင်း ရှေ့ကို တိုးလျှောက်လာသည်။ လျှောက်လာရင်းမှ သူ့ခါးကြားတွင် ထိုးထားသော ဆေးတံရှည်ကြီးကို ထုတ်ကိုင်လိုက်သည်။

တိန့်ထောက်ကလည်း သူ့ ခါးကြားမှ ဓားကို ဆွဲထုတ်လို့ လိုက်ရတော့၏။

တိန့်ထောက်ကပင် ဦးစွာ လှုပ်ရှားလိုက်၏။ အဘိုးကြီးကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ ဝေါယာဉ်ဆီသို့ လှစ်ခနဲ ပြေးသွားခြင်းဖြစ်၏။

သို့သော် အဘိုးကြီးကလည်း သွက်လက်မြန်ဆန်လွန်းလှသည်။ တိန့်ထောက်၏ရှေ့ကို ဖျတ်ခနဲ ခုန်၍ လမ်းကို ပိတ်ကာ သူ့လက်ထဲမှ ဆေးတံရှည်နှင့်တိန့်ထောက်ကို လှဲရိုက်လိုက်သည်။

တိန့်ထောက်က ကမန်းကတန်း သူ့ ဓားဖြင့် အဘိုးကြီး၏ ဆေးတံရိုက်ချက်ကို ဆီးခံလိုက်ရ၏။

သို့သော် တိန့်ထောက်၏ ဓားနှင့်အဘိုးကြီး၏ ဆေးတံမရိုက်မိချေ။ အဘိုးကြီးက လျှပ်တစ်ပြက် သူ့ သိုင်းကွက်ပြောင်းလိုက်သောကြောင့် ဖြစ်လေသည်။

အဘိုးကြီး၏ ဆေးတံက သူ့ခြေထောက်ဆီကို အရှိန်ပြင်းစွာ ကျလေရာ၊ တိန့်ထောက်လည်း တတိုက်ကရိုက် နောက်ကို ခုန်ဆုတ်လိုက်ရတော့သည်။

"ဝိုး"ခနဲ လေတိုးသံကြီးပေါ်လာပြီး တိန့်ထောက်မှာ အဘိုးကြီး၏ ရိုက်ချက်မှ လွတ်ရုံကလေးသာ ရှောင်တိမ်းလိုက်နိုင်သည်။

## အခန်း (၁၇)

## ဂါဝန်ဝတ်ယောက်ျား

အဘိုးကြီးသည် သိုင်းပညာအဆင့်မြင့်လှပြီး တစ်ဘက်ရန်သူ မထင်မှတ်သော သိုင်းကွက်များဖြင့် တိုက်ခိုက်တတ်သူဖြစ်၏။ သူသည် တိန့်ထောက်ကို နောက်ဘက်တဆုတ်တည်းဆုတ်အောင် ဆေးတံရှည်ကြီးနှင့် ဇွဲ့ယမ်းတိုက်ခိုက်လျက်ရှိနေသည်။

အဘိုးကြီး၏ဆေးတံရှည်ကြီးက ခေါင်းပေါ်ကို ကျလာမလိုလိုနှင့် ခြေထောက်ဆီ လှစ်ခနဲ ရောက်ချင်လာတတ်သည်။ ဘယ်ဘက်ကို ရိုက်မိမလိုလိုနှင့်ညာဘက်မှ အရှိန်ပြင်းစွာ ဝင်လာတတ်သည်။

တိန့်ထောက်ကဲ့သို့ လူမျိုးမို့သာ ညှိုမှုအထိ အဘိုးကြီး၏ တိုက်ကွက်ကို ခုခံကာကွယ်နိုင်ခြင်းဖြစ်၏။ အခြားလူတစ်ယောက်သာ ဆိုပါက ဆေးတံဖျားတွင် အသက်ပျောက်သွားမည်မှာ ကြာလှပြီဖြစ်၏။

တစ်ကြိမ်တွင် တိန့်ထောက်၏ဓားနှင့်အဘိုးကြီး၏ဆေးတံတို့ အရှိန်ပြင်းစွာ ရိုက်မိသွားကြ၏။

"ထန်း .... "

ကျယ်လောင်သော မြည်ဟည်းသံကြီးပေါ်လာပြီး မီးပွ မီးပွားများလည်း ဖွားခနဲ ထွက်လာသည်။

အဘိုးကြီးမှာ နောက်ကို ခြေသုံးလှမ်းမျှ ယိမ်းယိုင်ဆုတ်သွား ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ခါသွားသည်။

တိန့်ထောက်မှာ အတွင်းအားအဆင့်မြင့်လွန်းလှကြောင်း အဘိုးကြီး သိသွားပြီး စိုးရိမ်ထိတ်လန့်ခြင်းလည်း ဖြစ်မိ၏။

"ဝေါယာဉ်ကို ထမ်းသွားကြ .... "

အခြေအနေကို ဘေးမှ စောင့်ကြည့်နေသော ဖန်းစေ့လူက လည်း စိုးရိမ်တကြီးနှင့်ဝေါယာဉ်အထမ်းသမားနှစ်ဦးကို အမိန့်ပေး လိုက်၏။

တိန့်ထောက်က သူ့ ဓားဆီသို့ အတွင်းအားကို စုစည်းလိုက် ကာ အဘိုးကြီးထံ ခုန်ဝင်၍ အားအပြည့်အသုံးပြီး ဓားနှင့်ခုတ်ပြန်သည်။

အဘိုးကြီး ကတိုက်ကရိုက် ဆေးတံနှင့် ဆီးခံသည်။

"ထန်း .... "

မီးပွားများ ဖွာခနဲ ထွက်သွားပြန်ပြီး အဘိုးကြီးတစ်ကိုယ် လုံး တုန်ခါသွားကာ နောက်ကို ယိမ်းယိုင် ဆုတ်သွားပြန်သည်။

အဘိုးကြီးနောက်ကို ဆုတ်သွားသည်နှင့် တိန့်ထောက်သည် သွက်လက်စွာ ဝေါယာဉ်ဆီသို့ ခုန်လွှား၍ ရောက်လာသည်။ သူ့လက်မှ ဓားလည်း ဝင်းခနဲ လင်းတက်သွားသည်။

"အား .... "

ဝေါယာဉ်ထမ်းသမားတစ်ဦး ခွေခနဲ လဲကျသွားသည်။ ကျန်



တစ်ယောက်က အထိတ်တလန့်နှင့် နောက်ကို ခုန်ဆုတ်သွားသည်။

အဘိုးကြီးက တိန့်ထောက်နောက်ကို လှစ်ခနဲ ရောက်လာ ကာ သူ့လက်ထဲမှ ဆေးတံရှည်ဖြင့် ဆင့်ကာဆင့်ကာ တိုက်ခိုက်တော့ သည်။ တိန့်ထောက်ကလည်း ပြန်လှည့်၍ တိုက်ခိုက်သည်။

ထိုအခါ ဖန်းစေ့လူနှင့် ကျန်နေသော ဝေါယာဉ်အထမ်းတို့ လည်း ဘေးမှ ခုန်ဝင်လာကြကာ တိန့်ထောက်ကို ဝိုင်းတိုက်ကြတော့ သည်။

တိန့်ထောက်လည်း ရန်သူသုံးရောက်အလယ်တွင် ပတ်ချာ လှည့်၍ ခုခံတိုက်ခိုက်နေရတော့သည်။

"ဟိတ် .... "

"ဝှစ် .... ဗိုစ် .... "

"ထန်း .... ချွမ်း .... "

အော်ဟစ် တိုက်ခိုက်သံများ ဆူညံသွားသည်။

"အားရီး .... "

အဘိုးကြီး၏ ရင်အုံတွင် တိန့်ထောက်၏ဓားချက် ထိသွား ကာ သွေးများ ဖြာထွက်လာသည်။ အဘိုးကြီးက ထိတ်လန့်တကြီး နောက်ကို ခုန်ဆုတ်သည်။

ဝေါယာဉ်အထမ်းသမားတစ်ဦးလည်း ဒူးညွတ်၍ လဲကျသွား သည်။

ဖန်းစေ့လူမှာလည်း မျက်စိမျက်နှာပျက်၍ နောက်ကို ခုန် ဆုတ်ကာ ထွက်ပြေးရန် ဟန်ပြင်နေတော့သည်။

"ခင်ဗျား ဘယ်သူလဲဆိုတာ ပြောစမ်း .... "

ထိုစဉ် အဘိုးကြီးက လျှပ်တပြက် လှုပ်ရှားလိုက်သည်။ တိ
ထောက်ကို တိုက်ခိုက်ခြင်း မဟုတ်ဘဲ သူ့ဆေးတံရှည်ကြီးနှင့် အနီးတွ
ရှိသော ဖန်းစုလှကို ရိုက်လိုက်ခြင်းသာ ဖြစ်၏။

"အား ...."

ဖန်းစုလှ မရှောင်နိုင်ဘဲ ဆေးတံရိုက်ချက်မိသွားက
သူ့လှကို သူ အဘယ်ကြောင့် ပြန်သတ်လိုက်သည်ကို စဉ်းစားမရ ဖြ
မိ၏။

တိန့်ထောက် အံ့သြတကြီး ဖြစ်နေစဉ်မှာပင် အဘိုးကြီး
လည်း ချာခနဲ လှည့်၍ ထွက်ပြေးသွားလေတော့သည်။

တစ်ခဏနှင့် အဘိုးအိုကြီးသည် ဝင်းနံရံကို ခုန်ကျော်က
ပျောက်ကွယ်သွားလေသည်။ လျှင်မြန်သွက်လက်လှသည်မှာ တိ
ထောက်ပင် အံ့သြရလေသည်။

တိန့်ထောက်သည် ဝေါယာဉ်ဆီသို့ ချဉ်းကပ်လာခဲ့ပြ
ဝေါယာဉ်တံခါးကို ဆွဲဖွင့်လိုက်သည်။ ဝေါယာဉ်တံခါး ပွင့်သွားသ
နှင့် နောက်ကို ခြေသုံးလေးလှမ်း ဆုတ်လိုက်မိသည်။ ဝေါယာဉ်ထဲတွ
သူ့ကို အန္တရာယ်ပြုမည့် လက်နက်ပုန်းထောက်ချောက်များ ထွက်လ
လေမလားဟု အတွေးဖြင့် စိုးရိမ်တကြီး နောက်ကို ဆုတ်လိုက်ခြ
ဖြစ်၏။

ဝေါယာဉ်တံခါး ပွင့်သွားပြီးနောက် ဝေါယာဉ်ထဲတွင် ထိုင်
သော အမျိုးသမီးကို ကြည့်လိုက်ရာ တိန့်ထောက်အလွန်အမင်း
အားသင့်သွားသည်။ တိန့်ထောက် တွေ့မြင်လိုက်သည်မှာ ဂါဝန်
ဖြင့် ဝတ်ထားသူမှာ ဖေးလို့ယီ ဖြစ်နေသောကြောင့်ပင်တည်း။



တိန့်ထောက်သည် မျှော်လင့်မထားဘဲ ဖေးလို့ယီကို ဝေါယာဉ်ထဲတွင် တွေ့မြင်လိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိသည်။ သူသည် ဖေးလို့ယီကိုပင် လိုက်ရှာနေသည် မဟုတ်ပါလော။

ဖေးလို့ယီကို အမျိုးသမီးဝတ်စုံ ဝတ်ဆင်ပေးပြီး ဝေါယာဉ်ဖြင့် ဖမ်းဆီးခေါ်ဆောင်လာကြခြင်း ဖြစ်သည်။ ဖေးလို့ယီသည် တိန့်ထောက်ကို စကားပြောလိုသဖြင့် ပါးစပ်ဟသော်လည်း အသံကမှ မထွက်နိုင်ပေ။

ဖေးလို့ယီကို ခါးနှင့်ရင်ဘတ် လည်ပင်းတို့ကို ကြိုးဖြင့် တုပ်နှောင်ထားပြီး ဝေါယာဉ်နောက်မှီနှင့်တွဲထားကြောင်း တွေ့ရသည်။

ဖေးလို့ယီ၏ ဘယ်ဘက်လက်တွင်တော့ စားလက်စတစ်ဝက်တစ်ပျက် ပေါက်စီတစ်လုံးကို ကိုင်ထားလေသည်။

"ဘယ်လိုဖြစ်တာလဲ အစ်ကိုဖေး ...."

တိန့်ထောက်က မေးကြည့်လိုက်သည်။ သို့သော် ဖေးလို့ယီက ပါးစပ်ကိုသာလျှင် တလှုပ်လှုပ် လုပ်နေ၏။

တိန့်ထောက်သည် ဖေးလို့ယီတွင် ချည်နှောင်ထားသည့် ကြိုးများကို ဓားဖြင့် အလျင်အမြန် ဖြတ်တောက်ပစ်လိုက်၏။

ပိတ်ထားသည့် အကြောများကို ထောက်ဖွင့်ကြည့်ရာ အကြောပြေသွားသည်ကို တွေ့ရ၏။ အကြောပြေသွားလျှင် ဖေးလို့ယီ ပါးစပ်မှ ချက်ချင်းစကားသံ ထွက်လာတော့၏။

"ညီလေးတိန့် ကျုပ် အခုလို အဖမ်းခံရတာ ဘယ်လိုသိလို့ လိုက်လာတာတုံး ...."

"သိလို့ လိုက်လာတာ မဟုတ်ပါဘူး အစ်ကိုဖေး .... တည်း

နိုခန်းကနေ စားသောက်စရာ လာဝယ်တဲ့ ပော့ဟို ဖန်းစေ့လူကို
လို့ နောက်ယောင်ခံလိုက်လာခဲ့တာ .... ဒီရောက်တော့ ကျွန်တေ
လိုက်လာတာကို ဟိုခေါင်းဆောင်အဘိုးကြီးက တွေ့တော့ တိုက်ခို
တော့တာပဲ .... "

"သူတို့အားလုံးကို ညီလေး သတ်ပစ်လိုက်သလား .... "

"ကျွန်တော် သတ်ပစ်လိုက်တာ နှစ်ယောက်တည်းပါ
ဖန်းစေ့လူကိုတော့ ဟိုအဘိုးကြီးက သတ်လိုက်ပြီး ထွက်ပြေးသွ
တယ် .... နှုတ်ပိတ်သွားတယ် ထင်ပါရဲ့ .... "

"ညီလေး ဖန်းစေ့လူကို သိသလား .... "

"သိတာပေါ့ .... ကျွန်တော် ငယ်စဉ်က ဝမ်ရဲ့ရဲတိုက်မှာ
ထိုင်ရတုန်းက ဒီကောင် ကျွန်တော့်ကို သုံးလေးခါလောက် အနိုင်ကျ
ရိုက်နှက်ခဲ့တယ် .... "

တိန့်ထောက်သည် ကျင့်ရဲ့ဟုကို သတ်ဖြတ်လိုက်ကြော
ကျင့်ရဲ့ဟုအုပ်ချုပ်သည့် စခန်းကိုလည်း ဖြိုဖျက်လိုက်ကြောင်း၊ တ
ဖန်းမင်နှင့်သိမ်းငှက်သခင်မကြီးကိုလည်း ကယ်တင်လိုက်ရကြော
အကျဉ်းချုံးပြောပြလိုက်၏။

ဖေးလို့ယီမှာ ပါးစပ်အဟောင်းသားနှင့်နားထောင်နေ၏။
အပြင် တိန့်ထောက်က တုန်းဖန်းမင်၊ သိန်းငှက်သခင်မကြီးနှင့် ဖေး
ယီကို ဝမ်ရဲ့ရဲတိုက်သခင်ကြီးက ဖမ်းဆီးရသည့် အကြောင်းရင်း
ပြောပြလိုက်သည်။

"ကျင့်စန်းကျန်းဟာ ခင်ဗျားရဲ့အဖြစ်ကိုပါ စုံစမ်းသိရှိသွာ
ရောင်နီသိုင်းသမားကို သေပြီလို့ အစ်ကိုဖေး အစီရင်ခံခဲ့တာ သူတို



မယ့်ဘူး .... နောက်တော့ အစ်ကိုဖေးတို့ ဆရာတပည့်နှစ်ယောက်
သစ္စာဖောက်တယ်ဆိုပြီး အခုလို ဖမ်းဆီးကြတာပဲ .... "

"ဟာ .... တော်ပါသေးရဲ့ ညီလေးတိန့်ရယ် .... မေမေရော၊
ဆရာကြီးရော .... ကျုပ်ပါ ဒုက္ခရောက်ကြတော့မလို့ .... ကျုပ်လည်း
ရဲသားသိုင်းသမားကြီးတို့နဲ့အတူ တာဝန်ပေးလို့ ခရီးထွက်သွားတာ
နောက် ရဲတိုက်က စာပို့အဖွဲ့ဝင်တစ်ဦးရောက်လာပြီး ငရဲသားသိုင်း
သမားကြီးက ဘာမပြောညာမပြောနဲ့ ကျုပ်ကို ဖမ်းဆီးလိုက်တော့တာ
ပဲ.... နောက်တစ်နေ့ကျတော့ ဖန်းစေ့လူနဲ့အဲဒီ အဘိုးကြီး ရောက်လာ
ပြီး ကျုပ်ကို မိန်းမလို ဝတ်ပေးပြီး ဝေါယာဉ်နဲ့ ခေါ်လာတယ် .... "

ဖေးလို့ယီက ပြောပြီး သက်ပြင်းချလိုက်သည်။

"အဲဒီ အဘိုးကြီးက ဘယ်သူလဲ .... အစ်ကိုဖေး သိသလား"

"မသိပါဘူး .... ကျုပ် အထင်ပြောရရင် အဲ့ဒီ အဘိုးအိုဟာ
ကျင့်စန်းကျန်းရဲ့ လျှို့ဝှက် အဆင့်မြင့်သိုင်းသမားကြီး တစ်ဦးဖြစ်လိမ့်
မယ် .... "

တိန့်ထောက်က စဉ်းစားလိုက်ပြီး ....

"ဟာ .... ကျွန်တော့်အထင်ပြေရရင် ဒီအဘိုးကြီးဟာ
အနောက်ဘက်နယ်က သိုင်းသမားကြီးဖြစ်လိမ့်မယ် .... သူက အစ်ကို
ဖေးရဲ့ ဆရာလို့ပဲ .... အကြံပေးပုဂ္ဂိုလ်အဖြစ် ကျင့်စန်းကျန်းက ခန့်
ထားတာပဲ ဖြစ်ရမယ် .... "

ဖေးလို့ယီကလည်း ဤတွင်မှ စဉ်းစားသွားမိဟန်နှင့် ....

"ညီလေးတိန့်ထင်တာ ဖြစ်နိုင်တယ် .... ဒီအဘိုးကြီးရဲ့နာမည်
ဘယ်သူဆိုတာ ငရဲသားသိုင်းသမားကြီးတို့တောင် မသိဘူး .... သူ

ရောက်လာတော့ ရဲသားသိုင်းသမားကြီးတို့က အတော်လေး ...
လေးစားစား ဆက်ဆံ ပြောဆိုကြတာ တွေ့ရတယ် .... ဒါနဲ့ ...
အဘိုးကြီးကိုရော ညီလေးတိုက်နိုက်လိုက်တာ ဒဏ်ရာများ ရသွား...
သလား .... "

တိန့်ထောက် ခေါင်းညိတ်လိုက်ပြီး ....

"ရသွားတယ် .... ကျွန်တော်တစ်ခုသာ မပေါက်တာ ...
ဖန်းစေ့လူကို ဘာကြောင့် နှုတ်ပိတ်လိုက်ရသလဲ မသိဘူး .... ဖန်း...
လူဟာ ရဲတိုက်မှာ ကျင့်စန်းကျန်းရဲ့ လူယုံတော်တစ်ယောက်ပဲ ...
ကျင့်စန်းကျန်းရဲ့ လူယုံတော်ကို ဒီအဘိုးကြီးက သူ့သဘောနဲ့သူ နှု...
ပိတ်သတ်ဖြတ်လိုက်တာ ကျင့်စန်းကျန်းအပေါ် ဒီအဘိုးကြီး ဩ...
သြောင်းပုံပဲ .... "

"ကြည့်ရတာ ဒီအဘိုးကြီး ဘယ်သူဘယ်ဝါဆိုတာ ဖန်းစေ့...
သိပုံရတယ် .... သူ ထွက်ပြေးရင် ဖန်းစေ့လူက သူ့အကြောင်း ဖော်...
မှာပဲဆိုပြီး နှုတ်ပိတ်တာဖြစ်ရမယ် .... အင်း .... အတော်ရက်စက်...
လူတွေပဲ .... "

ဖေးလို့ယီကို ကယ်တင်ပြီးပြီ ဖြစ်သဖြင့် တိန့်ထောက် ...
လက်ပေ့ါပါးသွားလေ၏။

ဖေးလို့ယီကို တိန့်ထောက်က ရဲ့စန်းမြို့သို့ လိုက်ပို့ပြီးနော...
သူကမူ ဝိညာဉ်ပြန်ကျွန်းသို့ ဆက်လက် ခရီးနှင်ခဲ့လေ၏။

သူသည် ဝိညာဉ်ပြန်ကျွန်းအား လှမ်းမြင်ရသည်။ နေလ...
အချိန်တွင် ရောက်ရှိလာသည်။

ကျွန်းကမ်းစပ်သို့ ရောက်လျှင် ဝတ်စုံနီနှင့် အမျိုးသမီးတ...



သွေးထွက်လျှောက်လာနေသည်ကို တွေ့ရ၏။

အနီးသို့ရောက်လာလျှင် ဖန်းပင်ဖြစ်နေကြောင်း တွေ့ရသည်။ ဖန်းပင်၏မျက်နှာသည် ငိုယိုထားဟန်နှင့် မျက်လုံးများ မို့မောက်နီရဲနေသည်ကို တွေ့ရ၏။

တိန့်ထောက်လည်း ထိတ်လန့်သွားပြီး အလောတကြီး မေးလိုက်လေ၏။

"သူတို့ရောက်နေကြပြီလား .... "

"ရောက်နေကြပါတယ် .... "

"ဘာဖြစ်ကြသေးလဲ .... "

"ပြောပြပါ့မယ် .... ဒီစကားတွေကို ပြောချင်လို့ ဒီကနေ မောင်လေး ရောက်အလာကို စောင့်နေခဲ့တာပဲ .... သခင်မကြီးဟာ မောင်လေးနဲ့ ငွေနှင်းဖြူတို့ကို ပေါင်းစည်းစေချင်လွန်းလို့ သူ့ကိုယ်သူ အသက်အန္တရာယ်ဖြစ်တဲ့အထိ အနစ်နာခံရအောင် ဆုံးဖြတ်ထားတယ်"

တိန့်ထောက် သက်ပြင်းချလိုက်ပြီး ....

"သူ့ရဲ့အသက်အန္တရာယ် ဖြစ်လောက်အောင်အထိ အနစ်နာခံသွားရအောင် ကျွန်တော် မလိုလားပါဘူး .... ကျွန်တော်နဲ့ ငွေနှင်းဖြူရဲ့ ကိုယ်ကျိုးအတွက် သူ့ကို ဘေးမတွေ့စေချင်ဘူး .... ကုသိုဖို့ အစီအစဉ်ကို ကျွန်တော် ဖျက်လိုက်မယ် .... ကြိုးချည်ထားတဲ့ လူကို ကြိုးပြန်ဖြေနိုင်ဖို့အတွက် ကျွန်တော် ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်ကြီးကိုသွားရှာဖို့ ဖြေရှင်းမယ် .... "

ဖန်းပင် မချိပြုံး ပြုံးလိုက်ပြီး ....

"ဒါပေမယ့် သခင်မကြီးက ဆုံးဖြတ်ပြီးနေပြီဖြစ်လို့ မောင်

လေး ဘယ်လိုပဲပြောပြော သူ ပြင်မှာမဟုတ်ဘူး .... "

"ဒီလိုဆို ဘယ့်နှယ်လုပ်ရမှာလဲ .... မမ အကြံပေးပါဦး"

ဖန်းပင် အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်ကာ စဉ်းစားလိုက်ပြီး တိန့်ထောက်ကို ခပ်စူးစူးကြည့်၍ ....

"မောင်လေး .... မမ အကြံပေးမယ်လေ .... ဒါပေမယ့် မောင်လေး ဘယ်လိုမှ သဘောမထားပါနဲ့ .... "

"ပြောပါ .... ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ မမမှာ ဘာအကြံရှိသလဲ .... "

"မောင်လေး ကျွန်းကို မသွားပါနဲ့တော့ .... "

"ဟင် .... ဘယ်လိုကြောင့်လဲ .... "

"မောင်လေး ကျွန်းကိုရောက်တာနဲ့ .... သခင်မကြီးဟာ သူ စီစဉ်ထားတဲ့အတိုင်း လုပ်လိမ့်မယ် .... "

"ဪ .... ကျွန်တော် မသွားရင်ရော .... "

"သူ ဘာမှ လုပ်သေးမှာ မဟုတ်ဘူး .... စောင့်နေလိမ့်မယ်"

"ကျွန်တော် တစ်သက်လုံး မသွားရင် သူ တစ်သက်လုံးစောင့်နေမှာလား .... "

"မမပြောချင်တာက မောင်လေး ကျွန်းကိုမသွားဘဲ ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်ကြီးဆီးကို သွားပြီးရှာပါ .... ငွေနှင်းဖြူကို ဘယ်လိုနည်းနဲ့ ထိန်းချုပ်ထားတယ်ဆိုတာ မေးပြီးမှ ကျွန်းကိုပြန်လာပြီး ငွေနှင်းဖြူလေးကို ကုသပါ .... အဲဒီလိုဆိုရင် သခင်မကြီးဟာ သူ့အသက်အန္တရာယ်ဖြစ်လောက်မယ့် အစီအစဉ် ဖျက်သိမ်းပါလိမ့်မယ် .... "



တိန့်ထောက် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်မိသည်။ ပြီးမှ စဉ်းစားလိုက်ပြီး ....

"ဒီလိုလုပ်လေ .... ပိုပြီး စိတ်ချရအောင်လို့ ငွေနှင်းဖြူလေးကို ကျွန်တော်ပဲ လုံခြုံရာတစ်နေရာကို ခေါ်သွားပါ့မယ် .... မမက ငွေနှင်းဖြူလေးကို တိတ်တဆိတ် ကျွန်တော့်ဆီ ခေါ်ခဲ့ပါ .... "

"မဖြစ်ဘူး .... မမ ဘယ်နည်းနဲ့မှ ဆောင်ရွက်ပေးနိုင်မှာမဟုတ်ဘူး .... အခုဆိုရင်လည်း သခင်မကြီးက မမကို သိပ်စိတ်ဆိုးလိမ့်မယ် .... "

တိန့်ထောက်သည် စဉ်းစားလိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရပါတော့သည်။

သူက နောက်ထပ်အကြံတစ်ခုရ၍ ဖန်းပင်ကို မေးလိုက်သည်။

"ဒါနဲ့မမတို့ သခင်မကြီးနဲ့ ဆရာသမားကြီးက ဘယ်သူလဲ၊ ကျွန်တော်ကိုယ်တိုင် သွားရှာပြီး တောင်းပန်အသနားခံကြည့်ပါ့မယ်၊ မမတို့ သခင်မကြီးအပေါ် စိတ်ကျေနပ်မှုရှိအောင် အဲဒီ ဆရာကြီးကို ကျုပ် ဖျောင်းဖျကြည့်ပါရစေ .... "

ဖန်းပင် ထိတ်လန့်သွားပြီး နောက်သို့ပင် ခြေတစ်လှမ်းဆုတ်လိုက်မိသည်

"မဖြစ်ဘူး .... သခင်မကြီးနဲ့သူ့ဆရာသမားကြီးနဲ့ ရန်ငြိုးဟာ ဘယ်လိုမှ ဖြေရှင်းလို့ ပြောလို့မှ ပြေကြမှာ မဟုတ်ဘူး .... "

"ဒီလို လမ်းဆုံးနေအောင်တွေးပြီး ပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါပေမယ့် မမ မပြောဝံ့ဘူး .... သခင်မကြီးသိရင် မမကို

ခွင့်လွှတ်မှာ မဟုတ်ဘူး .... "

"ဒီမှာမမ .... မမ သခင်မကြီးကို မမ မချစ်ဘူးလားဟ

"ချစ်တာပေါ့ .... "

"ချစ်လို့ရှိရင် မမ ကျွန်တော့်ကို ပြောပါ .... မမပြောတယ်ဆို တာ မသိစေရပါဘူး .... တကယ်လို့သာ သူ့ ဆရာသမားကြီးကို ကျွန်တော် တောင်းပန်ပြောဆိုလို့ရမယ်ဆိုရင် အင်မတန် စိတ်ချမ်းသာ ပျော်ရွှင်စရာတွေ ဖြစ်သွားမှာပါ .... သူတို့ဆရာတပည့်လည်း ပျော်ရွှ စရာတွေ ဖြစ်သွားပြီး ငွေနှင်းဖြူလေးလည်း ရောဂါပျောက်လိမ့်မယ်

ဖန်းပင်သည် ငေးငိုင်စဉ်းစား၍ နေသည်။

"ပြောပါ မမ ပြောပါ .... မမ စဉ်းစားမနေပါနဲ့ .... စိုးရိမ်မနေ ပါနဲ့ .... "

တိန့်ထောက်က ပြောလိုက်၏။

ဤတွင်မှ ဖန်းပင်က ....

"မောင်လေး အဲဒီ ဆရာကြီးကို တွေ့ခဲ့ပြီးပြီ မဟုတ်လား

"ဟင် .... ကျွန်တော် တွေ့ခဲ့ပြီးပြီ .... ဘယ်သူ့ကို ပြောနေ တာတုံး .... "

တိန့်ထောက်က အံ့အားသင့်သွားရသည်။

"ဟောဒီကနေ မဝေးလှတဲ့နေရာမှာ မောင်လေး ရောက်ခဲ့ ဖူးတဲ့ ကိုစုတောင်ကုန်းကျောက်ဂူထဲမှာ အချုပ်ခံထားရတဲ့ အဘိုးကြီး ဟာ မမတို့ သခင်မကြီးရဲ့ ဆရာသာမားကြီးပါပဲ .... "

"ဟင် .... ဒီလိုဆို မမ သခင်မကြီးက စီချွန်းလျှန်ပေါ့ — ဟုတ်လား .... "



"ဟုတ် .... ဟုတ်ပါတယ် မောင်လေး .... "

"စီမေလျှန်းဟာ သူ့ အစ်မကြီးပေါ့ .... "

"ဟုတ်ပါတယ် .... "

တိန့်ထောက် တုန်လှုပ်သွားရလေသည်။

## အခန်း (၁၈)

## စိတ်ကူး ညီအစ်မ

တိန့်ထောက်သည် အတန်ကြာအောင်ပင် ဘာပြန်ပြောရမှန်း မသိအောင် တွေးနေမိသည်။ ရင်တွင်းဝယ် တုန်လှုပ်၍လည်း နေလေသည်။

"မောင်လေး ဘာဖြစ်သွားတာလဲဟင် .... "

တိန့်ထောက်သည် ဖန်းပင် မေးမြန်းလိုက်သည်ကို ပြန်မဖြေနိုင်ဘဲ သက်ပြင်းချလိုက်သည်။

သူသည် စဉ်းစားနေမိသည်မှာ စီချွန်းလျှန်းခေါ် သွေးရိပ်သခင်မအတွက် ကျောက်ဂူထဲမှ အဘိုးအိုကို အကူအညီတောင်း၍ ရပါမည်လောဟု စဉ်းစားမိနေသည်။

ထိုသို့ရှိစဉ် ဖန်းပင်၏ပခုံးမှ ကျော်ပြီး ရေပြင်ဆီသို့ တိန့်ထောက် လှမ်းကြည့်မိသည်။

လှေငယ်တစ်စင်း လှော်ခတ်လာသည်ကို တွေ့မြင်ရလေသည်။



"ဟော .... ဟိုမှာ ဘယ်သူလာနေသလဲဆိုတာ ကြည့်လိုက်ပါဦး .... "

တိန့်ထောက်က ဖန်းပင်ကို သတိပေးပြောဆိုလိုက်၏။

"ဟာ .... သခင်မကြီးရဲ့အပါးတော်မြဲမလေး ရှောင်းယုံပါလား .... "

"မောင်လေး အမြန်သွားပါတော့ .... သူတွေ့သွားရင် အားလုံး သိကုန်လိမ့်မယ် .... "

"ကောင်းပြီ .... ကျွန်တော် သွားမယ် .... ကျွန်တော် အခု ကိုရှုးတောင်ကုန်းကို သွားမယ် .... နောက်နှစ်ရက်လောက်ကြာရင် ကျွန်တော် မမကို လာတွေ့ပြီး အကျိုးအကြောင်း ပြောပြပါ့မယ်"

တိန့်ထောက် ချာခနဲ လှည့်ကာ ထွက်လာခဲ့တော့သည်။

ကိုရှုတောင်ကုန်းနှင့် ဝိညာဉ်ပြန့်ကျွန်းသည် ယယ်လီကျော်ကျော်ခရီးကွာလှမ်းလေသည်။

ညနေစောင်းအချိန်တွင် ကိုရှုတောင်ကုန်းပေါ်သို့ တိန့်ထောက် ရောက်ရှိလာ၏။

တိန့်ထောက်က လျှို့ဝှက်လမ်းမှသွားရန် လမ်းစကို ရှာဖွေကာလျှောက်လာခဲ့သည်။

တစ်နေရာသို့အရောက်တွင် ဝတ်စုံနက် ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက် လှစ်ခနဲ လမ်းဘေးသစ်ပင်တစ်ပင်အကွယ်မှ ထွက်လာပြီး တိန့်ထောက်ကို ရန်လိုဟန်မပြဘဲ ပြုံးရယ်၍ ပြောလိုက်၏။

"မောင်လေး မင်း မမကို လာရှာတာလား .... "

တိန့်ထောက်က ပြန်မဖြေမီ နောက်ထပ် လူရိပ်တစ်ရိပ်ပေါ် ထွက်လာပြီး စီမေလျှန်းနောက်တွင် ရပ်လိုက်၏။ အမျိုးသမီးတန် ယောက်ပင် ဖြစ်ပြီး စီမေလျှန်း၏အပါးတော်မြဲတပည့်မတစ်ယောက် ဖြစ်၏။

စီမေလျှန်းသည် တိန့်ထောက် အဖြေမပေးသေးသဖြင့် ထပ်မံ ပြောဆိုလိုက်သည်။

"မောင်လေး မမကို လာရှာတာ မမ ဝမ်းသာပါတယ်ကွယ်"

"ကျွန်တော် လာရှာတာ ကိစ္စရှိလို့ပါ .... "

"အို .... ဘာကိစ္စလဲကွယ် .... "

"ခင်ဗျား ချုပ်ထားတဲ့ ဆရာကြီးကို တွေ့ချင်လို့ပါ .... "

တိန့်ထောက် စကားကြောင့် စီမေလျှန်းမျက်နှာ ပျက်သွား၏။

တုန်ယင်သောအသံနှင့် တိန့်ထောက်ကို ပြန်ပြောလိုက်သည်။

"ဟင် .... အဲဒီအဘိုးကြီးကို ချုပ်ထားတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိလဲ .... ဟုတ်ပါပြီ မင်းကို ချွန်းလျန်း ပြောပြလိုက်ပြီ မဟုတ်လား .... "

"မဟုတ်ဘူး .... "

"ဒါဆိုရင် မင်း ဘယ်လိုလုပ်သိသလဲ .... "

"ကျုပ်ကို ပြောပြတဲ့သူက မဟူရာသိုင်းသမားကြီးပါ .... "

တိန့်ထောက်က မဟူရာသိုင်းသမားကြီးနှင့် ကိုင်ခြောက် လိုက်၏။

စီမေလျှန်း ထိတ်လန့်သွားသည်။



"ဟုတ်ပြီ .... တလောက မင်းကို မဟူရာသိုင်းသမားကြီးက ကယ်ထုတ်သွားတယ် .... ကဲ !... ဆိုပါဦး .... အချုပ်ခံထားရတဲ့ အဘိုးကြီးကို မင်း ဘာကိစ္စ တွေ့ချင်တာလဲ .... "

"ကျွန်တော် ပြောချင်တာက ကျွန်တော့်ကို အစ်မကြီးက အဲဒီ ဆရာကြီးနဲ့ တွေ့ဆုံဖို့ စီစဉ်ပေးမယ်ဆိုရင် ကျွန်တော်က ကျေးဇူး တင်မှာပါ .... "

တိန့်ထောက်က လေကို ပြောင်းလဲလိုက်ပြီး ပြေပြေလည် လည်ဖြစ်အောင် ပြောကြည့်သည်။

စီမေလျှန်းက ရယ်မောလိုက်လေသည်။

"ဟား .... ဟား .... ရောင်ခြည်သိုင်းသမား .... အဲဒီ အဘိုး ကြီးနဲ့တွေ့ပြီး ဘာကိစ္စပြောကြမလဲဆိုတာ ငါသိသင့်ပါတယ် .... ငါ့ကို ပြောပြပြီးမှ မင်းနဲ့အဘိုးကြီးကို တွေ့ပေးသင့် မသင့် ကျုပ် ဆုံးဖြတ် လို့ရမှာပေါ့ .... "

ထိုသို့ပြောနေစဉ် စီမေလျှန်း၏ အပါးတော်မြဲမလေးက ရုတ်တရက် ရှေ့သို့တိုးကပ်လာပြီး သူ့ သခင်မကို အသံအုပ်အုပ်ဖြင့် ပြောလိုက်၏။

"သခင်မကြီး လူလာနေတယ် .... "

စီမေလျှန်း လှမ်းကြည့်လိုက်၏။ ပြိုင်တူလိုလိုပင် တိန့်ထောက် ကလည်း စီမေလျှန်းကြည့်ရာကို လှည့်ကြည့်လိုက်လေသည်။

ရောက်ရှိလာသူကိုမြင်လျှင် တိန့်ထောက် မျက်လုံးပြူးသွား တော့သည်။ ရောက်ရှိလာသူသည် တစ်ကိုယ်လုံး ဝတ်ရုံနီကို ဆင်တူ ဝတ်ဆင်ထားပြီး သွေးရိပ်သခင်မအသွင်နှင့်ရှိသော စီချွန်းလျန်းပင်

ဖြစ်ပါတော့သည်။

စီမေလျှန်းသည် အေးစက်စက်ရယ်သွမ်းလိုက်ပြီး သူ့ညီမကို လှမ်းကြည့်နေ၏။ ပြီးမှ ပြောသည်။

"ချွန်းလျှန်း နင်နဲ့ငါ သဘောတူပြောထားကြတာ နင် ဖောက်ဖျက်ပြီလား ...."

"ကျွန်မ ဘာဖောက်ဖျက်လို့တုန်း သခင်မရဲ့ ...."

စီချွန်းလျှန်းက ပြန်ပြောလိုက်လျှင် စီမေလျှန်းက တံခါး ထောက်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပြီး ....

"ဒီလိုဆိုရင် သူက ဘာဖြစ်လို့ ဒီကိုလာပြီး ဟိုအဘိုးကြီးနဲ့ တွေ့ဖို့ ခွင့်တောင်းနေတာလဲ ...."

"သူက သူ့ကိစ္စနဲ့သူ တွေ့ခွင့်တောင်းတာ နေမှာပေါ့"

"ဟား .... ဟား .... ဟား .... ချွန်းလျှန်း နင် ဒီစကားကို သုံးနှစ်သားအရွယ်ကို သွားပြော .... ငါ့ကို လာမပြောနဲ့ ...."

စီချွန်းလျှန်းက ....

"မမကြီး ...."

စီချွန်းလျှန်း စကားကုန်အောင် မပြောနိုင်ပါ။ စီမေလျှန်းက ဖြတ်ပြီးပြောလိုက်၏။

"ချွန်းလျှန်း ဝိညာဉ်ပြန်ကျွန်းမှာ နင် အေးအေးမနေဘဲ ဟော ဒီ ကို့စုတောင်ကုန်းဂူကြီးကို အပိုင်စီးဖို့ နင် ကြံနေပြန်ပြီလား ...."

"မမ ဒီလိုမပြောပါနဲ့ .... မမကို နောင်တတရားရဖို့ ကျွန်မ လာဖျောင်းဖျမလို့ဘဲ .... ကျွန်မတော့ နောင်တတရား ရခဲ့ပါပြီ"

"ဟာ .... ဟား .... ချွန်းလျှန်း နင် ဘယ်တုန်းက ဘုရား



တရားနဲ့ ဖြစ်သွားတာလဲဟင် .... နင် နောင်တရလို့ရော ငါတို့လုပ်ခဲ့ တဲ့ ကုသိုလ်တွေ ပြေပျောက်သွားမှာလား ...."

စီမေလျှန်းက ရယ်သွမ်း၍ ပြောလိုက်၏။

"အကုသိုလ်တွေ မပျောက်တောင်မှ အပြစ်ရှိမယ်ဆိုရင်လည်း ပေါ့ပါးသွားနိုင်တယ် .... ကျွန်မတော့ ဆရာကြီးကို ခြေသလုံးဖက်ပြီး တောင်းပန်ဖို့ ဆုံးဖြတ်လိုက်ပါပြီ .... ဆရာကြီး ဘယ်လိုပဲ အပြစ်ပေး ပေး ကျွန်မ ခံယူတော့မယ် ...."

"ဟဲ့ .... ဒီစကား ငါ့ကိုလာမပြောနဲ့ .... နင် ထွက်သွား၊ မသွားရင် ငါတော့ နင့်ကို တိုက်ခိုက်လိမ့်မယ် ...."

စီချွန်းလျှန်းသည် အံကိုကြိတ်လိုက်သည်။ ပြီးမှ စိတ်ကိုထိန်း ကာ လေသံအေးအေးဖြင့် ပြောဆိုသည်။

"မမ .... မမတို့အသက်ဟာ ငယ်တော့တာ မဟုတ်ဘူးနော်၊ အသက်အရွယ်ကိုတော့ တားမြစ်လို့မရဘူး .... မကြာခင် နှစ်ပိုင်းဆို သလို ကျွန်မတို့ သေဆုံးကြရတော့မယ် .... ဒါကြောင့် ...."

"တိတ် .... ငါကတော့ တစ်နေ့တိုးနေရရင် တစ်နေ့ အပျော် အပါးကိုပဲ စိတ်ကူးတယ် .... သေတယ်ဆိုတဲ့စကားကို ငါ မကြားချင် ဘူး .... သွား .... ဘာမှ လာမပြောနဲ့ .... ဒီကောင်လေးပါ ခေါ်သွား"

"မသွားနိုင်ဘူး .... ကျွန်မ အခုလာတာဟာ ဆရာကြီးကို တောင်းပန်ဖို့ ...."

"နင်မသွားရင် ငါ နင့်ကို သတ်ရလိမ့်မယ်နော် .... ငါ ဒေါသ ထွက်လာရင် နင်တို့နှစ်ယောက်စလုံးကို သတ်ပြီး ဟိုအဘိုးကြီးကိုပါ သတ်ပစ်မယ် ...."

စီမေလျှန်းသည် ပြောရင်းဆိုရင်းမှ သူ့ရင်ဖုံးအိတ်ထဲသို့ လ...
ကို ထိုးနှိုက်ပြီး ဆွဲထုတ်လိုက်လေ၏။

လေးထောင့်ကျကျ သေတ္တာဘူးကလေးတစ်လုံး ပါလာ...
သည်။ ထိုသေတ္တာလေးကား သေမင်းသေတ္တာပင် ဖြစ်တော့သည်။

သို့ဆိုလျှင် စန့်ကွမ်းအောက်ကို သူမပေးခဲ့သော သေမ...
သေတ္တာဘူးမှာ တကယ်ပင် အတုအယောင် ဖြစ်တော့သည်။

စီချွန်းလျှန်း အထိတ်တလန့် ဖြစ်သွားကာ တိန့်ထောက်...
အော်ဟစ်သတိပေးလိုက်တော့သည်။

"တိန့်ထောက် အမြန်နောက်ကိုဆုတ် .... "

တိန့်ထောက်သည် အဆိပ်ကြောက်သည့်သူ မဟုတ်...
အဆိပ်ဖြေမဟူရာကျောက်ကို သူက ထုတ်ယူပြီးသား ဖြစ်နေသည်။

"အောင်မယ် .... မင်းက အရင်သေချင်တယ်ပေါ့ .... ဟုတ်...
လား .... "

စီမေလျှန်းက တိန့်ထောက်ကို အော်ပြောလိုက်၏။ တိန့်...
ထောက်က ဘာမှပြန်မပြောဘဲ စီမေလျှန်းထံ ခုန်လွှားဝင်သွားပြီး ညာ...
လက်ဝါးဖြင့် တွန်းထုတ်လိုက်ပါတော့သည်။

စီမေလျှန်းမှာ နောက်သို့ဆုတ်ရှောင်လိုက်ပြီး သေတ္တာဘူး၏
ခလုတ်ကို နှိပ်ဖွင့်လိုက်လေ၏။

သေတ္တာဘူးပေါက်ထဲမှ ဖြူဖြူအငွေ့များ ပန်းထွက်လာ...
သည်။

တိန့်ထောက်က ရယ်သွမ်းလျက် ....

"ခင်ဗျား သေတ္တာဘူးထဲကအဆိပ်ငွေ့ကို ကျုပ် မကြောက်...



ဘူး .... ဖျန်းချင်သလောက် ဖျန်းစမ်းပါ .... "

စီမေလျှန်းမှာ မျက်နှာပျက်သွားအောင်ပင် ထိတ်လန့်သွားလေသည်။ နောက်သို့ပင် ထပ်မံဆုတ်သွားမိ၏။

"မင်း .... မင်း အဆိပ်ကို မကြောက်ဘူး .... မင်းကို အဆိပ်မတိုးပါလား .... "

"ဟား .... ဟား .... ဟား .... ဟုတ်တယ် .... ကျုပ်ကို အဆိပ်ကသေအောင် မလုပ်နိုင်ပါဘူး .... ဒီမှာ နားထောင် .... ခင်ဗျား နောင်တမရဘူးဆိုရင် ကျုပ်က ခင်ဗျားကို အသတ်နုတ်ခြွေရလိမ့်မယ်"

တိန့်ထောက် ပြေပြောဆိုဆို စီမေလျှန်းထံ ခုန်လွှားလိုက်တော့သည်။ "ဟူး"ခနဲ လက်ကို ဝှေ့ယမ်းလွှဲရိုက်လိုက်ရာ ဖြန်းခနဲ ထိနိုက်သံ ပေါ်ထွက်လာခဲ့တော့၏။

စီမေလျှန်းမှာ ရှောင်သော်လည်း မလွတ်ဘဲ ပက်လက်လန်လဲသွားတော့သည်။ သူမလက်ထဲမှ သေမင်းသေတ္တာလေးလည်း လွတ်ကျသွားသည်။

"ညီလေး .... ကျုပ် ပြောပါရစေဦး .... "

သွေးရိပ်သခင်မ စီမေလျှန်းက အရိပ်နိခေါ်သလို ခေါ်လိုက်သည်။ တိန့်ထောက်က လှည့်ကြည့်လိုက်၏။

"ညီလေး .... သူ့ကို မသတ်လိုက်ပါနဲ့ .... သူ့ကို ထိန်းချုပ်ပြီး ဆရာကြီးလက်အပ်စေချင်ပါတယ် .... ဆရာကြီးပေးတဲ့အပြစ်ကိုပဲ ခံစေချင်ပါတယ် .... "

"ကောင်းပြီ .... "

တိန့်ထောက်က စီမေလျှန်းအပါး ကပ်သွားသည်။ စီမေလျှန်း

မှာ မထနိုင်တော့ဘဲ ရှိ၏။ တိန့်ထောက်က စီမေလျှန်းကို အကြေ
ပိတ်ထိန်းချုပ်လိုက်လေ၏။

စီမေလျှန်း၏ အပါးတော်မြဲမလေးမှာ ထွက်ပြေးသွားပြီ ဖြ
၏။

## အခန်း (၁၉)

## ငလျှင်ဒဏ်ခံအကျဉ်းသား

"ညီလေးကို စကားတစ်ခွန်းပြောချင်ပါတယ် ...."

"ပြောပါ ခင်ဗျာ ...."

"ဆရာကြီးနဲ့တွေ့ပြီးလို့ တကယ်လို့များ ကျုပ် အသက် အန္တရာယ်ဘေးတွေ့ခဲ့ရင် ကျုပ်အလောင်းကို ဝိညာဉ်ပြန်ကျွန်းအိမ် ဂေဟာက ဥယျာဉ်ထဲမှာ မြှုပ်ပါနော် .... ဝိညာဉ်ပြန်ကျွန်းကိုလည်း မင်းအုပ်ချုပ်ဖို့ ကျုပ် အားလုံး စီမံမှာကြားခဲ့ပြီးပြီ ...."

"အို .... အစ်ကိုကြီးကလည်း ဒီလောက်ပဲ စိုးရိမ်မနေပါနဲ့ ခင်ဗျာ .... ဆရာကြီးကို ကျွန်တော် တောင်းပန်ပေးပါ့မယ် ...."

တိန့်ထောက်က နှစ်သိမ့်မှုပေးလိုက်သည်။

"ကဲ .... အစ်ကိုကြီး .... ကျွန်တော်တို့ ဆရာကြီးကို သွား တွေ့ကြပါစို့ ...."

"ဘယ်က သွားကြမှာလဲ .... ကျောက်ဂူရှေ့ပေါက် လျှို့ဝှက် တံခါးကနေ ဝင်ကြမှာလား ...."

စီချွန်းလျှန်းက ပြောလျှင် တိန့်ထောက်က ခေါင်းခါလိုက်ပြီး ....

"ကျောက်ဂူရှေ့ပေါက်က မဝင်ပါနဲ့ .... စီမေလျှန်းအပေါ်သစ္စာထားတဲ့တပည့်တွေက တိုက်ခိုက်လျှင် တိုက်ခိုက်ကြလိမ့်မယ် ကျွန်တော် လျှို့ဝှက်ဥမင်လမ်းကို သိပါတယ် .... အဲဒီလမ်းကနေ အတွင်းကို ဝင်ကြမယ် .... "

"ဟင် .... လျှို့ဝှက်ဥမင်လမ်းရှိသလား .... ကျုပ်တောင် မသိဘူး .... "

စီချွန်းလျှန်းက အံ့အားသင့်စွာဖြင့် ပြောလိုက်၏။ တိန့်ထောက်က ....

"ရှိပါတယ် .... ဒါကို စီမေလျှန်းတောင်ထိပ်မှာ မဟုတ်ဘူး ကျွန်တော့်ကို .... ဆရာကြီးက ပြောပြလို့ အဲဒီလျှို့ဝှက်ဥမင်ကနေ ကျွန်တော် ထွက်လာနိုင်ခဲ့တာပဲ .... "

တိန့်ထောက် နောက်မှ စီချွန်းလျှန်းလိုက်ပါလာခဲ့လေသည်၊

တိန့်ထောက် စီချွန်းလျှန်းကို လျှို့ဝှက် ဥမင်လမ်းမှ ခေါ်ဆောင်လာခဲ့ပြီး လျှို့ဝှက်ယန္တရား ခလုတ်များကို နှိပ်၍ ကျောက်တံခါးများကို ပွင့်စေလေသည်။

စီချွန်းလျှန်းမှာ တအံ့တဩနှင့်ပင် လိုက်ပါလာခဲ့၏။ နောက်ဆုံး ကျောက်ဂူအတွင်း အချုပ်ဆောင်ကြီးသို့ ရောက်ရှိခဲ့ကြလေသည်၊

ထိုစဉ်မှာပင် မြေကြီးသည် သိမ့်သိမ့်တုန်ခါလာလေသည်၊ တဝုန်းဝုန်းအသံကြီးများ အဆက်မပြတ် ပေါ်ထွက်လာသည်။ ကျောက်



တောင်ကြီးတစ်ခုလုံးကို ဆွဲခါလိုက်သလို ဒုန်းခနဲ ဒုန်းခနဲ ခပ်ပြင်းပြင်း လှုပ်ရှားသွား၏။

"ဟာ .... ဘာဖြစ်တာလဲ ညီလေး .... "

စီချွန်းလျှန်းက ထိတ်လန့်စွာ မေးလိုက်သည်။

"ဒုန်း .... ဝုန်း .... ဝုန်း .... "

ပြိုကျသံများ ကြားရလေ၏။ တိန့်ထောက်တို့ ရောက်ရှိနေသော ဂူလိုဏ်ခန်း မျက်နှာကြက်ဆီမှလည်း ကျောက်တုံးငယ်များ ပြိုကျလာလေသည်။

"အစ်ကိုကြီး .... ဟိုဘက်အကျယ်မှာ သွားဝပ်နေကြရအောင် .... ငလျင်ကြီး လှုပ်နေတယ် .... ကျောက်ဂူလိုဏ်ခန်းတွေ ပြိုကျကုန်ပြီ .... "

တိန့်ထောက် ထိတ်လန့်တကြီးအော်ပြောကာ စီချွန်းလျှန်းကို လက်ဆွဲပြီး တစ်ဘက်ထောင့်သို့ ပြေးဝပ်နေလိုက်ကြသည်။

"ဝေါ .... ဝေါ .... "

"ဝုန်း .... ဝုန်း .... "

တော်လည်းသံကြီး ပေါ်ထွက်လာသည်ကို ကြားရ၏။

နောင်ဆုံးတစ်ကြိမ် ဆွဲခါလိုက်သကဲ့သို့ သိမ့်သိမ့်တုန် လှုပ်ရှားသွား၏။

"အို .... ကြောက်စရာကောင်းလိုက်တာ ညီလေးရယ် .... တို့ရောက်နေတဲ့ ဂူလိုဏ်ခန်းကြီးများ ပြိုကျရင် တို့နှစ်ယောက်တော့"

"ကုသိုလ်ပေါ့ အစ်ကိုကြီးရာ .... သဘာဝဘေးအန္တရာယ်

ဆိုတော့ ဘာမှ မတတ်နိုင်ဘူး .... ပြန်ဆင်းပြေးလည်း မြေအော
ဥမင်လမ်းမှာဆိုရင် ပိုဆိုးလိမ့်မယ် .... "

တော်ပေသေးသည်။ ငလျင်ကြီးမှာ ဤမျှနှင့်ပင် ရပ်တ
သွားလေသည်။

တိန့်ထောက်နှင့်စီးချွန်းလျှန်းတို့မှာ ဤတွင်မှ သက်ပြင်းကြ
များ ချလိုက်မိတော့သည်။

"ဒီကျောက်ဆောင်ထဲက အချို့ လိုဏ်ခန်းတွေ ပြိုကျ
ပြီနဲ့တူပါရဲ့ အစ်ကိုကြီး .... "

တိန့်ထောက်က ပြောလိုက်သည်။

"ဟုတ်တယ် .... ဟောဒီ လျှို့ဝှက်လိုဏ်ခန်းကြီးတော့ ပျ
စီးပြီနဲ့တူပါရဲ့ .... လျှို့ဝှက်တံခါးပေါက်တွေ ပြိုကျပြီး ပိတ်မနေ
ဆုတောင်းရမယ် .... နို့မို့ရင် တို့ အပြင်ထွက်ဖို့ အခက်ပဲ .... အထဲမှ
ပိတ်မိနေပြီး သေလိမ့်မယ် .... "

စီချွန်းလျှန်းက ပြောလိုက်၏။

"လာ .... အစ်ကိုကြီး .... အဆောင်ပြင်ကို ထွက်ကြည့်
ို့ .... "

တိန့်ထောက်သည် အချုပ်ဆောင်တံခါးကို နံရံမှ ဖုထွ
နေသော ခလုတ်ကို နှိပ်ဖွင့်လိုက်သည်။ တော်ပေသေးသည်။ တ
ယန္တရားခလုတ်တွေ မပျက်စီးဘဲ ပွင့်သွားလေသည်။

အပြင်သို့ရောက်လျှင် ပြောင်းလဲနေသော မြင်ကွင်းများကြော
သူတို့နှစ်ဦးသား ထိတ်လန့်တကြီး ဖြစ်သွားရပါတော့သည်။



အပြင်ဝယ် လိုဏ်ခန်းအမိုးများ ပြိုကျသဖြင့် အပေါ်၌
ဟောင်းလောင်းပေါက်ကြီးများ ဖြစ်နေသည်။ မိုးကောင်းကင်ကို
မြင်နေတော့သည်။

သူတို့နှစ်ဦးစလုံး ဝမ်းသာသွားကြသည်။

တစ်ဘက် လိုဏ်ခန်းများမှာ နံရံကြီး ကွဲအက်နေပြီး ကျောက်
တုံးကျောက်ခဲများ မြေတွင် ကျနေသည်။ ဂူအမိုးမှ ပြိုကျခြင်းဖြစ်သည်။

"ဟာ ဒါ ဆရာကြီး အချုပ်ခံထားတဲ့ လိုဏ်ခန်းပဲ .... "

တိန့်ထောက်က ထိတ်လန့်စွာ ပြောလိုက်လေ၏။

"ဟော .... နားထောင်စမ်း .... ညည်းသံလိုလိုပဲ .... "

စီချွန်းလျှန်းက ပြောလိုက်၏။ နားထောင်ကြည့်လိုက်ရာ
အမှန်ပင် ညည်းညူသံတစ်သံကို ကြားရလေ၏။ ထို ညည်းညူသံမှာ
ကွဲအက်နေသော နံရံပေါက်ကြီးမှ လွင့်ထွက်လာခြင်း ဖြစ်သည်။

နှစ်ဦးသား ကွဲအက်နေသည့် နံရံပေါက်မှ လျှို့ဝင်သွားကြရာ
တစ်ဘက်လိုဏ်ခေါင်းထဲသို့ ရောက်ရှိသွား၏။

သူတို့မြင်တွေ့သည်ကား ကြီးမားသော ကျောက်ပြားကြီး
တစ်ချပ်က လိုဏ်ခန်းအလယ်တွင် ကျနေ၏။ ဂူအမိုးမှ ပဲ့ကျလာခြင်း
ပင်ဖြစ်သည်။ ထို ကျောက်ပြားကြီးအောက်တွင် ခေါင်းတစ်လုံး ပေါ်
ထွက်နေသည်။

"ဆရာကြီး .... ဆရာကြီးကို ကျောက်ပြားပိနေတယ်"

တိန့်ထောက်က အထိတ်တလန့်အော်ဟစ် ပြောလိုက်၏။

စီချွန်းလျှန်းလည်း အော်ဟစ်လိုက်မိ၏။

"ကယ်ပါဦး ညီလေး .... ဆရာကြီးကို ကယ်ပါဦး .... "

တိန့်ထောက် အမြန်ဆုံး ကျောက်ပြားကြီးဆီ ပြေးသွားပြီး အတွင်းအားကိုစုရုံး ကျောက်ပြားကြီးကို ဆွဲမတော့သည်။

"အစ်ကိုကြီးက ဆရာကြီးကို ဆွဲထုတ်ပါ .... "

ကျောက်ပြားကြီးက လေးပင်လှသဖြင့် အနည်းငယ် ကြွလာသည်။

စီချွန်းလျှန်းက ကျောက်ပြားအောက်တွင် ပိနေသော အဘိုးအိုကို ပခုံးမှဆွဲထုတ်နေ၏။

"နည်းနည်း ထပ်ပြီး အားစိုက် မလိုက်ပါဦး ညီလေး .... ရတော့မယ် .... "

တိန့်ထောက်မှာ ချွေးသီးချွေးပေါက်များ ကျလာသည်အထိ ဖြစ်ခဲ့ရသည်။ ထပ်မံ အားစိုက်ပြီး မလိုက်တော့မှ အဘိုးအိုကို ကျွတ်ကျွတ်လွတ်လွတ် ဆွဲထုတ်သွားနိုင်တော့သည်။

အဘိုးအိုမှာလည်း ညည်းညူ၍ သူ့မျက်လုံးအစုံက ပိတ်ထားပေသည်။

တိန့်ထောက်က အဘိုးအိုကို ဖေးမလိုက်၏။

"ဆရာကြီး .... ဆရာကြီး .... ကျွန်တော် ရောက်ပါပြီ .... မျက်စိဖွင့်ကြည့်ပါဦး .... "

"မင်း .... မင်း .... ဘယ်သူလဲ .... "

အဘိုးအိုက ညည်းညူရင်းမှ တိုးညင်းလှသော လေသံနှင့် မေးလိုက်လေသည်။



"ကျွန်တော် တိန့်ထောက်ပါခင်ဗျာ .... ဆရာကြီး ဥမင်လမ်းကိုပြလို့ လွတ်မြောက်သွားရတဲ့ ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ"

"သြော် .... မင်းကို .... အင်း .... ဟင်းဟင်း .... ဟင်းဟင်း"

အဘိုးအိုမှာ မျက်စိမဖွင့်နိုင်ဘဲ ညည်းညူ၍ နေလေသည်။

"ကျွန်တော် ဆရာကြီးနဲ့တွေ့ရအောင် ရောက်လာခဲ့တာပါ"

တိန့်ထောက်က ခပ်ကျယ်ကျယ်လေး ပြောလိုက်သည်။

"မင်း ဘယ်လိုလုပ်ပြီး ဒီထဲကို ရောက်အောင် လာခဲ့တာလဲ၊ လျှောင်လှုပ်လို့ လိုဏ်ခန်းတွေ .... ဥမင်တွေ ပြို .... ပြိုကျကုန်ပြီ မဟုတ်လား .... "

အဘိုးအိုက မျက်စိမဖွင့်ဘဲ မေးလိုက်လေသည်။

"ကျွန်တော် လျှောင်မလှုပ်ခင်ကတည်းက ဟိုဘက် အချုပ်ဆောင်ထဲ ရောက်နေပါပြီ .... လျှောင်လှုပ်ပြီးမှ ထွက်လာတာပါ .... ဆရာကြီး လိုဏ်ခန်းနံရံက ကွဲအက်ပြီး ပွင့်နေပါတယ် .... ကျွန်တော် ဒါကြောင့် ဝင်လာနိုင်တာပါ .... "

"ဟင်း .... ဟင်း .... အား .... ကျွတ်ကျွတ် .... မင်းကို ကျုပ် စုံစမ်းနိုင်းထားတဲ့ကိစ္စ ပြော .... ပြောစမ်းပါဦး .... "

တိန့်ထောက်က စီချွန်းလျှန်းကို ကြည့်လိုက်မိသည်။ စီချွန်းလျှန်းမှာ မျက်ရည်တွေ ဝေ့ဝဲနေပါသည်။

တိန့်ထောက်က ပြန်ဖြေလိုက်၏။

"ကျွန်တော် နောက်မှ အေးအေးဆေးဆေး ပြောပြပါရစေခင်ဗျာ .... အခု ဆရာကြီးကို ကျွန်တော် အပြင်သယ်သွားပါ့မယ် ...."

ဆရာကြီးရဲ့ဒဏ်ရာတွေကို ကုသပြီး ကျန်းမာလာမှ ပြောပြပါရစေ"

"ကျုပ် သေမှာပါ .... အတွင်းကြေ ကြေနေပါပြီ .... ကျုပ်ကို ကုသဖို့ မကြိုးစားပါနဲ့တော့ .... "

အဘိုးအိုက ပျော့တော့တော့လေသံနှင့် ပြောလေသည်၊ တိန့်ထောက်က အဘိုးအိုကို အပြင်သို့ သယ်ထုတ်ကုသရန် စိတ်စောပြီး ....

"ဆရာကြီး မသေနိုင်ပါဘူး .... ကျွန်တော့်မိတ်ဆွေတွေဆီမှာ ဆေးစွမ်းကောင်းတွေ ရှိပါတယ် .... ဆရာကြီးကို ပျောက်အောင်ကုသပေးပါ့မယ် .... ကျွန်တော် ဆရာကြီးကို ခုပဲ ခေါ်သွားပါ့မယ်"

တိန့်ထောက်က အဘိုးအိုကို ဆွဲထူလိုက်ပြီး ပခုံးတွင် ထမ်းလိုက်ရန် ပြင်သည်။ သို့ရာတွင် အဘိုးအိုက ဒေါသသံနှင့် ငြင်းလေ၏။

"ကျုပ် မလိုက်ဘူး .... ကျုပ်ကို အပြင်ခေါ်မသွားနဲ့ .... ကျုပ်သေရင် ဒီထဲမှာပဲ သေချင်တယ် .... ပြန်ချလိုက် .... "

တိန့်ထောက်က စီချွန်းလျန်းကို ကြည့်လိုက်မိသည်။ ဘယ်လိုလုပ်မလဲလို့ မျက်ရိပ်မျက်ကဲဖြင့် မေးလိုက်ရာ စီချွန်းလျန်းက ထမ်းခေါ်ခဲ့ပါဟု ခေါင်းငုံ့ပလိုက်ပြီး ထရပ်လိုက်၏။

တိန့်ထောက်လည်း အဘိုးအိုကို ပခုံးပေါ်သို့ တင်လိုက်လေတော့၏။ အဘိုးအိုက ပါးစပ်မှပြောနေ၏။

"မခေါ်သွားကြနဲ့ .... ကျုပ် .... ကို မခေါ်သွားကြနဲ့ ... ကျုပ် ဒီဂူထဲမှာပဲသေမယ် .... "

သူတို့က အရေးမထားဘဲ ကျောက်တုံးများကို နင်းတက်ပြီး



မှုန့်နေသော လိုဏ်ခေါင်းအမိုးပေါက်မှ တက်ခဲ့ကြ၏။ ထိုမှတစ်ဆင့် တောင်ကုန်းအတိုင်း ဆင်းကာ အပြင်လောကသို့ ရောက်ရှိလာကြလေသည်။

အဘိုးအိုကို မြက်ခင်းပြင်ပေါ်သို့ ချပြီး ဒဏ်ရာများကို စင်ဆေးကြည့်ရာ တိန့်ထောက်ရော စီချွန်းလျန်းပါ မျက်လုံးပြူးသွားရ၏။

အဘိုးအို၏ ခြေထောက်နှစ်ချောင်းစလုံး သွင်သွင်ကျိုးနေပြီး ရင်ဘတ်ရိုးနှင့် နံရိုးများအတွင်းသို့ ကျိုးဝင်နေသည်ကို တွေ့ရ၏။ ပါးစပ်မှ သွေးများပင် အန်ထွက်နေပြီ။

စီချွန်းလျန်းမှာ မျက်ရည်များ ကျနေခဲ့ပြီ။ သို့သော် အသံထွက်၍ မငိုမိအောင် ထိန်းချုပ်ထားရှာသည်။

သူ၏ဆရာသမား ကြားသွားမည်စိုး၍ ဖြစ်လေသည်။

တိန့်ထောက်သည် အဘိုးအို အသက်မထွက်ခင် ငွေနှင်းဖြူ၏ ရောဂါဝေဒနာကို ကုသနိုင်မည့် နည်းလမ်းကို မေးမြန်းရမည်ဖြစ်လေသည်။ ပြီးတော့ သွေးရိပ်သခင်မစီချွန်းလျန်းအပေါ်လည်း အဘိုးအိုက ခွင့်လွှတ်ပါကြောင်း စကားများ ပြောကြားစေလိုသေးသည်။

ထို့ကြောင့် သူသည် အဘိုးအို အသက်မသေစေရန် သူတတ်သလောက် မှတ်သလောက် သွေးကြောများကို ထောက်နှိပ်ပေးလျက်ရှိနေသည်။

အဘိုးအိုမှာ အသက်မှုဉ်းမှုဉ်းရှူနေပြီး ကယောင်ကတမ်းစကားများကိုလည်း ပြောဆိုလျက် ရှိနေသည်။ သူ့အသံက ပျော့တော့ပြီး တိုးညင်းလွန်းလှလေသည်။

"ကောင်းတယ် .... ကောင်းတယ် .... ငလျှင်ကြီးလှုပ်လို့ ပြိုကုန်ပြီ .... ပျက်စီးကုန်ပြီ .... "

တိန့်ထောက်က အဘိုးအို၏ သွေးများ လည်ပတ်စေရန် နှိပ်နယ်ပေးပြီးနောက် အဘိုးအို၏ ခန္ဓာကိုယ်ကို ခပ်မတ်မတ်ဖြစ်အောင် မွေ့ထူထားလိုက်သည်။

အဘိုးအို၏ မျက်လုံးအစုံ ခပ်ဖြည်းဖြည်းပွင့်လာသည်။ ထိုအခါမှ တိန့်ထောက်သည် အဘိုးအိုကို လေသံမှန်မှန်နှင့် စကားဆိုသည်။

"သက်သာပါရဲ့လား ဆရာကြီးခင်ဗျာ .... "

အဘိုးအိုက တိန့်ထောက်ကို ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်နေရာမှ ဖျော့တော့တော့လေသံဖြင့် ပြန်ပြောသည်။

"ငါ့ကို ကြိုးစားမနေနဲ့တော့ တိန့်ထောက် .... ဘယ်လောက်တော်တဲ့ သမားတော်ကမှ ငါ့ကို ကုလို့ရတော့မှာ မဟုတ်ပါဘူး .... ငါ့ကိုယ်ငါသိပါတယ် .... ဒါပေမယ့် ငါ့ကို ပြုစုတဲ့အတွက်တော့ မင်းကို ကျေးဇူးတင်ပါတယ် .... "

တိန့်ထောက်ပင်လျှင် အဘိုးအိုအတွက် အမှန်တကယ်ပင် စိတ်မကောင်းဖြစ်မိသည်။

"သွေးရိပ်သခင်မ စီချွန်းလျှန်းကမူ ကျိတ်၍ ငိုရှိုက်လျက်ရှိသည်။

တိန့်ထောက်သည် အဘိုးအို၏ အခြေအနေ မဟန်မှန်းသိသော်လည်း အားပေးနှစ်သိမ့်စကား ပြောသည်။

"စိတ်အားမငယ်လျှော့ပါနဲ့ဆရာကြီး .... အစွမ်းထက်တဲ့ အကြော



နှိပ်သမားတော်တွေ .... အရိုးအထူးကုသမားတော်ကြီးတွေနဲ့ ကုသလိုက်ရင် ဆရာကြီးသက်သာ ပျောက်ကင်းသွားမှာပါ .... "

"မရတော့ပါဘူးလေ .... ကျုပ်ဟာ အကြောနှိပ်ပညာမှာ ပြိုင်စံရှားအောင် နားလည်တတ်ကျွမ်းတဲ့ သူ တစ်ယောက်ပါ .... "

တိန့်ထောက် သက်ပြင်းတစ်ချက ချလိုက်ပြီးမှ ....

"ကျွန်တော့်အတွက် သိပ်ပြီးအရေးကြီးတဲ့ ကိစ္စတစ်ရပ်ကိုတော့ မေးပါရစေ ဆရာကြီး .... ဒီအချိန်မှာ မမေးသင့်ဘူးဆိုတာ ကျွန်တော် သိပါတယ် .... ဒါပေမယ့် မေးပါရစေတော့ ခင်ဗျာ .... "

"မေးပါ .... မေးစရာရှိတာမေးပါ .... ကျုပ်ရဲ့အသက်ရှင်ပြီးနေရတော့မယ့်အချိန်ဟာ သိပ်ပြီးတော့ မရှိပါဘူး .... ကျုပ် ပြောနိုင်တာဆို ဘာမဆို ပြောခဲ့ပါ့မယ် .... "

အဘိုးအို၏ ခွင့်ပြုချက်ကြောင့် တိန့်ထောက် အနည်းငယ်စိတ်သက်သာရာ ရသွားသည်။ အကယ်၍ အဘိုးအိုသာ မပြောဆိုခဲ့ပါလျှင် ငွေနှင်းဖြူ၏ရောဂါဝေဒနာ သက်သာပျောက်ကင်းရေးမှာ အခက်ကြီး ခက်သွားလေတော့မည်။

"ကျွန်တော့်မှာ သိပ်ပြီး ရင်းနှီးတဲ့ အမျိုးသမီး မိတ်ဆွေတစ်ယောက်ရှိပါတယ် ဆရာကြီး .... အဲဒီ အမျိုးသမီးကို စိတ်မမှန်အောင် အတိတ်မေ့အောင် ထူးခြားတဲ့ အကြောပိတ်ပညာနဲ့ ပညာရှင်တစ်ယောက်က ထိန်းချုပ်ထားပါတယ် .... သူ့ ရောဂါဝေဒနာပျောက်ကင်းအောင် ဘယ်လိုများ ကုသရမယ်ဆိုတာ ဆရာကြီးသိရင် ပြောပြစေချင်ပါတယ် .... "

အဘိုးအိုမှာ ငြိမ်နေသည်။ တိန့်ထောက်က အဘိုးအိုသတိမေ့သွားပြီးလားဟူသောအတွေးဖြင့် ကြည့်လိုက်ရာ အဘိုးအိုသည် သတိမေ့ခြင်းမဟုတ်ဘဲ စဉ်းစားနေခြင်း ဖြစ်ကြောင်းမြင်ရမှ စိတ်သက်သာရာ ရသွား၏။

သူသည် စိတ်လှုပ်ရှားစွာဖြင့် အဘိုးအိုထံမှ စကားသံကို ဂရုတစိုက် နားစွင့်နေတော့၏။

**တစဉ်(၇)ပြီး၏**

**တစဉ်(၁)ကို ဆက်လက်ပတ်ရှုပါရန်**

**တက္ကသိုလ်နေလင်းအောင်**